လွတ်တော်ဥက္ကဋ္ဌကြီးနှင့်လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများနှင့် ပတ်သက်၍တိုင်ကြားလာမှုအပေါ် အချိန်နှင့်တစ်ပြေးညီ စိစစ်ဖြေရှင်း ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်၊ ခရိုင်(၁၃)ခရိုင် မြို့နယ် (၅၅)မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်ဆင့်တို့မှ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်ကို လွတ်တော်ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ ဒေသခံများမှ ကြည်ညိုလေးစားသည့် ကိုယ်စားလှယ်များကိုပါ ထည့်သွင်းဖွဲ့စည်းပြီး သိမ်းဆည်းမြေများနှင့်ပတ်သက်၍ တောင်သူများနစ်နာမှုမရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လယ်ယာမြေနှင့်

အလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ကျင်းပလျက်ရှိရာ ရှမ်းပြည်နယ်အတွင်း ပအိုဝ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၆)ရက်မှ ဖေဖော်ဝါရီလ(၂၀)ရက်အထိ (၅)ရက်တာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဆိုင်ရာ အကြောင်းအရာများ၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံးမှ တက်တက်ကြွကြွဆွေးနွေးခဲ့ကြပါတယ်။

အဆိုပါဆွေးနွေးခဲ့သည့် အချက်များအပေါ် အခြေခံ၍ သဘောထား စုစည်းချက်များကို ဒုတိယအကြိမ် ပြန်လည် ကျင်းပပြုလုပ်မည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစု ပင်လုံတွင် ဆက်လက်တင်ပြ ဆွေးနွေးခွင့်ရရှိမည်ဖြစ်သည့်အတွက် ပအိုဝ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကြီးသည် ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေး၊ အားလုံးလိုလားတောင့်တလျက်ရှိသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ် ထွန်းလာစေရေးတို့အတွက် များစွာအထောက်အကူဖြစ်စေသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကြီးဖြစ်ခဲ့ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် KIA/ TNLA/ MNDAA/ AA လက်နက်ကိုင် ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှု ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်လာသော ပြည်သူများအတွက် စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထား

D/real(wide) (1

ရှိပြီး လိုအပ်သော ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုအဆင့်မှ ငွေကျပ်(၁၃၈၃၄၅၀၀/-)နှင့် ပစ္စည်းတန်ဖိုး (၆၅၁၂၆၅၀၀/-)၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် (၂၂၀၀၀၀၀/-)နှင့် ပစ္စည်းတန်ဖိုး (၂၉၆၅၀၅၀၀/-)၊ ကုမ္ပဏီများမှ ငွေကျပ်(၁၀၀၀၀၀၀/-)နှင့် ပစ္စည်းတန်ဖိုး (၁၄၂၆၁၁၀၀/-)၊ NGO ပုဂ္ဂလိက အလှူရှင်များမှ ငွေကျပ်(၉၈၁၇၂၄၈၀/-)နှင့် ပစ္စည်းတန်ဖိုး (၄၅၆၆၁၉၄၃၂°/-) ငွေသားနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်း (၇၉၃၈၉၇၅၇၆၎/-)ကို ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

နိုင်ငံတော်အနေနဲ့ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်ကို ပီပြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးနေရသည့် နိုင်ငံဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးပါတယ်။ လုပ်ငန်းခွင်အတွင်း လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရေး ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာရန် လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိပြီး ပျက်ကွက်ခဲ့သည့် ဝန်ထမ်းများအား အရေးယူအပြစ်ပေးမှုများအနေဖြင့် ဝန်ထမ်း(၈)ဦးအား ရာထူးမှ ထုတ်ပယ်ခြင်း(Removal) ပြစ်ဒဏ်နှင့် ဝန်ထမ်းပေါင်း(၁၁၁)ဦးအား ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismiss)ပြစ်ဒဏ်တို့အား ချမှတ်ခဲ့ပါသည်။

ဒါအပြင် ၂၀၁၆ ခုနှစ်မှာ ရှမ်းပြည်နယ်အတွင်း ထူးချွန်စွာ ဆောင်ရွက်ခဲ့သည့်ဌာနဆိုင်ရာဝန်ထမ်းများ၊ဌာနများ၊ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့်အုပ်ချုပ်ရေးမှူးများအား နှစ်(၇၀)မြောက်ရှမ်းပြည်နယ်နေ့အခမ်းအနားမှာ စီမံ

အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟို ကော်မတီမှ စိစစ်ဖြေရှင်းရန် ပေးပို့လာသော အမှုတွဲ(၂၈၀)မှနှင့် အမှုကိစ္စ(၂၀)ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ကျန်အမှုကိစ္စများကိုလည်း စိစစ် ဆောင်ရွက်ဆဲဖြစ်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များအနေနဲ့ ရှမ်းပြည်နယ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-Sကို အစိုးရကိုယ်စားလှယ်(၅)ဦး၊ တိုင်းရင်းသားကိုယ်စားလှယ်(၅)ဦး၊ အရပ်သားကိုယ်စားလှယ်(၄)ဦး၊ စုစုပေါင်း(၁၄)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ JMC-S အစည်းအဝေးများအား (၂၇-၁-၂၀၁၆)ရက်နေ့တွင် ပထမအကြိမ် အဖြစ်လည်းကောင်း၊ (၂၉-၆-၂၀၁၆)ရက်နေ့တွင် ဒုတိယအကြိမ် အဖြစ်လည်းကောင်း၊ (၄-၁၁-၂၀၁၆)ရက်နေ့တွင် တတိယအကြိမ် အဖြစ်လည်းကောင်း၊(၉-၂-၂၀၁၇)ရက်နေ့တွင် စတုတ္ထအကြိမ်အဖြစ် လည်းကောင်း(၄)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး နှစ်ဖက်တပ်များ ညှိနှိုင်းဆွေးနွေး ကန့်ကွက်ပြောကြားချက်များနှင့်ပတ်သက်၍ ဆွေးနွေးဆောင်ရွက်ခဲ့ကြပါတယ်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးပြီးနောက် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ရာ အဆိုပါညီလာခံပြီးစီးပါက နိုင်ငံရေးဆွေးနွေးမှုများ ပြုလုပ်သွားရန်သဘောတူညီချက်အရ နိုင်ငံရေးဆွေးနွေးပွဲများ၏ ဖြစ်စဉ်တစ်ခုဖြစ်သော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို လူမျိုး

D/real(wide) (1

(၃) **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ**

(၄) **ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ စိစစ်ရေးကော်မတီ**

(၅) **တိုင်ကြားစာများစိစစ်ရေးကော်မတီ**

(၆) **ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ**

(၇) **ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှု ကော်မတီ**

(၈) **တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်းချမ်းရေး ကော်မတီ**

(၉) **တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ**

ဖော်ပြပါကော်မတီများ၏ ကော်မတီဝင် အမည်စာရင်း၊ အဖွဲ့ဝင် ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း တို့ကို တိုးမြှင့်ခြင်းအတွက် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်က သဘောတူတဲ့အတွက် ဖော်ပြပါ ကော်မတီ ၉ ခု၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း တိုးမြှင့်ကြောင်း ကြေညာပါတယ်။

ထူးချွန်ဆု၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာထူးချွန်ဆု၊ စိုက်ပျိုးထူးချွန်ဆု၊ မွေးမြူထူးချွန်ဆု၊ ကျန်းမာရေးထူးချွန်ဆု၊ လူမှုရေးထူးချွန်ဆုစသည့် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း စုစုပေါင်း(၄၉)ဆုအား ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ အစိုးရသစ်တာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်တာကာလအတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လယ်ယာကဏ္ဍအဆင့်မြှင့်တင်ပေးခြင်း၊ မြို့ပေါ်ကျေးလက် မကျန် လမ်း၊တံတားတည်ဆောက်ပေးခြင်း၊ လျှပ်စစ်မာတ်အားရရှိစေရေးအတွက် မာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအဆင့်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရ၏ ဦးဆောင်မှု၊ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။

ဥက္ကဋ္ဌ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

D/real(wide) (1

၃၂

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ်ကို စတင်မှာ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၇)ဦးက မေးမြန်းထားသည့် ကြယ်ပွင့်ပြ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ပထမဦးစွာ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက မေးခွန်း(၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့မှာ မေးမြန်းသွားမည့် မေးခွန်းများမှာ အဓိကပညာရေးနှင့် ပတ်သက်သည့် မေးခွန်း(၂)ခုဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကြိုသက်ကို အခြေခံပညာအထက်တန်း ကျောင်းအဆင့်တိုးမြှင့်ပေးရန်အတွက် လိုအပ်သည့်

D/real(wide) (1

၃၀

ပြည်နယ်လွှတ်တော် ရေးရာကော်မတီ ၉ ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှာ ရေးရာကော်မတီ ၉ ခု ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၅၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂(ဂ)တို့အရ လွှတ်တော်သည်ကော်မတီနှင့်အဖွဲ့များကို ဖွဲ့စည်းသည့် အခါ ယင်းကော်မတီ၏ သို့မဟုတ် အဖွဲ့၏အဖွဲ့ဝင်ဦးရေတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းကိုပါ သတ်မှတ်ပေးရမည်ဟုပါရှိသည့်အတိုင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်ကော်မတီဝင်များ၏ သက်တမ်း ၁ နှစ်ပြည့်မြောက်သည့်အခါ ပြန်လည် သုံးသပ်၍ လိုအပ်ပါက သင့်လျော်သလို လဲလှယ် အစားထိုး တာဝန်ပေးအပ်နိုင်သည်ဟုလည်းဖော်ပြပါရှိပါတယ်။ ဒါကြောင့် ရေးရာကော်မတီများ၏ သက်တမ်း ၁ နှစ်ပြည့်မြောက်ပြီးဖြစ်သဖြင့် ကော်မတီများ၏ သက်တမ်းတိုးမြှင့်သတ်မှတ်ခြင်းကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။

(၁) ဥပဒေပြုရေးဆိုင်ရာကော်မတီ

(၂) တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ

စာရွက်စာတမ်းများကိုလည်း ပူးတွဲတင်ပြထားပြီးဖြစ်ပါတယ်။ ထိုနည်းတူရွာငံမြို့နယ်မြို့ကြီးကျေးရွာမှာလည်းကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက်(၂၃-၁၂-၂၀၁၆) ရက်နေ့မှာတင်ပြ လာသည့်အတွက် ၎င်းနှင့်ပတ်သက်သည့် အထောက်အထားများ ပူးတွဲတင်ပြထားပြီးဖြစ်ပါတယ်။ဒါကြောင့်မေးခွန်း(၂)ခုကိုအောက်ပါ အတိုင်းမေးမြန်းရခြင်းဖြစ်ပါတယ်-

(က) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကြိုသက်အား အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/ မရှိကို ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ် လွှတ်တော်မှ တစ်ဆင့်ကြယ်ပွင့်ပြ မေးခွန်းမေးမြန်း အပ်ပါတယ်။

(ခ) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာရှိ အခြေခံပညာအထက်တန်း ကျောင်းတွင် ကျောင်းဆောင်သစ်အတွက် ကုန်ကျစရိတ် ခန့်မှန်းတန်ဖိုးငွေ (၂၂၈၇၅၀၀၀) ကျပ်အား ထောက်ပံ့ပေးရန် အစီ အစဉ်ရှိ/မရှိကို ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်

လာပါက ကျောင်းသားဦးရေ သတ်မှတ်ချက်နှင့် မကိုက်ညီသော်လည်း ဖြေလျှော့ပြီး ကျောင်းအဆင့် တိုးမြှင့်ခွင့်ပြုရန်ပါရှိပါသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ကျောင်းသားစာရင်းအရ အထက(ခွဲ)ကြိုသက်တွင် အထက်တန်းကျောင်းသား(၂၁၅)ဦး၊ တန်းခွဲ(၄) ခု၊ အလယ်တန်းကျောင်းသား(၅၀၇)ဦး၊ တန်းခွဲ(၉) ခု၊ မူလတန်းကျောင်းသား (၁၆၈)ဦး၊ တန်းခွဲ(၅)ခု၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ(၈၉၀)ဦးနှင့် တန်းခွဲ(၁၈)ခုရှိပါသည်။ အထက(ခွဲ) ကြိုသက်သို့ ပတ်ဝန်းကျင်ကျေးရွာများမှ အထက်တန်း အဆင့် တက်ရောက်နိုင်သော ကျောင်းသားဦးရေ(၇၀)ဦးရှိပါသည်။ ပင်မ ကျောင်းအ. ထ. က ပင်းတယနှင့် (၁)မိုင်ဝေးပါသည်။

လက်ရှိစာသင်ဆောင်များ၏ အခြေအနေမှာ သီရိဆောင် (၁၈၀×၂၆×၁၄)ပေ တစ်ထပ်စာသင်ခန်း(၄)ခန်း၊ ဥဝါဆောင် (၁၂၀×၃၀×၁၂)ပေ တစ်ထပ်စာသင်ခန်း(၄)ခန်း၊ ချယ်ရီဆောင် (၁၃၀×၃၀×၁၂)ပေ တစ်ထပ်စာသင်ခန်း(၄)ခန်း၊ ဉာဏ်ပွင့်ဆောင် (၉၀×၃၀×၁၅)ပေ၊ တစ်ထပ်စာသင်ခန်း(၃)ခန်းနှင့် မြတ်လေး ဆောင် (၁၂၀×၃၀×၁၅)ပေ တစ်ထပ်စာသင်ခန်း(၄)ခန်း၊ စုစုပေါင်း စာသင်ဆောင်(၅)ဆောင်နှင့် စာသင်ခန်းပေါင်း(၁၉)ခန်းရှိပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကြိုသက်အား ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းအဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ (၃၀-၁၂-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၃)/၄၀၂၁/အခမြဲ (ကတ-၁၆၆)ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

D/real(wide) (1

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာရှိ အခြေခံပညာအထက်တန်း ကျောင်းတွင်ကျောင်းဆောင်သစ် အတွက် ကုန်ကျစရိတ် ခန့်မှန်းတန်ဖိုးငွေ (၂၂၈၊ ၇၅) သိန်းအား ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်ဆိုသောမေးခွန်း နှင့်စပ်လျဉ်း၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ရွာငံမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းပိုင်မြေမှာ (၁၃၊ ၀၁၆)ဧက ကျယ်ဝန်းပြီး ကျောင်းမြေပိုင်ဆိုင်မှုပုံစံ(၁၀၅)ရှိပါသည်။

စာသင်ဆောင်များမှာ-

(၁) ပင်မဆောင်(၁)(၁၉၀×၃၀×၂၅)ပေ၊ သွပ်မိုး၊ အုတ်ညှပ်၊ နှစ်ထပ်(၁၂)ခန်း(၁)ဆောင်၊

(၂) ပင်မဆောင်(၂)(၁၉၀×၃၀×၂၅)ပေ၊ သွပ်မိုး၊ အုတ်ညှပ်၊ နှစ်ထပ်(၁၁)ခန်း(၁)ဆောင်၊

(၃) ချယ်ရီဆောင်(၁၂၀×၃၀×၁၁)ပေ၊ သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ်(၄)ခန်း(၁)ဆောင်၊

(၄) ကံ့ကော်ဆောင်(၁၇၀×၃၀×၂၅)ပေ၊ RC နှစ်ထပ်(၁၀)ခန်း(၁)ဆောင်၊

(၅) ပြဒါလင်းခန်းမ (၁၂၀×၃၀×၁၅)ပေ၊ သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ်(၁)ခန်း(၁)ဆောင်၊

(၆) သိပ္ပံဆောင်(၃၀×၃၀×၁၅)ပေ၊ သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ်(၁)ခန်း(၁)ဆောင်၊ စုစုပေါင်းစာသင်ဆောင်(၅)ဆောင်၊ ခန်းမ(၁)ဆောင်နှင့် အခန်းပေါင်း(၃၉)ခန်းရှိပါသည်။

များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းရဲ့ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကြိုသက်အား အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကြိုသက်ကို ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် စတင်ဖွင့်လှစ်ခဲ့သဖြင့် အထက(ခွဲ) သက်တမ်း(၄)နှစ်ကျော် ရှိပြီးဖြစ်ပါသည်။ ကျောင်းမြေအကျယ်အဝန်းမှာ (၅၊ ၀၈၁)ဧက၊ ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)ရှိပါသည်။

အခြေခံပညာဦးစီးဌာန၏ မူအရ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးသတ်မှတ်ရာတွင် အထက်တန်းအဆင့်သင်ကျောင်းသား ၂၀၀ ဦးနှင့် အထက်ရှိရန် သတ်မှတ်ထားပါတယ်။ သတ်မှတ်ထားသော ကျောင်းသားအရေအတွက် ပြည့်မီမှုမရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများ၊ သဘာဝဘေး အန္တရာယ် အတားအဆီးများသော ဒေသများ၊ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်များ၊ မြို့နယ်အထောက်အကူပြု ကော်မတီတင်ပြတောင်းဆိုသောကျောင်းများ၊ မြို့များတွင် လိုအပ်သော အခြေခံပညာကျောင်းများ စသည့်ဒေသ၏ လိုအပ်ချက်အရ လွှတ်တော်ကိုယ်စားလှယ်များ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ ပညာရေးဌာနတာဝန်ရှိသူများ၏အထောက်အထားများ တင်ပြ

D/real(wide) (1

လက်ရှိကျောင်းသားဦးရေမှာ မူလတန်း(၁၉၀)ဦး၊ တန်းခွဲ(၅)ခု၊ အလယ်တန်း(၃၈၅)ဦး၊ တန်းခွဲ(၈)ခု၊ အထက်တန်း(၄၄၁)ဦး၊ တန်းခွဲ(၇)ခု၊ စုစုပေါင်းကျောင်းသား(၁၀၁၆)ဦးနှင့် တန်းခွဲ(၂၀)ခုရှိပါသည်။ ကျောင်းသားတစ်ဦး၏ ပျမ်းမျှဧရိယာမှာ မူလတန်း(၁၉) စတုရန်းပေ၊ အလယ်တန်း(၁၅) စတုရန်းပေ၊ အထက်တန်း(၁၀) စတုရန်းပေ ရရှိပါသည်။ ထို့ကြောင့် အထက်တန်းပိုင်းတွင် (၁)ခန်း၊ ပျမ်းမျှဦးရေ(၆၃)ဦးရှိနေသောကြောင့် စာသင်ခန်း(၂)ခန်း(၆၀×၃၀) ပေ စာသင်ဆောင် တစ်ဆောင်လိုအပ်မည်ဖြစ်ပါသည်။

သို့သော် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ငွေလုံးငွေရင်းဖြင့် တည်ဆောက်မည့် လုပ်ငန်းများ လျာထားပြီးဖြစ်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ရွာငံမြို့အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းဆောင်သစ်(၆၀×၃၀×၁)ပေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေမှ ရရှိရေးအတွက် အမှုတွဲတောင်းခံပြီး အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက မေးခွန်း(၃)ကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးညီညီ(ခ)

ဥက္ကဋ္ဌ။ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးညီညီ(ခ)ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင်ဗုဒ္ဓဘာသာနှင့်ပတ်သက်သောတက္ကသိုလ်၊ ပရိယတ္တိစာသင်တိုက်၊ ဝိပဿနာကမ္မဋ္ဌာန်းတိုက် ပေါင်းနှင့် ဘုန်းကြီးကျောင်းပေါင်းမည်မျှရှိ၍ ဗုဒ္ဓသာသနာတော် တိုးတက်ပြန့်ပွားရေးအတွက် ငွေကြေးအပါအဝင် မည်သို့အစီအစဉ်များ ချမှတ်၍ ဆောင်ရွက်နေကြောင်းကို သိရှိလိုပါသည်ဟူသော မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်(၁)ခု၊ ပရိယတ္တိစာသင်တိုက်(၁၅၆) ကျောင်း၊ ဘုန်းကြီးကျောင်း(၂၆၅၂)ကျောင်းနှင့် ကမ္မဋ္ဌာန်းကျောင်း(၆၁)ကျောင်းရှိကြပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပရိယတ္တိစာသင်တိုက်(၇၉) ကျောင်း၊ ဘုန်းကြီးကျောင်း(၁၈၈၁)ကျောင်းနှင့် ကမ္မဋ္ဌာန်းကျောင်း(၃၇)ကျောင်းရှိကြပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ပရိယတ္တိစာသင်တိုက်(၇) ကျောင်း၊ ဘုန်းကြီးကျောင်း(၉၅၈)ကျောင်းနှင့် ကမ္မဋ္ဌာန်းကျောင်း

D/real(wide) (1

(၁၆)ကျောင်းရှိကြပြီး ဗုဒ္ဓသာသနာတော် တိုးတက်ပြန့်ပွားရေး အတွက် လတ်တလောအခြေအနေတွင် ငွေကြေးအပါအဝင် ကူညီ ထောက်ပံ့ပေးနိုင်ခြင်း မရှိသေးပါကြောင်း လေးစားစွာ ဖြေကြားအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအောင်မျိုးကျော်က မေးခွန်း (၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းအောင်မျိုးကျော် ၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာ ဆုတောင်း မေတ္တာပို့သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၉၇)အရ ဒုတိယအကြိမ်၊ ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမ ပုံမှန် အစည်းအဝေး မှာ အောက်ပါ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းသွားမှာဖြစ် ပါတယ်-

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။လင်းခေးမြို့၊ နမ့်ကွန်ကျေးရွာ နားမှာရှိတဲ့ နမ့်ကွန်ရေပြာအိုင် ရေပူစမ်းသည် လင်းခေး- မိုင်းပန် ကားလမ်းနံဘေးမှာရှိတဲ့ တောအုပ်ကလေးထဲမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်ခန့်က သဘာဝအလျောက်ဖြစ်ပေါ်တည်ရှိခဲ့ပါတယ်။ ရေအိုင်၏ အကျယ်ကတော့ ပေ(၅၀)ပတ်လည်ရှိပြီး တစ်နှစ်ပတ်လုံး ပူနွေးသောရေများထွက်ရှိလျက်ရှိပါတယ်။ အဲဒီရေပူကန်အပြင်

ဦးညီလေးချမ်းဖြစ်ပါတယ်။ ဒီကနေ့မှာ မေးမြန်းလိုတာကတော့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ဗုဒ္ဓဘာသာနှင့်ပတ်သက်သည့် ပရိယတ္တိ စာသင်တိုက်၊ ကမ္မဋ္ဌာန်းတိုက်နှင့်ပတ်သက်သည့် ဘုန်းကြီးကျောင်း မည်မျှရှိသည်နှင့်ပတ်သက်သည့် မေးခွန်းကို မေးမြန်းလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၁ မှာ နိုင်ငံတော်သည် ဗုဒ္ဓဘာသာ သာသနာကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်ဟု ဖော်ပြထားသည်ကို တွေ့ရ ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် တက္ကသိုလ်၊ ပရိယတ္တိစာသင်တိုက်၊ ဝိပဿနာနှင့် ပတ်သက်သည့် ကမ္မဋ္ဌာန်းတိုက်တွေ ကျောင်းပေါင်းမည်မျှရှိတယ် အဲဒီကျောင်းတွေမှာလည်းဘဲ စာသင်နေသည့် သံဃာတော်တွေဟာ ဆွမ်း၊ဟင်းကိစ္စများ၊ စာသင်ကြားသည့် ဗလာစာအုပ်များ၊ ဖတ်ကြားသည့် စာအုပ်များ အသီးသီးလိုအပ်လျက်ရှိပါတယ်။ ဒါတွေ တကယ် လိုအပ်နေတဲ့အတွက်ကြောင့် မေးခွန်းမေးမြန်းရခြင်းဖြစ် ပါတယ်။ မေးခွန်းအနေဖြင့် မေးမြန်းရခြင်းမှာ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဗုဒ္ဓဘာသာနှင့်ပတ်သက်သော တက္ကသိုလ်၊ ပရိယတ္တိစာသင်တိုက်၊ဝိပဿနာကမ္မဋ္ဌာန်းတိုက်ပေါင်းနှင့် ဘုန်းကြီး ကျောင်းပေါင်း မည်မျှရှိ၍ ဗုဒ္ဓသာသနာတော် တိုးတက်ပြန့်ပွားရေး အတွက် ငွေကြေးအပါအဝင် မည်သို့ အစီအစဉ်များ ချမှတ်၍ ဆောင်ရွက်နေကြောင်းကို သံဃာတော်များနှင့် အများပြည်သူ သိရှိ နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော် မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

D/real(wide) (2

နောက်ထပ် ရေကန်ငယ်(၂)ခုလည်းရှိပါသေးတယ်။ ရေပူစမ်းအိုင်မှ ရေကို သွယ်တန်းဖို့အတွက် ပင်မရေသွယ်မြောင်း (၁)ခု ဖောက်လုပ်ပေးထားပါတယ်။ အဲဒီရေသွယ်မြောင်းမှတစ်ဆင့် နောက်ထပ် ရေသွယ်မြောင်း၁ခွဲ(၃)ခု ထပ်မံခွဲပြီး ရေချိုးကန် (၃)ကန်ထဲကို စီးဆင်းစေပါတယ်။ အဲဒီမှတစ်ဆင့် ရေပိုက်များဖြင့် ပြန်လည်ထုတ်ယူပြီး လူ (၃၊၄)ဦး တစ်ပြိုင်တည်း ရေချိုးနိုင်အောင်ပြုလုပ်ပေးထားပါတယ်။ ရေအရောင်ကတော့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ရွာငံ ရေပြာအိုင်နှင့် အခြားရေပူစမ်းများမှာရှိတဲ့ အရောင်များနဲ့ ဆင်တူပါတယ်။ စိမ်းပြာပြာအရောင်ရှိလို့ ရေပြာအိုင်လို့ခေါ်ပါတယ်။ အဲဒီရေပူစမ်းအိုင်က ရေကို ချိုးခြင်းအားဖြင့် လူ၏ခန္ဓာကိုယ်မှာ ဖြစ်လေ့ ဖြစ်ထရှိတဲ့ အရေပြား ယားနာရောဂါပျောက်ကင်းစေတယ်လို့ ယုံကြည်ကြတဲ့အတွက် လင်းခေးမြို့အနီးအနားမှာရှိတဲ့ မိဘပြည်သူများ နှစ်စဉ်နှစ်တိုင်းရေပူစမ်းမှာ လာရောက်ရေချိုး အပန်းဖြေလေ့ရှိကြပါတယ်။ ရေပူစမ်းအဝင်လမ်းမှာ ကျောက်ချောလမ်းသာဖြစ်နေသည့်အတွက် လာရောက်ရေချိုး အပန်းဖြေကြတဲ့ မိဘပြည်သူများအတွက် သွားလာရန် အခက်အခဲနဲ့ ကြုံနေရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော် မေးမြန်းလိုသည်မှာ- သဘာဝအလျောက် ဖြစ်ပေါ်လျက်ရှိသော လင်းခေးမြို့နယ်၊ နမ့်ကွန်ရေပြာအိုင် ရေပူစမ်းသို့လာရောက် ရေချိုးအပန်းဖြေကြသည့် မိဘ ပြည်သူများ ရာသီမရွေးအလွယ်တကူသွားလာနိုင်ရန်အတွက် လင်းခေး-မိုင်းပန် ကားလမ်းမှ ရေပြာအိုင် ရေပူစမ်းအဝင် လမ်းပေ(၂၀၀၀)ခန့်ကို ကတ္တရာခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့်ရှိပါကမည်သည့်ရက်၊လ၊နှစ်တွင်ထည့်သွင်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း။

D/real(wide) (2

အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ ထည့်သွင်းလျာထား ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် နမ့်ကွန်ရေပူစမ်း အုတ်ရေချိုးကန်များပြုပြင် တိုးချဲ့ရန် လုပ်ငန်းစဉ်သည် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ အပန်းဖြေရန် ရည်ရွယ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် ဖွံ့ဖြိုးမှုအားနည်းသည့် နယ်စပ်ဒေသများနှင့် အခြားဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် ကန့်သတ်ချက်ရှိသည့် ဒေသများတွင် အဓိက ဆောင်ရွက်ပေးခြင်းဖြစ်သောကြောင့် လောလောဆယ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဉာဏ် ၊ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အစိုးရအဖွဲ့ဝင်များအားလုံး ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ပထမဦးစွာ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြ မေးခွန်းကတော့ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစိုးရဘတ်ဂျက်များ မြို့နယ်အလိုက်

မေးခွန်းနံပါတ်(၂) ၂၀၀၃ ခုနှစ်တွင် ပြည်သူလူထု ထည့်ဝင်ငွေဖြင့် တည်ဆောက်ခဲ့သော နမ့်ကွန်ရေပူစမ်း အုတ်ရေချိုးကန်များမှာ နှစ်ကာလကြာလာသည်နှင့်အမျှ ယိုယွင်းပျက်စီးနေသည့်အတွက် ၎င်းကို ပြုပြင်တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ရှိပါက မည်သည့် ရက်၊ လ၊ နှစ်တွင်ဆောင်ရွက်ပေးမည်ကို လင်းခေးမြို့နယ် ပြည်သူများက သိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဝန်ကြီးအား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကျန်းမာ ရွှင်လန်းကြပါစေလို့ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော်မှ မေးမြန်းလာသည့် နမ့်ကွန် ရေပြာအိုင် ရေပူစမ်းနှင့်ပတ်သက်သော မေးခွန်း(၂)ခုနှင့် ပတ်သက်၍ ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းအနေနဲ့ လင်းခေး-မိုင်းပန်ကားလမ်းမှ သဘာဝအလျောက်ဖြစ်ပေါ်လျက်ရှိသော လင်းခေးမြို့နယ်၊ နမ့်ကွန်ရေပြာအိုင်၊ ရေပူစမ်းသို့ သွားရောက်သည့် ကျောက်ချောလမ်း(၂၀၀၀)ပေ (၀/၃)မိုင်အား ပြည်သူများ ရာသီဥတုမရွေး အလွယ်တကူ သွားလာနိုင်ရေးအတွက် ကတ္တရာလမ်းအဖြစ်

ခွဲဝေချပေးတဲ့နေရာမှာ သင့်တင့် မျှတသော ခွဲဝေ ပေးမှုမျိုး ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိဆိုသည့် မေးခွန်းပါ။ ကျွန်တော် လေ့လာရသလောက်ဆိုလျှင် ယခင်အစိုးရကာလမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့မှ မြို့နယ်အလိုက်ရင်းနှီး မြှုပ်နှံမှုသော်လည်းကောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းသော်လည်းကောင်း ခွဲဝေပေးတဲ့နေရာမှာ ဘက်လိုက်မှုများ၊ မျက်နှာလိုက်မှုများရှိပြီး ခွဲဝေပေးခဲ့တာကိုဆောင်ရွက်ခဲ့တဲ့ မှတ်တမ်းများအရ လေ့လာတွေ့ရှိရပါတယ်။ ဆိုလိုချင်တာကတော့ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် အစိုးရဝန်ကြီးများရှိသော မြို့နယ်မဲဆန္ဒနယ်များမှာဆိုလျှင် အစိုးရဘတ်ဂျက် ပိုမို ခွဲဝေချထားပေးခဲ့သည်ကို လေ့လာ သိရှိရပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းဟာ လိုအပ်ချက်များရှိနေသည်ကို အားလုံးသိရှိပြီးဖြစ်ပါတယ်။လွှတ်တော်ကိုယ်စားလှယ်အားလုံးလည်း သိရှိပြီးဖြစ်ပါတယ်။ အစိုးရဆောင်ရွက်ပေးနိုင်မှုနည်းပါးတဲ့ ဒေသမှာဆိုလျှင် ဒေသခံ များကသာ အလှူငွေထည့်ကြပြီး ကျေးရွာ၊ လမ်း၊တံတား ၊စာသင်ကျောင်း၊ မီးလင်းရေးကိစ္စများမှာ ကိုယ်ထူကိုယ်ထဘဲ ဆောင်ရွက်နေကြပါတယ်။ အခြားမြို့များတွင် အစိုးရထောက်ပံ့ပေးမှု နည်းပါးသော ဒေသမှာဆိုလျှင် ပြည်သူများဟာ ကိုယ်ဒူးကိုယ်ချွန် ကြတဲ့သဘောဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစိုးရဘတ်ဂျက်များခွဲဝေပေးရာမှာ တိုက်တိုက်ဆိုင်ဆိုင် ပဉ္စမ ပုံမှန် အစည်းအဝေးအချိန်တွင် အစိုးရမှ ပေးပို့လာသည့် ရှမ်းပြည်နယ်၏ ၂၀၁၇-၂၀၁၈ ခု၊ရင်းနှီးမြှုပ်နှံမှုလျာထားချက်မှာ ပိုပြီးတော့ တစ်ဘက်စောင်းနင်း ဖြစ်နေတာကို လေ့လာတွေ့ရှိရပါတယ်။ အားလုံးလည်းစာအုပ်ရပြီးလို့မြင်ပါတယ်။ ကျွန်တော်ထောက်ပြလိုတာကတော့ လျာထားချက်ကို ဆွေးနွေးခြင်းမဟုတ်ပါ။ အစိုးရ၏ တစ်ဘက်စောင်း နင်းမှုကိုထောက်ပြခြင်းဘဲဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခု ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် လုပ်ငန်း

D/real(wide) (2

ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဘဏ္ဍာရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံး၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ အစိုးရအဖွဲ့များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အစိုးရဘတ်ဂျက်များ မြို့နယ်အလိုက်ခွဲဝေပေးရာတွင် သင့်တင့်မျှတသော ခွဲဝေမှုမျိုးဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဆိုသည့် မေးခွန်းကို ကျွန်တော်ရှမ်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီးဦးစိုင်းရဲနိုတစ်လုံးက ဖြေကြားသွားမှာဖြစ်ပါတယ် ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှာ လွှတ်တော်ကတိကဝတ်များကို ဦးစားပေး ရေးဆွဲထားခြင်းဖြစ်ပါတယ်။ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင်လည်း လွှတ်တော် ကတိကဝတ်များကို ဦးစားပေး ဆောင်ရွက်ရေးဆွဲသွားမှာဖြစ်ပါတယ်။

စီမံကိန်းလုပ်ငန်းများ ရေးဆွဲနေစဉ် ကာလအတွင်းမှာ ဆိုလျှင် မြို့နယ်အသီးသီးမှ လွှတ်တော် ကိုယ်စားလှယ်များကို အကြံပြုချင်တာကတော့ မိမိမြို့နယ်ဒေသခံ ပြည်သူများ၏ အမှန်တကယ်လို အပ်ချက်များကို ကွင်းဆင်းလေ့လာပြီးတော့ သက်ဆိုင်ရာဦးစီးဌာနများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းကွင်းဆင်းစိစစ်ပြီး စီမံကိန်းဦးစီးဌာနသို့ တင်ပြပေးမည်ဆိုလျှင်ပိုမိုသင့်လျော်မည်ဖြစ်ပြီး ၎င်းဦးစားပေးကဏ္ဍအလိုက်

စီမံကိန်းများ ရင်းနှီးမြှုပ်နှံမှုများ လျာထားချက်မှာ လျှပ်စစ်ဖွံ့ဖြိုးရေးလုပ်ငန်းမှာဆိုလျှင် အဓိက ကျောက်မဲခရိုင်ကိုဘဲထောက်ပြလိုပါတယ်။ ကျောက်မဲခရိုင်မှာဆိုလျှင် အားလုံးရဲ့ လျာထားချက်ငွေမှာ ကျပ်သန်းပေါင်း (၂၄၃၈၊ ၉၁၀)သန်းဖြစ်ပါတယ်။ အဲဒီမှာ ကျောက်မဲမြို့နှင့် သီပေါမြို့အတွက်လျာထားတာမရှိပါဘူး။ နောင်ချို ကတော့ လုပ်ငန်း (၁၆)ခုနဲ့ ကျပ်သန်းပေါင်း(၁၃၂၈၊ ၅၈၈)သန်း သုံးထားပါတယ်။ ကျောက်မဲခရိုင်၊ ငွေအားလုံး၏(၅၄)ရာခိုင်နှုန်းကို သုံးထားပါတယ်။ နောင်ချိုမှာဆိုလျှင်လုပ်ငန်း(၃)ခုနှင့် ကျပ် (၆၂၅၊ ၂၅၃)သန်းသုံးထားပါတယ်။ ကျောက်မဲခရိုင်ခွင့်ပြုငွေ၏ (၂၅၊ ၆၆၈)ကို ခွဲဝေရထားတာတွေ့ရှိရပါတယ်။ နမ္မတူမြို့နယ်မှာ ဆိုလျှင်လုပ်ငန်း(၃)ခုနှင့်ကျပ်သန်းပေါင်း(၄၈၂၊ ၀၆၇)သန်းလျာထားပါတယ်။ အဲဒါကတော့ ကျောက်မဲခရိုင် ခွင့်ပြုငွေ၏ (၁၉၊ ၇၉) ရာခိုင်နှုန်းရှိပါတယ်။ ကျောက်မဲခရိုင်အတွင်းမှာ လျှပ်စစ်နဲ့ ပတ်သက်ပြီးတော့မှ ရင်းနှီးမြှုပ်နှံသည့်ငွေ၏ (၅၄)ရာခိုင်နှုန်းကျော်မှာ နောင်ချိုကိုပေးလိုက်ရမှာဖြစ်ပါတယ်။လေ့လာရသလောက်ဆိုလျှင် မြို့တိုင်းမှာလိုအပ်ချက်များရှိနေတာအမှန်ဘဲဖြစ်ပါတယ်။ တိုးချဲ့ပြီးတော့ ရင်းနှီးမြှုပ်နှံမှုနှင့် လျာထားချက်မှာ လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်း ပါဘဲ။ ကျောက်မဲခရိုင်ကို လေ့လာမယ်ဆိုလျှင် တိုးချဲ့လျာထားမှာ ကျပ်သန်းပေါင်း(၄၀၀၊ ၂၈၀) သန်း၊ ကျောက်မဲကတော့ (၁)ခုနဲ့ ကျပ်(၁၅၊ ၂၆၀)သန်း လျာထားပါတယ်။ ကျောက်မဲခရိုင်လျာထားငွေရဲ့ (၃၊ ၈၁၂)ရာခိုင်နှုန်းဖြစ်ပါတယ်။ နောင်ချိုမှာ လုပ်ငန်း(၄)ခုနှင့် တိုးချဲ့လျာထားမှာကျပ် (၂၅၂၊ ၉၉၃)သန်းဖြစ်ပါတယ်။ ကျောက်မဲခရိုင်အတွင်းရှိ စုစုပေါင်းလျာထားငွေမှာ (၆၃၊ ၂၀၄) ရာခိုင်နှုန်းကို တစ်ဘက်စောင်းနင်းလျာထားတာကိုတွေ့ရှိရပါတယ်။ နမ္မတူမှာလုပ်ငန်း(၁)ခုနှင့် ကျပ်(၂၉၊ ၅၇၉)သန်းကို လျာထားပါတယ်။ စုစုပေါင်း၏

D/real(wide) (2

ဌာနများမှ ထည့်သွင်းစဉ်းစား၍ တင်ပြပေးပါက မျှတသော ဆောင်ရွက်မှုဖြစ်စေရန် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း နှင့် သက်ဆိုင်ရာဌာနများမှလည်း မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပိုမို၍ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေ စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးတောင်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခွန်သူရအောင်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် ဆုတောင်းမေတ္တာပို့သပေးပြီးသကာလ အားလုံးကို လေးစားဂါရဝ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင်ဖြစ်ပါတယ်။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ပထမနေ့မှာ ကျွန်တော်အနေနဲ့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ၏ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊

(၇. ၃၈၉)ရာခိုင်နှုန်း ရှိပါတယ်။ နမ့်ဆန်မှာ လုပ်ငန်း(၁)ခု ကျပ် (၃၀. ၆၀၉)သန်းလျာထားပါတယ်။ စုစုပေါင်း ကျောက်မဲခရိုင် တိုးချဲ့ လျာထားငွေ၏(၇. ၆၄)ရာခိုင်နှုန်းကို လျာထားတာကိုတွေ့ရပါတယ်။ မန်တုံမှာလည်း လုပ်ငန်း(၂)ခု ကျပ်(၆၀. ၃၀၉)သန်းကို တိုးချဲ့ လျာထားပါတယ်။ ကျောက်မဲခရိုင်စုစုပေါင်း တိုးချဲ့ လျာထား ငွေ၏ (၁၅. ၀၆၆)ရာခိုင်နှုန်းကို လျာထားပါတယ်။ သီပေါတွင် လုပ်ငန်း (၁)ခုကို ကျပ်(၁၁. ၅၃၀)သန်းလျာထားပါတယ်။ ကျောက်မဲခရိုင် စုစုပေါင်း တိုးချဲ့ လျာထားငွေ(၂. ၈၈)ရာခိုင်နှုန်းမှာ အနည်းဆုံး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းမှာလွှတ်တော်ဥက္ကဋ္ဌ မှာကြားသည့် အတိုင်း ပြည်သူတို့၏ လိုအပ်ချက်၊ ဖွံ့ဖြိုးရေးလုပ်ငန်း များကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်း အောက်ခြေမှာ လေ့လာပြီး တော့မှ ပြည်နယ်အစိုးရကို အဓိက တင်သွင်းရပါတယ်။ အစိုးရနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်သော်လည်းကောင်း ပင်ပန်းရမှာ ဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ အခြားဖွံ့ဖြိုးရေးကိစ္စ ရင်းနှီး မြှုပ်နှံမှုများကို တစ်ဖက်စောင်းနင်းလုပ်မည်ဆိုလျှင် လွှတ်တော် ကိုယ်စားလှယ်ကတော့ အများကြီးမျက်နှာပျက်ရပါတယ်။ ဒီကနေ့ မေးခွန်းမေးမြန်းလိုတာကတော့ အစိုးရဘတ်ဂျက်ကို မြို့နယ် အလိုက် ခွဲဝေပေးတဲ့နေရာမှာ မြို့နယ်၏ လူဦးရေအချိုးအစား၊ မြို့နယ် အရွယ်အစား၊ လူဦးရေဖွံ့ဖြိုးတိုးတက်မှု၊ GDP စသည့် အချက်များကို မူတည်၍ ခွဲဝေချမည်ဆိုလျှင် သင့်တင့်မျှတသော ခွဲဝေချမှုမျိုးဖြစ်စေရုံ သာမက မြို့နယ်တိုင်း၏လိုအပ်ချက်များကို အမှန်တကယ် ဖြည့်ဆည်း ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် အစိုးရကို မေးမြန်းလိုသည်မှာ အစိုးရဘတ်ဂျက်ကို မြို့နယ်အလိုက်ခွဲဝေပေးရာမှာ မူဘောင်တစ်ခုနှင့် သင့်တင့်မျှတသော ခွဲဝေမှုမျိုးဖြစ်စေဖို့ အစိုးရမှ ပြုလုပ်ပေးနိုင်တဲ့ အနေအထားရှိ/မရှိ။ ပြုလုပ်ပေးမည့် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်

D/real(wide) (2

ဌာနဆိုင်ရာအသီးသီး၏ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဝန်ကြီးဌာနအသီးသီးမှ ဆောင်ရွက်ပေးနိုင်ခဲ့သော လုပ်ငန်းတို့ကို ကိန်း၊ ဂဏန်းစာရင်း ဇယားများဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၂၅၈၊ ပုဒ်မခွဲ(က)(ခ) နှင့်အညီ ရှမ်းပြည်နယ်လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ်လွှတ်တော်နည်းဥပဒေ ပုဒ်မ ၉၈ အရတင်ပြ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဘဏ္ဍာရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းရဲနှင်တစ်လုံး၊ ဘဏ္ဍာရေးဝန်ကြီး။ ဒုတိယအကြိမ် ပဉ္စမ ပုံမှန်အစည်းအဝေးမှာ ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ မေးမြန်းတဲ့ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီးဦးစိုင်းရဲနှင်တစ်လုံက ဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဌာနဆိုင်ရာအသီးသီး၏ နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဝန်ကြီးဌာနအသီးသီးမှ ဆောင်ရွက်ပေးနိုင်ခဲ့သော လုပ်ငန်းတို့ကို ကိန်း၊ဂဏန်း စာရင်းဇယားများဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၈၊ ပုဒ်မခွဲ(က)(ခ)နှင့်အညီ ရှမ်းပြည်နယ် လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၈၊ ပုဒ်မခွဲ(က)(ခ)တွင်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ်အစိုးရအဖွဲ့ဥက္ကဋ္ဌများ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၈၊ ပုဒ်မခွဲ(ခ)(၁)အရ ပြည်ထောင်စုအစိုးရအဖွဲ့ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရရှိပြီးမှ ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ဒီကနေ့ ပြုလုပ်တဲ့ အစည်းအဝေးမှာ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ရှမ်းပြည်နယ်အဆင့်မှာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမည့် အစီအစဉ်၊ ဌာနဆိုင်ရာအသီးသီး၏ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်နှင့်ဝန်ကြီးဌာနအသီးသီးမှဆောင်ရွက်ပေးမည်ဖြစ်သောလုပ်ငန်းတို့ကို ကိန်း ဂဏန်း၊ စာရင်းဇယားများဖြင့် မြို့နယ်အလိုက်ဖော်ပြပေးခြင်းဖြင့် သက်ဆိုင်ရာ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ သိရှိ

ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လွှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှဦးခွန်ဒီဂေါလ်ကမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ် ၊ လွှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ဒီကနေ့ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ဖြစ်ပါတယ်။ ဒီကနေ့ ပြုလုပ်တဲ့ အစည်းအဝေးမှာ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ရှမ်းပြည်နယ်အဆင့်မှာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမည့် အစီအစဉ်၊ ဌာနဆိုင်ရာအသီးသီး၏ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်နှင့်ဝန်ကြီးဌာနအသီးသီးမှဆောင်ရွက်ပေးမည်ဖြစ်သောလုပ်ငန်းတို့ကို ကိန်း ဂဏန်း၊ စာရင်းဇယားများဖြင့် မြို့နယ်အလိုက်ဖော်ပြပေးခြင်းဖြင့် သက်ဆိုင်ရာ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ သိရှိ

D/real(wide) (2

ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ(က)(ခ)တွင်လည်းကောင်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါတယ်-

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည်

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အခါအားလျော်စွာ ချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ မိမိ၏ အရေးယူ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပြန်လည် အစီရင်ခံရမည်။

(ခ) မိမိနယ်မြေဒေသ၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်ထောင်စု အစိုးရနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြရမည်ဟုပါရှိ ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော “၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ် ဘဏ္ဍာ ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဌာနဆိုင်ရာ အသီးသီး၏ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက် ပြီးစီးမှုနှင့် ဝန်ကြီးဌာနအသီးသီးမှ ဆောင်ရွက်ပေးနိုင်ခဲ့သော လုပ်ငန်းတို့ကို ကိန်းဂဏာန်းစာရင်းဇယားများဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၅၈၊ ပုဒ်မခွဲ(က)၊(ခ)နှင့်အညီ ရှမ်းပြည်နယ် လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးရန် အစီအစဉ်ရှိ/မရှိ” မေးခွန်းသည် အပိုဒ်(၁)၊ အပိုဒ်ခွဲ(က)(ခ)ပါအချက်များ၏ တစ်စိတ် တစ်ဒေသသာဖြစ်ပါကြောင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဆုံးအဖြတ်များနှင့် နယ်မြေဒေသအခြေအနေ အရပ်ရပ်နှင့်စပ်လျဉ်းသည့် အစီရင်ခံစာအား နောင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများတွင် အလျဉ်းသင့်သလို တင်ပြ

နိုင်မည်ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ နှင့်အညီ ရှမ်းပြည်နယ်လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးရန်နှင့်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၄ အရ ပြည်နယ်လွှတ်တော်အနေဖြင့် ဆုံးဖြတ်အတည်ပြုရန်ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်သို့ တင်ပြပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိသိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ်လွှတ်တော်နည်းဥပဒေပုဒ်မ ၉၈ အရ မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဘဏ္ဍာရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ အားလုံးကြွရောက်လာကြတဲ့ ဒုတိယအကြိမ် ပဉ္စမ ပုံမှန်အစည်းအဝေးမှာ တက်ရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံဖြစ်ပါတယ်။ ဦးခွန်ဒီဂေါလ်၊ လွှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ မေးမြန်းတဲ့ မေးခွန်းကို ကျွန်တော်ဘဏ္ဍာရေးဝန်ကြီး၊ ဦးစိုင်းရဲန်တစ်လုံမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမည့် အစီအစဉ်၊ ဌာနဆိုင်ရာအသီးသီး၏ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်နှင့်ဝန်ကြီးဌာနအသီးသီးမှ ဆောင်ရွက်ပေးမည်ဖြစ်သောလုပ်ငန်းတို့ကို ကိန်းဂဏာန်း၊ စာရင်း ဇယားများဖြင့် မြို့နယ်အလိုက်ဖော်ပြပေးခြင်းဖြင့် သက်ဆိုင်ရာ ကိုယ်စားပြု

D/real(wide) (2

လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်မည်ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ နှင့်အညီ ရှမ်းပြည်နယ် လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၄ အရ ပြည်နယ်လွှတ်တော်အနေဖြင့် ဆုံးဖြတ်အတည်ပြုရန် ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်သို့ တင်ပြပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ဆိုသည့် မေးခွန်းကို ကျွန်တော်ဘက္ကာရေးဝန်ကြီး၊ ဦးစိုင်းရဲန် တစ်လုံက ဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀(ခ) ပြဋ္ဌာန်းချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ပုံမှန်လွှတ်တော်သို့ ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို တင်သွင်းပြီး နောက်ဆက်တွဲ-၂ ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီသို့ ဖြန့်ဝေအသိပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘက္ကာရေးနှစ်အတွက်ပြည်နယ်ဘက္ကာရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်နှင့် ဌာနအဖွဲ့အစည်း အသီးသီးမှ ဆောင်ရွက်ပေးမည်ဖြစ်သော လုပ်ငန်းတို့ကို ကိန်းဂဏန်း၊ စာရင်းဇယားများအား ၂၀၁၇-၂၀၁၈ ခု၊ ဘက္ကာရေး နှစ် ရှမ်းပြည်နယ်၏ရသုံးခန့်မှန်းခြေငွေစာရင်းတင်ပြခဲ့ချိန်တွင် သာမန်၊ ငွေလုံးငွေရင်းနှင့် ကြွေးမြီငွေစာရင်းခေါင်းစဉ်များအလိုက် ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ၄င်းအပြင် ၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ဘက္ကာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်ပြချိန်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သည့် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအား လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေ ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ပါတယ်။ တင်သွင်းပြီးတဲ့အချိန်မှာ နောက်ဆက်တွဲ-၂ ဖြင့် ၂၀၁၇-၂၀၁၈ ခု၊ ဘက္ကာရေးနှစ် နိုင်ငံပိုင်အခန်း(ပြည်နယ်ဘက္ကာ ရန်ပုံငွေ) ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီသို့ ဖြန့်ဝေအသိပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခု ဦးခွန်ဒီဂေါလိမေးမြန်းထားတဲ့အဖြေသည် စီမံကိန်းအတည်ပြုပြီးတဲ့ နောက်ပိုင်းမှာ ယနေ့အစီအစဉ်မှာ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်လွှတ်တော်အနေနဲ့ တင်သွင်းပြီးဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းကိုင်မြို့နယ်အတွင်း ဝမ်ပန်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ထားသော ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦနှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းလိုပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကျန်းမာရေးနှင့်ပညာရည်မြှင့်တင်မှုကော်မတီမှ(၂၀-၁-၂၀၁၇)ရက်နေ့ မှ(၂၅-၁-၂၀၁၇)ရက်နေ့အထိ မိုင်းကိုင်မြို့နယ်သို့ (၆)ရက်တာကာလကွင်းဆင်းခဲ့ပါတယ်။

D/real(wide) (2

ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်အရ ဝမ်ပန်ကုမ္ပဏီ ဒေါက်တာစိုင်းစိုးဟိန်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ မိုင်းကိုင်မြို့နယ်အတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲများဖြစ်သည့် မိုင်းခွန်ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဟိန်နားကျေးရွာအုပ်စုရှိ၊ ဝမ်မိန်းကျေးလက် ကျန်းမာရေးဌာနခွဲ၊ ကုံးလုံးကျေးရွာအုပ်စုရှိ နောင်ဟွယ်ကျေးလက်ကျန်းမာရေးဌာနခွဲစသည့် ဌာနခွဲ(၃)ခု တာဝန်ယူ ဆောက်လုပ်လျက်ရှိပြီး လုပ်ငန်းပြီးစီးခြင်းမရှိသေးပါဘူး။ ထို့ပြင်ကုံးလုံးကျေးရွာအုပ်စု၊ နောင်ဟွယ်ကျေးရွာနေ ဦးသာအောင်မှသဲ(၃)စီးအတွက် (၁)စီးလျှင် (၇၀၀၀၀/-)နှုန်းဖြင့် (၂၁၀၀၀၀/-)၊ ဦးကောတေနမှ ၆/၁ (၁၀၀)ချောင်းအတွက် (၁)ချောင်းလျှင် (၉၀၀၀/-)နှုန်းဖြင့် (၉၀၀၀၀၀/-)၊၃/၂(၇၀)ချောင်း အတွက် (၁)ချောင်းလျှင်(၄၀၀၀/-)နှုန်းဖြင့် (၂၈၀၀၀၀/-) ၊ စုစုပေါင်း (၁၃၉၀၀၀/-)ကို အကြွေးပေးရန် ရှိနေတာကို ကုံးလုံး ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးက လက်မှတ်ထိုးပြီးမှ ရွာသားများ ကိုယ်စားကျွန်တော်တို့ ကော်မတီထံသို့ တင်ပြခဲ့ပါတယ်။

သို့ဖြစ်ပါ၍ မိုင်းကိုင်မြို့နယ် ဝမ်ပန်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် စပ်လျဉ်းပြီး အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်-

(၁) မိုင်းကိုင်မြို့နယ်အတွင်း ဝမ်ပန်ကုမ္ပဏီမှ အဆောက်အဦ မည်မျှကို တာဝန်ယူဆောက်လုပ်ထားပါသနည်း။

(၂) မည်သည့်ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ မည်မျှဖြင့် စတင်ဆောက်လုပ်ခဲ့ပြီး မည်သည့်နှစ်တွင် အပြီးသတ်ဆောက်လုပ်ရမည်နည်း။

(၃) သတ်မှတ်ကာလအတွင်း ဆောက်လုပ်ပြီးစီးမှုမရှိပါကမည်ကဲ့သို့အရေးယူမည်နည်း။အရေးယူခြင်းမရှိပါက အဘယ်ကြောင့်နည်း။

ဆက်လက်ပြီး စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်ပြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ ဆက်လက် တင်ပြပေးသွားမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးစိုးညွှန့်လွင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ ဒုတိယအကြိမ်၊ရှမ်းပြည်နယ်လွှတ်တော်၊ ပဉ္စမပုံမှန် အစည်းအဝေး ပထမနေ့ကြွရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာကြပါစေ။ လွှိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်မေးမြန်းသည့် အကြောင်းအရာနှင့် ပတ်သက်ပြီး ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမည့် အစီအစဉ်၊ ဌာနဆိုင်ရာအသီးသီး၏ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်နှင့်ဝန်ကြီးဌာနအသီးသီးမှ ဆောင်ရွက်ပေးမည်ဖြစ်သောလုပ်ငန်းတို့ကို ကိန်းဂဏန်း၊ စာရင်း ဇယားများဖြင့် မြို့နယ်အလိုက်ဖော်ပြပေးခြင်းဖြင့် သက်ဆိုင်ရာ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်မည်ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ နှင့်အညီ ရှမ်းပြည်နယ်လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးရန်နှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉၄ အရ ပြည်နယ်လွှတ်တော်အနေဖြင့် ဆုံးဖြတ် အတည်ပြုရန်ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်သို့ တင်ပြပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိသိရှိလိုပါသည်ဆိုသော မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀(ခ) ပြဋ္ဌာန်းချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဒီကနေ့ အစီအစဉ်(၁၃)မှာ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်

D/real(wide) (2

(၄) မိုင်းကိုင်မြို့နယ်၊ကုံးလုံးကျေးရွာအုပ်စု၊ နောင်ဟွယ်ရွာသားများမှ ရရန်ရှိသော ကုန်ကြွေးများကို မည်သည့်အချိန်တွင် ပေးချေမည်နည်း။ ပေးချေမှုမရှိပါက အဘယ်ကြောင့်နည်းစသည့် မေးခွန်းများဘဲဖြစ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေး ဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း ၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံရဲ့ မိုင်းကိုင်မြို့နယ်အတွင်း ဝမ်ပန်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ထားသော ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦကိစ္စများနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရှမ်းပြည်နယ် တောင်ကြီးဒေသအနေဖြင့် အဆောက်အဦ၊ တိုက်နယ်ဆေးရုံ၊ ဝန်ထမ်းအိမ်ရာ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ စုစုပေါင်း(၄၉)ခု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက် ခွင့်ရရှိခဲ့ပါသည်။ ထိုစဉ်အခါက မိုင်းကိုင်မြို့နယ်အတွင်းရှိ ကျေးလက် ကျန်းမာရေးဌာနခွဲများအတွက် ဝမ်ပန်ကုမ္ပဏီ(၁)ခုထဲမှ တင်ဒါ လျှောက်ထားခဲ့သဖြင့် ဝမ်ပန်ဆောက်လုပ်ရေးကုမ္ပဏီမှ မိုင်းခွန်း ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကုံးလုံးကျေးလက်ကျန်းမာရေး ဌာနခွဲ၊ ဝမ်မိန်းကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝမ်ဟွေအွမ်ကျေးလက်ကျန်းမာရေးဌာနခွဲတို့အမည်ဖြင့် အဆောက်အဦ (၄)ခုဆောက်လုပ်ခွင့်ရရှိခဲ့ပါသည်။

ကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းဝန်းဆမ်ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်တွင် သိမ်းဆည်းလယ်ယာမြေကိစ္စများအား ပြန်လည်စိစစ်ရာတွင် နှစ်ပေါင်း (၂၁)နှစ်ရှိကြောင်း တွေ့ရှိရပါတယ်။ ၎င်းအမှု (၂၁)မှုရှိသည့်အနက် အားလုံးစွန့်လွှတ်ပြီး (၄)မှု၊ ဧကမှာ(၁၀၁. ၀၀)ဧက၊ တိုင်စာတူ အကြောင်းတူ (၉)မှု၊ ဧကမှာ(၄၉. ၇၅)ဧက၊ နားဟိန်းတောင်ကြားယာမှာ(၂)မှု၊ ဧကမှာ(၁၉. ၈၄)ဧက၊ မစွန့်လွှတ်နိုင်သေးသောအမှု(၆)မှု၊ ဧကမှာ (၄၄. ၁၀၈)ဧကဖြစ်ကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ စွန့်လွှတ်ခြင်း မရှိသည့် သိမ်းဆည်းလယ်ယာမြေအမှု(၆)မှုအား ပြန်လည် စိစစ်ကြည့်ရာတွင် ခလရ(၂၇၇)၊ ခမရ(၃၂၈)၊ ခမရ(၃၂၇) စစ်ဗျူဟာ အဖွဲ့အခြေချ နမ့်ခမ်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ နမ့်ခမ်းမြို့မှ သိမ်းဆည်းထားသော လယ်ယာမြေဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ အထက်မှ ညွှန်ကြားထားသော အချက်(၇)ချက်ဖြစ်သည့်

(၁) ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေနှင့် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ(၃)နှင့် အညီ မြေသိမ်းဆည်းထားခြင်း ရှိ/မရှိ။

(၂) သက်ဆိုင်သူများသို့ လျော်ကြေးပေးပြီး/မပြီး။

(၃) လျော်ကြေးမပေးရသေးပါကလည်းပေးလျော်နိုင်ရန် ရသုံးမှန်းခြေငွေစာရင်းတွင် လျာထားတင်ပြခြင်း ရှိ/မရှိ။

(၄) လျော်ကြေးပေးပြီးပါကလည်း အဆိုပါမြေအားသိမ်းဆည်းထားသည့်အဖွဲ့အစည်းအမည်ပေါက်ဆောင်ရွက်ထားပြီး/မပြီး။

D/real(wide) (2

(၅) စီမံကိန်းအကောင်အထည်ဖော်မှုရှိ/မရှိ ကွင်းဆင်းစိစစ်ရန်။

(၆) လုပ်ငန်းအကောင်အထည်ဖော်မှုမရှိသေးပါက အနာဂတ် စီမံကိန်းအကောင် အထည် ဖော်ဆောင်ရွက်မည့် အချိန်ဇယားပုံစံတိကျစွာ ရေးဆွဲထားရှိမှု။

(၇) သက်ဆိုင်သူများသို့ စွန့်လွှတ်နိုင်မှုမရှိကြောင်း ပွင့်လင်းမြင်သာစွာအသိပေး အကြောင်းကြားခြင်း ရှိ/မရှိ စသော အချက်များဖြင့် ပြန်လည်စိစစ်ရမည်ဖြစ်သောကြောင့် သိမ်းဆည်းခံတောင်သူများနှင့် နစ်နာမှုမရှိစေရန်အတွက် မစွန့်လွှတ်နိုင်ပါက ဒေသပေါက်ဈေးအတိုင်း လျော်ကြေးပေးရန် လိုအပ်ပါသည်။

(၅-၉-၂၀၁၆)ရက်၊ တနင်္လာနေ့၊ နံနက်(၁၀၀၀)နာရီအချိန် စစ်ဗျူဟာခန်းမ၌ စစ်ဗျူဟာအခြေချ မိုင်းခတ်စစ်ဗျူဟာမှူးနှင့် ခမရ(၃၂၇)တပ်ရင်းနှင့် ခလရ(၂၂၇) တပ်ရင်းကိုယ်စားလှယ်များ မြို့နယ်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုအတွက် ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တွေ့ဆုံ ညှိနှိုင်းခြင်းနှင့်ပတ်သက်၍ဆွေးနွေးရာတွင် စစ်ဗျူဟာမှူးမှလုံခြုံရေးအရ မစွန့်လွှတ်နိုင်သည့်မြေကို ပြန်လည် စွန့်လွှတ်ပေးမည်မဟုတ်ကြောင်းနှင့် ပြန်လည် စွန့်လွှတ်နိုင်သည့် နယ်မြေဖြစ်သောအမှတ်(၂)ရပ်ကွက် နေတောင်သူ ဦးစိုင်းအောင်ခမ်း၏ လယ်(၂.၀၀) ဧက၊ ဝမ်ခေါ့ကျေးရွာအုပ်စု၊ တာဆော့ရွာနေ တောင်သူ လုံကျိုင်းပါ (၈)ဦး၏ လယ်(၃.၅၀)ဧကတို့အား စွန့်လွှတ်ပေးလျှင်ဖြစ်နိုင်ကြောင်း အထက်မှ သဘောထားများ တောင်းခံခဲ့ပါကတပ်ရင်း/တပ်ဖွဲ့များ၏တပ်နယ်ဧရိယာပြင်ပနှင့်လုံခြုံရေးအရ ထိခိုက်မှုမရှိနိုင်သော

၄င်းကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦများအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်(၂၅) သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ်(၃၅) သန်းစီဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ အဆောက်အဦ များအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်အပြီးဆောက်လုပ်ရန် ဖြစ်ပါတယ်။

အဆောက်အဦများအား ၂၀၁၆ ခုနှစ်၊ မတ်လအတွင်း အပြီးဆောက်လုပ်ရန်ဖြစ်ပြီး ကုမ္ပဏီမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ (၂၈-၂-၂၀၁၆)ရက်နေ့တွင် အဆောက်အဦလွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အဆောက်အဦများ တင်ဒါခေါ်ယူချိန်တွင် ဒေသခံလုပ်ငန်းရှင် များကို ဦးစားပေးရမည်ဆိုသော်လည်း လုပ်ငန်းဆောင်ရွက်မှု အားနည်းမှုများ တွေ့ရှိရသည့် အတွက် ၄င်းကုမ္ပဏီအား ယခုနှစ် အတွင်း တင်ဒါရွေးချယ်ထားခြင်းမရှိပါကြောင်း ဖြေကြားအပ် ပါတယ်။

မိုင်းကိုင်မြို့နယ်၊ကုံးလုံးကျေးရွာအုပ်စု၊ နောင်ဟွယ်ရွာသားများမှ ရရန်ရှိသော ကုန်ကြွေးများကို မည်သည့် အချိန်တွင် ပေးချေမည်နည်းနှင့် စပ်လျဉ်း၍ ပေးချေရန် ကျန်ရှိသည့် ကုန်ပစ္စည်းကျသင့်ငွေများကို(၁၇-၂-၂၀၁၇)ရက်နေ့ တွင် ကုမ္ပဏီမှ ပေးချေပြီးဖြစ်ပါကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ စိစစ်တင်ပြလာပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှဦးစိုင်းဝန်းဆမ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ

D/real(wide) (3

မြေများဖြစ်ပါက ပြန်လည် စွန့်လွှတ်ပေးခြင်းအားဖြင့် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားရန်နှင့် ပြန်လည်စွန့်လွှတ်ခြင်း မရှိသည့် မြေယာများအား မူလပိုင်ရှင်များ နစ်နာမှုမရှိစေရေးနှင့် နစ်နာကြေးများ ရရှိစေရန် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားရန် သဘောထားပေးခဲ့ပါတယ်။ ထို့ကြောင့် မစွန့်လွှတ်နိုင်သည့် သိမ်းဆည်း လယ်ယာမြေလက်ကျန်အမှု(၆)မှုဖြစ်သော အောက်ပါကြယ်ပွင့်ပြမေးခွန်းများမေးမြန်း တင်ပြသွားမှာဖြစ်ပါတယ်-

- မိုင်းခတ်မြို့နယ်၊ သိမ်းဆည်းလယ်ယာမြေလက်ကျန် အမှု(၆)မှုဖြစ်သော အမှတ်(၂) ရပ်ကွက်နေ တောင်သူ ဦးစိုင်းအောင်ခမ်း၏ လယ် (၂.၀၀)ဧက၊ ဝမ်ခေါ့ ကျေးရွာအုပ်စု၊ တာဆော့ကျေးရွာနေ တောင်သူလုံကျိုင်းပါ (၈)ဦး၏ လယ် (၃.၅၀)ဧက၊ အမှတ်(၂)ရပ်ကွက်နေ တောင်သူ ဦးလုံးပန္ထိပါ တောင်သူ (၇)ဦး၏ လယ်(၂၁.၂၅) ဧက၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ကျိုင်းပေါရွာနေ ဦးအိုက်ထျန်းပါ တောင်သူ(၃)ဦး၏ လယ်(၆)ဧက၊ အမှတ်(၁)ရပ်ကွက်၊ ပန်ဆိုကျိုင်းကျေးရွာနေ ဦးဂျာကျိုးပါယာမြေ (၃.၀၈)ဧက အမှုတို့အား ပြန်လည်စွန့်လွှတ်နိုင်ခြင်းရှိ/မရှိ။ မစွန့်လွှတ်နိုင်သည့် ဒေသပေါက် ဈေးဖြင့် လျော်ကြေးပေးရန် အစီအစဉ် ရှိ/ မရှိ မည်သည့်အချိန်တွင် စွန့်လွှတ်မည်ကို သိရှိလိုပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သို့ စီစဉ် ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း ပြည်သူလူထု ကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းအဖြစ်

ရက်စွဲပါစာအမှတ်၊ ၂၇၇/၁၀၁/ ထောက် ၅ ဖြင့် စွန့်လွှတ်ပေးနိုင်ခြင်းမရှိကြောင်းနှင့် လွှဲပြောင်းစဉ်ကာလတွင် တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား မရှိ၍ သက်ဆိုင်သူသို့ လျော်ကြေးပေးအပ်ထားခြင်း မရှိပါကြောင်းနှင့် လျော်ကြေးပေးရန် ရည်ရွယ်မှန်းခြေငွေစာရင်းတွင် လျာထားတင်ပြထားခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

အမှုတွဲ အမှတ်စဉ်(၂)ဖြစ်တဲ့ဦးလုံးအိုက်ကျိုင်းပါ(၈)ဦးတို့၏ လယ် (၃.၅၀)ဧကနှင့် ပတ်သက်၍ ယခင်ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၏ အစီရင်ခံစာအပိုင်း(၆)၊ မူလအမှတ်စဉ် (၄၆၇) တွင် အကြောင်းအရင်းခိုင်မာ၍ မစွန့်လွှတ်နိုင်ခြင်းတွင် ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ (၇-၂-၁၉၉၅) ရက်စွဲပါအမိန့်ကြော်ငြာ စာအမှတ်၊၁၂/၁၃/အခ (၄)ဖြင့် အမှတ်(၃၂၈) ခြေမြန်တပ်ရင်း၏ တပ်ပိုင်မြေ(၁၂၄၈)ဧကအဖြစ် လွှဲပြောင်းပေးရာတွင် ပါဝင်ခဲ့ကြောင်း၊ ၄င်းလယ်(၃.၅၀)ဧကမှ အမှတ်(၃၂၈)ခြေမြန်တပ်ရင်း၏ (၁၈-၂-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၃၂၈/၄၀၁/ ဦး ၄ ဖြင့် တပ်ရင်းလုံခြုံရေး နယ်နိမိတ်တွင် ပါဝင်နေသည့်အတွက် စွန့်လွှတ်ပေးနိုင်ခြင်း မရှိကြောင်းနှင့် လွှဲပြောင်းစဉ်ကာလတွင်တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား မရှိ၍ သက်ဆိုင်သူသို့ လျော်ကြေးပေးအပ်ထားခြင်း မရှိပါကြောင်းနှင့် လျော်ကြေးပေးရန် ရည်ရွယ်မှန်းခြေငွေစာရင်းတွင် လျာထားတင်ပြထားခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။

အမှုတွဲအမှတ်စဉ်(၃)ဖြစ်တဲ့ ဦးစိုင်းလုံးပန္ထိပါ(၁၂)ဦးတို့၏ လယ် (၂၁.၂၅)ဧကနှင့်ပတ်သက်၍ ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ အစီရင်ခံစာအပိုင်း(၆)၊ မူလအမှတ်စဉ်(၄၆၈)တွင် အကြောင်းအရင်းခိုင်မာ၍ မစွန့်လွှတ်နိုင်ခြင်းတွင်ဖြေရှင်း

D/real(wide) (3

ဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၅-၂-၁၉၉၆)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊၁၂/၁၃/အခ(၄) တို့ဖြင့် အမှတ်(၃၂၇)ခြေမြန်တပ်ရင်း၏ တပ်ပိုင်မြေ(၇၂၀)ဧက လွှဲပြောင်းရာတွင်ပါဝင်ခဲ့ကြောင်း၊ ၄င်းလယ်(၂၁. ၂၀)ဧကမှာ အမှတ်(၃၂၇)ခြေမြန်တပ်ရင်း၏(၁၈-၂-၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၃၂၇/၁၃/ဦး ၄ဖြင့် တပ်ရင်းလုံခြုံရေးအခြေအနေအရ စွန့်လွှတ်ပေးနိုင်ခြင်းမရှိကြောင်းနှင့် လွှဲပြောင်းစဉ်ကာလတွင် တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမရှိ၍ သက်ဆိုင်သူသို့ လျော်ကြေးပေးအပ်ထားခြင်းမရှိပါကြောင်းနှင့် လျော်ကြေးပေးရန် ရသုံးမှန်းခြေငွေစာရင်းတွင် လျာထားတင်ပြထားခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။

အမှုတွဲ အမှတ်စဉ်(၄)ဖြစ်တဲ့ ဦးအိုက်ထျန်းပါ(၃)ဦးတို့၏ လယ်(၆. ၀၀)ဧကနှင့်ပတ်သက်၍ ယခင်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ အစီရင်ခံစာအပိုင်း(၈)၊ မူလအမှတ်စဉ် (၁၅၂) တွင် အကြောင်းအရင်းခိုင်မာ၍ မစွန့်လွှတ်နိုင်ခြင်းအား ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏(၁၀-၂-၁၉၉၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၁၃/အခ(၄)ဖြင့် စစ်ဗျူဟာအဖွဲ့(အခြေချ)မိုင်းခတ်၏ တပ်ပိုင်မြေ(၁၀၈. ၄၉)ဧကအဖြစ် လွှဲပြောင်းပေးရာတွင် ပါဝင်ခဲ့ကြောင်း၊ ၄င်းလယ်(၆)ဧကနှင့် မြေပြင်တွင်(၃)ကေခန့်သာရှိကြောင်းနှင့် စစ်ဗျူဟာအဖွဲ့(အခြေချ)မိုင်းခတ်ရှိ စစ်သည်/ရဲမေများ၏ သက်သာချောင်ချိရေးအတွက် နှစ်စဉ်မိုးစပါးစိုက်ပျိုးလျက်ရှိပါကြောင်းနှင့် လုံခြုံရေးအရ အရေးကြီးသဖြင့်ပြန်လည်စွန့်လွှတ်ပေးရန်မဖြစ်နိုင်ကြောင်း၊ စစ်ဗျူဟာအဖွဲ့(အခြေချ)မိုင်းခတ်၏(၁၈-၂-၂၀၁၇) ရက်စွဲပါစာအမှတ်၊၅၀၀/၅/ထောက် ၅ ဖြင့် စွန့်လွှတ်ပေးနိုင်ခြင်းမရှိကြောင်းနှင့် လွှဲပြောင်းစဉ်ကာလတွင် တရားဝင် ပိုင်ဆိုင်မှု စာရွက်

မေးမြန်းတင်ပြ အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် မိုင်းခတ်မြို့နယ်၊ သိမ်းဆည်းလယ်ယာမြေ လက်ကျန်အမှု(၆)မှုတို့အား ပြန်လည်စွန့်လွှတ်နိုင်ခြင်းရှိ/မရှိ၊ မစွန့်လွှတ်နိုင်လျှင် ဒေသ ပေါက်ဈေးဖြင့် လျော်ကြေးပေးရန် အစီအစဉ်ရှိ/မရှိ၊ မည်သည့် အချိန်တွင်စွန့်လွှတ်မည်ကိုသိရှိလိုပါသည်နှင့်စပ်လျဉ်းသည့် မေးခွန်းကိုဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးစိုင်းဟောင်ခမ်း၏ လယ်(၂. ၀၀)ဧကနှင့်ပတ်သက်၍ ယခင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၏ အစီရင်ခံစာအပိုင်း(၆)၊ မူလအမှတ်စဉ်(၄၆၆)တွင် အကြောင်းအရင်း ခိုင်မာ၍ မစွန့်လွှတ်နိုင်ခြင်းတွင် ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏(၂၄-၅-၁၉၉၆) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၁၃/အခ(၄)ဖြင့် အမှတ်(၂၇၇)ခြေလျင်တပ်ရင်း၏တပ်ပိုင်မြေ(၂၅၀)ဧကလွှဲပြောင်းရာတွင်ပါဝင်ခဲ့ပါကြောင်း၊ ၄င်းလယ် (၂. ၀၀) ဧကအား အမှတ်(၂၇၇)ခြေလျင်တပ်ရင်း၏(၁၇-၂-၂၀၁၇)

စာတမ်းအထောက်အထားမရှိ၍ သက်ဆိုင်သူသို့ လျော်ကြေးပေးအပ်ထားခြင်းမရှိပါကြောင်းနှင့်လျော်ကြေးပေးရန် ရသုံးမှန်းခြေငွေစာရင်းတွင် လျာထားတင်ပြထားခြင်းမရှိပါကြောင်းတင်ပြအပ်ပါတယ်။

ဦးဂျာကျိုးအပေါင်းပါ ယာမြေ(၃.၀၈)ဧကနှင့်ပတ်သက်၍ ယခင်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ အစီရင်ခံစာအပိုင်း(၈)၊ မူလအမှတ်စဉ်(၁၅၇)တွင် အကြောင်းအရင်းခိုင်မာ၍ မစွန့်လွှတ်နိုင်ကြောင်းအား ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ၎င်းယာမြေ(၃.၀၈)ဧကမှာ စစ်မှုထမ်းဟောင်းအဖွဲ့အိမ်ရာမြေဖော်ထုတ်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ(၈-၈-၂၀၁၁) ရက်စွဲပါစာအမှတ်၊၃/၃-၆၂၈/အစရ(ရှမ်း)ဖြင့် လ/နှ (၃၉) ခွင့်ပြုပေးထားခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ မြေနေရာမှာ နောင်တိုးပွားလာမည့် စစ်မှုထမ်းဟောင်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာ မြေကွက်များ ချထားရန်ဖြစ်သည့်အတွက် စွန့်လွှတ်နိုင်ခြင်းမရှိကြောင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏(၁၈-၂-၂၀၁၇) ရက်စွဲပါ စာအမှတ်၊၁၀၀/မြေယာ/ဦး ၆ ဖြင့် စွန့်လွှတ်ပေးနိုင်ခြင်းမရှိကြောင်းနှင့်တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမရှိ၍ သက်ဆိုင်သူသို့ လျော်ကြေးပေးအပ်ထားခြင်းမရှိပါကြောင်းနှင့် လျော်ကြေးပေးရန် ရသုံးမှန်းခြေငွေစာရင်းတွင် လျာထားတင်ပြထားခြင်းမရှိပါကြောင်းတင်ပြအပ်ပါတယ်။

အမှုတွဲအမှတ်စဉ်(၆)ဖြစ်တဲ့ ဒေါ်ပါမိုပါ(၁၃)ဦးတို့၏ ယာမြေ (၆.၂၅)ဧကနှင့်ပတ်သက်၍ ယခင် ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ အစီရင်ခံစာ အပိုင်း(၉)၊ မူလ အမှတ်စဉ်(၁၃၆)တွင် အကြောင်းအရင်း ခိုင်မာ၍ မစွန့်လွှတ်နိုင်ခြင်းအားဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ၎င်းယာမြေ(၆.၂၅)ဧကမှာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ စိုက်ပျိုးမြေအဖြစ်ဆောင်ရွက်ရန်

ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
ပဉ္စမပုံမှန်အစည်းအဝေး
(ပထမနေ့)မှတ်တမ်း
၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
၂၀၁၇ ခုနှစ်၊ မတ် လ ၂၀ ရက်
[တနလ်ာနေ့]
နေ့လည်ပိုင်း

၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ပေးပို့လာပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ရှင်းလင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းရဲနိတစ်လုံ၊ဘဏ္ဍာရေးဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျား။ ဒီကနေ့ ကျွန်တော်တို့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယပိုင်း

D/real(wide) (3

အစီအစဉ်ဖြစ်ပါတယ်။ ဒီနေ့တက်ရောက်လာကြတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ၊အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်အသီးသီးမှပုဂ္ဂိုလ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်အနေနဲ့ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၇ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်းကို (၉-၁-၂၀၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်ရသုံးမှန်းခြေငွေစာရင်းများရေးဆွဲခြင်းဆိုင်ရာ ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၁/၂၀၁၇)မှာ အတည်ပြုချက်ရယူခဲ့ပါသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအား (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။)ဖြင့် အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်ပါ၍ ယင်းဥပဒေကိုအတည်ပြုထားသော ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄-၁/၂၀၁၆)မှ အတည်ပြုပြီးဖြစ်သောကြောင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းများအား နှစ်လတ်ဘဏ္ဍာရေး မူဘောင်ဖြင့် ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ ရေးဆွဲအကောင်အထည်ဖော်ခဲ့ရာ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းရန် ထောက်ပံ့ပေးမည့်ပမာဏကို

မြေစာရင်း ပုံစံ(၁၀၅)အား မိုင်းခတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏(၂၇-၇-၂၀၁၄)ရက်စွဲပါစာအမှတ်၊၅/၁၇-၉၄/ဦး ၆ (၁၉၉၉)ဖြင့် လည်းကောင်း၊ ကျိုင်းတုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏(၁၀-၃-၂၀၀၅)ရက်စွဲပါစာအမှတ်၊၃/၂-၃/ဦး ၁(၁၀၆)ဖြင့်လည်းကောင်း၊ မိုင်းခတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၁၆-၃-၂၀၀၅)ရက်စွဲပါစာအမှတ်၊ ၅/၁၇-၈/ဦး ၆(၁၀၇)တို့ဖြင့်လည်းကောင်း ရေးကူးခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်း၊ နောင်တိုးပွားလာမည့် စစ်မှုထမ်းဟောင်းများနှင့် ၎င်းတို့၏ မိသားစုသက်သာချောင်ချိရေးကိစ္စများ ဆောင်ရွက်နိုင်ရန် အတွက် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိကြောင်း၊ မြို့နယ်စစ်မှု ထမ်းဟောင်းအဖွဲ့၏ (၁၈-၂-၂၀၁၇) ရက်စွဲပါစာအမှတ်၊၁၀၀/ မြေယာ/ ဦး ၆ ဖြင့် စွန့်လွှတ်ပေးနိုင်ခြင်းမရှိကြောင်းနှင့် တရားဝင် ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမရှိ၍ သက်ဆိုင်သူသို့ လျော်ကြေးပေးအပ်ထားခြင်း မရှိပါကြောင်းနှင့် လျော်ကြေးပေးရန် ရသုံးမှန်းခြေငွေစာရင်းတွင် လျာထားတင်ပြထားခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယနေ့အတွက်ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်း အစီအစဉ် ပြီးဆုံးပါပြီ။ ယခုနေ့လည်စာသုံးဆောင်နိုင်ရန်အတွက် အစည်းအဝေး ကို ၁ နာရီ ၃၀ မိနစ်ခန့် ရပ်နားပါမယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေးကို (၁၃း၃၀)နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

D/real(wide) (3

တိုင်းဒေသကြီး၊ ပြည်နယ်များ၏ စုစုပေါင်းလူဦးရေ၊ ဆင်းရဲမှုညွှန်းကိန်း၊ မြေဧရိယာ အကျယ်အဝန်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စုစုပေါင်း လူဦးရေတွင် မြို့ပြလူဦးရေအချိုး၊ တစ်ဦးကျ အခွန်ကောက်ခံမှု၊ လူတစ်ဦးစီ၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးစသည့် ညွှန်ကိန်း (၆)ခုဖြင့် ချိန်ထိုး၍ တွက်ချက်ခဲ့ပြီး နိုင်ငံတော်၏ လိုငွေနှင့် ဂျီဒီပီအချိုးကို (၅%) ထက်မကျော်လွန်စေရန် သတ်မှတ်ရေးဆွဲခဲ့သည့်အပြင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွဲ့ဖြိုးရေးရန်ပုံငွေကို ဥပဒေနှင့်အညီ ယခင်နှစ်လျာထားချက်အတိုင်း ထည့်သွင်းလျာထားခဲ့ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမှ နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်အရ ရှမ်းပြည်နယ်အတွက် အခွန်ဝေစုခွဲဝေရငွေမှာ ကျပ်သန်းပေါင်း (၁၁၇၀၀.၅၅၄)သန်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အခွန်ဝေစုခွဲဝေရငွေအရ ပြင်ဆင်ရေးဆွဲထားသော ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်းမှာ - သာမန်ရငွေမှာ ကျပ် ၄၀၂၁၀.၉၂၇ သန်း၊ အသုံးစရိတ်မှာ ကျပ် ၉၃၉၄၀.၈၀၀ သန်းဖြစ်ပြီးတော့ သာမန်မှာလိုငွေက ကျပ် ၅၃၇၂၉.၈၇၃ သန်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအနေနဲ့ ရငွေမရှိဘဲ ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း ၁၆၄၈၉၉.၉၀၉ သန်းဖြစ်ပြီးတော့ လိုငွေကျပ်သန်းပေါင်း ၁၆၄၈၉၉.၉၀၉ ဖြစ်ပါတယ်။ ရငွေအနေနဲ့ သာမန်နဲ့ ငွေလုံးငွေရင်းပေါင်းမှာဆိုရင် ကျပ်သန်းပေါင်း ၄၀၂၁၀.၉၂၇ ရှိပြီး အသုံးစရိတ် ကျပ်သန်းပေါင်း ၂၅၈၄၀.၇၀၉ သန်းဖြစ်ပြီး လိုငွေအနေနဲ့ ကျပ်သန်းပေါင်း ၂၁၈၆၂.၇၈၂ သန်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်ရသုံးမှန်းခြေငွေစာရင်းအရဆိုရင် ဗဟို အဖွဲ့အစည်း၊ နိုင်ငံတော်အဖွဲ့အစည်း၊ သယံဇာတသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးမွေးမြူရေး၊ လျှပ်စစ်စွမ်းအင်၊

ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်များနှင့် ပစ္စည်းများရောင်းချငွေနှင့် အခြားရငွေများ၊ဒဏ်ငွေများစသဖြင့်ရှိပါတယ်။ အထူးစုံစမ်းစစ်ဆေးရေးအနေနဲ့ဆိုရင် မူလခန့်မှန်းခြေမှာ ကျပ် ၀.၁၀၀ သန်းဖြစ်ပြီးတော့ သတင်းစာဟောင်းရောင်းရငွေ၊ ငှားရမ်းခရငွေများ ရှိပါတယ်။ မီးသတ်မှာဆိုရင် မူလခန့်မှန်းခြေမှာ ၅.၃၀၀ သန်းဖြစ်ပြီး သတင်းစာဟောင်း၊ အခြားရငွေများနှင့် ဒဏ်ငွေများရှိပါတယ်။ စိုက်ပျိုးရေးကဏ္ဍအတွက် မူလခန့်မှန်းခြေမှာသတင်းစာဟောင်းများ၊ ခြံမှထွက်ရှိသောသီးနှံများရောင်းရငွေများရှိပါတယ်။ ငါးလုပ်ငန်းရဲ့ မူလခန့်မှန်းခြေမှာ ကျပ် ၁၅.၁၁၂ သန်းဖြစ်ပြီး အင်းအိုင်ခွန်၊ ရေချိုကိရိယာခွန်၊ တင်ဒါခွန်၊ ရေချိုငါးမွေးမြူရေးဆိုင်ရာ အခွန်ကောက်ခံခြင်း၊ ငါးသားပေါက်ရောင်းချငွေ၊ သတင်းစာဟောင်းရောင်းရငွေ၊ မူဆယ် (၁၀၅)မိုင်မှ လေလံတင်ရောင်းချငွေတို့ဖြစ်ပါတယ်။ မွေးမြူရေးနှင့်ကုသရေးမှာ မူလခန့်မှန်းခြေမှာ ကျပ် ၁၉.၀၉၁သန်းဖြစ်ပြီး ကာကွယ်ဆေးထိုးနှံပေးခြင်း၊ တိရစ္ဆာန်ကျန်းမာကြောင်း ထောက်ခံချက်ပေးခြင်း၊ အများပြည်သူ စားသုံးရန် သတ်ဖြတ်မည့် တိရစ္ဆာန်များကျန်းမာရေးစစ်ဆေးပေးခြင်းစသည့် ဝန်ဆောင်မှုများမှရသည့်ငွေ၊ ဌာနပိုင်မြေများငှားရမ်းခြင်းမှ ရသည့်ငွေ၊ သတင်းစာဟောင်းရောင်းချခြင်းမှ ရသည့်ငွေ၊ ကားတာယာဟောင်းရောင်းချခြင်းမှ ရသည့်ငွေ၊ ဘဏ္ဍာရီဟောင်းများ ရောင်းချခြင်းမှရသည့်ငွေ၊ ပျားဘုရင်မရောင်းရငွေများတို့ဖြစ်ပါတယ်။ သမဝါယမမှာဆိုရင်လည်း မူလခန့်မှန်းခြေမှာ ကျပ် ၇.၅၀၀ သန်းဖြစ်ပြီး သတင်းစာဟောင်း၊ အသင်းမှတ်ပုံတင်ကူးခမှ ရရှိပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်းမှာဆိုရင် မူလခန့်မှန်းခြေမှာ ကျပ် ၄.၈၅ သန်းဖြစ်ပြီး ရက်ကန်းကျောင်းမှ ရက်ထည်ရောင်းရငွေ၊ လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးကြေး၊ မိတ္တူကူးခ၊ အချက်အလက်ပြင်ဆင်ကြေး၊ တင်ဒါလျှောက်လွှာ

D/real(wide) (3

ရောင်းရင်ငွေ၊ မှတ်ပုံတင်သက်တမ်းလွန်ကြေးများမှ ရရှိခြင်း တို့ဖြစ်ပါတယ်။ သစ်တောမှာဆိုရင် မူလခန့်မှန်းခြေမှာ ကျပ် ၁၄၅. ဝဝဝ သန်းဖြစ်ပြီး ပစ္စည်းများရောင်းချရငွေ၊ ငှားရမ်းခများ၊ အခွန်အခများနှင့် ဒဏ်ငွေများ၊ ဘဏ္ဍာငွေအဖြစ်သိမ်းယူခြင်းများနှင့် အခြားရငွေများမှ ရရှိခြင်းတို့ဖြစ်ပါတယ်။ပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာဆိုရင်လည်း ကျပ် ၀. ၃၀၀ သန်းဖြစ်ပြီး တင်ဒါလျှောက်လွှာရောင်းရငွေနဲ့ အဆောက်အဦဟောင်းများ လေလံတင်ရောင်းချရငွေများမှရရှိပါတယ်။ ဆားလုပ်ငန်းမှာဆိုရင်လည်း မူလခန့်မှန်းခြေမှာ ကျပ် ၃. ၅၅၀ သန်းဖြစ်ပြီး ကုန်းတွင်းနေလှန်းဆားကြမ်း ထုတ်လုပ်ရောင်းချမှုမှ ရရှိတဲ့ငွေတွေဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား မူလခန့်မှန်းခြေမှာ ကျပ် ၅၂. ဝဝဝ သန်းဖြစ်ပြီး တင်ဒါလျှောက်လွှာရောင်းရငွေများဖြစ်ပါတယ်။ အားကစားနှင့်ကာယမှာ မူလခန့်မှန်းခြေ ကျပ် ၉၂. ၇၇၈သန်း ပြည်နယ်/ခရိုင်/ မြို့နယ်များမှ ဆိုင်ခန်း၊ တိုက်ခန်း၊ မြေနေရာ ငှားရမ်းခများမှ ရငွေများရရှိခြင်းတို့ဖြစ်ပါတယ်။ စီမံကိန်းရေးဆွဲခြင်းမှာဆိုရင် ကျပ် ၁. ၀၉၆ သန်းဖြစ်ပြီး သတင်းစာဟောင်းရောင်းရငွေ၊ တင်ဒါလျှောက်လွှာနှင့် ပိုပေးမိငွေမှ ပြန်ရငွေများရရှိခြင်းတို့ဖြစ်ပါတယ်။ ဗဟိုစာရင်းအင်းမှာဆိုရင် လျာထားမှုမရှိပါဘူး။ ရသုံးမှန်းခြေမှာဆိုရင် ကျပ် ၄၄. ၉၆၂ သန်းဖြစ်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ နိုင်ငံတော်မှထည့်ဝင်သည့်ငွေနှင့် တင်ဒါလျှောက်လွှာရောင်းရငွေများရရှိခြင်းတို့ဖြစ်ပါတယ်။ မြို့ပြနှင့်အိုးအိမ်မှာဆိုရင် မူလခန့်မှန်းခြေကျပ် ၈၀. ဝဝဝသန်းဖြစ်ပြီးတော့ အဆောက်အဦငှားရမ်းခများ၊ သတင်းစာဟောင်းရောင်းရငွေများ၊ တင်ဒါလျှောက်လွှာရောင်းရငွေများရရှိခြင်းတို့ဖြစ်ပါတယ်။ လမ်းဦးစီးမှာဆိုရင် ကျပ် ၈. ၄၆၀ သန်းဖြစ်ပြီး ပြည်နယ်လမ်းတံတား အသုံးပြုခဂိတ်လေလံကြေးများ၊ တင်ဒါလျှောက်လွှာရောင်းရငွေ၊ လမ်းအသုံးပြုခနှင့် အခြားရငွေများ

ကျန်းမာရေးနှင့် အားကစား၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ ဆောက်လုပ်ရေး၊ ကုန်တင်ကုန်ချကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့ဆိုပြီးတော့ ခေါင်းစဉ်အလိုက် လျာထားငွေ၊ သာမန်ငွေ၊ ငွေလုံးငွေရင်းစသဖြင့် ကျွန်တော်တို့ အသေးစိတ်ဖော်ပြထားပြီးဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ကဏ္ဍအလိုက်ဖော်ပြထားတဲ့ အသုံးစရိတ်မှာ စုစုပေါင်းငွေကျပ်သန်းပေါင်းမှာ ၂၅၈၄၄. ၇၀၉ သန်း ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းရငွေအတွက် ပြည်နယ်အစိုးရအဖွဲ့မှာ ကျပ်သန်းပေါင်း မူလခန့်မှန်းခြေမှာ ၂၁၄၂. ၈၂၀သန်းဖြစ်ပါတယ်။ ရေအားလျှပ်စစ်၊ ပြတိုက်ဝင်ကြေးနှင့် နယ်စပ်ဖြတ်သန်းခ (၃%)၊ CBD မူဆယ်(၂၃%) ပေးသွင်းခြင်း၊ အင်းလေးဇုန်ဝင်ခွင့်မှ ကောက်ခံရငွေ၊ ရုပ်ရှင်လုပ်ငန်းမှရငွေ၊ ချယ်ရီမြို့တည်ဆောက်ရေးစီမံကိန်းမှ (၂၃%) ပေးသွင်းခြင်း၊ ရေအရင်းအမြစ်ဦးစီးဌာနမှကောက်ခံရငွေ၊ ထောက်ပံ့ငွေမှရငွေ၊ အခွန်ရငွေများနှင့် ပြည်ထောင်စုမှ အခွန်ဝေစုအဖြစ် ခွဲဝေပေးငွေများရရှိခြင်းဖြစ်ပါတယ်။ လွှတ်တော်အနေနဲ့ဆိုရင် မူလခန့်မှန်းခြေမှာ ကျပ် ၁. ၄၀၀ သန်းဖြစ်ပြီး တင်ဒါလျှောက်လွှာရောင်းရငွေများမှ ရရှိခြင်းဖြစ်ပါတယ်။ တရားရေးမှာဆိုရင် ကျပ်သန်း၁၀၃. ဝဝဝ ဖြစ်ပြီး ဒဏ်ငွေတပ်ရိုက်သည့် အမှုများမှ ဒဏ်ငွေများကောက်ခံရရှိခြင်း၊ ဥပဒေမှာဆိုရင် ကျပ် ဝ. ၉၅၀ သန်းဖြစ်ပြီး သတင်းစာဟောင်းရောင်းရငွေ၊ စာမေးပွဲဝင်ခွင့်လျှောက်လွှာများ ရောင်းရငွေ၊ အစိုးရဌာနဆိုင်ရာမှစွဲဆိုသောတရားမှုများတွင် လိုက်ပါဆောင်ရွက်ခရငွေ၊ ဌာနပိုင်ဝန်ထမ်းအိမ်ရာများမှ အိမ်လခရရှိခြင်းတို့ဖြစ်ပါတယ်။ စာရင်းရုံးမှာဆိုရင် ကျပ်ဝ. ၅၇၂ သန်းဖြစ်ပြီး သတင်းစာဟောင်းရောင်းရငွေ၊ ဆိုင်ခန်းအဆောက်အဦငှားရမ်းခနှင့် အိမ်လခရငွေများမှ ရရှိခြင်းတို့ဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးမှာဆိုရင် ကျပ် ၁၁၂. ဝ၂၈ သန်း ဖြစ်ပြီးတော့ ယစ်မျိုးခွန်၊ မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ ဓာတ်သတ္တုပစ္စည်းများ၊

D/real(wide) (3

တွင် ဦးစီးဌာန (၁၇)ခု၏ သုံးငွေများ၊ ဇယား (၅)တွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၁)ခု၏ ရငွေများ၊ ဇယား (၆)တွင် နိုင်ငံတော်ပိုင် အဖွဲ့အစည်း (၁)ခု၏ သုံးငွေများ၊ ဇယား (၇)တွင် စည်ပင်သာယာရေး အဖွဲ့များ၏ ရငွေများနှင့် ဇယား(၈)တွင် စည်ပင်သာယာရေး အဖွဲ့များ၏ သုံးငွေများဟူ၍ ထည့်သွင်းရေးဆွဲထားပါသည်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၆အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရသည် ပြည်ထောင်စု၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း ကို အခြေပြုလျက် နောက်လာမည့် ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းကို ပြဋ္ဌာန်းပေးနိုင်ရန် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်သို့ တင်သွင်းရခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉၀ (ခ)အရ ပြည်နယ်အစိုးရအဖွဲ့ကတင်သွင်းခွင့်ရှိ သော ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးမှန်းခြေ ငွေစာရင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃(က)(ခ)အရ ၂၀၁၇ ခုနှစ်၊ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း တို့အား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

တို့ဖြစ်ပါတယ်။ နောက်ပြီးတော့ ကုန်တင်ကုန်ချမှာ လျာထားချက် မရှိပါဘူး။ စည်ပင်ဌာနမှာဆိုရင် မူလခန့်မှန်းခြေမှာ ကျပ် ၁၆၆၅၁. ၀၅၈ သန်းဖြစ်ပြီးတော့ စည်ပင်သာယာရေးဆိုင်ရာမှ ရငွေ များဖြစ်ပါတယ်။ မူလခန့်မှန်းခြေမှာ စုစုပေါင်း ကျပ် ၄၀၂၁၀. ၉၂၇ သန်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် အခွန် အကောက်ရငွေခန့်မှန်းခြေစာရင်းမှာဆိုရင် အဖွဲ့အစည်းအနေနဲ့ (၅)ဖွဲ့ရှိပါတယ်။ ပြည်နယ်အစိုးရ ရေခွန်၊ တာတမံအခွန် ကျပ်သန်းပေါင်းရရှိမယ့်ငွေက ကျပ် ၃၂. ၅၂၀ သန်းဖြစ်ပြီးတော့ အထွေထွေအုပ်ချုပ်ရေး ယစ်မျိုးခွန်မှာ ကျပ် ၇၁၁. ၁၀၁သန်း၊ မြေယာပေါ်မှာကောက်ခံသည့်အခွန် ကျပ် ၂၈၇. ၂၄၂သန်း၊ ဓာတ်သတ္တုပစ္စည်းခွန်မှာ ကျပ် ၁၀၀. ၀၆၈သန်း၊ စုစုပေါင်းမှာ ကျပ် ၁၀၉၈. ၁၁၄ သန်းရရှိပါတယ်။ ငါးလုပ်ငန်းမှာ အင်းအိုင်ခွန် ကျပ် ၆. ၈၂၀ သန်းဖြစ်ပါတယ်။ သစ်တောမှာ သစ်တောများမှ ပစ္စည်း များ ထုတ်ယူသည့် အခွန် ၁၃၃. ၄၃၀ကျပ်သန်းပေါင်းရှိပါတယ်။ စည်ပင်သာယာရေးမှာ ပစ္စည်းခွန် ကျပ် ၈၄၁. ၇၄၆သန်း၊ ဘီးခွန် ကျပ်သန်းပေါင်း ၃၀၀. ၇၅၅ သန်းဖြစ်ပြီး အခွန်ဝေစုမှာ ကျပ်သန်းပေါင်း ၁၃၅၅. ၅၇၉သန်း၊ စုစုပေါင်း ဘဏ္ဍာရေးနှစ် အခွန် ရငွေခန့်မှန်းခြေမှာ ကျပ် ၃၇၆၈. ၉၆၄သန်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်အား ငွေစာရင်းခေါင်းစဉ် အလိုက်ဖော်ပြခြင်းကို ဖြန့်ဝေထားပြီးဖြစ်သည့် အတွက် အသေးစိတ်ကို မပြောတော့ဘဲ လျာထားငွေမှာ ဒေသဖွံ့ဖြိုးရေး အသုံးစရိတ်သည် စုစုပေါင်းသာမန်အသုံးစရိတ်၏ ၄၀. ၉၂ %ဖြင့် သုံးထားတာဖြစ်ပါတယ်။ လစာစရိတ်သည် စုစုပေါင်းသာမန် အသုံးစရိတ်၏ ၃၄. ၂၆ %ဖြစ်ပါတယ်။ အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်မှာ စုစုပေါင်း သာမန်အသုံးစရိတ်၏ ၁၈. ၆၂ % ရှိပါတယ်။ ထောက်ပံ့ငွေအသုံးစရိတ်သည် စုစုပေါင်းသာမန်အသုံး

D/real(wide) (3

၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၇ခုနှစ်၊မတ်လ ၂၂ရက်နေ့ ဗုဒ္ဓဟူးနေ့မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များအနေဖြင့် ဒီနေ့အစည်းအဝေးရပ်နားတဲ့အခါမှာ ညနေပိုင်းမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ တင်သွင်းဖို့ဖြစ်ပါတယ်။

ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်အနေနဲ့ ၂၀၁၇-

စရိတ်၏ ၆. ၂၀% ဖြစ်ပါတယ်။ ဌာနအလိုက်အသေးစိတ်စာရင်းကို အကုန်လုံးဖြန့်ဝေထားပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်မတင်ပြတော့ပါဘူး။ ငွေလုံးငွေရင်းကို ၂၀၁၇-၂၀၁၈မှာ ရာခိုင်နှုန်းအားဖြင့် အချုပ်နဲ့ပဲတင်ပြပေးမှာဖြစ်ပါတယ်။ ငွေလုံးငွေရင်းမှာ ဆောက်လုပ်ရေးလုပ်ငန်းအားဖြင့် စုစုပေါင်း ငွေလုံးငွေရင်းအသုံးစရိတ်၏ ၁၂. ၈၅%၊ စက်ကိရိယာ၊ ပရိဘောဂ၊ ယာဉ်နှင့် အခြားလုပ်ငန်းများသည် စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ်၏ ၂. ၂၀%၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ်၏ ၈၄. ၉၅% လျာထားတွက်ချက်ထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း ဖတ်ကြားပေးပါ့မယ်။ ၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးစာရင်းဆိုင်ရာကို အခြေပြုလျက် အပိုင်း (၁) အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်၊ အပိုင်း(၂) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့် ဦးစီးဌာနများ၏ အခန်း (၁) ရငွေများနှင့် သုံးငွေများ၊ အခန်း (၂) ငွေချေးယူခြင်း၊ အခန်း (၃) ပြည်ပအကူအညီရယူခြင်း၊ အပိုင်း (၃) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့်သုံးငွေများ၊ အပိုင်း(၄) စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေများနှင့် အပိုင်း (၅) သီးသန့်ရန်ပုံငွေဟူ၍ ဥပဒေအားပိုင်းခြားရေးဆွဲထားပါသည်။ ၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၏ ဇယား (၁)တွင် ဗဟိုအဖွဲ့အစည်း(၅)ခု၏ ရငွေများ၊ ဇယား(၂)တွင် ဗဟိုအဖွဲ့အစည်း (၅)ခု၏ သုံးငွေများ၊ ဇယား (၃) အစတွင် အခွန်ရငွေ အသေးစိတ်စာရင်းများ၊ ဇယား (၃) အဆုံးတွင် ဦးစီးဌာန(၁၇)ခု၏ ရငွေများ၊ ဇယား(၄)

၂၀၁၈ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀(ခ)အရ ရှမ်းပြည်နယ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်စီမံကိန်းဥပဒေမူကြမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးကျွန်တော် ဦးစိုးညွှန့်လွင်မှ တင်သွင်းမှာဖြစ်ပါတယ်။ အခု တင်သွင်းတဲ့ ရှမ်းပြည်နယ် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေထားတဲ့ စာအုပ်(၄)အုပ်ရှိပါတယ်။ စည်ပင်သာယာရေးစာအုပ်နောက်ဆက်တွဲအနေနဲ့(၅)အုပ်ဖြန့်ဝေထားခြင်းဖြစ်ပါတယ်။ ပထမစာအုပ်ကတော့ ရှမ်းပြည်နယ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)စာအုပ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကအတည်ပြုပြီးပါက ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးထုတ်ပြန်မှာဖြစ်ပြီး ကျန်စာအုပ်များဖြစ်သည့် နောက်ဆက်တွဲ(၁)(၂)(၃)တို့ကတော့ မူကြမ်းစာအုပ်အတွက် အထောက်အကူပြုတဲ့ စာအုပ်များသာဖြစ်ပါတယ်။ ပထမဦးစွာ ရှမ်းပြည်နယ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)မှာပါဝင်တဲ့ အဓိက ကျတဲ့ ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို တင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွက် စုစုပေါင်းထုတ်လုပ်မှု၊ ဝန်ဆောင်မှုတန်ဖိုးGDP ဗဟိုနှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၅၄၂၂. ၁ ဘီလီယံရရှိရန်နှင့် (၁၁. ၂ %) တိုးတက်ပြောင်းလဲရန် ရည်မှန်းထားပါတယ်။ဒါနှစ်အလိုက် ဈေးနှုန်းများအရဖြစ်ပါတယ်။ ပုံမှန်ဈေးနှုန်းများအရ ၂၀၁၇-၂၀၁၈ ဒေသန္တရစီမံကိန်းတွက် ကျပ်၃၉၄၅. ၅ ဘီလီယံရရှိရန်နှင့် တိုးတက်မှုနှုန်း (၅. ၈%) ဖြစ်ပေါ် ရန်ရည်မှန်းထားပြီး လူတစ်ဦးချင်းစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးGDP ကို ကျပ် ၈၇၆၂၃၀ ကျပ်

စွာစိစစ်အသုံးပြုရေး၊ ပြည်နယ်အတွင်း စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ပြည်သူကိုဗဟိုပြု၍ ပူးပေါင်းပါဝင်စေရေး တို့ဖြစ်ပါတယ်။ ရည်မှန်းချက်များအနေနဲ့ကတော့ ပြည်နယ် အတွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေရေးနှင့် စိုက်ပျိုးရေးအခြေခံသော စက်မှုလုပ်ငန်းများဘက်ညီစွာဖွံ့ဖြိုး တိုးတက်လာစေရန် ပြည်နယ်အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အဦလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်၊ ပြည်နယ်အတွင်း လူထု တစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန် သဘာဝပတ်ဝန်းကျင်ကို အခြေခံသောခရီးသွားလုပ်ငန်းများ မြှင့်တင်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန် ပြည်နယ်အတွင်း ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန် သတ်မှတ်ရည်မှန်းထားပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ဌာနများရဲ့ လုပ်ငန်းစဉ်များကို နောက်ဆက်တွဲ(၁)စာအုပ်မှာ အသေးစိတ်ဖော်ပြထားပြီးဖြစ်ပါတယ်။ နောက်ဆက်တွဲ(၂)မှာတော့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေအနေနဲ့ဆောင်ရွက်ရမည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့လျာထားဆောင်ရွက်မယ့် လုပ်ငန်းများအနေနဲ့ ပြည်နယ်အဆင့် ဗဟိုအဖွဲ့အစည်းများက ကျပ်(၄၇. ၁) ဘီလီယံ၊ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့(၁၅. ၄)ဘီလီယံ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့(၀. ၆)ဘီလီယံ၊ လျှပ်စစ်နဲ့ စွမ်းအင်

D/real(wide) (3

ဝန်ကြီးဌာနအနေနဲ့(၁၇. ၅)ဘီလီယံ၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနအနေနဲ့(၁. ၇)ဘီလီယံ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနအနေနဲ့(၁. ၃)ဘီလီယံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့(၆၇. ၇) ဘီလီယံ၊ စည်ပင် သာယာရေးအဖွဲ့များအနေနှင့် (၁၂. ၂)ဘီလီယံ၊ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် စုစုပေါင်း (၁၆၄. ၉)ဘီလီယံ ရင်းနှီးမြှုပ်နှံဖို့ လျာထားပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပြီး အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးချိန်မှာ မြို့နယ်စီမံကိန်းဦးစီးရုံးများကို ပေးပို့ထားမှာဖြစ်လို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ နောက်ဆက်တွဲ (၃)မှာတော့ ရှမ်းပြည်နယ်အတွင်း ထုတ်လုပ်မှု၊ ဝန်ဆောင်မှု ရည်မှန်းချက်များကို စီးပွားရေးကဏ္ဍအလိုက်ဖော်ပြထားပါတယ်။ ရှမ်းပြည်နယ်ရဲ့ စီးပွားရေးကဏ္ဍများအလိုက် တိုးတက်မှုနှုန်းများကို လယ်ယာကဏ္ဍမှာ(၃. ၂%)၊ သားငါး ကဏ္ဍမှာ(၅. ၅%)၊ သစ်တော ကဏ္ဍမှာ(၄၄. ၁%)၊ သတ္တုနဲ့ တွင်းထွက်ပစ္စည်းကဏ္ဍမှာ (၉. ၄%)၊ စက်မှုလက်မှုကဏ္ဍမှာ (၇. ၈%)၊ လျှပ်စစ်ဓာတ်အားကဏ္ဍမှာ (၈. ၄%)၊ ဆောက်လုပ်မှု ကဏ္ဍမှာ(၅. ၆%)၊ ပို့ဆောင်ရေးကဏ္ဍမှာ (၅. ၂%)၊ဆက်သွယ်ရေးကဏ္ဍမှာ(၄. ၅%)၊ငွေရေးကြေးရေး ကဏ္ဍမှာ(၁၁%)၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍမှာ(၃. ၄%)၊ ဌားရမ်းခနှင့် အခြားဝန်ဆောင်မှု ကဏ္ဍမှာ (၉. ၂%) နှင့် ကုန်သွယ်မှု ကဏ္ဍမှာ (၆. ၉%) အသီးသီး တိုးတက်ရရှိဖို့ ရည်မှန်းထားပါတယ်။ နိဂုံးချုပ်အနေနဲ့ ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်တဲ့ ဖော်ပြပါ ရှမ်းပြည်နယ်ရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ဒေသန္တရ စီမံကိန်းဥပဒေ (မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန်

ဖြစ်ပေါ်ရန် ရည်မှန်း ထားပါတယ်။ နောက်ထပ် မြေယာအသုံးချမှု နှင့်အခြေအနေများကို အသားတင်စိုက်ပျိုးမြေ (၇. ၈%)၊ သတ်မှတ် ထားသည့်မြေ(၁. ၂%)၊ စိုက်ပျိုးနိုင်သော မြေရိုင်း (၁၂. ၁%)၊ သစ်တောကြိုးဝိုင်း (၂၄. ၅%)၊ အခြား သစ်တောမြေ (၂၇%)၊ အခြားမြေ(၂၇. ၄%) ဖြစ်ပေါ်ပြောင်းလဲရန်လည်း ရည်မှန်းထား ပါတယ်။ စီးပွားရေး ကဏ္ဍကြီး အနေနှင့် လယ်ယာကဏ္ဍကြီးကို (၃. ၈%)၊ စက်မှုကဏ္ဍကြီးကို (၇. ၃%)နှင့် ဝန်ဆောင်မှုကဏ္ဍကြီး ကို (၆. ၅%) အသီးသီးတိုးတက်စေဖို့ ရည်မှန်းထားပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ် အတွင်းမှာရှိတဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသများနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းအရ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး GDP တိုးတက်မှု နှုန်းများအနေနှင့်"၀"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဒေသမှာ တိုးတက်မှု နှုန်းကို ပုံမှန်စျေးနှုန်းနှင့်တွက်ချက်ထားပြီးတော့ (၄. ၃%)၊ "ခနု" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၅. ၅%)၊ ပလောင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှာ(၁၆%)၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ (၅. ၉%) အသီးသီးတိုးတက်စေဖို့ရည်မှန်းထားပါတယ်။ ဆက်လက်ပြီးတော့ နောက်ဆက်တွဲ စာအုပ်(၁)နှင့် (၂)မှာပါတဲ့ ရှမ်းပြည်နယ်ရဲ့မျှော်မှန်းချက်နှင့် မူဝါဒနှင့်ရည်မှန်းချက်များကို တင်ပြ မှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့မျှော်မှန်းချက်ကတော့ ရှမ်းပြည်နယ် အားခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်နယ်ဖြစ်စေရမည်ဖြစ်ပြီး မူဝါဒများအနေနှင့် ပြည်နယ်အတွင်းနယ်မြေဒေသ အားလုံး တည်ငြိမ် အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပဋိပက္ခချုပ်ငြိမ်းစေရေး၊ ပြည်နယ်အတွင်းဒေသများအကြားမျှတစွာဖွံ့ဖြိုး တိုးတက်စေရေး အတွက် စီးပွားရေးအခြေခံကောင်းများရရှိစေရန် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရေးနှင့် အကျိုးရှိဆုံးဖြစ်စေရေးအတွက် မျှတမှုန်ကန်

D/real(wide) (4

ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၉၀(ခ)အရ ရှမ်းပြည်နယ်အစိုးရ ကိုယ်စား လေးစားစွာတင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ်၊ မတ် လ၊ ၂၂ ရက်နေ့၊ ဗုဒ္ဓဟူး နေ့မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များအနေနှင့် အစည်းအဝေး ရပ်နားတဲ့အခါမှာ ဒီကနေ့ညနေပိုင်းမှာရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

များရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း” အဆိုကိုတင်ပြ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၀။)ဖြစ်သည့် ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေသည် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါဆုံးဥပဒေဖြစ်ပါတယ်။ ဥပဒေပြုရာမှာ ဥပဒေကောင်းများ ပြဋ္ဌာန်းနိုင်ပါက မြို့နယ်များပိုမိုဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ပြည်သူ လူထုအားထိခိုက်စေမည့် ဥပဒေများပြဋ္ဌာန်းမိပါက ၎င်းဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်ရန်မှာ သက်ဆိုင်ရာဌာနနှင့် လွှတ်တော် ကိုယ်စားလှယ်များ ၏ တာဝန်ဖြစ်ပါသည်။ ထို့ပြင် ပြဋ္ဌာန်းပြီးသော ဥပဒေများကို စည်းစနစ်ကျစွာ လိုက်နာကျင့်သုံးနိုင်ရန်အတွက် နည်းဥပဒေများ မရှိမဖြစ်လိုအပ်လျက်ရှိနေပါတယ်။ လက်ရှိတွင် စည်ပင်သာယာရေးဥပဒေသာရှိပြီး နည်းဥပဒေမရှိသည့်အတွက် မြို့နယ်အဆင့်လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာမှာ များစွာနှောင့်နှေးမှုများ၊ အငြင်းပွားမှုများ ဖြစ်ပေါ် လျက်ရှိနေပါတယ်။ အတွေ့အကြုံအရပြီးခဲ့သောစည်ပင်သာယာရေး ကော်မတီဖွဲ့စည်း ရာမှာ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ အခန်း(၂)၊ အပိုဒ်(၈) တွင် အများပြည်သူဆန္ဒအရအလျောက်ရွေးချယ် ဖွဲ့စည်းသော နည်းလမ်းဖြင့် ကော်မတီဝင်အားရွေးချယ်ရန်ပါရှိသော်လည်း နည်းဥပဒေမရှိသည့် အတွက် မည်သို့မည်ပုံရွေးချယ် ကျင်းပရမည်ကို ဌာနဆိုင်ရာများက ရွေးချယ်အသုံးပြုရန် အခက် တွေ့နေခဲ့ပါသည်။ ဝင်ရောက်အရွေးခံမည့် လူဦးရေအကန့်အသတ်မပါရှိခြင်း၊ တက်ရောက်နားထောင်ခွင့်အနည်းဆုံးလူဦးရေ အကန့်အသတ် မပါရှိသည့်အတွက် တန်းတူညီမျှသော ရွေးချယ်မှု ကိုယ်စားပြုနိုင်မှု ဖြစ်ရန်အလွန်ခက်ခဲလျက်ရှိနေပါတယ်။ ထို့ပြင် ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေအခန်း(၅)၊ ပုဒ်မ ၁၇ ၊ အပိုဒ် (ပ)တွင်

D/real(wide) (4

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ၏ "ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ(၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေ အမှတ် ၁၀။)အား ပြန်လည် သုံးသပ်ခြင်းနှင့် နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ(၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၀။)အား ပြန်လည် သုံးသပ်ခြင်းနှင့်နည်းဥပဒေများရေးဆွဲ ပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း"**အဆိုဖြစ်ပါတယ်။ ယခု ဒေါ်နန်းစမ်းစမ်းအေးက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခပ်သိမ်းသူတို့ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးဖြစ်ပါတယ်။ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေးမှာ **"ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ(၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော် ဥပဒေ အမှတ်၁၀။)အားပြန်လည် သုံးသပ်ခြင်းနှင့် နည်းဥပဒေ**

ကျူးကျော်အိမ်များ၊ ကျူးကျော်တဲများ၊ ကျူးကျော် အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်းနှင့်လိုအပ်ပါက ပြောင်းရွှေ့နေရာချထားခြင်းဟူသောအပိုဒ်တွင် လမ်း နယ်နိမိတ်မှ တိုင်းလျှင်မည်မျှအတိုင်းအတာကိုကျော်လွန်လျှင် ကျူးကျော်ဟုသတ်မှတ်ခြင်းဆိုသည့် ဖော်ပြချက်များ မပါရှိခြင်း၊ လိုအပ်ပါက ပြောင်းရွှေ့နေရာချထားခြင်းဟူသော အပိုဒ်တွင်လည်း ထိုသို့ပြောင်းရွှေ့ရာတွင် မည်သို့သော မြေနေရာတွင် မည်သူက အကုန်အကျခံ၍ စီမံပေးရမည်။ စီမံခန့်ခွဲချိန် မည်မျှပေးထားသည်။ ထိုစီမံခန့်ခွဲချိန်အတွင်း ကျူးကျော် လူထုက မည်သည့်နေရာတွင်နေရမည်ဟူသော ဖော်ပြချက်မပါရှိသည့်အတွက် ကျူးကျော်ကိစ္စတွင် ဖြေရှင်းရန် ရှုပ်ထွေးပွေလီ လျက်ရှိသည်။ အခန်း(၅)၊ ပုဒ်မ ၁၇၊ အပိုဒ်(က)တွင် အများပြည်သူနှင့် သက်ဆိုင်သောလမ်း၊ တံတား၊ ရေမြောင်း၊ ရေပိုက်လိုင်း၊ မိလ္လာပိုက်စသည်တို့နှင့် မလွတ်ကင်းသော အဆောက်အအုံနှင့် အဆောက်အအုံ၏ အစိတ်အပိုင်းကို ဖယ်ရှားခြင်းဟူသော အပိုဒ်တွင် မည်သို့ မည်ပုံ အုပ်မိုးနေလျှင် မည်သို့သော အတိုင်းအတာထက်ကျော်နေလျှင် ဖယ်ရှားနိုင်သည်ဟူသော နည်းဥပဒေမရှိသည့်အတွက် ပြည်သူများနှင့် စည်ပင်သာယာရေးကော်မတီအကြား၊ ဌာနဆိုင်ရာများအကြားတွင် အမြင်မကြည်မှုများဖြစ်ပွားလျက်ရှိသောကြောင့် လူထုနှင့်ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများတွင် လူထု၏ သဘောတူညီမှုရနိုင်ရန် ခက်ခဲလျက်ရှိသည်ကိုတွေ့ရပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအား ပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေများအားပြုစုရေးဆွဲပြဋ္ဌာန်းနိုင်ရန် သက်ဆိုင်ရာဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များအား လေးစားစွာ တိုက်တွန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

D/real(wide) (4

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော **"ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေ အမှတ်၁၀) အား ပြန်လည်သုံးသပ်ခြင်းနှင့်နည်းဥပဒေများရေးဆွဲ ပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း"** အဆိုအား ကျွန်တော် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်မှ ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁ ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၀။)အား ပြန်လည်**

ပြည်နယ်လွှတ်တော်သို့ပေးပို့လာပါတယ်။ ဒါကြောင့်ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်မှတင်ပြဖို့ဖိတ်ခေါ်ပါတယ်။

ဦးကြွယ်ကြွယ်၊ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ်။ ဒုတိယအကြိမ်၊ ပဉ္စမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးကြွယ်ကြွယ်ဖြစ်ပါတယ်။ ကျွန်တော် အနေနဲ့ ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၂၀၁၆ ခုနှစ်ကတည်းဆောင်ရွက်ခဲ့တဲ့ တရားစီရင်ရေးဆိုင်ရာ အခြေအနေများနှင့် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက် ခဲ့တဲ့ စီမံခန့်ခွဲရေးဆိုင်ရာ၊ ဘတ်ဂျက်ဆိုင်ရာ ၊ငွေကြေးပိုင်းဆိုင်ရာ ကိစ္စရပ်များနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ အခြေအနေကိုတင်ပြအစီရင်ခံမှာဖြစ်ပါတယ်။

တရားစီရင်ရေး၏ လုပ်ငန်းသဘောသဘာဝအရ ဘတ်ဂျက်နှစ်အလိုက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ တရားစီရင်တဲ့နေရာမှာ ပြက္ခဒိန် နှစ်အလိုက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် ၂၀၁၆ ခုနှစ်အတွက် အစီရင်ခံစာ တင်သွင်းရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်ကို ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး (၂)ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၁ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့မှစ၍ ရှမ်းပြည်နယ်တရား စီရင်ရေးလုပ်ငန်း များကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်းမှာ ခရိုင်တရားရုံး(၁၁)ရုံး၊ မြို့နယ်တရားရုံး(၅၀)ရုံးဖြင့် ပြင်ဆင်ဖွဲ့စည်းပြီး ဖြစ်ပါတယ်။

D/real(wide) (4

ဒီနေရာမှာ ရှင်းလင်းတင်ပြလိုတာကတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ အရ ရှမ်းပြည်နယ်တရားလွှတ်တော်၏အကြီးအမှူးက ရှမ်းပြည်နယ်တရားသူကြီးချုပ်ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၄ အရ ရှမ်းပြည်နယ်တရားလွှတ်တော်၏ လက်အောက်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားရုံးများ၊ ခရိုင်/မြို့နယ်တရားရုံးများ ရှိပါတယ်။ ၎င်းရုံးများ၏ တရားစီရင်ရေးကိုလည်း ကြီးကြပ် ကွပ်ကဲ ရတာလည်းရှိပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်၏ တရားစီရင်ရေး အခြေအနေကို တင်ပြရမည်ဆိုလျှင် လက်အောက်ခံရုံးများ၏ အခြေအနေများကိုလည်း ထည့်သွင်းတင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်၏ ရာဇဝတ်မှုဆိုင်ရာအမှုများ စစ်ဆေး စီရင်မှုအခြေအနေမှာ ၂၀၁၆ ခုနှစ်ကတည်းက စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်းမှာ(၁၅၅. ၄၆)ရာခိုင်နှုန်းဖြစ်တဲ့အတွက် အမှုလက်ကျန်လျော့နည်းကျဆင်းခဲ့ပါတယ်။ တရားမမှုများ စစ်ဆေးစီရင်မှုအခြေအနေမှာလည်း (၁၂၅. ၈၃)ရာခိုင်နှုန်းစစ်ဆေးပြီးပြတ်ခဲ့တဲ့အတွက် တရားမလက်ကျန် (၅၅)မှုဖြစ်ပါတယ်။ ဒါကြောင့် (၃၁-၁၂-၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်တရားလွှတ်တော်၌ စုစုပေါင်းလက်ကျန်အမှုမှာ(၁၆၂)မှုရှိကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာရှိသည့် ခရိုင်တရားရုံး(၁၁)ရုံးမှာ ရာဇဝတ်မှုများစစ်ဆေးစီရင်မှုအခြေအနေမှာ ပြီးပြတ်သည့်အမှုက နည်းပါးပြီးတော့မှ(၈၅. ၅၅)ရာခိုင်နှုန်းသာ စစ်ဆေးပြီးပြတ်နိုင်ကြောင်း တွေ့ရှိရပါတယ်။ဒီလိုဘဲတရားမတရားစီရင်ရေး အခြေအနေမှာလည်း တက်ရောက်တဲ့အမှုထက် စစ်ဆေးပြီးပြတ်တဲ့အမှုက နည်းပါးတဲ့အတွက် (၈၄. ၈၂)ရာခိုင်နှုန်းသာ စစ်ဆေးစီရင်နိုင်ခဲ့တဲ့အတွက် အမှု လက်ကျန် ပိုမို များပြားလာတာကို တွေ့ရပါတယ်။

သုံးသပ်ခြင်းနှင့် နည်းဥပဒေများရေးဆွဲ ပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း”အဆိုဖြစ်ပါတယ်။ ယခု အဆိုကို လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူမှုဖြစ်ပါတယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

ဥက္ကဋ္ဌ။ အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့် အတွက် ဒေါ်နန်းစမ်းစမ်းအေး ၏ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူညီကြောင်းကြေညာပါတယ်။

အဆိုကို ၂၀၁၇ ခုနှစ်၊ မတ် လ ၂၁ ရက်နေ့ (အင်္ဂါနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၂၀၁၆ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော တရားစီရင်ရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၂၀၁၆ ခုနှစ်အတွင်းဆောင်ရွက်ခဲ့သော တရားစီရင်ရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို

D/real(wide) (4

မြို့နယ်တရားရုံးစုစုပေါင်း(၅၀)ရုံး၏ ရာဇဝတ်မှုဆိုင်ရာ အမှုများ စစ်ဆေး စီရင်မှုအခြေအနေမှာ စစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်း အားဖြင့် (၉၈. ၈၈)ရာခိုင်နှုန်းသာဖြစ်တဲ့အတွက် တက်ရောက် လာသည့် အမှုထက် စစ်ဆေး ပြီးပြတ်သည့် အမှုကနည်းတဲ့အတွက် အမှုလက်ကျန်များလာတာကို တွေ့ရှိရပါတယ်။

မြို့နယ်တရားရုံးစုစုပေါင်း(၅၀)ရုံး၏ တရားမမှုများ စစ်ဆေး စီရင်မှုအခြေအနေမှာ စစ်ဆေးပြီးပြတ်သည့် အမှုကနည်းပြီး တက်ရောက်သည့်အမှုကများပြီး စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်း အားဖြင့် (၉၈. ၁၆)ရာခိုင်နှုန်းဖြစ်ပြီး အမှုလက်ကျန် ပိုမိုများပြား နေသည်ကို တွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော် အနေဖြင့် လက်အောက်ခံ တရားရုံးများကို ကြီးကြပ်ကွပ်ကဲလျက်ရှိ ပါတယ်။ လစဉ်သက်ဆိုင်ရာခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများ၏ တင်ပြ လာသည့် အစီရင်ခံစာများကို မူတည်ပြီးပြစ်မှုပြစ်ဒဏ် မှုတခြင်း ရှိ/ မရှိ၊ ဥပဒေနှင့်ညီညွတ်ခြင်းရှိ/မရှိ စသည့်ဖြင့် စစ်ဆေး ကြည့်ရှုပြီး ပြင်ဆင်မှု (က)ဖွင့်လှစ် ဆောင်ရွက်ပေးခြင်းနှင့် သက်ဆိုင်ရာရှမ်းပြည်နယ် ဥပဒေချုပ်ရုံးမှတစ်ဆင့် တက်ရောက် လာသည့် စစ်ဆေးမှု၊ အယူခံမှုများမှာ အောက်ရုံး၏ အမိန့်နှင့် မှန်ကန်ခြင်းရှိ/မရှိ စိစစ်ပြီးမှပြင်ဆင် သတ်မှတ်ခြင်း၊ အယူခံများ၊ ပြင်ဆင်မှုများဖွင့်လှစ်ခြင်းစသည်များပြုလုပ် ဆောင်ရွက်ပေးခဲ့ ပါတယ်။ လက်အောက်ခံရုံးများ စစ်ဆေးစီရင်သည့် အမှုများနှင့် (၂၅၉)မှု တောင်းခေါ်စိစစ်ခဲ့ပြီး (၁၄၃)မှုကို မှတ်ချက်ပြု၍ ပြန်ပေးရာ အမှု(၁၀၀)ကို မှတ်ချက်မရှိ ပြန်လည်ပေးပို့ခဲ့ပါတယ်။ အမှု(၁၆)မှုကို ပြင်ဆင်မှု(က)ဖွင့်လှစ်ပြီးစိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော် အယူခံမှု (၅၁၈)မှု စစ်ဆေးပြီး ပြတ်ခဲ့ပြီး အောက်ရုံးအမိန့်ကို အတည်ပြုသည့် အမှု (၃၇၇)မှု၊ ပြင်ဆင် ပယ်ဖျက်သည့်အမှု(၁၄၁)မှုဖြစ်ပါတယ်။ပြင်ဆင်မှု

တွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများခေါ်ယူပြီး တရားသူကြီး ဂုဏ်အင်္ဂါနှင့် ပြည့်စုံစွာ ပြုမူကျင့်ကြံနေထိုင်ကြရန်၊ အဂတိတရား (၄)ပါး ကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် သင်ကြားပို့ချခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် (၂၃-၈-၂၀၁၆) ရက်နေ့မှ(၂၅-၈-၂၀၁၆)ရက်နေ့အထိ ပြည်ထောင်စု တရား လွှတ်တော်ချုပ်နှင့် IDLO, UNDP တို့ ပူးပေါင်းဖွင့်လှစ်သည့် **"မျှတသည့် တရားစီရင်ရေးဆိုင်ရာစံနှုန်းများ ဆရာဖြစ် သင်တန်း"** သို့ ရှမ်းပြည်နယ်တရားလွှတ်တော်မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်လွင်ကိုတက်ရောက်စေခဲ့ပါသည်။

ရှမ်းပြည်နယ်တရားလွှတ်တော်နှင့် IDLO, UNDP တို့ ပူးပေါင်း၍ **"မျှတသည့် တရားစီရင်ရေးဆိုင်ရာစံနှုန်းများ ဆရာဖြစ်"**သင်တန်း၊ Rule of Law Principles and Evidentils Analysis Training သင်တန်း၊ Introduction to International Computer Driving Level သင်တန်းတို့ကို ရှမ်းပြည်နယ်တရား လွှတ်တော်တွင် ဖွင့်လှစ်ပေးခဲ့ပြီး တရားရေးအရာရှိများနှင့် အခြား အဆင့် ဝန်ထမ်းများကို သင်တန်းများ တက်ရောက်သင်ကြားစေခဲ့ ပါတယ်။

ဗဟိုဝန်ထမ်းတက္ကသိုလ်၊ အထက်မြန်မာပြည်တွင် ဖွင့်လှစ် ခဲ့သည့် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၅၀)သို့ တရားရေး အရာရှိ(၁)ဦးနှင့် စာရေးဝန်ထမ်းအခြေခံသင်တန်း၊ စာရေးဝန်ထမ်း ကြီးကြပ်မှုတန်းမြင့်သင်တန်းများသို့ အခြားအဆင့်ဝန်ထမ်း (၂)ဦး တို့မှ တက်ရောက်စေခဲ့ပါတယ်။

D/real(wide) (4

စာရေးဝန်ထမ်းများ လုပ်ငန်း အရည်အသွေးမြင့်မားစေရန် ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ရန် စီမံချက်ရေးဆွဲပြီး စီမံချက်နှင့်အညီ စာရေးဝန်ထမ်းလုပ်ငန်းအရည်အသွေးမြှင့်သင်တန်း များကို ရှမ်းပြည်နယ်တရားလွှတ်တော်နှင့်တောင်ကြီးခရိုင် တရားရုံးတွင် (၂၃)ဦး၊ လင်းခေးခရိုင်တရားရုံးတွင်(၉)ဦး၊ လားရှိုးခရိုင် တရားရုံးတွင် (၂၂)ဦး၊ ကျောက်မဲခရိုင်တရားရုံးတွင်(၁၂)ဦး၊ မိုးမိတ် ခရိုင်တရားရုံးတွင်(၆)ဦး၊ မူဆယ်ခရိုင်တရားရုံးတွင်(၁၆)ဦး၊ လောက်ကိုင်ခရိုင် တရားရုံးတွင်(၈)ဦး၊ ကျိုင်းတုံခရိုင်တရားရုံးတွင် (၁၀)ဦး၊ မိုင်းဆတ်ခရိုင် တရားရုံးတွင်(၇)ဦး၊ တာချီလိတ်ခရိုင် တရားရုံးတွင်(၅)ဦးတို့အား တက်ရောက်စေပြီး ဖွင့်လှစ်သင်ကြား ပေးခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆွေးနွေးပွဲများစေလွှတ်ခဲ့တဲ့ကိစ္စရပ်များကို ဆက်လက် အစီရင်ခံပါမယ်။ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နေပြည်တော်တွင် (၂၆-၅-၂၀၁၆)ရက်နေ့မှ (၂၇-၅-၂၀၁၆)ရက်နေ့အထိ ကျင်းပပြုလုပ်သည့် Pilot Court Orientation and Case Managemrnt Workshop သို့ တာချီလိတ်မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး (၁)ဦးအား တက်ရောက်စေခဲ့ပါတယ်။

နေပြည်တော်ရှိ RoyaL ACE Hotel တွင် (၁၇-၁၀-၂၀၁၆) ရက်နေ့မှ(၂၀-၁၀-၂၀၁၆)ရက်နေ့အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူဥပဒေရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျင်းပပြုလုပ်သည့် အကောင်းဆုံးတရားရုံးများနှင့် တရားရုံးများတွင် အငြင်းပွားမှုများကိုဖြေရှင်းခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်တရားလွှတ်တော်မှ ဒုတိယ ညွှန်ကြားရေးမှူး(၁)ဦး အားတက်ရောက်စေခဲ့ပါတယ်။

စုစုပေါင်း(၂၇၄)မှ စစ်ဆေးပြီးပြတ်ခဲ့ပြီး အောက်ရုံးအမိန့်ကို အတည်ပြုသည့် အမှု (၂၀၄)မှု၊ ပြင်ဆင်ပယ်ဖျက်သည့် အမှု(၇၀)မှုဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဝန်ထမ်းများကိုလည်း စည်းကမ်းပိုင်းအရ အရေးယူခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ကြီးကြပ်ကွပ်ကဲမှုအပိုင်းကို ဆက်လက် အစီရင်ခံတင်ပြသွားမှာဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်ကတည်းက လက်အောက်တရားရုံးများ၏ အမှုများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ် တရားလွှတ်တော်သို့ တင်ပြတိုင်ကြားစာ(၈)စောင်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ စိစစ်ရန် ပေးပို့သည့် တိုင်စာ(၁၃)စောင်၊ ပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ရန် ပေးပို့သည့် တိုင်စာ(၁၈)စောင်၊ ပြည်သူ့ လွှတ်တော်ရုံးမှ စိစစ်ရန် ပေးပို့သည့် တိုင်စာ(၁)စောင်တို့ကို စိစစ် တင်ပြဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးမှ အရာရှိများနှင့် ဝန်ထမ်းများအား အဂတိတရားကင်းရှင်းစွာလုပ်ငန်းများဆောင်ရွက်စေရေးနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မှားယွင်းမှုများ ကင်းရှင်းစေရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် တိုင်စာများကို အခြေခံပြီး သက်ဆိုင်ရာတရားရေးအရာရှိများနှင့် ဝန်ထမ်းများအပေါ် စစ်ဆေး ဆောင်ရွက်ခဲ့တဲ့ နေရာမှာ တရားရေးအရာရှိ(၁၁)ဦးနှင့် အခြားအဆင့်ဝန်ထမ်း(၁)ဦးကို သတိပေးခြင်း၊ အခြားအဆင့် ဝန်ထမ်း (၂)ဦးအား ရာထူးမှထုတ်ပယ်ခြင်းများ ကြီးကြပ်ဆောင်ရွက်ခဲ့မှုများ ပြုလုပ်ခဲ့ပါတယ်။

ပြည်နယ်အတွင်းရှိ တရားသူကြီးများနှင့် တရားရေးအရာရှိများအားတရားစီရင်ရေးလုပ်ငန်းဆိုင်ရာလုပ်ငန်းအရည်အသွေးများ တိုးတက်မြင့်မားစေရန်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အရည်အသွေးများ တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်တရား လွှတ်တော်

D/real(wide) (4

၂၀၁၃ ခုနှစ်အတွင်းတွင် တရားရုံးအဆောက်အဦများ ဆောက်လုပ်ရန် လျာထားခဲ့သော်လည်း ဘတ်ဂျက်ရရှိခြင်းမရှိသဖြင့် ကျန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုသာ ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ မိုင်းယန်းမြို့နယ်တရားရုံး၊ ၂၀၁၅ ခုနှစ်မှာ မိုင်းဆတ်ခရိုင်နှင့်မြို့နယ်တရားရုံး၊ မိုင်းတုံမြို့နယ် တရားရုံး၊ နမ္မတူမြို့နယ်တရားရုံး အဆောက်အဦတို့ကို ဆောက်လုပ် ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၆ခုနှစ်အတွင်းတွင် မိုးမိတ်မြို့နယ်တရားရုံး၊ မက်မန်းမြို့နယ်တရားရုံး၊နမ့်ဆန်မြို့နယ်တရားရုံးတို့ကို ဆောက်လုပ် ဖွင့်လှစ်ပေးခဲ့ပြီး မိုးမိတ်ခရိုင်တရားရုံးနှင့် နမ့်ဆန်မြို့နယ်တရားရုံးမြေထိန်းနံရံတို့ကို တည်ဆောက်လျက်ရှိပါတယ်။

မိုးမိတ်ခရိုင်တရားရုံးကို မတ်လ(၂၉)ရက်နေ့၌ ဖွင့်လှစ်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းအပိုင်းကို ဆက်လက် တင်ပြအပ်ပါတယ်။ ဝန်ထမ်းများသည် စားဝတ်နေရေးဖူလုံမှု ရရှိရေးသည်အရေးကြီးပါတယ်။ ဝန်ထမ်းများသည် စားဝတ်နေရေး ဖူလုံမှသာ လာဘ်ပေးလာဘ်ယူ ကင်းရှင်းစွာနှင့် အဂတိတရား ကင်းရှင်းစွာဖြင့် မိမိလုပ်ငန်းတာဝန်များအပေါ် စွမ်းစွမ်းတမံ အောင်မြင်အောင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လုပ်ငန်းစဉ်များအနက် တရားရုံးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် ဟူသော လုပ်ငန်းစဉ်ချမှတ်ထားပါတယ်။ ၂၀၁၄ ခုနှစ်တွင် ရှမ်းပြည်နယ် တရားလွှတ်တော်အရာရှိ ဝန်ထမ်းအိမ်ရာနှင့် အခြားအဆင့် ဝန်ထမ်းအိမ်ရာတို့ကို ဆောက်လုပ်ခဲ့ပါတယ်။

ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးတွင်(၂၁-၈-၂၀၁၆)ရက်နေ့က ကျင်းပပြုလုပ်သည့်မျှတသော တရားစီရင်ရေးစနစ်ဖြစ်ပေါ် ရေးအတွက် လေ့ကျင့်ဆွေးနွေးပွဲသို့ တောင်ကြီးခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဒေါ်စမ်းစမ်းရီနှင့် တောင်ကြီးမြို့နယ်တရားရုံးမှ မြို့နယ်တရားသူကြီးဒေါ်အိအိထွန်းတို့မှ တက်ရောက်ခဲ့ပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများသည် တရားရုံးချုပ်၏ ညွှန်ကြားချက်အမှတ်(၆/၉၈)နှင့်အညီ ခရိုင်တရားရုံးများအား စစ်ဆေးကြည့်ရှုရန် နှစ်စဉ် စီမံချက်များရေးဆွဲ၍ စီမံချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး မြို့နယ်တရားရုံးများသို့ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်ကာ လိုအပ်ချက်များအပေါ် ပြုပြင်ဆောင်ရွက်ရန် မှာကြားဆောင်ရွက်ခဲ့ပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများသည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၏ ညွှန်ကြားချက်အမှတ်၅/၂၀၁၃ အရ ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များ၊ ရဲဘက်စခန်းနှင့် ရဲတပ်ဖွဲ့အချုပ်စခန်းများကို (၃)လလျှင် (၁)ကြိမ်စစ်ဆေးရန် ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ ခရိုင်တရားသူကြီး၊ မြို့နယ်တရားသူကြီးတို့နှင့်အတူ စစ်ဆေးလျက်ရှိပြီးစစ်ဆေးတွေ့ရှိချက်၊ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ တရားရုံးများအနေဖြင့် ရုံးအဆောက်အဦများဆောက်လုပ်ခြင်း၊ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းအပိုင်းကို ဆက်လက်တင်ပြအပ်ပါတယ်။

D/real(wide) (4

၂၀၁၅ ခုနှစ်အတွင်းမှာ ရှမ်းပြည်နယ်တရားလွှတ်တော် အရာရှိဝန်ထမ်းအိမ်ရာ၊ ဆီဆိုင်မြို့နယ်တရားရုံး ဝန်ထမ်းအိမ်ရာ၊ ညောင်ရွှေမြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ၊ ကျောက်မဲခရိုင်နှင့် မြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ၊ မိုင်းယန်းမြို့နယ်တရားရုံးဝန်ထမ်း အိမ်ရာတို့ကို ဆောက်လုပ်ပေးခဲ့ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းတွင် တရားရုံးဂုဏ်အင်္ဂါနှင့်ညီညွတ်မှုရှိသည့် တရားရုံးအဆောက်အဦများနှင့် ဝန်ထမ်းများ ရာထူးဂုဏ်နှင့်အညီ နေထိုင်နိုင်ရန် ဝန်ထမ်းအိမ်ရာများကို ဆောက်လုပ်ရန် လျာထားချက်များရှိသော်လည်း ရန်ပုံငွေခွဲဝေချထားမှုမရှိပါသဖြင့် ပြုပြင်ပြောင်းလဲရေးအမြင်ဖြင့် အဆောက်အဦများ တိုးချဲ့ဆောက်လုပ်ရန် အခက်အခဲများရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အထွေထွေပိုင်းဆိုင်ရာကိစ္စရပ်များကို တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်း တတိယနှစ်အစီအစဉ်အရ ရှမ်းပြည်နယ် အတွင်းရှိ တရားရုံးများတွင် Pilot Court များ ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပါတယ်။

ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် စာရွက်စာတမ်းများနှင့် အချိန်ကုန်သက်သာစေရန်၊ ရုံးလုပ်ငန်းများ လုံခြုံမှုရှိစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်တရားလွှတ်တော်၌ EDMS အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဆက်သွယ်ချိတ်ဆက်ထားပြီး ဖြစ်ပါတယ်။ Fiber Cable ချိတ်ဆက်အသုံးပြုနိုင်ရန် Video Conferencing Systemတည်ဆောက်ရန်တို့အတွက် ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါသည်။ ရှမ်းပြည်နယ်တရားလွှတ်တော် အမည်ဖြင့် Facebook Account ကို ဖွင့်လှစ်ပြီးတော့ ပြည်သူများ

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအနက် တစ်ခုဖြစ်သော တရားရုံး အင်္ဂါရုပ်နှင့်အညီ နိုင်ငံတကာစံချိန်မီ တရားရုံးအဆောက်အဦများ တည်ဆောက်ရန် ဟူသော လုပ်ငန်းစဉ်အရ ၂၀၁၁ ခုမှစ၍ ယနေ့ အချိန်အထိ ပြည်နယ်အတွင်းတွင် ခရိုင်တရားရုံး၊ မြို့နယ် တရားရုံး အဆောက်အဦများ ဆောက်လုပ်ခဲ့ပါတယ်။

ထိုသို့ တည်ဆောက်ရာမှာ ပြည်သူများပွင့်လင်းမြင်သာစွာဖြင့် တရားရုံးဝန်ဆောင်မှုများရရှိရေးအတွက် အများပြည်သူ အလွယ်တကူ ဝင်ထွက်သွားလာမှုလွယ်ကူစေရေး၊ စိတ်ပါဝင်စားသူ မည်သူမဆို တရားခွင်အတွင်း ဝင်ရောက်လေ့လာနိုင်ရေး၊ မစွမ်းမသန်သူများ တရားရုံးလာရောက်ရာတွင် အဆင်ပြေလွယ်ကူရေးနှင့် လာရောက်သော ပြည်သူလူထုနားနေရန်နေရာ၊ သပ်ရပ်သန့်ရှင်းသော အများသုံး အိမ်သာများပါဝင်ရေး၊ သတင်းမီဒီယာအခန်းနှင့် တရားရုံးကိစ္စများ သိရှိစုံစမ်းနိုင်ရေးအတွက် Intake Counter နှင့် Information Counter များပါဝင်ရန် ရည်ရွယ်၍ ရုံးအဆောက်အဦသစ်များတွင် ထည့်သွင်းဆောက်လုပ်ခဲ့ခြင်းဖြစ် ပါတယ်။

၂၀၁၁ ခုနှစ်အတွင်းတွင် နမ့်စန်မြို့နယ်တရားရုံး၊ မိုင်းပန်မြို့နယ်တရားရုံး၊ သီပေါမြို့နယ်တရားရုံး၊ ကွမ်းလုံမြို့နယ်တရားရုံး၊ မန်တုံမြို့နယ်တရားရုံးအဆောက်အဦတို့ကို ဆောက်လုပ်ဖွင့်လှစ်ခဲ့ပါတယ်။

၂၀၁၂ ခုနှစ်အတွင်းတွင် ကျောက်မဲခရိုင်နှင့်မြို့နယ် တရားရုံး၊ နောင်ချိုမြို့နယ်တရားရုံး၊ ကွတ်ခိုင်မြို့နယ်တရားရုံး၊ မိုင်းယောင်းမြို့နယ်တရားရုံး၊ တောင်ကြီးခရိုင်တရားရုံး၊ ယာယီ အချုပ်ခန်း အဆောက်အဦတို့ကို ဆောက်လုပ်ဖွင့်လှစ်ခဲ့ပါတယ်။

D/real(wide) (4

သိရှိနိုင်စေရန်အတွက် သတင်းများတင်ပြလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်နှင့်လက်အောက်ခံ ခရိုင်တရားရုံးများအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တရားဝင် G-mail account များတောင်းခံ၍ ရုံးလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရာတွင် လုံခြုံမှုရှိစေရေး ဆောင်ရွက်ထားရှိကြောင်း တင်ပြအပ်ပါတယ်။

ပြည်သူလူထုအားအသိပညာများဖြန့်ဝေခြင်း လုပ်ငန်းများ ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ တရားစီရင်ရေးနှင့် ပတ်သက်၍ ပြည်သူလူထုများ အသိပညာတိုးပွားစေရန်နှင့် တရားရုံးသို့ လာရောက်သည့် ပြည်သူများအနေဖြင့် ရုံးလုပ်ငန်းများကို လေ့လာသိရှိနိုင်စေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ဝေသည့် အောက်ဖော်ပြပါ လက်ကမ်းစာစောင်များကို ပြည်သူ လူထုထံသို့ ဖြန့်ဝေခဲ့ပါတယ်-

- သင့်အတွက်တရားရုံး
- ရာဇဝတ်မှုအကြောင်း သိကောင်းစရာ
- တရားမမှုအကြောင်းသိကောင်းစရာ
- စာချုန်တော်အကြောင်း သိကောင်းစရာ စသည်တို့ ဖြစ်ပါတယ်။

ဆက်လက်တင်ပြလိုတာကတော့တောင်ကြီးတက္ကသိုလ်နှင့် ပူးပေါင်းပြီးတော့မှ Mode Trail ကို လက်တွေ့တရားစီရင်မှုသရုပ်ပြ(၃)နာရီစာတိတ်ခွေတစ်ခွေကို စီစဉ်ဆောင်ရွက်ထားတာရှိပါတယ်။ တက္ကသိုလ် ကျောင်းသူ/ကျောင်းသားများကို ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များလည်း ဗဟုသုတအလို့ငှါ တရားရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင်ဘယ်လို လက်တွေ့စစ်ဆေးစီရင်

မနက်ဖြန် ၂၀၁၇ ခုနှစ်၊ မတ် လ ၂၁ ရက်နေ့ (အင်္ဂါနေ့) နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီ အချိန်တွင် ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

D/real(wide) (4

ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
ပဉ္စမပုံမှန်အစည်းအဝေး
(ဒုတိယနေ့)မှတ်တမ်း
၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်
[အင်္ဂါနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးမျိုးသက်ကျော်၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

D/real(wide) (5

ဆောင်ရွက်နေသည်ကို သိရှိနိုင်ရန်အတွက် မကြာမီခွေဖြန့်ဝေပေးရန် ရှိပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၂၀၁၆ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော တရားစီရင်ရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်းကြေညာခြင်း။

ဥက္ကဋ္ဌ။ ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမ ပုံမှန် အစည်းအဝေး(ပထမနေ့)မှာ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်မှ တင်ပြသည့် အစီရင်ခံစာအား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၈(စ)အရ ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပထမနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက် ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမ ပုံမှန် အစည်းအဝေး(ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို

၁၀၁
ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့

၁၀၃
အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေးသို့ မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီကတင်ပြဖို့ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး ၂၁-၃-၂၀၁၇ ရက်နေ့ ဒုတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၊ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြား သွားမှာဖြစ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့် (၁) ရက်။

D/real(wide) (5

တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေ (၁၃၅) ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၈၃.၇၀)%ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေသည် ၃ပုံ ၁ပုံ ထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၈၀)ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၃၄)(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၅(၈)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။

ယခင် ခွင့်ပန်ကြားထားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂၁) ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၁) ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် (၁) ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များ အားလုံးကိုခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁) ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦးဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ ၂၂ ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ (ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

D/real(wide) (3

ခြင်းအားဖြင့် အကျင့်စာရိတ္တမဏ္ဍိုင်တွေကိုလည်း တည့်မတ်စေပါတယ်။ ပရဟိတလုပ်ငန်းများ၊ NGOလုပ်ငန်းများ၊ CSO လုပ်ငန်းများ မှာလည်း ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။ ဒါ့အပြင် အဓိက စိန်ခေါ်နေတာကတော့ လူငယ်တွေကို မူးယစ်ဆေးဝါးပဲ ဖြစ်ပါတယ်။ အဲ့ဒီမူးယစ်ဆေးဝါးအန္တရာယ်တွေကိုလည်း တိုက်ဖျက်နိုင်တာ ဒီကင်းထောက်အဖွဲ့အစည်းတွေကလည်းများစွာ အထောက်အကူပေးနိုင်မှာဖြစ်ပါတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဒါကြောင့် မေးခွန်းအနေနဲ့ ကျွန်တော်တင်ပြရမည်ဆိုလျှင် ရှမ်းပြည်နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များ၊ မြို့နယ်အသီးသီးရှိ စာသင်ကျောင်းများ၊ မြို့နယ်အသီးသီးရှိ အရပ်ဘက်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းခြံတ်ဆက်၍ ကင်းထောက်များ ဖွဲ့စည်းထားခြင်း ရှိ/မရှိနှင့် ရှိပါက မည်မျှ ဖွဲ့စည်းပြီးပြီလဲ၊ ဖွဲ့စည်း ထားခြင်းမရှိပါက မည်သည့်အချိန်ကာလတွင် ဖွဲ့စည်းမည့် စီမံချက် ရှိ/မရှိကို ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။

မေးခွန်း (၂)နှင့်ပတ်သက်ပြီး ကျွန်တော်တင်ပြဆွေးနွေးလိုတာကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မြေခြား(မြောက်)ကျေးရွာအုပ်စု၊ မြေခြား(မြောက်)ကျေးရွာကို ကျွန်တော်လက်ရှိရောက်သွားတဲ့အခါမှာ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျေးရွာမိဘများကနေပြီး ၎င်းတို့ရဲ့ မူလတန်းကျောင်းကို မူလွန်အဆင့် တိုးမြှင့်လိုကြောင်း အထောက်အထား စာရွက်စာတမ်းနှင့် တင်ပြလာသည့်အတွက် ဒီမေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်း ခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ဖြစ်ပါတယ်။ ယခု လွှတ်တော် ကိုယ်စားလှယ် (၈) ဦးက မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားပေးဖို့ဖြစ်ပါတယ်။ ပထမဦးစွာ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညီညီ (ခ) ဦးညီလေးချမ်းက မေးခွန်း (၁ နှင့် ၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးကိုမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။

D/real(wide) (5

မေးခွန်း (၂)ကို တင်ပြဆွေးနွေးရမည်ဆိုလျှင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မြေခြား(မြောက်)ကျေးရွာအုပ်စု၊ မြေခြားမြောက်ကျေးရွာရှိ အမှတ် (၃၅) အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုမည့် အစီအစဉ် ရှိ/မရှိနှင့် အများပြည်သူသိရှိရန်အတွက် ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ မေးခွန်း ၂ ခုစလုံးအတွက် လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်း၏ ရှမ်းပြည်နယ်အတွင်းရှိ ကင်းထောက်များ ဖွဲ့စည်းထားခြင်း ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များတွင် အရပ်ဘက်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းခိုတ်ဆက်၍ ကင်းထောက်လူငယ်များ ဖွဲ့စည်းထားရှိမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ကျွန်တော် ဒီကနေ့မှာ မေးမြန်းသွားမည့်မေးခွန်းကတော့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့နှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ ကင်းထောက်အဖွဲ့ကို ၁၉၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံကင်းထောက် အဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှာ ကမ္ဘာ့ကင်းထောက်အဖွဲ့၏ ၁၆၇ နိုင်ငံမြောက်ဖြစ်လာခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က(၂၃-၁၂-၂၀၁၆) ရက်နေ့မှာရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမတွင်နှစ် ၁၀၀ ပြည့်အခမ်းအနားကို ကျင်းပခဲ့ပါတယ်။ အဲ့ဒီ နှစ် ၁၀၀ ပြည့်အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကင်းထောက်နှင့် ပတ်သက်ပြီး ဒီလိုပြောကြားခဲ့တာကိုလည်း အနည်းငယ် တင်ပြရှင်းလင်းလိုပါတယ်။ စုပေါင်းဖွဲ့စည်း ဆောင်ရွက်ခြင်းသည် အောင်မြင်မှုအတွက် အကြီးဆုံးအင်အားပင် ဖြစ်ပါကြောင်း၊ ယုံကြည်မှုကိုလည်း ခိုင်မာ လာအောင် လေ့ကျင့် စေလိုပါကြောင်း၊ သူများကို အောင်နိုင်ခြင်းထက် မိမိတို့အားနည်းချက်များကို အောင်နိုင်ရန် စိတ်ဓာတ်များကို လေ့ကျင့်ကြစေလိုကြောင်း၊ ကင်းထောက်လူငယ်များအားလုံးသည် ယနေ့ ရာပြည့်အခမ်းအနားနေ့မှစ၍ တစ်နှစ်ထက်တစ်နှစ် အားသစ်များ မွေးမြူကာတစ်နှစ်ထက်တစ်နှစ် မှန်ကန်သည့် စိတ်ထားများဖြင့် မိမိ နိုင်ငံသာမက တစ်ကမ္ဘာလုံးကို အကျိုးပြုနိုင်ကြောင်းဆိုပြီး မိန့်ခွန်း ပြောကြားခဲ့ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ရှမ်းပြည်နယ်တွင်လည်း ကင်းထောက်အဖွဲ့အစည်းများ ဖွဲ့စည်းရန် လိုအပ်လာပါတယ်။ ဒီလို ဖွဲ့စည်းရာတွင် အဓိကအားဖြင့် တက္ကသိုလ်များ၊ ကောလိပ်များနှင့် မြို့နယ်အသီးသီးတွင်ရှိသော စာသင်ကျောင်းများတွင် ဖွဲ့ရန်လိုပါတယ်။ ဘာကြောင့်လဲဆိုလျှင် ကင်းထောက်လူငယ်များဖွဲ့စည်း

D/real(wide) (5

ရာပြည့်အခမ်းအနား၊ ၁-၃-၂၀၁၆ မှ ၅-၃-၂၀၁၆ ထိ ပုပ္ပါးတွင် ကျင်းပပြုလုပ်သည့် ကင်းထောက်မောက်မယ်များ တွေ့ဆုံပွဲသို့လည်းကောင်း အခြေခံပညာကျောင်းများမှ ကိုယ်စားလှယ်များနှင့် ကင်းထောက်လူငယ်ကျောင်းသား/သူများ တက်ရောက်ခဲ့ပါတယ်။

(ဂ) ရှမ်းပြည်နယ် (မြောက်ပိုင်း) ၁၇ မြို့နယ်တွင်လည်း ဖွဲ့စည်းလှေကျင့်သင်တန်းပေးထားပြီးဖြစ်ပါကြောင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင်လည်း ၂၀၁၂ - ၂၀၁၃ ပညာသင်နှစ်တွင် ၁၀၀ ဦး၊ ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်တွင် ၃၀၈ ဦး ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ပင်းတယမြို့နယ်၊ မြေခြားမြောက်ကျေးရွာအုပ်စု၊ မြေခြားမြောက်ကျေးရွာရှိ အမှတ် (၃၅) အခြေခံပညာမူလတန်းကျောင်းအား မူလွန်ကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မြေခြားမြောက်ကျေးရွာအုပ်စု၊ မြေခြားမြောက်ကျေးရွာရှိ အမှတ် (၃၅) အခြေခံပညာမူလတန်းကျောင်းသည် ၁၀-၁၁-၁၉၇၆ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ကျောင်းမြေအကျယ်အဝန်းမှာ (၀. ၅၅)ဧကသာရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)ရှိပါတယ်။

အခြေခံပညာဦးစီးဌာန၏ သတ်မှတ်ချက်အရ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းအဆင့်သို့ အဆင့်တိုးသတ်မှတ်ရာတွင် မူလတန်းကျောင်းသား ၂၅၀ ဦးနှင့်အထက်

(က) တောင်ကြီးတက္ကသိုလ်တွင် ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်မှစတင်၍ အဖွဲ့ဝင် ၁၂၃ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်တွင် ကင်းထောက်လူငယ်သင်တန်းဖွင့်လှစ်ရန် စီစဉ်ထားရှိပါတယ်။

(ခ) လားရှိုးတက္ကသိုလ်တွင် ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်မှစ၍ အဖွဲ့ဝင် ၆၁ ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

(ဂ) ပင်လုံတက္ကသိုလ်တွင် ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်မှစတင် ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိရာ လျှောက်ထားသူ ၄၀ ဦးရှိပါတယ်။

(ဃ) ကျိုင်းတုံတက္ကသိုလ်တွင် ကင်းထောက်လူငယ်များ ဖွဲ့စည်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

(င) တောင်ကြီး/ပင်လုံ/လားရှိုး/ကျိုင်းတုံ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ကင်းထောက်လူငယ်များ ဖွဲ့စည်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

(စ) ဆေးတက္ကသိုလ် (တောင်ကြီး)နှင့် နည်းပညာအထက်တန်းကျောင်း ၅ ကျောင်းတွင် ကင်းထောက်လူငယ်များ ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားလိုပါတယ်။

(ဆ) တောင်ကြီး/လားရှိုး ပညာရေးကောလိပ်တို့တွင် ဖွဲ့စည်းထားခြင်းမရှိသေးပါ။ တောင်ကြီးပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းတွင် ဆဋ္ဌမတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား/သူများဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။

D/real(wide) (5

ရှိရန် သတ်မှတ်ထားပါတယ်။ သတ်မှတ်ထားသည့် ကျောင်းသား အရေအတွက် ပြည့်မီခြင်းမရှိသော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများ၊ သဘာဝဘေးအန္တရာယ် အတားအဆီးများ သော ဒေသများ၊ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်လမ်းညွှန် မှာကြားချက်များ၊ မြို့နယ်အထောက်အကူပြုကော်မတီ တင်ပြ တောင်းဆိုသောကျောင်းများ၊ မြို့များတွင် လိုအပ်သော အခြေခံ ပညာကျောင်းများစသည့် ဒေသ၏ လိုအပ်ချက်အရ လွှတ်တော် ကိုယ်စားလှယ်များ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ ပညာရေးဌာန တာဝန်ရှိသူများ၏ အထောက်အထားများ တင်ပြလာပါက ကျောင်းသားဦးရေ သတ်မှတ်ချက်နှင့် မကိုက်ညီသော်လည်း ဖြေလျှော့ပြီး ကျောင်းအဆင့်တိုးမြှင့်ခွင့်ပြုပါရန် ပါရှိပါတယ်။

ပင်းတယမြို့နယ်၊ မြေခြားမြောက်ကျေးရွာအုပ်စု၊ မြေခြား မြောက်ကျေးရွာရှိ အမှတ် (၃၅) အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းဆောင်များမှာ အဆောင် (၁) (၈၁×၁၈×၁၈) ပေ၊ အဆောင် (၂) (၆၀×၂၄×၁၂)ပေ စုစုပေါင်း စာသင်ဆောင် (၂)ဆောင်၊ အခန်း ပေါင်း (၇) ခန်းရှိပါတယ်။ ကျောင်းသားဦးရေမှာ KG တန်း ၁၇ ဦး၊ ပထမတန်း ၂၅ ဦး၊ ဒုတိယတန်း ၁၆ ဦး၊ တတိယတန်း ၉ ဦး၊ စတုတ္ထတန်း ၂၀ ဦး၊ စုစုပေါင်း ၈၈ ဦးရှိပါတယ်။ အနီးဆုံး အထက် တန်းကျောင်း အထက- ကျုံးနှင့် (၅)မိုင် ဝေးပါတယ်။ ပတ်ဝန်းကျင် ကျေးရွာများမှ အလယ်တန်းဆင့် တက်ရောက်နိုင်သည့် ကျောင်းသားဦးရေ ၁၀၂ ဦးရှိပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မြေခြား မြောက်ကျေးရွာအုပ်စု၊ မြေခြားမြောက်ကျေးရွာရှိ အမှတ် (၃၅) အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်းလွန် ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် ရှမ်းပြည်နယ် ပညာရေး ညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးမြို့၏ ၃၀-၁၂-၂၀၁၆

D/real(wide) (5

ရှမ်းပြည်နယ် (တောင်ပိုင်း) အခြေခံပညာကျောင်းများတွင် ကင်းထောက်လူငယ်များ ဖွဲ့စည်းထားရှိမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၁၂ - ၂၀၁၃ ပညာသင်နှစ်တွင် တောင်ကြီး မြို့နယ်၌ ဆရာ/ဆရာမ ၃ ဦး၊ ကျောင်းသား/သူ ၁၀၀ ဦး၊ ၂၀၁၃ - ၂၀၁၄ ပညာသင်နှစ်တွင် တောင်ကြီး/ကလော/လွိုင်လင်မြို့နယ်များ၌ ဆရာ/ဆရာမ ၁၉ ဦး၊ ကျောင်းသား/သူ ၄၀၀ ဦး၊ ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်တွင် တောင်ကြီး/ ဟိုပုံး/ကလော/ဆီဆိုင်/ပင်းတယ/ ရွာငံ/ ပင်လောင်း/ဖယ်ခုံ/လွိုင်လင်/နမ့်စန်/ မောက်မယ်/မိုင်းပန် စသည့် ၁၂ မြို့နယ်၌ ဆရာ/ ဆရာမ ၁၉၇ ဦး၊ ကျောင်းသား/သူ ၅၄၈၂ ဦး တို့ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်တွင် ဆီဆိုင်/ပင်းတယ/ ရပ်စောက်/ပင်လောင်း/ဖယ်ခုံ/နမ့်စန်/ မောက်မယ်/ မိုင်းပန်မြို့နယ်များမှ ကျောင်းသား/ သူ ၂၉၂၆ ဦးဖြင့် ကင်းထောက်လူငယ်အဖွဲ့ ဝင်ခွင့်လျှောက်လွှာများအား ကင်းထောက် အဖွဲ့ချုပ်သို့ ပေးပို့ထားပြီးဖြစ်ပါတယ်။

(ခ) ၁၁-၇-၂၀၁၆ မှ ၁၄-၇-၂၀၁၆ ထိ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ ဖွင့်လှစ်သည့် Working on Development of Membership Registration System သင်တန်း၊ ၂၃-၁၂-၂၀၁၆ ရန်ကုန် တက္ကသိုလ်၌ ကျင်းပပြုလုပ်သည့် ကင်းထောက်

ဆောက်လုပ်ရေးအတွက်လည်းကောင်း၊ ပစ္စုပ္ပန်နှင့် အနာဂတ်တွင် နည်းပညာနှင့် အလှူငွေများ လှူဒါန်းပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ဗုဒ္ဓဘာသာနှင့်ပတ်သက်သော တန်ခိုးကြီးဘုရားများ၊ စေတီများ၊ လိုဏ်ဂူများ၊ ကျောင်းများ ပျက်စီးယိုယွင်းနေသည့်ကျောင်းများကို ရှေးမူမပျက်ကျောင်းသစ်များ ပြုပြင်ဆောက်လုပ်ပေးရန်အတွက်လည်းကောင်း၊ စာသင်ဆောင်များ ဆောက်လုပ်ရေးအတွက်လည်းကောင်း လတ်တလောအခြေအနေတွင် နည်းပညာနှင့် အလှူငွေများ လှူဒါန်းပေးမည့် အစီအစဉ် မရှိသေးပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးစိုင်းကျော်သိန်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းမည့်မေးခွန်းကတော့ ရှမ်းပြည်နယ် မြောက်ပိုင်းတွင်ဖြစ်နေသည့် လမ်းပိတ်ဆို့မှုနှင့်ပတ်သက်သည့် မေးခွန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)လမ်းခေါ်သည့် နောင်ချို - ကျောက်မဲ - သီပေါ - လားရှိုး - သိန်းနီ - ကွတ်ခိုင် -

ရက်စွဲပါစာအမှတ်၊ ဌာနခွဲ (၁)/၄၀၂၁/အခမြဲ (ကတ-၁၁၆)ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညီညီ (ခ) ဦးညီလေးချမ်းက တတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ တတိယမေးခွန်းအနေနဲ့ ဆက်လက်မေးမြန်း တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ဗုဒ္ဓဘာသာနှင့်ပတ်သက်သည့် တန်ခိုးကြီးဘုရားများ၊ စေတီများ၊ လိုဏ်ဂူများ၊ ကျောင်းများ ပျက်စီးယိုယွင်းနေပါတယ်။ ပျက်စီးယိုယွင်းနေသည့်ကျောင်းများ၊ စေတီများကို ရှေးမူမပျက်ရန်အတွက် ပြုပြင်ဖို့လိုအပ်နေပါတယ်။ ဒီလို လိုအပ်သည့် နေရာတွင် နည်းပညာပိုင်းဆိုင်ရာငွေကြေးထောက်ပံ့မှုအမြောက်အများ လိုအပ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဗုဒ္ဓဘာသာနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ တွင် ဘယ်လိုပြဋ္ဌာန်းထားသလဲဆိုလျှင် နိုင်ငံတော်သည် ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံသား အများဆုံးကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာ၊ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်ဟု ဥပဒေပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကျွန်တော်တို့ အာဏာပိုင် အဆင့်ဆင့်သည် ဒီကဏ္ဍမှာ ဦးစီးဦးဆောင်ပြီး ကမကထ ပြုလုပ်ပေးမှသာလျှင် သံဃာတော်၊ နိုင်ငံသူ၊ နိုင်ငံသားများသည် ဒီဟာကို မျှော်လင့်စောင့်စားနေကြပါတယ်။ ဒါကြောင့်ကျွန်တော်ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

D/real(wide) (5

မူဆယ် - နမ့်ခမ်းစသည့် မြို့ (၈) မြို့ကို ဖြတ်သွားသည့်လမ်းသည် ပြည်ထောင်စုလမ်းမကြီးပဲဖြစ်ပါတယ်။ နောက်ပြီး တရုတ် - မြန်မာ ကုန်သွယ်မှု အဓိကကျသည့် လမ်းမကြီးလည်းဖြစ်ပါတယ်။

အခု အဲ့ဒီလမ်းဟာဆိုလျှင်နေ့စဉ်နှင့်အမျှလမ်းပိတ်ဆို့မှုတွေ ဖြစ်နေတာကိုတွေ့ရှိရပါတယ်။ လမ်းပိတ်ဆို့မှုဟာဆိုလျှင် ယခင်က တစ်ချို့သိတာကတော့ စစ်ပွဲဖြစ်ပြီးမှ လမ်းပိတ်ဆို့မှုဖြစ်တယ်လို့ ထင်ကြတာဖြစ်ပါတယ်။ အမှန်တကယ်တော့မဟုတ်ပါဘူး။ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာနောက်ပိုင်းကနေပြီး ယခုထက်ထိ နေ့စဉ်နှင့်အမျှ လမ်းပိတ်ဆို့မှုတွေဖြစ်တဲ့အခြေအနေမျိုးမှာရှိပါတယ်။ အဲ့ဒီလမ်းပိတ်ဆို့မှုဖြစ်တဲ့ အချိန်မှာ ကျွန်တော်တို့ လမ်းကို ရှင်းလင်းသည့် တာဝန်ရှိတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ လမ်းရှင်းလင်းမှုလည်း တော်တော်အားနည်းလာတာကို တွေ့ရပါတယ်။

အဲ့ဒီလမ်းဖြတ်သန်းသွားတဲ့ မြို့နယ်(၈)မြို့နယ်ဟာဆိုလျှင် လူဦးရေသန်းခြီပြီး နေထိုင်သည့်လမ်းဖြစ်ပါတယ်။ ယခုဒီလမ်းကို တာဝန်ယူတည်ဆောက်နေသည့် ကုမ္ပဏီကတော့ Oriental High Way Co.ltd လို့ သိရှိရပါတယ်။ ဒီလမ်းပိတ်ဆို့မှုကြောင့် အခြေအနေကို ပြန်သုံးသပ်တဲ့အချိန်မှာ လမ်းကျဉ်းခြင်း၊ နောက်ပြီး ယာဉ်မောင်းများက ယာဉ်စည်းကမ်းမလိုက်နာခြင်းဆိုသည့် အချက် (၂)ချက်ကို တွေ့ရှိရပါတယ်။ လမ်းကျဉ်းခြင်းမှာ တာဝန်ရှိသည့် ကုမ္ပဏီများ၏ လုပ်ဆောင်ချက်များကို လေ့လာသည့်အချိန်တွင် ကွင်းဆင်းသည့်အချိန်တွင် ထိထိရောက်ရောက်လုပ်နေတာကို မတွေ့ရှိရပါဘူး။ အင်မတန်အားနည်းတာကိုလည်း တွေ့ရပါတယ်။ ယာဉ်မောင်းများကို လမ်းစည်းကမ်းမရှိလို့၊ ယာဉ်မောင်းစည်းကမ်းမရှိလို့ လမ်းပိတ်ဆို့မှုဖြစ်တာကိုလည်း ယာဉ်စည်းကမ်းနှင့်အညီ

D/real(wide) (5

မေးခွန်းအနေဖြင့် ကျွန်တော်တင်ပြဆွေးနွေးရမည်ဆိုလျှင် ရှမ်းပြည်နယ်အတွင်းရှိ ဗုဒ္ဓဘာသာနှင့်ပတ်သက်သော တန်ခိုးကြီးဘုရားများ၊ စေတီများ၊ လိုဏ်ဂူများ၊ ကျောင်းများ ပျက်စီးယိုယွင်းနေသည့်ကျောင်းများကို ရှေးမူမပျက် ကျောင်းသစ်များ ပြုပြင်ဆောက်လုပ်ပေးရန်အတွက်လည်းကောင်း၊ စာသင်ဆောင်များ ဆောက်လုပ်ရေးအတွက်လည်းကောင်း၊ ပစ္စုပ္ပန်နှင့်အနာဂတ်တွင် နည်းပညာနှင့်အလျှော်တွေများ လျှုဒါန်းပေးမည့် အစီအစဉ် ရှိ/မရှိကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် အားလုံးကို မင်္ဂလာပါ လို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်ဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရှမ်းပြည်နယ်အတွင်းရှိ ဗုဒ္ဓဘာသာနှင့်ပတ်သက်သော တန်ခိုးကြီးဘုရားများ၊ စေတီများ၊ လိုဏ်ဂူများ၊ ကျောင်းများ ပျက်စီးယိုယွင်းနေသည့်ကျောင်းများကို ရှေးမူမပျက်ကျောင်းသစ်များ ပြုပြင်ဆောက်လုပ်ပေးရန်အတွက်လည်းကောင်း၊ စာသင်ဆောင်များ

ယာဉ်မောင်းများကို ကြီးကြပ်သည့် အရေးယူသည့် အားနည်းချက်တွေပဲ တွေ့ရပါတယ်။

နောက်ပြီးလမ်းပိတ်ဆို့မှုဖြစ်သည့်အချိန်တွင် နိုင်ငံတော်အတွက် ဘဏ္ဍာငွေဆုံးရှုံးမှုတွေလည်း ဖြစ်ပေါ်ပါတယ်။ ပြီးခဲ့သည့် (၂)ပတ်ကဆိုလျှင် ပြည်ထောင်စုဝန်ကြီး၊ စီးပွား/ကူးသန်းဝန်ကြီးဌာနကနေပြီး ထုတ်ပြန်ထားတာက ဒီနှစ်က ယခင်နှစ်ထက် ကုန်သွယ်မှုအရဆိုလျှင် ဒေါ်လာသန်း ၅၀၀ နီးပါးလျော့နည်းတာကို တွေ့ရပါတယ်။ နောက်ပြီးအဲ့ဒီလမ်းပိတ်ဆို့မှုကြောင့် ဒေသနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအဖက်ဖက်ကနေ ထိခိုက်တာကိုတွေ့ရပါတယ်။ တကယ်လို့များ အဲ့ဒီလမ်းက ကျေးရွာတစ်လျှောက်မှာ ပိတ်ဆို့နေသည့်အတွက်ကြောင့် လမ်းတစ်လျှောက်တွင်ရှိသော ကျေးရွာပြည်သူများ၏ ကျန်းမာရေးအရ လိုအပ်ချက်အရ မြို့ပေါ်တွင်ဆေးကုသရမည်ဆိုလျှင် ဆေးကုသခံနိုင်သည့် အနေအထား၊ သွားလာနိုင်သည့် အနေအထားမတွေ့ရပါဘူး။ ဒါကြောင့်တောနေပြည်သူများ၏ အခက်အခဲက အသက်နဲ့အမျှ ခန္ဓာကိုယ်တော်တော်အရေးကြီးသည့်အပိုင်းကိုရောက်သည့် အချိန်မှာ အချိန်မီမရောက်နိုင်သည့် အတွက်ကြောင့် သေဆုံးမှုများလည်းရှိခဲ့ပါတယ်။

ဒါကြောင့် ကျွန်တော်အနေနဲ့ မေးမြန်းလိုတာက နောင်ချို - ကျောက်မဲ - သီပေါ - လားရှိုး - သိန်းနီ - ကွတ်ခိုင် - မူဆယ် - နမ့်ခမ်းကို ဖြတ်သွားသည့် လမ်းတွေမှာ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု မြန်ဆန်စေရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့စီမံချက်များချမှတ်ဆောင်ရွက်နေပါသနည်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသော ယာဉ်များ၊ ယာဉ်မောင်းများအား မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလို

- မူဆယ် မှ နမ့်ခမ်း (၃၀၂/၀)ထိ ၁၉ မိုင်
- စုစုပေါင်း ၂၄၇ မိုင် ၂ ဖာလုံ ပါဝင်ပါတယ်။

နေ့စဉ်ဖြတ်သန်းသွားလာသည့် ယာဉ်ပမာဏများလျင်မြန်စွာ တိုးတက်များပြားလာခြင်း၊ မော်တော်ယာဉ်များ၏ကြံ့ခိုင်မှု အားနည်းခြင်း၊ သတ်မှတ်ချက်ထက် ပိုမို၍ကုန်များတင်ဆောင်ခြင်း၊ ယာဉ်မောင်းများ ကျွမ်းကျင်မှု အားနည်းခြင်းတို့ကြောင့် ကုန်တင် ယာဉ်ကြီးများ တိမ်းမှောက်ခြင်း၊ ယာဉ်စက်ချို့ယွင်းခြင်းနှင့် လက်နက်ကိုင်ဆောင်ဖမ်းဆီးခြင်းများကြောင့် လမ်းပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်ခဲ့ရပါတယ်။ လမ်းပိတ်ဆို့မှုများကို အလျင်အမြန် ဖြေရှင်းနိုင်ရေးအတွက် ၂၅ တန်နှင့် တန် ၅၀ ကရိန်းယာဉ်များ၊ ယန္တရားကြီးများအား (၂၄) နာရီ အဆင်သင့်ထားရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့များ၊ NGO၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းအဖွဲ့များ ပူးပေါင်းပြီးအလျင်အမြန်ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ယာဉ်ကြောပိတ်ဆို့မှုအပေါ် ခရီးသွားပြည်သူများ ကြိုတင်သိရှိပြီး မြို့/ရွာများ အနီးတွင် ရပ်နားစောင့်ဆိုင်းနိုင်ရေး အတွက်ကိုလည်း အမှတ် (၁) Information Center ကို မိုင်တိုင် ၇၉/၀ နောင်ချို တိုးလ်ဂိတ်နှင့် အမှတ် (၂) Information Center ကို မိုင်တိုင် ၉၂/၀ ဇီးပင်ရွာ(ကျောက်မဲမြို့နယ်)တွင် ထားရှိ၍သော်လည်းကောင်း၊ Cherry FM, Mandalay FM အသံလွှင့်ဌာနတို့မှ အချိန်နှင့်တစ်ပြေးညီ အသိပေးကြေညာခြင်းအားဖြင့် လည်းကောင်း၊ Lashio Media၊ ရန်ကုန် - မန္တလေး-မူဆယ်ကုန်တင်ယာဉ်ကြီးများစသည့် Internet Page များတွင် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် အသိပေးဖော်ပြခြင်းဖြင့်လည်းကောင်း၊ တိုးလ်ဂိတ်များမှ လက်ကမ်းစာစောင်များ ဖြန့်ဝေ၍

D/real(wide) (5

သော်လည်းကောင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းပြန်ကြား ပေးလျက်ရှိပါတယ်။

ပိတ်ဆို့မှုဖြစ်စဉ်အများဆုံးဖြစ်ပွားသော ဂုတ်တွင်းလမ်းပိုင်း အား ဖြေရှင်းနိုင်ရန်အတွက် အရှည် ၁၃ မိုင်ရှိသည့် နောင်ချို မြို့ရှောင်ကွင်းလမ်းနှင့် အရှည် ၂၈၅၅ ပေရှိသည့် ဂုတ်တွင်းတံတား အသစ်တို့ကို တည်ဆောက်နိုင်ရေးအတွက် မြေယာနှင့် သီးနှံ လျော်ကြေးကိစ္စများအား ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။ မြေယာနှင့် သီးနှံလျော်ကြေးကိစ္စများ ပြီးပြတ်သွားသည့်အချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်ခင်ဗျား။

လားရှိုး - မူဆယ်လမ်းပိုင်းတွင် ယာဉ်ကြောပိတ်ဆို့မှု ဒုတိယ အများဆုံးဖြစ်ပွားလေ့ရှိသည့် ကွတ်ခိုင် - နမ့်ဖတ်ကာ (ရှုခင်းသာ) လမ်းပိုင်းသည် လတ်တလောနယ်မြေလုံခြုံရေး အခြေအနေ များကြောင့် လမ်းလုပ်ငန်းစီမံချက်များ နှောင့်နှေးကြန့်ကြာခဲ့ရသည့် အပြင် မူလစီမံချက်ပါ ၄၈ ပေ အကျယ်ရှိသည့် ၄ လမ်းသွား နိုင်လွန် ကတ္တရာ AC ခင်းခြင်းလုပ်ငန်းအစား ပထမအဆင့်အနေဖြင့် လမ်းကျဉ်းသော အတက်အဆင်းနှင့် ကွေ့နေရာများအား မြေသားလမ်းချဲ့ခြင်းနှင့် ကတ္တရာလမ်းပျက်စီးသော လမ်းပိုင်းများ အား ၃၆ ပေအကျယ် ကတ္တရာလမ်းပြန်လည်ခင်းခြင်းလုပ်ငန်းများ ကို ၂၀၁၇ ခုနှစ်၊ မိုးရာသီမတိုင်မီတွင် ပြီးစီးအောင် ရည်မှန်းချက် ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။

လမ်းအဆင့်မြှင့်တည်ဆောက်ရာတွင် လွတ်ကင်းမှုမရှိ သော ကျွန်းပင်များ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် တင်ပြ ဆောင်ရွက်လျက်ရှိပြီး နှစ်အလိုက် စီမံချက်များဖြင့် ၄၈ ပေအကျယ် ၄ လမ်းသွား နိုင်လွန်ကတ္တရာ AC ခင်းခြင်းလုပ်ငန်းကို ၂၀၁၈ -

ပါကြောင်း လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာရွှင်လန်း ကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းမှ နောင်ချို -လားရှိုး -မူဆယ် - နမ့်ခမ်း ရှမ်းပြည်နယ်(မြောက်ပိုင်း)လမ်းအား ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု မြန်ဆန်စေရေးအတွက် ရှမ်းပြည်နယ်အစိုးရမှမည်ကဲ့သို့ စီမံချက်များ ချမှတ်ဆောင်ရွက်နေပါ သနည်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသော ယာဉ်များ၊ ယာဉ်မောင်းများအား မည်သို့အရေးယူ ဆောင်ရွက် သွားမည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြား တင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

မန္တလေး - လားရှိုး - မူဆယ်လမ်းမကြီးသည် ပြည်ထောင်စု အစိုးရမှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး Oriental High Way Co.ltd မှ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့်လမ်းဖြစ် ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ပြင်ဦးလွင်ခရိုင်-

- ဝက်ဝံ (၅၅/၁)မှ လားရှိုး (၁၇၃/၃)ထိ ၁၁၈ မိုင် ၂ ဖာလုံ
- လားရှိုး မှ မူဆယ် (၂၈၃/၃)ထိ ၁၁၀ မိုင်

D/real(wide) (6

၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးရန် လျာထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။

တန်ပိုယာဉ်များ ဖြတ်သန်းသွားလာမှုအား တားဆီးနိုင်ရေးအတွက်ကိုလည်း ၁-၁-၂၀၁၇ မှ ၃၁-၃-၂၀၁၇ ရက်နေ့အထိ ပညာပေးကာလအဖြစ်သတ်မှတ်ပြီး ၁-၄-၂၀၁၇ ရက်နေ့စတင်၍ တန်ပိုယာဉ်များ ဖြတ်သန်းခွင့်မပြုကြောင်းနှင့် ဖြတ်သန်းသွားလာပါက လမ်းမကြီးများ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို Oriental High Way Co.Ltd Toll Gate များတွင် ဗီနိုင်းဆိုင်းဘုတ်များ တပ်ဆင် အသိပေးကြော်ငြာခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

ကုန်တင်ယာဉ်များ တန်ပိုတင်ဆောင်မှုမရှိစေရေးနှင့် ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များ၊ လုပ်ငန်းလိုင်စင်များဖြင့် သတ်မှတ်ချက်အတိုင်း စနစ်တကျသွားလာစေရေးတို့အတွက် စစ်ဆေးခြင်းကို ပူးပေါင်းအဖွဲ့ဖြင့် စနစ်တကျ စစ်ဆေးအရေးယူဆောင်ရွက်ခြင်း ပြုလုပ်နိုင်ရန်အတွက် စစ်ဆေးအရေးယူခြင်း စတင်မဆောင်ရွက်မီ ကြိုတင်အသိပေးကာလတစ်ခု သတ်မှတ်ပြီး လမ်းအသုံးပြုသူများ ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်သွားရန် ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ ၂၀-၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ဧ၄၀/၇-၃၁၁/အစရ (ရှမ်း) ဖြင့် ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့သို့ ညွှန်ကြားထားရှိပြီးဖြစ်ပါတယ်။ ပူးပေါင်း အဖွဲ့သည် ၁၈-၂-၂၀၁၇ ရက်နေ့မှစတင်၍ ၂၆-၂-၂၀၁၇ ရက်နေ့ အထိ နောင်ချိုမြို့နယ်၊ ဘန့်ဘွေးတိုးလ်ဂိတ်အလွန် လွန်းကျော်ရွာအနီးတွင်လည်းကောင်း၊ ကျောက်မဲမြို့အဝင်တို့တွင်လည်းကောင်း၊ စစ်ဆေးခြင်း၊ ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ယခုအခါတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျောက်မဲမြို့ အဝင် ခိုမှန့်ကျေးရွာအုပ်စု၊ မိုင်တိုင်အမှတ်

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်စန်မြို့နယ်၊ မိုင်းစိတ်ကျေးရွာအုပ်စု၊ မိုင်းစိတ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ (မိုင်းစိတ်)အား မူလတန်းကျောင်းအဆင့် အဖြစ် ၁၉၅၉ ခုနှစ်က စတင်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်တွင် လက်ရှိ အထက(ခွဲ) အဆင့်တိုးမြှင့်ခဲ့ပြီး ယနေ့ထိဆိုလျှင် နှစ်ပေါင်း (၁၄)နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။

လက်ရှိ အထက(ခွဲ) မိုင်းစိတ်ဟာ နမ့်စန်မြို့ရှိ ပင်မကျောင်းအထက (နမ့်စန်)နှင့် (၂၂) မိုင်ခန့် အကွာအဝေးတွင် တည်ရှိနေပါတယ်။ အထက(ခွဲ) မိုင်းစိတ်သို့ နီးစပ်ရာနမ့်စန်မြို့နယ်၊ မိုင်းစိတ်ကျေးရွာအုပ်စု၊ ပိန်းဆည်ကျေးရွာအုပ်စု၊ ဘန့်ဟင်ကျေးရွာအုပ်စု၊ ဟိုရမ်းကျေးရွာအုပ်စုနှင့် ဟိုင်းနားကြီးကျေးရွာအုပ်စုများမှ အလက(ခွဲ)၊ အမက (မူလွန်)၊ အမက၊ အမက(ခွဲ) ကျောင်းများမှ ကျောင်းသား/သူများ အများစု လာရောက်ကျောင်းတက်နိုင်တဲ့ ကျောင်းဖြစ်ပါတယ်။

ကျောင်းပညာရေးအနေနဲ့ ၂၀၁၂ - ၂၀၁၃ ခုနှစ်မှာ ကျောင်းသားဦးရေ ၃၆၄ ဦး ရှိခဲ့ပြီး တက္ကသိုလ်ဝင်တန်းဖြေဆိုရာမှာ ၁၁. ၁ ရာခိုင်နှုန်းသာရှိခဲ့သော်လည်း ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၃၃၈ ဦးရှိပြီး တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်မှု ရာခိုင်နှုန်းမှာ ၃၃. ၃၃ ရာခိုင်နှုန်းအထိ ရှိလာပြီဖြစ်ပါတယ်။ ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၃၈၄ ဦးရှိပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသားအရေအတွက် ၁၅ ဦးရှိပါတယ်။ လက်ရှိ အထက(ခွဲ) မိုင်းစိတ်ကျောင်းမှာ ကျောင်းအုပ် ၁ဦး၊ အထက်တန်းပြ ၆ ဦး၊ အလယ်တန်းပြ (၁) ၅ ဦး၊ အလယ်တန်းပြ (၂) ၃ ဦး၊ မူလတန်းပြ ၄ ဦး၊ ရုံးအကူ ၁ ဦး၊စုစုပေါင်းဝန်ထမ်း ၂၀ ဦးရှိပြီး ကာယဆရာ၊ ရုံးဝန်ထမ်း (ညစောင့်)၊ သန့်ရှင်းရေးများ လိုအပ်လျက်ရှိပါတယ်။

D/real(wide) (6

မိုင်းစိတ်နယ်မြေ ကျေးရွာအုပ်စု ၅ စု၏ အားထားနေရတဲ့ အထက(ခွဲ) မိုင်းစိတ်ကို အထက်တန်းကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ပါက ဝန်ထမ်းအင်အားများ ပြည့်ဝစွာရရှိပြီး၊ ပညာရေးဆိုင်ရာ အုပ်ချုပ်မှုကိစ္စရပ်များ လွယ်ကူ အဆင်ပြေချောမွေ့စေနိုင်သလို ဒေသခံတိုင်းရင်းသား ပြည်သူလူထုများ၏ သား/သမီးများ ပညာရေးအတွက်လည်း အခက်အခဲမရှိ ပိုမိုကောင်းမွန်စွာ သင်ကြားနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ - ၂၀၁၄ ခုနှစ် ပညာသင်နှစ်တွင် အထက(ခွဲ) မိုင်းစိတ်ကျောင်းတွင် ပညာရေးဌာနက ရန်ပုံငွေနှင့် ၁၂၀×၃၀×၁၂ ပေ၊ သွပ်မိုး အုတ်ညှပ် ကျောင်းဆောင် (၁)ဆောင်၊ ၂၀၁၄ - ၂၀၁၅ ခုနှစ် ပညာသင်နှစ်တွင် ၆၀×၃၀×၁၂ ပေ၊ သွပ်မိုး၊အုတ်ညှပ်ကျောင်းဆောင် (၁)ဆောင် ဆောက်လုပ်ပေးခဲ့သော်လည်း အဆိုပါ ကျောင်းဆောင်သစ် (၂) ဆောင်မှာ စာသင်ခန်း (၇)ခန်းသာ အသုံးပြုနေရပြီး စာသင်ခန်း (၄)ခန်း အထူးလိုအပ်လျက်ရှိပါတယ်။ ယခင် ၁၉၆၃ ခုနှစ်က ဆောက်လုပ်ခဲ့သည့် ကျောင်းဆောင်ဟောင်းမှ နဝမတန်းနှင့် ဒသမတန်း စာသင်ခန်းအဖြစ် လက်ရှိအသုံးပြုနေရပြီး ကျောင်းဆောင်ဟောင်းမှာ ဟောင်းနွမ်းယိုယွင်းလာပြီဖြစ်ပါသဖြင့် ဖျက်သိမ်းပြီး အသစ်ပြန်လည်တည်ဆောက်သင့်ကြောင်း တွေ့ရှိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ မိုင်းစိတ်ကျေးရွာအုပ်စု၊ မိုင်းစိတ်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ (မိုင်းစိတ်)ကို အခြေခံပညာ အထက်တန်းကျောင်းအဆင့်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ၊ အထက(ခွဲ) မိုင်းစိတ်တွင် လိုအပ်နေသော စာသင်ခန်း (၄)ခန်းပါ ၈၀×၃၀×၁၂ ပေ သွပ်မိုး၊အုတ်ညှပ် ကျောင်းဆောင်သစ်

D/real(wide) (6

၁၀၆-၁၀၆/၁ အကြားနှင့် (၁)ရပ်ကွက်၊ ယာဉ်ထိန်းရဲရုံးရှေ့နေရာများတွင်စစ်ဆေးရေးအဖွဲ့ Task Force များဖြင့် သတ်မှတ်ယာဉ်လိုင်စင်များပြည့်စုံမှုမရှိသည့် မော်တော်ယာဉ်များ၊ ယာဉ်မောင်းများကိုစစ်ဆေးတွေ့ရှိပါက အပြစ်ပေးအရေးယူနိုင်ရန်အတွက် Mobile တရားရုံးဖွင့်လှစ်ဆောင်ရွက်သွားရန် ကျောက်မဲခရိုင် စီမံခန့်ခွဲမှု ကော်မတီသို့လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏၁၀-၃-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၃၁၂၁/၇-၃၁၁/အစရ (ရှမ်း)ဖြင့် ထပ်မံညွှန်ကြားထားရှိပြီးဖြစ်ပါတယ်။ ထိရောက်အောင်မြင်စေရေးအတွက် ညှိနှိုင်း ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလင်းအောင်ဆွေက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးစွာဂါရဝပြု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါ တယ်။ ကျွန်တော်အနေနဲ့ နမ့်စန်မြို့နယ်၊ မိုင်းစိတ်ကျေးရွာအုပ်စု၊ မိုင်းစိတ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ (မိုင်းစိတ်) နှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်းအား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

ဒုတိယအပိုင်းဖြစ်သည့် ၁၉၆၃ ခုနှစ်က ဆောက်လုပ်ခဲ့သည့် ၁၂၀×၃၀×၁၂ ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ သစ်သားနီလာဆောင်သည် ဟောင်းနွမ်းပျက်စီးနေပြီး စာသင်ခန်း ၂ ခန်းသာ အသုံးပြုနိုင်သဖြင့် စာသင်ဆောင်လိုအပ်မည်ဖြစ်ပါတယ်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် တည်ဆောက်မည့် စာသင်ဆောင်များ လျာထားပြီးဖြစ်သဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခေါင်းစဉ်မှ ၈၀×၃၀×၁၂ ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်တစ်ဆောင်ရရှိရေး အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်ပြီး တင်ပြပေးသွားမည်ဖြစ်ပါတယ်။

၁၉၆၃ ခုနှစ်က ဆောက်လုပ်ခဲ့သည့် နီလာဆောင် ၁၂၀×၃၀×၁၂ ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ စာသင်ဆောင် ဖျက်သိမ်းခွင့်နှင့်ပတ်သက်၍ အမှုတွဲတောင်းခံပြီး အခြေခံပညာဦးစီးဌာနသို့ ဆက်လက်တင်ပြကာ ခွင့်ပြုချက်တောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးအိုက်မွန်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုအပ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်းဖြစ်ပါတယ်။ ကျွန်တော်၏ ကြယ်ပွင့်ပြမေးခွန်းမှာ ကွတ်ခိုင်မြို့နယ်၊ မန်ပြိန်းကျေးရွာအုပ်စုရှိ ရွာ (၆) ရွာ

ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ၊ လက်ရှိ ၁၉၆၃ခုနှစ်က ဆောက်လုပ်ခဲ့သည့် ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်းခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းအား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၏ နမ့်စန်မြို့နယ်၊ အထက(ခွဲ) မိုင်းစိတ်အား အထကအဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ၁၉၆၃ ခုနှစ်ကဆောက်လုပ်ခဲ့သည့် ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်းခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ မိုင်းစိတ်ကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) သည် ကျောင်းမြေအကျယ်အဝန်း ၁၈. ၄၇ ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ (၁၀၅)လည်းရှိပါတယ်။ အထက(ခွဲ)သက်တမ်း(၁၄) နှစ်ရှိပြီဖြစ်ပါတယ်။

ကျောင်းဆောင်များမှာ ပတ္တမြားဆောင် ၁၂၀×၃၀ ပေ၊ ပုလဲဆောင် ၆၀×၃၀ ပေ၊ မြရတနာဆောင် ၄၅×၁၈ ပေ၊ ကျောက်စိမ်း ဆောင် ၅၀×၃၀ ပေ၊ နီလာဆောင် ၁၂၀×၃၀ ပေ၊ စုစုပေါင်း စာသင် ဆောင် ၅ ဆောင်၊ စာသင်ခန်း ၁၁ ခန်းနှင့် အခြားအခန်း ၄ ခန်း အသုံးပြုထားပါတယ်။

D/real(wide) (6

ဖြစ်သည့် (၁) ကောင်းခမ်းရွာ၊ အိမ်ခြေ (၆၈) အိမ်၊ (၂) ၃၈ မိုင် မန်ပြိန်းရွာ၊ အိမ်ခြေ (၁၃၈) အိမ်၊ (၃)ဖောင်းဆိုင်ရွာ၊ အိမ်ခြေ (၇၇) အိမ်၊ (၄) မန်ခုတ်ရွာ၊ အိမ်ခြေ (၁၀၆) အိမ်၊ (၅) အောက်ပုန်းထွန်ရွာ၊ အိမ်ခြေ (၃၂) အိမ်၊ (၆) ဗန်လုံးရွာ၊ အိမ်ခြေ (၂၉) အိမ် အားလုံး စုစုပေါင်း အိမ်ခြေ (၄၅၀) အိမ်ရှိပြီး တစ်ဆက်တစ်စပ်တည်းလည်း တည်ရှိသောရွာများဖြစ်ပါတယ်။

၎င်းရွာများသည် ပြည်ထောင်စုကားလမ်းမပေါ်လည်းရှိ၊ မဟာဓာတ်အားလိုင်း ဖြတ်သန်းသွားသည့်ရွာများလည်းဖြစ်ပါတယ်။ ၎င်း (၆)ရွာအနက် (၃၈)မိုင် မန်ပြိန်းရွာ၊ ဖောင်းဆိုင်ရွာ၊ ဗန်လုံးရွာ(၃)ရွာမှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှစ၍ လျှပ်စစ်မီးစတင်ရရှိခဲ့သော်လည်း ကောင်းခမ်းရွာ၊ မန်ခုတ်ရွာ၊ အောက်ပုန်းထွန်ရွာ (၃)ရွာတို့မှာ အဘယ်ကြောင့် ယခုချိန်ထိ လျှပ်စစ်မီးသွယ်တန်းပေးခြင်းမရှိပါကြောင်း သိရှိလိုပါသဖြင့် လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းပဲဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ်၊ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ဦးအိုက်မွန်း၏ ကြယ်ပွင့်ပြမေးခွန်း

ကျောင်းသားဦးရေမှာ မူလတန်းကျောင်းသား ၁၆၂ ဦး၊ အလယ်တန်းကျောင်းသား ၁၉၇ ဦး၊ အထက်တန်းကျောင်းသား ၂၄ ဦး၊ စုစုပေါင်း ကျောင်းသူ/သား ၃၈၃ ဦး၊ တန်းခွဲပေါင်း ၁၁ ခု ရှိပါတယ်။

အထက်တန်းကျောင်းအဆင့်တိုးမြှင့်ပေးရန်အတွက် အထက်တန်းအဆင့်သင်ကျောင်းသား ၂၀၀ နှင့်အထက်ရှိရန်နှင့် ကျောင်းဆောင်ပရိဘောဂလုံလောက်ရန် လိုအပ်ပါတယ်။ ဝေးလံခက်ခဲသည့်ဒေသများအတွက် ကျောင်းသားဦးရေကို လျှော့ပေါ့စဉ်းစားပေးပါတယ်။

လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ မိုင်းစိတ်ကျေးရွာအုပ်စု၊ မိုင်းစိတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုရန် ပြည်နယ်ပညာရေး မှူးရုံး၏ ၃၀-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ (၃)/ ၄၀၂၁/ အခမြဲ (ကတ-၁၆၆)ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ရှင်းလင်းတင်ပြချင်တာကတော့ ကျွန်တော်တို့ ကျောင်းအဆင့်တိုးအမှုတွဲများအားလုံးကို ပြည်နယ်ပညာရေးမှူးရုံးက စုစည်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တင်ရပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရောက်သည့်အခါမှသာ ရှမ်းပြည်နယ်အစိုးရက သဘောထားမှတ်ချက်ပေးပြီး ပြည်နယ်ပညာရေးမှူးရုံးကို ပြန်ပို့ပါတယ်။ အဲ့ဒီလိုရပြီးမှသာ ပြည်နယ်ပညာရေးမှူးရုံးကနေမှ အခြေခံပညာဦးစီးဌာနကို တင်ပြတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ကျောင်းအဆင့်တိုး အမှုတွဲတွေရဲ့ရက်စွဲက အားလုံးတစ်ရက်တည်းဖြစ်ပါတယ်။ အဲ့ဒါကို လွတ်တော်ကိုယ်စားလှယ်များ အားလုံးသိအောင် ကျွန်တော် အနေနဲ့ ရှင်းပြတာဖြစ်ပါတယ်။

D/real(wide) (6

အဖြစ်မေးသွားသည့် မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ် (၃၈) မိုင် မန်ပြိန်းကျေးရွာအုပ်စု၊ ပြည်ထောင်စုကားလမ်းမပေါ်ရှိ ကျေးရွာများအတွက် လျှပ်စစ်မီးသွယ်တန်းပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုကားလမ်းမပေါ်ရှိ (၃၈) မိုင် မန်ပြိန်းကျေးရွာအုပ်စု၊ မန်ပြိန်းကျေးရွာသည် ၂၀၁၅ - ၂၀၁၆ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် လျှပ်စစ်မောတ်အားရရှိပြီးဖြစ်ပါတယ်။

ပြည်ထောင်စုကားလမ်းမပေါ်ရှိ ကျန်ရှိသည့် ကျေးရွာများဖြစ်သည့် အောက်ပုန်းထွန်ရွာ၊ မန်ခုတ်ရွာ၊ ဖောင်းဆိုင်ကျေးရွာများအား လျှပ်စစ်မောတ်အားရရှိရေးအတွက် အမျိုးသားလျှပ်စစ်မောတ်အားရရှိရေးစီမံကိန်း (NEP Phase I) (၂) မိုင်အတွင်း ကျေးရွာများ မောတ်အားရရှိရေးစီမံကိန်းတွင် ထည့်သွင်းလျာထား တင်ပြထားပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းစန်းစန်းအေးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းစန်းစန်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစန်းစန်းအေးပဲဖြစ်ပါတယ်။

ယနေ့အစည်းအဝေးတွင် ကျွန်မတင်ပြမည့် အကြောင်းအရာကတော့ သီပေါမြို့နယ်၊ ဇာတ်စုရပ်ကွက်၊ နယ်မြေ (၅)မှ ရဲတပ်ဖွဲ့ ပိုင်မြေကျူးကျော်အဖြစ် သတ်မှတ်ထားသော အိမ် (၁၄)

မေးခွန်းနံပါတ် (၂) ကျူးကျော်အိမ်များဖယ်ရှားပေးမည်ဆိုပါက ပြည်ထဲရေးဝန်ကြီးဌာန၊ ရဲတပ်ဖွဲ့ (သို့မဟုတ်) သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တို့မှ ၎င်းတို့ပြန်လည်ရွှေ့ပြောင်းနေထိုင်ရန် မည်သည့်နေရာ၌ စီစဉ်ထားပါသနည်း။

မေးခွန်းနံပါတ် (၃) ထိုသို့ ပြန်လည်ရွှေ့ပြောင်းရာတွင် အိမ်များဖျက်ခြင်း၊ပြန်လည်တည်ဆောက်ခြင်းကိစ္စကို ပြည်ထဲရေးဝန်ကြီးဌာန၊ရဲတပ်ဖွဲ့(သို့မဟုတ်)သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တို့မှ တာဝန်ယူလုပ်ဆောင်ပေးပါမည်လော။ ထိုသို့လုပ်ဆောင်ရန် အချိန်ကာလသတ်မှတ်ချက် မည်မျှရှိပါသနည်း။

မေးခွန်းနံပါတ် (၄) ထိုအချိန်ကာလသတ်မှတ်ချက်အတိုင်း အိမ်ဖြိုဖျက်တည်ဆောက်ခြင်းလုပ်ငန်း လုပ်ဆောင်နေစဉ်တွင် ဖယ်ရှားပေးရမည့် ပြည်သူများအတွက် မည်သည့်နေရာ၌ နေထိုင်ရန် စီစဉ်ထားပေးပါမည်နည်း။

မေးခွန်းနံပါတ် (၅) အထက်ပါမေးခွန်း (၁၊၂၊၃၊၄)အား အကောင်အထည်မဖော်နိုင်ခင်အထိ ယခုကျူးကျော်အဖြစ် သတ်မှတ်ထားသော ပြည်သူများဖယ်ရှားပေးရေးကိစ္စကို ခေတ္တဆိုင်းငံ့ထားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။

မေးခွန်းနံပါတ် (၆) နောင်အနာဂတ်တွင် နေရာရွှေ့ပြောင်းဖယ်ရှားရေးကိစ္စရှိလာပါက အထက်ပါမေးခွန်း (၁၊၂၊၃၊၄)အတိုင်း ကြိုတင်ပြင်ဆင်လုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။

၎င်းကိစ္စနှင့်ပတ်သက်၍ မြို့နယ်အဆင့်တွင် သက်ဆိုင်ရာအုပ်ချုပ်ရေးဌာနနှင့် ရဲတပ်ဖွဲ့တို့အား တွေ့ဆုံညှိနှိုင်းပြီးဖြစ်သော်လည်း အထက်ညွှန်ကြားချက်မရသောကြောင့် မြို့နယ်အဆင့်မှ ဖြေရှင်းနိုင်သည့် အခြေအနေမရှိပါ။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တိုက်ရိုက်ဖြေကြားပေးပါရန်

D/real(wide) (6

လေးစားစွာ မေးခွန်းမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး မေးမြန်းလာသည့် သီပေါမြို့နယ်၊ ဇာတ်စုရပ်ကွက်၊ နယ်မြေ (၅)မှ ရဲတပ်ဖွဲ့ပိုင်မြေကျူးကျော်အဖြစ်သတ်မှတ်ထားသော အိမ်(၁၄)အိမ်နှင့်ပတ်သက်၍ ကြယ်ပွင့်ပြ မေးခွန်းများကို ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

သီပေါမြို့နယ်၊ ဇာတ်စုရပ်ကွက်၊ နယ်မြေ (၅)မှ ရဲတပ်ဖွဲ့ပိုင်မြေကျူးကျော်အဖြစ် သတ်မှတ်ထားသော အိမ် (၁၄) အိမ်နှင့်ပတ်သက်၍ သီပေါမြို့၊ ဇာတ်စုရပ်ကွက်၊ နယ်မြေ (၅)၊ အကွက်အမှတ် (၃)၊ ဦးပိုင်အမှတ် (၂)ရှိ မြေဧရိယာ (၃၊ ၁၄၆) ဧကရှိမြေသည် သီပေါမြို့ စော်ဘွားလက်ထက် ၁၉၄၅ ခုနှစ်တွင် ရဲသင်တန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်အသုံးပြုခဲ့ရာ နောက်ပိုင်းတွင် ရဲသင်တန်းကျောင်းများ ပေါ်ပေါက်လာ၍ သီပေါမြို့တွင် သင်တန်းဖွင့်လှစ်ခြင်းမရှိတော့ဘဲ ရဲသင်တန်းကျောင်းရှိ အဆောက်အဦများတွင် သီပေါမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှင့် မိသားစုများ

အိမ်ကိစ္စနှင့်ပတ်သက်၍ နည်းဥပဒေ ၁၀၅ အရ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

အကြောင်းအရာမှာ - သီပေါမြို့နယ်၊ ဇာတ်စုရပ်ကွက်၊ နယ်မြေ (၅)မှ ပြည်ထဲရေးဝန်ကြီးဌာန၊ ရဲတပ်ဖွဲ့ပိုင်မြေဧရိယာ အတွင်း ကျရောက်သဖြင့် ကျူးကျော်အဖြစ်သတ်မှတ်ထားသော အိမ်ခြေ (၁၄) အိမ်ကို ၇-၇-၂၀၁၆ ရက်နေ့တွင် ရဲတပ်ဖွဲ့မှ ရပ်ကွက်ခုံးသို့ဆင့်ခေါ်ပြီး ၃၁-၃-၂၀၁၇ ရက်နေ့တွင် နောက်ဆုံး ဖယ်ရှားပေးရန် လက်မှတ်ထိုးခိုင်းခဲ့သည်ဟုသိရပါတယ်။ တစ်ချိန်တည်းတွင် ၎င်းတို့အိမ်ခြံမြေဝင်းအတွင်း ရဲတပ်ဖွဲ့ပိုင်မြေ မကျူးကျော်ရ ဆိုင်းဘုတ်ကိုလည်း စိုက်ထူသွားခဲ့ကြောင်း သိရပါတယ်။ အဆိုပါနေရာတွင် ၎င်းတို့မှ နေထိုင်လာခဲ့သည်မှာ အုပ်ချုပ်ရေးမှူး (၉)ဆက်တိတိနှင့် နှစ်ပေါင်း (၃၆) နှစ်မျှရှိခဲ့ပြီဖြစ်ပါတယ်။ ၎င်းမြေသည် ယခင်ကသီပေါစော်ဘွားပိုင်မြေဖြစ်ပါတယ်။ စော်ဘွားမှ ရဲတပ်ဖွဲ့သင်တန်းကျောင်းတည်ဆောက်ခဲ့ရာမှ လက်ရှိတွင် ရဲတပ်ဖွဲ့ပိုင်မြေဖြစ်လာကြောင်း သိရှိရပါတယ်။ ပြည်သူကို ဗဟိုပြုသော ဒီမိုကရေစီအစိုးရခေတ်တွင် ရွှေ့ပြောင်းရမည်ဆိုပါက ရွှေ့ပြောင်းနေထိုင်ရမည့် ပြည်သူများအတွက် မြေနေရာ ပြန်လည်ချထားမှု မလွဲမသွေ လုပ်ဆောင်စီစဉ်ပေးရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၃၁-၃-၂၀၁၇ ရက်နေ့အပြီး ဖယ်ရှားပေးရမည့် ထိုကျူးကျော်အိမ်မှ ပြည်သူများအတွက် အောက်ပါကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းလိုပါတယ်ရှင်-

မေးခွန်းနံပါတ် (၁) လက်ရှိ ရဲတပ်ဖွဲ့ပိုင်မြေဟု သတ်မှတ်ထားသော ထိုကျူးကျော်မြေနေရာတွင် ရဲတပ်ဖွဲ့များအနေဖြင့် မည်သို့သော အရေးကြီးအဆောက်အဦဆောက်လုပ်မည်နှင့် ထိုအဆောက်အဦအား မည်သူ့အတွက်၊ မည်သည့်အရာအတွက် အသုံးပြုပါမည်နည်း။

D/real(wide) (6

နေထိုင်ခဲ့ကြသဖြင့် သီပေါမြို့နယ် ရဲတပ်ဖွဲ့ပိုင်နယ်မြေအဖြစ် ဆက်လက်တည်ရှိခဲ့ပါတယ်။ ၎င်းမြေအား သီပေါမြို့နယ်ရဲတပ်ဖွဲ့မှ ဂရန်လျှောက်ထားခဲ့ရာ ဂရန်အမှုတွဲအမှတ် (၈၉/၁၉၉၂)ဖြင့် နှစ် (၃၀) အခွန်လွတ်ဂရန်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဂရန်သက်တမ်းမှာ ၇-၈-၁၉၉၂ မှ ၆-၈-၂၀၂၂ အထိ ဖြစ်ပါတယ်။

၁၉၉၅ ခုနှစ်တွင် ဇာတ်စုရပ်ကွက်တစ်ခုလုံး မီးသင့်ခဲ့ရာ ရဲသင်တန်းကျောင်းရှိ အဆောက်အဦများအားလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ၁၉၉၈ ခုနှစ်မှစ၍ ကျူးကျော်နေထိုင်မှုများရှိလာကြောင်း သိရှိရပါတယ်။ ၂၀၀၁ ခုနှစ်တွင် ကောက်ယူခဲ့သော စာရင်းများအရ ကျူးကျော်အိမ် (၁၆)အိမ်ဖြစ်ကြောင်း သိရှိရပါတယ်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်တို့တွင် ကျူးကျော်နေအိမ်များ ဖယ်ရှားပေးရန် မြို့နယ်ရဲတပ်ဖွဲ့မှူးမှ အားထုတ်ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရှေ့မဆက်နိုင်ဘဲ ရပ်တန့်နေခဲ့ရပါတယ်။ ယခုအခါ ၎င်းမြေပေါ်တွင် ကျူးကျော်နေအိမ် (၁၉)အိမ်အထိ ရှိကြောင်း တွေ့ရှိရပါတယ်။

သီပေါမြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် သီပေါမြို့ပေါ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် သီပေါမြို့မရဲစခန်းတို့တွင် လက်ရှိ ရဲတပ်ဖွဲ့ဝင် အင်အား (၁၄၀)ဦးရှိပြီး အိမ်ထောင်သည်မိသားစုဝင် (၁၀၂)စု ရှိပါတယ်။ သီပေါမြို့မရဲစခန်းဝင်းအတွင်း နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ပေးသော အိမ်ခန်း (၄၃)ခန်း၊ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်သော အိမ်ခန်း (၇)ခန်း၊ စုစုပေါင်း (၅၀)သာရှိ၍ တပ်ဖွဲ့ဝင် မိသားစု (၅၀)သာ နေထိုင်နိုင်ပြီး ကျန်မိသားစု (၅၂)စုမှာ ပြင်ပတွင် အိမ်ငှားရမ်းနေထိုင်ရပါတယ်။ သီပေါမြို့မရဲစခန်းဝန်းအတွင်း နောက်ထပ်အိမ်ရာဆောက်လုပ်ရန် မြေနေရာ မကျန်ရှိတော့သဖြင့် လိုအပ်သော နေအိမ်ခန်းများ ဆောက်လုပ်ရန် နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေရရှိပါက လက်ရှိကျူးကျော်နေထိုင်သည့် နေရာအား

အား မည်သည့်နေရာတွင် နေထိုင်ရန် စီစဉ်ပေးရန် အစီအစဉ်မရှိပါ။ ကာယကံရှင်များ အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရန်ဖြစ်ပါတယ်။

၂၀၀၁ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်တို့တွင် ကျူးကျော်အိမ်များ ဖယ်ရှားပေးရေးကိစ္စ ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆိုင်းငံ့ထားခဲ့သဖြင့် ကျူးကျော်အိမ်များမှာ တိုက်ခံအိမ်များအဖြစ် ပြောင်းလဲ၍ အခိုင်အမာကျူးကျော်သည့် အခြေအနေသို့ရောက်ရှိလာပါတယ်။ အဆိုပါပြောင်းလဲမှုဖြစ်စဉ်ကို သင်ခန်းစာယူ၍ ကျူးကျော်အိမ်များ ဖယ်ရှားပေးရန်ကိစ္စ ခေတ္တဆိုင်းငံ့ပေးရန် အစီအစဉ်မရှိပါ။

ပြည်သူ့ဟိုပြု ဒီမိုကရေစီအစိုးရခေတ်တွင် ပြည်သူတို့၏ လိုလားချက်ကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးရမည်ဖြစ်ပါတယ်။ ပြည်သူတို့၏ လိုလားချက်မှာ ဥပဒေနှင့်အညီဖြစ်ပါက ဥပဒေဘောင်အတွင်းမှသာ ဖြည့်ဆည်းပေးရမည်ဖြစ်ပြီး ဥပဒေကိုဖောက်ဖျက်၍ အိမ်ရာကျူးကျော်ဆောက်လုပ်နေထိုင်ရန် ပြည်သူတို့၏ လိုလားချက်ကို လိုက်ပါဖြည့်ဆည်းပေးမည်ဆိုပါက ရာဇဝတ်မှုကို အားပေးအားမြှောက်ပြုရာရောက်မည်ဖြစ်၍ ကြိုတင်ပြင်ဆင်လုပ်ဆောင်ရန် အစီအစဉ်များမရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ပထမမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဂရုဏာရှေ့ထားနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ဟာကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းဘဲ ဖြစ်ပါတယ်။

အခုကျွန်တော်မေးမြန်းမည့် ကြယ်ပွင့်ပြမေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသ တိုင်းရင်းသားများလိုအပ်သည့် ဆိုလာမီးရရှိရေး ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်သည် မြို့(၂)မြို့ရှိပြီး လူဦးရေ (၁)သောင်းကျော်အတွက် အင်ဂျင်လျှပ်စစ်မီးစက်ဖြင့် တစ်ရက်လျှင် (၃)နာရီ လျှပ်စစ်မီးပေးနိုင်သည့် မြို့နယ်တစ်ခုဖြစ်ပါတယ်။ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအချို့သည် တောင်ကျချောင်းရေများဖြင့် တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်မီးထွန်းလည်း အနည်းအကျဉ်းရှိပါတယ်။ ထို့အတူ နိုင်ငံတော်မှ ရန်ပုံငွေဖြင့် ဆိုလာမီး၊ ရေအားလျှပ်စစ် ဆောင်ရွက်ပေးသည့် ကျေးရွာအချို့လည်းရှိခဲ့ပါတယ်။ ကျန်ကျေးရွာအများစုမှာ မှောင်မှောင်မဲမဲဖြင့် မိမိဘဝများကိုနှစ်စဉ်နှင့်အမျှ ဖြတ်သန်းနေကြရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါကျေးရွာများ အနက် ကျေးလက်ပြည်သူများ တင်ပြချက်အရ ဆိုလာမီးရရှိနိုင်သည့်တင်ပြလာသည့် ကျေးရွာအုပ်စုများမှာဆိုလျှင် ဝမ်ကျန်ရွာ(ပန်ဝိုင်အုပ်စု)၊ ၁၉ အိမ်၊ ဆိုလာမီး ၁၉ စုံ၊ နမ့်ကော်ရွာ(ပန်ဝိုင်အုပ်စု)၊ ၂၂ အိမ်၊ ဆိုလာမီး ၂၂ စုံ၊ လွယ်ခေါ့ရွာ(နောင်ခဲအုပ်စု)၊ ၄၁ အိမ်၊ ဆိုလာမီး ၄၁ စုံ၊ ဝမ်ချန်ရွာ(နောင်ခဲအုပ်စု)၊ ၂၅ အိမ်၊ ဆိုလာမီး ၂၅ စုံ၊ မဲကင်ရွာ(လားဟူ) (ထမ်ယမ်းအုပ်စု)၊ ၅၄ အိမ်၊ ဆိုလာမီး ၅၄ စုံ၊ ရွှေပဲ(ကျပေါင်)(ထမ်ယမ်းအုပ်စု)၊ ၃၇ အိမ်၊ ဆိုလာမီး ၃၇ စုံ၊ မော်ကြားရွာ(ဖါဝေါအုပ်စု)၊ ၅၇ အိမ်၊ ဆိုလာမီး ၅၇ စုံ၊ ဟွေမု- ၂ ရွာ(ဖါဝေါအုပ်စု)၊ ၄၁ အိမ်၊ ဆိုလာမီး ၄၁ စုံ၊ ဝမ်နောင်ရွာ(ပန်နောင်လုံ)၊ ၄၅ အိမ်၊ ဆိုလာမီး ၄၅ စုံ၊ ပန်နောင်ရွာ (ပန်နောင်လုံ)၊ ၅၆ အိမ်၊

D/real(wide) (6

ရဲတပ်ဖွဲ့ပိုင်မြေတွင် ဆောက်လုပ်သွားမည်ဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် တိုးပွားလာသော လူဦးရေပေါ်မူတည်၍ ရဲတပ်ဖွဲ့ဖွဲ့စည်းပုံအင်အားတိုးချဲ့လျက်ရှိပါတယ်။ တိုးပွားလာသော တပ်ဖွဲ့ဝင်အင်အားပေါ်မူတည်၍ အိမ်ရာလိုအပ်ချက်နှင့် မြေနေရာ လိုအပ်ချက်များရှိနေမည်ဖြစ်၍ နောင်ထပ်မံ ဆောက်လုပ်မည့် အိမ်ရာများအတွက် အဆိုပါ မြေနေရာကို အသုံးပြုသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ပိုင်မြေပေါ်ရှိ ကျူးကျော်အိမ်များမှာ တာဝန်ရှိသူများက နေရာချထားပေးခြင်းမဟုတ်ဘဲ မိမိသဘောဖြင့် ကျူးကျော်ဆောက်လုပ်နေထိုင်ခြင်းဖြစ်၍ ကျူးကျော်နေအိမ်များ ဖယ်ရှားရှင်းလင်းရာတွင် တာဝန်ရှိသူတို့မှ နေရာစီစဉ်ပေးပါက နောက်ထပ်ကျူးကျော်သူများကို ဖိတ်ခေါ်ရာရောက်မည်ဖြစ်သဖြင့် မိမိသဘောဖြင့် ကျူးကျော်ခြင်းဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ကျူးကျော်အိမ်များအတွက် နေရာစီစဉ်ပေးရန် အစီအစဉ်မရှိပါ။ စီစဉ်ပေးနိုင်သည့် လုပ်ပိုင်ခွင့်လည်းမရှိပါ။ ကြိုတင်သတ်မှတ်အသိပေးထားသည့်ကာလအတွင်း ဖယ်ရှားခြင်းမရှိပါက ဆက်လက် ကျူးကျော်နေထိုင်ပါက ဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြန်လည်ပြောင်းရွှေ့ရာတွင် အိမ်များဖျက်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်းတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ယူဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါ။ အခြားတာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့်လည်း တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ပါ။ တည်ဆဲဥပဒေကို ဖောက်ဖျက်ကျူးကျော်နေထိုင်ခြင်းဖြစ်၍ ဖောက်ဖျက်သူ၏ တာဝန်သာဖြစ်ပြီး အိမ်များဖျက်ခြင်း၊ ရွှေ့ပြောင်းခြင်းတို့အတွက် (၁) လ၊ ရက် (၃၀) အချိန်ထပ်ပေးရန် အစီအစဉ်ရှိပါတယ်။

သတ်မှတ်ချက်အတိုင်း အိမ်ဖြို/ဖျက် တည်ဆောက်ခြင်း လုပ်ငန်းများ လုပ်ဆောင်နေစဉ်တွင် ဖယ်ရှားပေးရမည့် ပြည်သူများ

ဆိုလာမီး ၅၆ စုံတို့ဖြစ်၍ စုစုပေါင်း အိမ်ထောင်စုပေါင်း ၃၉၇ အိမ်၊ ဆိုလာမီး ၃၉၇ စုံအတွက် တင်ပြခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ ကျေးရွာအုပ်စု (၅)အုပ်စု၊ ကျေးရွာ (၁၀)ရွာ၊ အိမ်ထောင်စု (၃၉၇)စုအတွက် ဆိုလာမီး (၃၉၇) စုံအား ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွင်း စီစဉ်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကဏ္ဍအလိုက် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကို တာဝန်ယူရသည့် ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကမေးမြန်းလာသည့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် မိုင်းပျဉ်းမြို့နယ်၊ ကျေးရွာအုပ်စု (၅)ခု၊ ကျေးရွာ (၁၀)ရွာ၊အိမ်ထောင်စု (၃၉၇)စုအတွက်လိုအပ်သည့် ဆိုလာမီး(၃၉၇)စုံရရှိရေး ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ သိလိုသည့်မေးခွန်းနှင့်ပတ်သက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေ ပြည်သူများလျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မဟာဓာတ်အားလိုင်းမှ

D/real(wide) (6

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုင်းလှဝင်းက ဒုတိယမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ ဆက်လက်ပြီး မေးခွန်း (၂)ကို မေးမြန်းတင်ပြအပ်သွားမှာ ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့သည် ရပ်ကွက် (၄)ခုရှိပြီး၊ လူဦးရေ (၃၀၀၀)ကျော်ရှိပါတယ်။ လိုအပ်ချက်အရ ဌာနဆိုင်ရာ ရုံးအချို့ရှိပါတယ်။ ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်း၊ မူလတန်းကျောင်း၊ စျေးရှိပါတယ်။ ကျိုင်းတုံ - မိုင်းပျဉ်းအကြား ပြည်ထောင်စုလမ်း တစ်ဘက်တစ်ချက် မြို့တည်ထားရှိပြီး ရပ်ကွက် (၁)နှင့် ရပ်ကွက် (၃)တို့တွင် မြေအကျယ်အဝန်းရှိရာ လမ်းသွယ်များဖြင့် အိမ်ခြေများ ဆောက်လုပ်နေထိုင်ကြပါတယ်။ လမ်းသွယ်များသည် မြေလမ်းဖြစ်ရာ နှစ်စဉ်နှစ်တိုင်း မိုးရာသီချိန်တွင် မြေလမ်းမှ ရွှံ့လမ်းဖြစ်သွားသဖြင့် ပြည်သူလူထုများ၊ ကျောင်းသူ/သားများ ရုန်းကန် သွားလာလှုပ်ရှားကြရပါတယ်။ အဆိုပါလမ်းသွယ်များကို ပြုပြင်ထိန်းသိမ်းရန် တာဝန်ရှိသည့် စည်ပင်ဌာနလည်း ကောက်ခံရသည့် အခွန်အခ အလွန်နည်းသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသလို၊ မြို့နေလူထုများလည်း စီးပွားရေးမချောင်လည်သဖြင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိကြပါ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကူညီပံ့ပိုးဆောင်ရွက်ပေးမှသာလျှင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မိပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ ရပ်ကွက် (၁) သစ်ခွလမ်း အရှည်ပေ ၃၀၀၊ အကျယ် ၁၆ ပေ၊ အထူ ၀.၅ ပေနှင့် ရပ်ကွက် (၃)၊ ပေ ၃၀၀၊ အကျယ် ၁၆ ပေ၊ အထူ ၀.၅ ပေ လမ်းသွယ် (၂) သွယ်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ခွင့်ပြု ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိအား လွှတ်တော်

ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ ရပ်ကွက် (၁)၊ သစ်ခွလမ်း (၃၀၀ပေ× ၁၆ပေ× ၀.၅ပေ) နှင့် ရပ်ကွက် (၃) (၃၀၀ပေ× ၁၆ပေ× ၀.၅ပေ) လမ်းသွယ် (၂)လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ခွင့်ပြုဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိလိုခြင်းနှင့်ပတ်သက်ပြီးအောက်ပါအတိုင်း တင်ပြလိုပါတယ်-

ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ အမှတ် (၁) ရပ်ကွက်၊ သစ်ခွလမ်း (သို့မဟုတ်) ဒေါနလမ်းသည် အရှည် ၄၀၀ ပေ၊ အကျယ် ၁၄ ပေရှိသဖြင့် (၄၀၀'× ၁၂'× ၆") ကွန်ကရစ်ခင်းပါက ခန့်မှန်းကုန်ကျငွေကျပ် (၈၅)သိန်းနှင့် အမှတ် (၃) ရပ်ကွက်၊ ချယ်ရီလမ်းသည် အရှည် ၃၀၀ ပေ၊ အကျယ် ၁၄ ပေသာရှိသဖြင့် (၃၀၀'× ၁၂'× ၆") ကွန်ကရစ်ခင်းပါက ခန့်မှန်းကုန်ကျငွေကျပ် (၆၄)သိန်း၊ စုစုပေါင်းကုန်ကျငွေကျပ် (၁၄၉)သိန်းဖြစ်ပါတယ်။

(၁၀)မိုင်အထက်ကွာဝေးသည့် ကျေးရွာများအား ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို NEP စီမံကိန်း ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီလို NEP စီမံကိန်းအား ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ကမ္ဘာ့ဘဏ်မှ (၃၀%)ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

အခုလွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသည့် မိုင်းပျဉ်းမြို့နယ်ကျေးရွာအုပ်စု (၅)စုမှ ကျေးရွာ (၁၀)ရွာဖြစ်သည့် ပန်နောင်လုံ၊ နမ့်ကော်၊ လွယ်ခေါ့၊ ဝမ်ချန်၊ မဲကင်၊ ရွှေပဲ၊ မော်ကြား၊ ဟွေမု၊ ဝမ်နောင်နှင့် ဝမ်ကျန်ကျေးရွာများအတွင်းရှိ အိမ်ခြေ (၃၉၇)အိမ် ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများအနက် ပန်နောင်လုံကျေးရွာအုပ်စု၊ အိမ်ခြေ (၅၆)အိမ် ဆိုလာမီးလင်းရေးလုပ်ငန်းကို ၂၀၁၆ -၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် NEP စီမံကိန်းဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

နမ့်ကော်၊ လွယ်ခေါ့၊ ဝမ်ချန်၊ မဲကင်၊ ရွှေပဲ၊ မော်ကြား၊ ဟွေမုနှင့် ဝမ်နောင်၊ စုစုပေါင်း ကျေးရွာ (၈)ရွာ၊ အိမ်ခြေ (၃၂၂) အိမ်နှင့် ဆိုလာမီးလင်းရေးလုပ်ငန်းကို ၂၀၁၇ - ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်တွင် NEP စီမံကိန်းဖြင့် ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ လျာထားတင်ပြပြီးဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့် ဝမ်ကျန်ကျေးရွာအတွင်းရှိ အိမ်ခြေ (၁၉) အိမ်ကိုလာမည့် ၂၀၁၈ - ၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (7

တုံတာမြို့နယ်ခွဲ စည်ပင်သာယာရေးဌာန၏ ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ် မူလဝင်ငွေ လျာထားချက်မှာ ကျပ် (၁၂၁) သိန်း ဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ် (၃၆. ၃)သိန်းဖြင့် ရပ်ကွက် (၂) စျေးပတ်လမ်း (၄၃၀' × ၁၂' × ၇") ကျောက်ချောခင်းခြင်း သိန်း (၃၀)၊ မြို့သာယာလှပရေး ဆောင်ရွက်ရန် မြက်ဖြတ်စက် (၁)လုံး ဝယ်ယူခြင်း (၃)သိန်း၊ ရုံးသုံးဘီရို (၁)လုံး ဝယ်ယူခြင်း (၃. ၃)သိန်း ဖြင့်လည်းကောင်း၊ ပြုပြင်ပြီး လျာထားငွေကျပ် (၄၀၅)သိန်းဖြစ်ပြီး ဖြည့်စွက်ရန်ပုံငွေစာရင်းတွင် ရပ်ကွက် (၃) ခတ္တာလမ်းကွန်ကရစ် ခင်းခြင်း သိန်း (၁၀၀)၊ ဆိုလာမီးတိုင် (၇)တိုင်တပ်ဆင်ခြင်း သိန်း (၇၀)၊ ရပ်ကွက်(၃) နွယ်သာကီလမ်းကွန်ကရစ်ခင်းခြင်း (၅၉)သိန်းဖြင့် လည်းကောင်း လျာထားပြီးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ တုံတာမြို့နယ်ခွဲစည်ပင်သာယာရေးဌာန အနေဖြင့် အမှတ်(၁)ရပ်ကွက်၊ သစ်ခွလမ်း (သို့မဟုတ်) ဒေါနလမ်း (၄၀၀' × ၁၂' × ၆") ကွန်ကရစ်ခင်းခြင်း ခန့်မှန်းကုန်ကျငွေကျပ် (၈၅)သိန်းနှင့် အမှတ် (၃)ရပ်ကွက် ချယ်ရီလမ်း (၃၀၀' × ၁၂' × ၆") ကွန်ကရစ်ခင်းခြင်း ခန်းမှန်းကုန်ကျငွေကျပ် (၆၄)သိန်း စုစုပေါင်း ကုန်ကျငွေကျပ် (၁၄၉) သိန်းကိုဆောင်ရွက်နိုင်ရန် ရန်ပုံငွေ လုံလောက်မှုမရှိပါသဖြင့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီဝင်းက ပထမမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေသခံပြည်သူများ အားထားရာလမ်းအဖြစ် ကျန်ရှိနေပါသေးသော်လည်း လမ်းမှာကောင်းမွန်ခြင်းမရှိသောကြောင့် ဒေသခံများ၏ သွားလာရေး အခက်အခဲများဖြစ်နေကြရပါတယ်။

ဒါကြောင့်မိုးမိတ်မြို့မှ ရွှေလီ (၃)စီမံကိန်း (၁၂) မိုင်အထိ မြေသားလမ်းသည် ကောင်းမွန်ခြင်းရှိပြီး (၁၂) မိုင်မှ မြစ်ဆုံရွာသို့ ဆက်လက်သွားသော ကျန်ရှိ (၆) မိုင်လမ်းသည် ဒေသခံများ ကောင်းမွန်စွာသွားလာနိုင်ရေးအတွက် ၂၀၁၆ - ၂၀၁၇ ဘတ်ဂျက် နှစ်မှ သင့်လျော်သောဘတ်ဂျက်ဖြင့် ပြုပြင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ ။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းမှ မိုးမိတ်မြို့မှ မြစ်ဆုံရွာသို့ မရောက်မီ ရွှေလီ (၃)စီမံကိန်း မိုင်တိုင် (၁၂)အထိလမ်းသည် ကောင်းမွန်ခြင်းရှိသောကြောင့် မြစ်ဆုံရွာသို့ ဆက်လက်သွားသော ကျန်ရှိ (၆) မိုင်အား ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ သင့်လျော်သော ဘတ်ဂျက်ဖြင့်ပြုပြင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

မန္တလေး - မိုးကုတ် - မိုးမိတ် - မဘိမ်း - စီဦး - ဗန်းမော် လမ်းသည် ပြည်နယ်မှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး မိုးမိတ်ခရိုင်မှ

D/real(wide) (7

တာဝန်ယူထိန်းသိမ်းရသောလမ်းဖြစ်ပါတယ်။ မိုးမိတ်မြို့နယ်အစ
ကုန်းဝက်မှ မြစ်ဆုံအပိုင်းအထိ မိုင်တိုင် (၁၃/၂ မှ ၄၇/၄)ထိ
(၃၄) မိုင် (၂) ဖာလုံနှင့် မဘိမ်းမြို့နယ်တွင် မြစ်ဆုံ - စီဦးအပိုင်း၊
မိုင်တိုင် (၄၇/၅ မှ ၁၀၂/၀)ထိ (၅၄) မိုင် (၃) ဖာလုံ၊ စုစုပေါင်း
(၈၈) မိုင် (၅) ဖာလုံပါဝင်ပါတယ်။

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်
အကောင်အထည်ဖော်ရေးဦးစီးဌာန၊အမှတ်(၂)တည်ဆောက်ရေးမှ
တာဝန်ယူဆောင်ရွက်သော ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်းမှ
၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ မိုးမိတ်-မြစ်ဆုံအပိုင်း၊
မိုင်တိုင်(၃၁/၄ မှ ၄၇/၄)အထိ (၁၆)မိုင်အား ပြင်ဆင်
ထိန်းသိမ်းခြင်းလုပ်ငန်းများကိုဆက်လက်တာဝန်ယူဆောင်ရွက်မည်
ဖြစ်ကြောင်း၊ ၂၀-၃-၂၀၁၂ ရက်နေ့တွင် အကြောင်းကြားလာခဲ့
ပါတယ်။

၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ ၂၀၁၆ - ၂၀၁၇
ဘဏ္ဍာရေးနှစ်အထိ ရွှေလီ (၃)ရေအားလျှပ်စစ်မှ ပြင်ဆင်ထိန်းသိမ်း
ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ လမ်းဦးစီး
ဌာနအနေဖြင့် မိုးမိတ်မြို့မှ မြစ်ဆုံရွာအထိ မိုင်တိုင်(၂၉/၄ မှ ၃၁/၄)
(၂)မိုင်ကိုသာ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်
အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ၂-၁-၂၀၁၇ ရက်စွဲပါ
စာအမှတ်၊ ၃၁/ရအ - လင(၂)/၀၂၃/၂၀၁၇ဖြင့် ရွှေလီမြစ်၏
ဝဲဘက်ကမ်းရှိ မိုးမိတ် (၂)မိုင်စခန်း မြစ်ဆုံရွာ - တမံ (၂၀)မိုင် (၅)
ဖာလုံ လမ်းအပိုင်းနှင့် ယာဘက်ကမ်းရှိ ရွှေလီမြစ်(မြစ်ကူးတံတား)
မဘိမ်းလမ်းဆုံလမ်းပိုင်း(၄)မိုင်(၂)ဖာလုံ၊ စုစုပေါင်းလမ်းအရှည်
(၂၄)မိုင် (၇) ဖာလုံနှင့် အဆိုပါလမ်းပိုင်းအပေါ်ရှိ တံတားပေါင်း
၆၉ စင်းတို့အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနသို့

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ
ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရ
အဖွဲ့ဝင်ဝန်ကြီးများ အားလုံးကျန်းမာကြပါစေလို့ ဆုမွန်ကောင်း
တောင်းလိုက်ရပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည် (မြောက်ပိုင်း)
မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်
ကိုယ်စားလှယ် ဒေါ်ရီရီဝင်းဖြစ်ပါတယ်ရှင်။

ကျွန်မအနေနဲ့ ယနေ့အစည်းအဝေး၌ မေးခွန်းနံပါတ် (၁)တွင်
ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့မှ မြစ်ဆုံရွာသို့
ဆက်လက်သွားသော ကျန်ရှိ(၆)မိုင်သည် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေး
နှစ်မှ သင့်လျော်သောဘတ်ဂျက်ဖြင့် ပြုပြင်ပေးနိုင်ရန် အစီအစဉ်
ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည် (မြောက်ပိုင်း)၊ မိုးမိတ်
ခရိုင်၊ မိုးမိတ်မြို့နယ်သည် မြို့ပေါ် (၄) ရပ်ကွက်၊ ကျေးရွာအုပ်စု (၂၈)
အုပ်စု၊ ကျေးရွာပေါင်း (၉၇)ရွာနှင့် ဖွဲ့စည်းထားသော ခရိုင်/မြို့
ဖြစ်ပါတယ်။ ယခင်က မိုးမိတ်မြို့မှ မဘိမ်းမြို့သို့သွားလိုလျှင် မိုးမိတ်
မြို့နယ်အတွင်းရှိ ကျေးရွာဖြစ်သော မြစ်ဆုံရွာမှတစ်ဆင့် ရွှေလီမြစ်
ကြောင်းအတိုင်း စက်လှေဖြင့် သွားလာကြရ ပါတယ်။ မိုးမိတ် - မြစ်ဆုံ
- မဘိမ်းခရီးအကွာအဝေးသည် (၃၆) မိုင်ခန့်ရှိပြီး မိုးမိတ် - မြစ်ဆုံရွာ
သည် (၁၈) မိုင်ခန့်ကွာဝေးပါတယ်ရှင်။

ယခုအခါ မြစ်ဆုံရွာအနီးတွင် ရွှေလီ (၃)ရေအားလျှပ်စစ်
စီမံကိန်း တည်ဆောက်နေပြီဖြစ်တာကြောင့် မြစ်ဆုံရွာမှတစ်ဆင့်
စက်လှေအသုံးပြုသွားလာခြင်းမရှိတော့ဘဲ မိုးမိတ်မြို့မှ (၁၂)မိုင်
အကွာ ရွှေလီ (၃)စီမံကိန်းနေရာရှိ တံတားကြီးတွင် မဘိမ်းမြို့သို့
ဆက်သွယ်သွားလာနေကြပြီဖြစ်ပါတယ်။ မိုးမိတ် - မြစ်ဆုံလမ်းသည်
မြစ်ဆုံရွာနှင့် လမ်းပန်းဒေသရှိ စိုက်ပျိုးရေးလုပ်ကိုင်နေကြသော

D/real(wide) (7

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ လက်ခုပ်ပင်ကျေးရွာအုပ်စု၊ လက်ခုပ်ပင်ကွင်းအမှတ် (၂)၊ အမှတ် (၁၄)၊ အမှတ် (၁၅)တွင်ရှိသည့် လယ်မြေ၈ကော (၇၈၀)ကျော်သည် စိုက်ပျိုးရေးရရှိရေးအတွက် နမ့်မိတ်ချောင်းမကြီးပေါ်တွင် မည်သို့ရွာမလက်ရိုက်ဆည်လုပ်ကာ ရေသွင်းမြောင်းမကြီးမှတစ်ဆင့် ရေသွယ်ယူ စိုက်ပျိုးကြရပါသဖြင့် လယ်မြေများရေမနစ်မြုပ်စေရန်အတွက် ခိုင်မာပြီးပြုကျမှုမရှိနိုင်သော ရေပိုလွှဲတစ်ခု လိုအပ်နေပါသောကြောင့် တည်ဆောက်ပေးနိုင်ပါရန် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပိုလွှဲဘတ်ဂျက်ဖြင့်တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိဆိုသည့်မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ လက်ခုပ်ပင်ကျေးရွာအုပ်စု၊ နမ့်မိတ်ချောင်းပေါ်ရှိ မည်သို့ရွာမလက်ရိုက်ဆည်အနီးတွင်ရှိသော ရေပိုလွှဲတစ်ခု အခိုင်အမာတည်ဆောက်နိုင်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိကို ပဏာမကွင်းဆင်းတိုင်းတာမှုများ ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါတယ်။

အဆိုပါကွင်းဆင်းစစ်ဆေးချက်များအရ ရေပိုလွှဲဆောင်ရွက်ပေးရန် ဖြစ်မြောက်နိုင်စွမ်းရှိပါကလည်း ယခု ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှာ ကုန်ဆုံးနေပြီဖြစ်ပါသဖြင့် ပြီးစီးအောင်ဆောင်ရွက်နိုင်ရန် အချိန်လုံလောက်မှုရှိမှာမဟုတ်တော့ပါဘူး။

သို့ဖြစ်ပါ၍ ရေပိုလွှဲဆည်ဆောက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ အသေးစိတ်တိုင်းတာစိစစ်ပြီး ဖြစ်မြောက်နိုင်စွမ်းရှိပါက အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင်ထည့်သွင်းပြီး ဘဏ္ဍာငွေရရှိမှုပေါ်မူတည်ပြီး လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးမိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအိုက်ခမ်းလှိုင်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

လွှဲပြောင်းပေးအပ်လိုပါကြောင်း လက်ခံရယူလိုခြင်း ရှိ/မရှိ ပြန်ကြားပေးပါရန် ညွှန်ကြားချက်အရ ကြားလာခဲ့ရာတွင် လမ်းဦးစီးဌာနအနေဖြင့် လမ်းလွှဲပြောင်းမှုအတွက် ဝန်ကြီးဌာန၏ မူဝါဒနှင့်ကိုက်ညီမှုရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လမ်းလွှဲပြောင်းလက်ခံရမည်ဆိုပါက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှသာ လမ်းဦးစီးဌာန၏ လမ်းစာရင်းတွင် ပါဝင်မည်ဖြစ်ပါသော်လည်း မြစ်ဆုံရွာသို့ ဆက်လက်သွားရောက်ရသော ၆ မိုင်အား ဒေသခံပြည်သူများ သွားလာရေးချောမွေ့စေရန်အတွက် ယခုမိုးတွင်းကာလမတိုင်မီတွင် လမ်းဦးစီးဌာန၊ မိုးမိတ်မြို့နယ်မှ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ဖြေကြားပေးမည့်ကဏ္ဍရှိပါသလားခင်ဗျား။ မရှိသည့်အတွက် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

ဆက်လက်ပြီး ဒေါ်ရီရီဝင်းက ဒုတိယမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ ကျွန်မအနေနဲ့ ဒုတိယမေးခွန်းဖြစ်သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ လက်ခုပ်ပင်ကျေးရွာအုပ်စု၊ လက်ခုပ်ပင်ကွင်းအမှတ် ၂/၁၄/၁၅ ရှိ လယ်မြေများ ရေမနစ်စေရန်အတွက် ရေပိုလွှဲတစ်ခုတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ လက်ခုပ်ပင်ကျေးရွာအုပ်စု၊ လက်ခုပ်ပင်ကွင်း

D/real(wide) (7

ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြုမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်ဖြစ်ပါတယ်။

ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်အတွက် အဆင့်မီ ဆန်ကြိတ်စက်ကြီးမရှိသေးခြင်းနှင့် ပိုလျှံသော စပါးရောင်းချခွင့်ပြုရန် ရှိ/မရှိနှင့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းယောင်းမြို့နယ်၏ လူဦးရေ ၉၀ %ခန့်တွင် တောင်သူလယ်သမားများဖြစ်ကြပါတယ်။ ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်မှုကြောင့် တောင်သူလယ်သမားများအနေဖြင့် မိမိတို့ဝမ်းစာအပြင် ပိုလျှံသောစပါးများစွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ ပိုလျှံစပါးများကို တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၏ နယ်စပ်မြို့ဖြစ်သော မိုင်းလုံးမြို့သို့သွားရောက် ရောင်းချပြီး နယ်စပ်ကုန်သွယ်ရေးရုံး ကျိုင်းတုံမြို့တွင် အခွန်ပေးဆောင်ပြီး တင်ပို့ရောင်းချကြလို့ တောင်သူလယ်သမားများ ဝင်ငွေကောင်းခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်တွင် စိုက်ပျိုးထုတ်လုပ်ထားသည့် စပါးများရောင်းချခွင့်မရတော့ဘဲ ကုန်ချောဖြစ်သော ဆန်ကိုသာတင်ပို့ရောင်းချကြရမည်ဟု သက်ဆိုင်ရာက ညွှန်ကြားထားကြောင်း သိရှိရပြီး ယခုအချိန်အထိ တောင်သူလယ်သမားများ မိမိလက်ဝယ်ရှိ ပိုလျှံစပါးများရောင်းချရသေးခြင်း

အမှတ် (၂)၊ အမှတ် (၁၄)နှင့် အမှတ် (၁၅)ကွင်းရှိ လယ်မြေက (၇၈၀)ကျော်သည် စိုက်ပျိုးရေရရှိရေးအတွက် နမ့်မိတ်ချောင်းမကြီးပေါ်တွင်မညာ၊ရွာမလက်ရိုက်ဆည်လုပ်ကာ ရေသွင်းမြောင်းမကြီးမှတစ်ဆင့် ရေသွယ်ယူစိုက်ပျိုးကြရပါတယ်ရှင်။

ဒေသခံတောင်သူများက လက်ရိုက်ဆည်နှင့် ပေ (၁၂၀၀) အကွာလျှင် ရေပိုလွှဲတစ်ခု အခိုင်အမာတည်ဆောက်နေ ပါတယ်ရှင်။ ၎င်းရေပိုလွှဲထားရှိခြင်းကြောင့် နမ့်မိတ်ချောင်းရေကို လဲလှယ်ထိန်းထားနိုင်ပြီး ရေများလျှင်လွှတ်ပေးနိုင်ရန်အတွက်လည်းကောင်း၊ ရေများခဲ့ပါက လယ်မြေများရေမနစ်စေရန်အတွက်လည်းကောင်း၊ ခိုင်မာပြီးပြုံကျမှုမရှိနိုင်သော ရေပိုလွှဲတစ်ခု လိုအပ်နေပါသောကြောင့် တည်ဆောက်ပေးနိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ပိုလျှံဘတ်ဂျက်ငွေဖြင့် တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတာဝန်ယူထားသည့် ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာသည့်

D/real(wide) (7

(၂/၂၀၁၇)ဖြင့်လည်းကောင်း၊ ခရိုင် စပါး၊ ဆန်ဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၇)ဖြင့်လည်းကောင်း၊ မြို့နယ် စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၇)ဖြင့် ထုတ်ပြန်ထားရှိပါတယ်။

သို့သော်ဆန်စပါးဝယ်ယူရာတွင် ဒေသ၏ စပါးပေါက်ဈေးသည် တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်အောက်ရောက်နေပါက နိုင်ငံတော်မှ စပါးဝယ်ယူပေးရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့သို့တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုနေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီ မိနစ် ၃၀ ရပ်နားမှာဖြစ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေး အစီအစဉ်ကို နေ့လည် ၁ နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

မရှိပါ။ မိုင်းယောင်းမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်ရုံး၏ ၇ - ၁- ၂၀၁၇ ရက်စွဲပါစာအမှတ်၊ လတက (မယ)/၀၁/၂၀၁၇ဖြင့် စပါးရောင်းချခွင့်တင်ပြထားသော်လည်း ယခုထိတစ်စုံတစ်ရာ ပြန်ကြားအသိပေးခြင်းမရှိသေးပါ။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းယောင်းမြို့အနေဖြင့် အဆင့်မီဆန်ကြိတ်စက်မရှိသေးခြင်း၊ ဟာလာစက်သေးဖြင့် ကြိတ်ခွဲသောဆန်ကို တစ်ဖက်နိုင်ငံက ဝယ်ယူမှုမရှိခြင်းနှင့် အဆင့်မီဆန်ကြိတ်စက် တည်ဆောက်ရန် လျှပ်စစ်မီးမရှိသေးတာကြောင့် ကုန်ချောဖြစ်သော ဆန်ကိုသာ ရောင်းချခွင့်ပြုမည်ဆိုပါက တောင်သူလယ်သမားများ လက်ဝယ်ရှိ ပိုလျှံသောစပါးများ ရောင်းချနိုင်တော့မည်မဟုတ်ပါ။ တောင်သူလယ်သမားများ လက်ဝယ်ရှိစပါးများမှာလည်း စပါးရောင်းချခွင့်မရခဲ့လျှင် လာမည့်နှစ် စပါးစိုက်ပျိုးထုတ်လုပ်မှုကိုပါ ထိခိုက်နိုင်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ အဆင့်မီဆန်ကြိတ်စက်ကြီး တည်ဆောက်ပြီးစီးမှုမရှိသေးမီ မိုင်းယောင်းမြို့နယ်ရှိ တောင်သူလယ်သမားများ၏ ပိုလျှံစပါးများကို တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ (သို့မဟုတ်) နိုင်ငံတော်မှ ကာလပေါက်ဈေးဖြင့် ဝယ်ယူရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ကျွန်တော်၏ ပြည်သူလူထုကိုယ်စားရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (7

၁၅၂

ရှမ်းပြည်နယ်

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး

(ဒုတိယနေ့)မှတ်တမ်း

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်

[အင်္ဂါနေ့]

နေ့လည်ပိုင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လည်ပိုင်း အစီအစဉ်များအား ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

D/real(wide) (7

၁၅၀

ဦးစိုးညွန့်လွင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း၊ နှလုံး၏ သာယာခြင်းနှင့် ပြည့်စုံကြပါစေ။ အခု ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ မိုင်းယောင်းမြို့နယ်အတွက် အဆင့်မီဆန်ကြိတ်စက်ကြီး တည်ဆောက်ပြီးစီးမှုမရှိသေးမီမှာ မိုင်းယောင်းမြို့နယ်ရှိ တောင်သူလယ်သမားများ၏ ပိုလျှံစပါးများကို တစ်ဖက်နိုင်ငံသို့တင်ပို့ရောင်းချခွင့်ပြုရန် (သို့မဟုတ်) နိုင်ငံတော်မှကာလပေါက်ဈေးဖြင့် ဝယ်ယူရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းကို ကျွန်တော်အနေဖြင့် ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

မိုင်းယောင်းနယ်စပ်ဒေသမှ စိုက်ပျိုးထွက်ရှိပြီး ပိုလျှံသည့် စပါးများကို နိုင်ငံတော်သမ္မတရုံး၏ ၆-၄-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁၃(၇)/၁/သမ္မတ၏ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် နယ်စပ်မှတစ်ဆင့် ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ်မှစ၍ စပါးအတိုင်း တင်ပို့ခွင့်မပြုတော့ဘဲ ဆန်အဖြစ်ကြိတ်ခွဲထုတ်လုပ်ပြီးမှသာ တင်ပို့ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ စပါးကို တင်ပို့ခွင့်မရှိသည့်အတွက် နိုင်ငံတော်၏ မူဝါဒ၊ နှစ်ဘက်နိုင်ငံ၏မူဝါဒများ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဆက်စပ်ပြီး ပြန်လည်ပြီးတင်ပို့ခွင့်မပြုခဲ့ခြင်းဖြစ်ပါတယ်။

နိုင်ငံတော်မှ ကာလပေါက်ဈေးဖြင့် ဝယ်ယူရန် ယခုအချိန်ထိ စီစဉ်ဆောင်ရွက်ထားခြင်းနှင့် ညွှန်ကြားမှုတစ်စုံတစ်ရာမရှိသေးသော်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့မှ တိုင်းဒေသကြီး/ပြည်နယ် စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို အမိန့်ကြော်ငြာစာအမှတ်

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ “ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၀။)အား ပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရန်တိုက်တွန်းခြင်း” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါ မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၀။) အား ပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း” အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးသွင်းထားပါတယ်။

ပထမဦးစွာ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လည်ပိုင်း အစီအစဉ်သို့ တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမဂ််လာပါလို့ ကျွန်တော်က ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ကလောမြို့နယ်

ဒါကိုလည်း နည်းဥပဒေအပေါ်မှာ ထည့်ဆွဲထားသည့်အချက်တွင် ဒီအခန်းကဏ္ဍကို အတိုအကျနဲ့ ပြဋ္ဌာန်းစေချင်ပါတယ်။

နောက်တစ်ချက်အနေဖြင့် ပုဒ်မ ၁၇ တွင် မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ စည်းကမ်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊ ကွပ်ကဲခြင်းများကို အပိုဒ် (၃၀)နှင့် ပုဒ်မခွဲတွင် ပြဋ္ဌာန်းထားတာအင်မတန်လေးကောင်းပါတယ်။

ဥပမာအားဖြင့် သာဓကတစ်ခုအနေဖြင့် (က) မြို့ပြစီမံကိန်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ (ဇ) စီးပွားရေးကြော်ငြာဆိုင်းဘုတ်များနှင့် ကြော်ငြာဆောင်ရွက်ခွင့်ပြုခြင်းနှင့် ကြီးကြပ်ခြင်း၊ (ဈ) ကျူးကျော်အိမ်များ၊ ကျူးကျော်တဲများ၊ ကျူးကျော် အဆောက်အဦများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်းနှင့် လိုအပ်ပါက ပြောင်းရွှေ့နေရာချထားခြင်း စသည့်အချက်များတွင်ပါဝင်တာလည်း သိရှိရသည့်အတွက် အင်မတန်ကောင်းပါတယ်။ ဒါပေမယ့်ဒါတွေကိုကျွန်တော်တို့က စည်းကမ်းချက်အတိုင်း၊ ဥပဒေအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်ကြီးကြပ်မှုအပိုင်းဆိုတာကလည်း နည်းဥပဒေမပေါ်သေးသည့်အတွက် လုပ်ထုံးလုပ်နည်းအရလုပ်ရတာ အခက်အခဲတွေအများကြီးရှိပါတယ်။

အခန်း (၆) မြို့နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်များ ပုဒ်မ ၁၉ ဖြစ်ပါတယ်။ ပုဒ်မ ၁၉ တွင် အပိုဒ်ခွဲ (ဇ)တွင် လုပ်ငန်း၏ လိုအပ်ချက်အရ လုပ်ငန်းနှင့် ဒေသအလိုက်အဖွဲ့ဝင်များ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊ (စ) စည်ပင်သာယာရေးဌာနပိုင်မြေတွင် မည်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများမှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား

D/real(wide) (7

လမ်းတံတားဆောက်လုပ်ခြင်း၊ ရေပေးရေးနှင့် သန့်ရှင်းရေးစသည့် ဝန်ဆောင်မှုလုပ်ငန်းများကို အပ်နှံဆောင်ရွက်ခွင့်ပြုခြင်းဆိုတာကိုလည်း ပြဋ္ဌာန်းထားပါတယ်။ အခန်း (၆) မြို့နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အဲ့လိုအတိအလင်းပြဋ္ဌာန်းထားပေမယ့် လုပ်ငန်းလိုအပ်ချက်အရဆိုသည့်နေရာမှာ ဖွဲ့စည်းသည့်နေရာမှာ အဖွဲ့ငယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်းဆိုတာပဲပါသည့်အတွက် ဘယ်လို လုပ်ငန်းတွေကို ဖွဲ့သည့်အခါမှာ ဘယ်လိုကော်မတီတွေကို ဖွဲ့စည်းမှာလဲ။ မြို့နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်က ပြဋ္ဌာန်းထားပြီးမှ ဘယ်လို အပိုင်းတွေကို အတိအကျလုပ်ပိုင်ခွင့်ဆိုသည့်နေရာမှာ ပါဝင်ခြင်း မရှိသေးတာကိုလည်း တွေ့ရှိရပါတယ်။

နောက်တစ်ချက်က (ဏ)တွင် ပဂ္ဂလိကလုပ်ငန်းရှင်များအား လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေပေးရေးနှင့် သန့်ရှင်းရေးစသည့် ဝန်ဆောင်မှုလုပ်ငန်းများကို အပ်နှံဆောင်ရွက်ခွင့်ပြုခြင်းဆိုသည့်အပိုင်းတွင်လည်း အခုသွားနေသည့် ဥပဒေအတိုင်း အရဆိုလျှင် ယုံကြည်မှုနဲ့ပဲ သွားနေရသည့်သဘောဖြစ်ပြီး ပြည်နယ်စည်ပင်သာယာရေး ကော်မတီကမပေါ်ပေါက်သေးသည့်အတွက် ယုံကြည်မှုနဲ့ပဲသွားနေရသည့် လမ်းညွှန်ချက်နဲ့သာသွားနေရသည့် သဘောကိုတွေ့ရှိရပါတယ်။

အခန်း (၁၂)တွင် ကြီးကြပ်ခြင်းဖြစ်ပါတယ်။ ကြီးကြပ်ခြင်း ပုဒ်မ ၅၃ တွင် ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (က)တွင် စည်ပင်သာယာရေးဌာနများက ရေးဆွဲတင်ပြထားသော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း နှစ်တို့၊ နှစ်ရှည်စီမံကိန်းများစိစစ်၍ အစိုးရအဖွဲ့သို့ တင်ပြခြင်း၊ (ခ) အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ကြီးကြပ်မှုကို ဆောင်ရွက်ခြင်းဆိုသည့်အပိုင်းမှာ ပုဒ်မ ၅၂ တွင် ပြည်နယ်

မဲဆန္ဒနယ်အမှတ် (၂)မှလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ "ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်၁၀။)အား ပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း" အဆိုကို ကျွန်တော်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေသည် ဥပဒေအမှတ် (၁၀)၊ ၂၀၁၃ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပြီးမှ စည်ပင်သာယာရေးလို့ စတင်ဆောင်ရွက်နေတာ သိရှိရပါတယ်။

အခုအစိုးရသစ်လက်ထက်တွင်သက်တမ်း (၁)နှစ်ရှိပြီဖြစ်သော်လည်း ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီဥပဒေတွင် ပြဋ္ဌာန်းသည့်အတိုင်း အခန်း (၃)တွင် စည်ပင်သာယာရေးကော်မတီဖွဲ့စည်းခြင်းကို ပြဋ္ဌာန်းထားပြီးမှ ပုဒ်မ ၉တွင် ဌာနများ၊ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ကော်မတီဖွဲ့စည်းခြင်း မပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ ဖွဲ့စည်းထားသည့် မြို့နယ်ကော်မတီသည် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါတွင်ဖြစ်စေ၊ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင်အရာရှိ(သို့မဟုတ်) သင့်လျော်သော နိုင်ငံသားတစ်ဦးကို တာဝန်ပေးအပ်နိုင်သည်။

သို့ရာတွင် ထိုသို့တာဝန်ပေးအပ်ရာတွင် အချိန်ကာလအားဖြင့် (၆)လထက်မကျော်လွန်စေရဟုပြဋ္ဌာန်းထားပြီးမှ ပြည်နယ်စည်ပင်သာယာရေးကော်မတီတွင် ဒီလိုအတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိသည့်အတွက် အခုချိန်ထိလည်း ပြည်နယ်စည်ပင်သာယာရေးကော်မတီက တရားဝင်ဖွဲ့စည်းထားတာကိုမတွေ့ရှိရသေးပါဘူး။

D/real(wide) (7

ကော်မတီသည် အောက်ပါစည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်လို့ ပြဋ္ဌာန်းထားသည့်အချက်လည်းရှိပါတယ်။ ဒါပေမယ့် အဲ့လိုပြဋ္ဌာန်းထားရာ၌ ပုဒ်မ ၅၃ တွင် ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်လို့ပြဋ္ဌာန်းသည့်အတွက် ပြည်နယ်စည်ပင်သာယာရေးကော်မတီက ဖွဲ့စည်းထားခြင်းမရှိသည့်အတွက် ဝန်ကြီး၏ အခန်းကဏ္ဍက ပျောက်ဆုံးနေတာကိုတွေ့ရှိရပြီး ရုံးဌာန၏ အကြီးအမှူးက လုပ်ပိုင်ခွင့်ပိုနေတာကိုလည်းတွေ့ရှိရပါတယ်။

နောက်ပြီးစည်ပင်သာယာရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ကြီးကြပ်ခြင်းဆိုသည့် အပိုင်းတွင်ဒီအချက်ပဲရှိပြီး ဒီလုပ်ငန်းများကို အကောင်အထည်ဖော်မှု၊ ပြီးစီးမှု၊ လုပ်ငန်းအရည်အသွေးပြည့်ဝမှု ဆိုသည့် နေရာမှာ ကြီးကြပ်သည့်အပိုင်းတွင်လည်း နောက်နည်းဥပဒေကျလျှင် တိတိကျကျပြဋ္ဌာန်းရန် လိုမည့်အချက်လည်းပါပါမယ်။ ကျွန်တော်ဘာကိုဆိုလိုသည့် သဘောလဲဆိုလျှင် ဒီမြို့၊ ဒီရပ်ကွက်၊ ဒီမြို့နယ်တွင် လုပ်မည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုလျှင် မြို့နယ်ကော်မတီက ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုမရှိသေးဆိုသည့်အချက်တွင် ဒီဥပဒေတွင်ပါဝင်နေပြီး ဘယ်လိုကော်မတီတွေဖွဲ့စည်းသည့်အခါတွင် ဘယ်လိုဆပ် ကော်မတီတွေဖွဲ့စည်းပြီး ဦးရောဘယ်လောက်ဆိုတာကိုလည်း သတ်သတ်မှတ်မှတ် ပြဋ္ဌာန်းသင့်တယ်လို့ ကျွန်တော်အနေနဲ့ထင်မိပါတယ်။

ဒါကြောင့် ဒီတစ်ခုတည်းနဲ့ အားလုံးကိုခြုံငုံသုံးသပ်ရမည်ဆိုလျှင် စည်ပင်သာယာရေးဥပဒေတွင်ပါသည့် ဥပဒေအားလုံးကကောင်းမွန်ပြီး တကယ်လည်းမြို့ပြဖွံ့ဖြိုးရေးဆိုသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရသည့်အတွက် အင်မတန်ကောင်းပါတယ်။ ဒါပေမယ့်လုပ်ငန်းများ အကောင်အထည်ဖော်

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမဂ်လာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ဖြစ်ပြီး သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော “ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၀။)အား ပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း” အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေကို ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး ယနေ့အချိန်ထိဆိုလျှင် (၄)နှစ်တာ ကာလအတွင်းသို့ ရောက်ရှိလာပြီး ယခုအချိန်ထိ နည်းဥပဒေကိုရေးဆွဲထုတ်ပြန်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရပါတယ်။

အခန်း (၃) စည်ပင်သာယာရေးကော်မတီဖွဲ့စည်းခြင်း ပုဒ်မ (၈)တွင် ဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီကို အများပြည်သူဆန္ဒအရ ရွေးချယ်ဖွဲ့စည်းသောနည်းလမ်းဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်ဟု တွေ့ရှိရပါတယ်-

(က) မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် ဥက္ကဋ္ဌ
(ခ) လူမှုရေး (သို့) စီးပွားရေးအဖွဲ့အစည်း အဖွဲ့ဝင်
ကိုယ်စားလှယ် (၁)ဦး

D/real(wide) (7

(၇) သက်ဆိုင်ရာလုပ်ငန်းအလိုက်ကျွမ်းကျင် အဖွဲ့ဝင်
ပညာရှင်ပညာအခြေပြုအဖွဲ့အစည်းများမှ
ကိုယ်စားလှယ် (၁)ဦး

(ဃ) မြို့မိမြို့ဖများမှ ကိုယ်စားလှယ် (၁)ဦး အဖွဲ့ဝင်

(၉) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(စ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး အဖွဲ့ဝင်
ဌာနမှ ကိုယ်စားလှယ် (၁)ဦး

(ဆ) အမှုဆောင်အရာရှိ အတွင်းရေးမှူး
မြို့နယ်စည်ပင်သာယာရေးဌာန

(ဇ) သက်ဆိုင်ရာမြို့နယ်ခွဲတာဝန်ခံ တွဲဘက်
သက်ဆိုင်ရာမြို့နယ်ခွဲစည်ပင် အတွင်းရေးမှူး
သာယာရေးဌာန

အစရှိသဖြင့် (စ)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်ဟု ပါရှိပါတယ်။

ပြဋ္ဌာန်းချက်ပါ(၄)၊ (စ)၊ (ဆ)၊ (ဇ)များသည် အငြင်းပွားရန်မလို ရှင်းလင်းသော်လည်း (က) မြို့မိမြို့ဖဟုဆိုရာတွင် အသက်ကြီးသော ပုဂ္ဂိုလ်လား၊ အသက်မကြီးသော်လည်း စီးပွားငွေကြေးတောင့်တင်းသော ပုဂ္ဂိုလ်လား၊ စီးပွားရေးအင်အားမတောင့်တင်းသော်လည်း သိက္ခာသမာဓိရှိသော ပုဂ္ဂိုလ်များကို ရွေးရမည်လား အစရှိသဖြင့် ရှင်းလင်းစွာ ရွေးချယ်ရမည့် နည်းလမ်းတစ်ခု လိုအပ်လာပါတယ်။ (ခ)တွင်လည်း လူမှုရေး (သို့မဟုတ်) စီးပွားရေးအဖွဲ့အစည်းကိုယ်စားလှယ် (၁)ဦးဟုဆိုရာတွင် လူမှုရေးလုပ်ငန်းများ လုပ်ဆောင်သူကို ဦးစားပေးရမည်လား၊ စီးပွားရေးသမားတွင်မည်ကဲ့သို့သောလုပ်ငန်းရှင်မျိုးကိုမှ စီးပွားရေးသမားဟု သတ်မှတ်မည်လဲဆိုသည့် တိုင်းတာရမည့် နည်းလမ်းများ လိုအပ်နေသည်ကို တွေ့ရှိရပါတယ်။

ဆောင်ရွက်ရသည့်ကိစ္စများတွင် အပိုအပြင်ဆောင်ရွက်နိုင်ရန် တည်ဆဲဥပဒေအရ ဆောင်ရွက်နိုင်မှုအပိုင်းတွင် နည်းဥပဒေမရှိသေးသည့်အတွက် ကျွန်တော်အနေနဲ့ ဒါကိုလည်း အစိုးရအဖွဲ့ကို တိုက်တွန်းပါတယ်။ အတတ်နိုင်ဆုံး မြန်မြန်ဆန်ဆန်လေးနဲ့ ဒီနည်းဥပဒေကထွက်သွားနိုင်မည်ဆိုလျှင် မြို့/ရွာ၊ ကျေးရွာ၏ ရည်ရွယ်ချက်မှာပါသည့်အတိုင်း စည်ပင်သာယာရေးလုပ်ငန်းများကိုလည်း ကောင်းမွန်ဖော်ဆောင်နိုင်မှာဖြစ်ပြီး မြို့နယ်စည်ပင်၏ လုပ်ပိုင်ခွင့်တာဝန်များကိုလည်း ပြတ်ပြတ်သားသားဆောင်ရွက်ရန် ထည့်သွင်းစေချင်ပါတယ်။

နောက်တစ်ချက်က မြို့နယ်စည်ပင်သာယာရေးကော်မတီလုပ်ငန်းတွင်ပါသည့် အထပ်မြင့်အဆောက်အဦကဏ္ဍတွင်လည်း နှစ်ထပ်ဆိုလျှင် မြို့နယ်လုပ်ပိုင်ခွင့်၊ သုံးထပ်ဆိုလျှင် ဘယ်လိုလုပ်ပိုင်ခွင့် ဒါကိုလည်း နည်းဥပဒေတွင် ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသားနှင့် ပြဋ္ဌာန်းစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုလျှင် ပြည်နယ်အစိုးရ၏ သဘောတူညီမှုဖြင့်ဆိုလျှင် လုပ်ငန်းရှင်အနေနဲ့ရော လုပ်ငန်းလုပ်ရမည့်သူများအနေနဲ့ကလည်း ကြန့်ကြာမှုရှိတာတွေဖြစ်သည့်အတွက် နည်းဥပဒေကို မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန်လေးနဲ့ ပါသင့်ပါထိုက်သည့်အချက်များကိုလည်း ညှိနှိုင်းတိုင်ပင်ပြီးမှ ဆောင်ရွက်ပါလို့ ကျွန်တော်အနေနဲ့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခိုင်ညီညီကျော်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝန်ကြီးများ၊

D/real(wide) (8

(ဂ)တွင် သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင်ပညာအခြေပြုရွေးချယ်ရာတွင် မည်သည့်လုပ်ငန်းကို ဆိုလိုသနည်း။ ပညာရှင်ကို ဘယ်လိုစံချိန်စံညွှန်း၊ ဘယ်လိုပေတံနဲ့ တိုင်းတာရမလဲ ဆိုတာ ဒွိဟဖြစ်စရာ တွေ့ရှိရပြီး မြို့နယ်၊ ရပ်ကွက်တွင်းရှိ ပဏာမ ရွေးချယ်ရာတွင် အစုအဖွဲ့တစ်ခုကို ဘယ်နှစ်ဦးရွေးရမည်လဲဆိုသည့် နည်းလမ်းများ လိုအပ်နေပါတယ်။ ၎င်းကဲ့သို့ နည်းဥပဒေများ မရှိသော ကြောင့် မြို့နယ်အတော်များများက စည်ပင်သာယာရေး ကော်မတီရွေးချယ်ရာတွင် မကျေနပ်ချက်များ၊ အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့ရသည်ကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကြားသိကြုံတွေ့ခဲ့ရပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စည်ပင်သာယာရေးဌာန၏ ကျွဲ၊ နွားပွဲစျေးလေလံတင်ဒါ ခေါ်ယူမှုတွင်လည်း တင်ဒါဆွဲယူမည့်လုပ်ငန်းရှင်များသည် လိုအပ်သည့် ခိုင်မာသော အထောက်အထား၊ ပိုင်ဆိုင်မှု စာရွက်စာတမ်းများ တင်ပြရာတွင် မည်သို့လုပ်ဆောင်ရမည်ကို ရှင်းလင်းသော နည်းလမ်းများမရှိခြင်း၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီမှ လိုအပ်သလို ညွှန်ကြားချက်များ ထွက်ရှိသော်လည်း အောက်ခြေ မြို့နယ်ရှိ ကော်မတီများက လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အနီးကပ်မှထွက်ရှိသည့် ညွှန်ကြားချက်ကို ကိုက်ညီအောင် လုပ်ဆောင်ရန်ခက်ခဲခြင်းတို့ကြောင့် ဒေသခံလုပ်ငန်းရှင်များ လုပ်ငန်း လုပ်ကိုင်ခွင့်မရရှိဘဲ အခြားသော မြို့နယ်များမှ လုပ်ငန်းရှင်များ ကသာ အခွင့်အလမ်းရရှိခဲ့ခြင်းတို့ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရ ပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှ ၁၀-၃-၂၀၁၇ ရက်စွဲပါစာအမှတ်၊၁၃၂၄/ဃ-၂/ ရပစ(၀၂၀) ဖြင့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် အသားထုတ်လုပ်ရောင်းချခွင့် လက်မှတ်

D/real(wide) (8

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှဆွေးနွေးရှင်းလင်းခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၂) ဦးက ဆွေးနွေးသွားပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၂၅ (ဂ)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးဖို့ဖြစ်ပါ တယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းဖြစ်ပါတယ်။

ကျွန်တော်အနေဖြင့်ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဒေါ်နန်းစမ်းစမ်းအေးမှ တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေရေးဆွဲစဉ်က လက်ရှိကာလနှင့်မညီ၊ မဆီလျော်သည့်ပြဋ္ဌာန်းချက်များပါရှိပြီး ပြင်ဆင်ရေးဆွဲရန် လိုအပ် လျက်ရှိကြောင်း သဘောထားအရထောက်ခံပါတယ်။ စည်ပင် သာယာရေးလုပ်ငန်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင်လည်း စည်ပင်သာယာရေးဥပဒေရေးဆွဲရုံနှင့် မလုံလောက် သောကြောင့် စည်ပင်သာယာရေး နည်းဥပဒေရေးဆွဲဆောင်ရွက် ရန် လိုအပ်ပါတယ်။

စနစ်ဖြင့် သားသတ်ခြင်းနှင့် အသားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရေးအတွက် လိုက်နာဆောင်ရွက်ရန်ကိစ္စဟူထွက်ရှိထားရာ ၎င်းညွှန်ကြားချက်တွင် ကောင်းမွန်သောအချက်များပါရှိသော်လည်း အပိုဒ်ပေါင်း (၅၁)ချက်ဖြင့် ထုတ်ပြန်ထားသည့်အပြင် ယခင်ညွှန်ကြားချက်များမှာလည်း အသက်ဝင်နေခြင်းတို့ကြောင့် သာမန်ပြည်သူများအတွက် ရှင်းရှင်းလင်းလင်းနားလည်ရန် ခက်ခဲနေခြင်းတို့ကို တွေ့ရှိရပါတယ်။

နိဂုံးချုပ်အားဖြင့် စည်ပင်သာယာရေးကော်မတီသည် ဒေသခံပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံရသောဌာနဖြစ်သည့် အားလျော်စွာ ရသင့်ရထိုက်သည့် အခွန်အခများကို စည်းကြပ်ရမှာဖြစ်သလို၊ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော အခွန်နှုန်းထားများ သတ်မှတ်ပေးရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ ထို့ကြောင့် သက်ဆိုင်ရာမြို့နယ်ကော်မတီဝင်များ အလွယ်တကူ လိုက်နာဆောင်ရွက်ရန် ရှင်းလင်းသောနည်းဥပဒေ ပြဋ္ဌာန်းပေးရန် လိုအပ်ပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်လည်း နည်းဥပဒေများ ရေးဆွဲရာတွင် ဥပဒေပညာရှင်များ၏ အကြံဉာဏ်၊ ဌာနတွင်းအတွေ့အကြုံများရယူရုံတင်မကပဲ မြို့နယ်များရှိ ပြည်သူလူထုအသံများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အသံများကို ရယူပြီး ရေးဆွဲနိုင်ရန် အကြံပြုတင်ပြလိုပါတယ်။

ထို့ကြောင့် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်ဒေသနှင့်ဆီလျော်သည့် စည်ပင်သာယာရေးဥပဒေရေးဆွဲထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုကို အတည်ပြုကြောင်း ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စည်ပင်သာယာရေးဝန်ကြီးက ဒီအဆိုကို အတည်ပြုရန် သဘောတူတဲ့အတွက် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော အဆိုကို အတည်ပြုရန် လွှတ်တော်၏ ဆန္ဒကိုရယူမှာဖြစ်ပါတယ်။ ဒါကြောင့်သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေအမှတ် ၁၀။)အားပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သဘောတူပါသလားခင်ဗျား။
သုံးကြိမ်တိုင်တိုင်မေးပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ၎င်းအဆိုကို အတည်ပြုကြောင်းကြေညာပါတယ်။

အဲ့တော့အတည်ပြုပြီးလျှင် ပြဋ္ဌာန်းထားသည့်ဥပဒေကို မှီငြမ်းပြီးတော့မှ နည်းဥပဒေကို စည်ပင်သာယာရေးအဖွဲ့(သို့မဟုတ်) ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရေးဆွဲပြီး ကျွန်တော်တို့ အနီးကပ်ဆုံးလွှတ်တော်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေထားဖို့လိုပါတယ်။ အဲ့တော့ ဒီနည်းဥပဒေဟာ ကျွန်တော်တို့

D/real(wide) (8

ဖြန့်ဝေသည့်နေ့မှစပြီး ရက်ပေါင်း ၉၀ အတွင်း ပြုပြင်ဖို့မရှိဘူး ဆိုလျှင် အတည်ဖြစ်မှာလည်းဖြစ်ပါတယ်ဆိုတာကို ကျွန်တော် အနေနဲ့ လွှတ်တော်ကို အသိပေးပြောကြားလိုပါတယ်။

ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အစီအစဉ်အရ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးပါရန်ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်းရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးညီညီ(ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။

ယနေ့ကျင်းပသည့်ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်

(ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါတယ်။ ဤဥပဒေမှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ကိုးကား၍ ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကို ပြုစုရေးဆွဲထားခြင်းဖြစ်ပါတယ်။

ယစ်မျိုးခွန်ကောက်ခံရေးတွင် အရက်သေစာသောက်စားခြင်း အလေ့အထပြန့်ပွားခြင်းကိုအားပေးခြင်းမရှိစေရန်၊ သေရည်သေရက် ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုမရှိစေရန်၊ မူးယစ်စေသော သေရည်သေရက် ရောင်းချခြင်းမှ အခွန်ငွေရရှိစေရန် အလို့ငှာသာမဟုတ်ဘဲ သောက်စားသုံးစွဲခြင်း လျော့နည်းစေရန် သေရည်သေရက်ရောင်းချခြင်းကို အခွန်ကောက်ခံသည်ဟု စွဲမြဲမှတ်ယူစေရန်၊ ပြည်နယ်ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေကို ဥပဒေနှင့်အညီရရှိစေရန် ရည်ရွယ်၍ ပြဋ္ဌာန်းနိုင်ရေးတင်ပြခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါတယ်။

ဥပဒေ (မူကြမ်း)တွင် အခန်းပေါင်း (၄)ခန်း၊ ပုဒ်မပေါင်း (၁၃)ခုပါဝင်ပြီး ဤကော်မတီ၏ စိစစ်တွေ့ရှိချက်အရ ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ (မူကြမ်း) ခေါင်းစဉ် ခုနှစ် ပြင်ဆင်ရန်၊ ပုဒ်မ ၁(ခ)၊ ပုဒ်မ ၂(ငါ)၊ ပုဒ်မ ၁၃၊ ပြင်ဆင် သတ်မှတ်ထားသည့် ယစ်မျိုးလိုင်စင်ခွန်နှုန်းထားတို့အား ပြင်ဆင် ဖြည့်စွက်သင့်ပါကြောင်း ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်းဖြစ်ပါတယ်။

အမှတ်စဉ်(၁)အခန်း(၁)ပုဒ်မ ၁ ဖြစ်ပါတယ်။ ဥပဒေကြမ်း၏ မူလပြဋ္ဌာန်းချက်မှာ ဤဥပဒေကို ထုတ်ပြန် ကြေညာသည့် နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်အစား ဤဥပဒေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်ကြေညာသည့် နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင်အာဏာတည်စေရမည်ဟု ပြင်ဆင်ဖြည့်စွက်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီက အဆိုပြု

D/real(wide) (8

တင်ပြပါတယ်။ အဆိုပြုတင်ပြထားသည့်အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ် (၁)ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။ အခန်း (၁) ပုဒ်မ ၁(ခ)အရ တိကျစေရန်အတွက် ထည့်သွင်းဖော်ပြခြင်းဖြစ်သဖြင့် သဘောတူပါတယ်။

ဥက္ကဋ္ဌ။ ၎င်းပြင်ဆင်ချက်ကိုသဘောတူပါသလား။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။ ဟုတ်ကဲ့။ ပြင်ဆင်ချက်ကို သဘောတူပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤပြင်ဆင်ချက်အဆိုကို ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်မှကန့်ကွက်ရန် မရှိကြောင်းဖြေပါသည်။)

လွှတ်တော်မှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် (၂)၊ အခန်း (၁)၊ ပုဒ်မ ၂ ပုဒ်မခွဲ (ဇ)ဖြစ်ပါတယ်။ ဥပဒေကြမ်း၏ မူလပြဋ္ဌာန်းချက်မှာ ယစ်မျိုးခွန်ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေအရသတ်မှတ်ထားသော အခွန်များ

လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

နိဒါန်း။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေပုဒ်မ ၁၃၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅နှင့်အညီ ကော်မတီအစည်းအဝေးများကို (၁၈-၃-၂၀၁၇)ရက်နေ့၌ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ စိစစ်သုံးသပ်ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ် ခင်ဗျား။

လေ့လာတွေ့ရှိချက်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေကို ပထမ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်း အဝေး ဒုတိယနေ့(၄-၁၂-၂၀၁၅)ရက်နေ့၌ ဥပဒေအမှတ် (၅/၂၀၁၅) ဖြင့် အတည်ပြု၍ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ၎င်းဥပဒေအရ ခေတ်နှင့်လျော်ညီစွာ အခွန်ကောက်ခံနိုင်ရေးအတွက် ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ (မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၅-၁-၂၀၁၇)ရက်နေ့

D/real(wide) (8

ကိုဆိုသည်ဆိုသည့်အစား ယစ်မျိုးခွန်ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေအရ သတ်မှတ်ထားသည့် ချက်လုပ်မှု၊ လက်ရှိထားမှု၊ ရောင်းချမှုများနှင့် သက်ဆိုင်သော လိုင်စင်များအပေါ် တွင် ကောက်ခံသောအခွန်များကိုဆိုသည်ဟု ဥပဒေပြုရေးဆိုင်ရာကော်မတီက အဆိုပြုတင်ပြထားပါတယ်။ အဆိုပြုတင်ပြထားသည့် အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ အမှတ်စဉ်(၂) ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။ အခန်း (၁) ပုဒ်မ ၂(ဇ)အရ ယစ်မျိုးခွန်အဓိပ္ပါယ်ကို ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ပြည့်စုံအောင်ဖော်ပြထားခြင်းဖြစ်သဖြင့် ဖြည့်စွက်ချက်အပေါ် သဘောတူပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤပြင်ဆင်ချက်အဆိုကို ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်မှကန့်ကွက်ရန် မရှိကြောင်းဖြေပါသည်။)

လွှတ်တော်မှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် (၂)၊အခန်း(၄)၊ ပုဒ်မ ၁၃ ဖြစ်ပါတယ်။ ဥပဒေကြမ်း၏ မူလ

မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်းလက်ကားရောင်းချခွင့်လိုင်စင်ကျပ်သိန်း ၂၀၊ ပြဋ္ဌာန်းချက်အား FL-6 ၊ မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း လက်ကားရောင်းချခွင့်လိုင်စင် ၁၈ သိန်း၊ FL-8၊ မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာများကို လက်ကားရောင်းချခွင့်လိုင်စင် ကျပ်သိန်း ၂၀ အစား FL-8၊ မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာများကို လက်ကားရောင်းချခွင့် လိုင်စင် ၁၈ သိန်းဟု ပြင်ဆင်ဖြည့်စွက်ပေးပါရန် ဥပဒေပြုရေးဆိုင်ရာကော်မတီက အဆိုပြုတင်ပြထားပါတယ်။ အဆိုပြု တင်ပြထားသည့် အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ပါကြောင်းတင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ၎င်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။ ပြင်ဆင်သတ်မှတ်သည့် လိုင်စင်ခွန်နှုန်းထားများနှင့် ပတ်သက်ပြီး FL-6 နှင့် FL-8 ယစ်မျိုးလိုင်စင်များ၏ အခွန်နှုန်းထား များအား မူလအဆိုပြုချက် သိန်း ၂၀ မှာ ၁၈ သိန်း လျှာထား သင့်ကြောင်းသုံးသပ်ချက်အပေါ် ပြည်နယ်မှ ရသင့်ရထိုက်သော အခွန်ငွေရရှိစေရန်နှင့် လုပ်ငန်းလုပ်ကိုင်မှုများ အဆင်ပြေစေရန် ညှိနှိုင်း လျှာထားစီမံပေးခြင်းဖြစ်သဖြင့် သင့်လျော်ပါတယ်။ ပြင်ဆင်ချက်ကို သဘောတူပါတယ်။

D/real(wide) (8

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤပြင်ဆင်ချက်အဆိုကို ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်မှကန့်ကွက်ရန် မရှိကြောင်းဖြေပါသည်။)

လွှတ်တော်မှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ပထမနေ့ (၅-၁-၂၀၁၇) ရက်နေ့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံ ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များ အပါအဝင် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန မှ ဝန်ကြီး ကျွန်တော် ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှမ်းပြည်နယ်အစိုးရ

ပြဋ္ဌာန်းချက်မှာ ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေ အမှတ် (၅/၂၀၁၅)ဖြင့် ပြဋ္ဌာန်းသော ရှမ်းပြည်နယ်ယစ်မျိုးခွန် ဥပဒေအား ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်ဆိုသည့်အစား ပယ်ဖျက်ရန်ဆိုသည်ကို ဖြည့်စွက်ပေးပါရန် ဥပဒေပြုရေးဆိုင်ရာကော်မတီက အဆိုပြုတင်ပြအပ်ပါတယ်။ အဆိုပြုထားသည့် အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို ပြည်နယ်အစိုးရအဖွဲ့ဝင်မှဆွေးနွေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။ အခန်း (၄) ပုဒ်မ ၁၃ အရ အထူးရှင်းလင်းဆွေးနွေးရန် မရှိပါဘူး။ ဖြည့်စွက်ချက်ကို သဘောတူပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်မှကန့်ကွက်ရန် မရှိကြောင်းဖြေပါသည်။)

လွှတ်တော်မှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ်(၄)ပြင်ဆင်သတ်မှတ်ထားသော ယစ်မျိုးလိုင်စင်နှုန်းထားများဖြစ်ပါတယ်။ ဥပဒေကြမ်း၏ မူလပြဋ္ဌာန်းချက်မှာ FL-6 ၊

D/real(wide) (8

ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
ပဉ္စမပုံမှန်အစည်းအဝေး
(တတိယနေ့)မှတ်တမ်း
၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ရက်
၂၀၁၇ ခုနှစ်၊ မတ် လ ၂၂ ရက်
[ဗုဒ္ဓဟူးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးမျိုးသက်ကျော်၊ ဦးစီးအရာရှိက လည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
ပဉ္စမပုံမှန်အစည်းဝေးစတင်ကျင်းပခြင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီး

အဖွဲ့ကိုယ်စား ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ(မူကြမ်း)အား ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးမှ အတည်ပြုပေးနိုင်ပါရန် တင်ပြသွားမှာဖြစ်ပါတယ်။

ယခုပြင်ဆင်သတ်မှတ်မည့် ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ (မူကြမ်း)တွင် အခန်း (၄)ခန်း၊ ပုဒ်မ (၁၃)ခု၊ နောက်ဆက်တွဲဇယား (၂)ခုတို့ဖြင့် အောက်ပါအတိုင်းရေးဆွဲထားပြီး ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ (က) နိဒါန်း၊ (ခ)အခန်း (၁) အမည်စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်၊ (ဂ) အခန်း (၂) ရည်ရွယ်ချက်များ၊ (ဃ) အခန်း (၃) ယစ်မျိုးခွန်နှုန်းထားများသတ်မှတ်ခြင်း၊ (င) အခန်း (၄) အထွေထွေ၊ (စ) ယစ်မျိုးခွန်နှုန်းထားများကောက်ခံရန် နယ်မြေသတ်မှတ်ချက်၊ (ဆ) ပြင်ဆင်သတ်မှတ်ထားသည့် ယစ်မျိုးခွန်နှုန်းထားများဖြစ်ပါတယ်။

တင်သွင်းသည့်ဥပဒေ (မူကြမ်း)နှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၂(က)အရ ဖွဲ့စည်းထားသည့် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ စိစစ်ပြီး နည်းဥပဒေပုဒ်မ ၆၆ အရ ကော်မတီ၏ အစီရင်ခံစာကိုလည်း တင်သွင်းပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၏ ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေကို ဥပဒေနှင့်အညီရရှိစေရန်အတွက် ယခုတင်သွင်းသည့် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ (မူကြမ်း)ကို လွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကြမ်းအား

D/real(wide) (8

များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပဋ္ဌမပုံမှန်အစည်းအဝေး(တတိယ) နေ့အားကျင်းပ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ် ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်သတ်မှတ် ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်စတင်ကျင်းပကြောင်းကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဋ္ဌမပုံမှန် အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ် ရေးကော်မတီရဲ့ တင်ပြချက် အရအစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေ (၁၃၅)ဦးရှိသည့် အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၃)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း ၏ (၈၃. ၇၀%) ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့

D/real(wide) (8

လွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြုရန် သဘောတူပါ သလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ၎င်းဥပဒေကို အတည်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ ဗုဒ္ဓဟူးနေ့ နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ ဗုဒ္ဓဟူးနေ့ နံနက် ၁၀း၀၀ နာရီ အချိန်တွင် ဆက်လက်ကျင်းပပြုလုပ် သွားမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ) တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (တတိယ)နေ့ အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (တတိယနေ့) ကို တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ (၂၂)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ (ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကအတည်ပြုပါသည်။)

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

D/real(wide) (8

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ် (၈)ဦးက မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ် အဖွဲ့အစည်းဝင်က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ပထမဦးစွာ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်းကမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာ အဖြာဖြာနှင့်ပြည်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ် ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်း ဖြစ်ပါတယ်။ ကျွန်တော်၏ ကြယ်ပွင့်ပြမေးခွန်းမှာ ကွတ်ခိုင် မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာတွင်

ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမဂါရဝပြုရှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂-၃-၂၀၁၇)ရက်နေ့(တတိယနေ့)အစည်းအဝေးသို့တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီအတွင်းရေးမှူးဖြစ်သူကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမှာ -

(၁) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက်ခွင့်(၂)ရက်။

(၂) ဦးရန်ကျော်၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကကိုယ်တိုင် ဆောင်ရွက်ရန် အတွက်ခွင့် (၁) ရက်။

(၃) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန် အတွက်ခွင့် (၂) ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ(၁၉)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၃)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၃)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

D/real(wide) (9

အော်တိုတယ်လီဖုန်း(ကြိုးဖုန်း)အလုံးပေါင်း (၃၀၀)ကျော်ကို လွန်ခဲ့သော ၂၀၀၆ခုနှစ်က တပ်ဆင်ပေးထားခဲ့ပါတယ်။ ၄င်းဖုန်းများအနက် တစ်ဝက်ခန့်မှာ လွန်ခဲ့သော ၂၀၁၅ခုနှစ် ဩဂုတ်လကပင် ပျက်စီးလျက်ရှိခဲ့ပါတယ်။

ဖုန်းတိုင်အချို့မှာ ကျိုးကျနေခြင်း၊ ဖုန်းကြိုးများမှာ ပြတ်ကျပြီး မြေကြီးပေါ်ပြန့်ကျဲနေခြင်း၊ ပြတ်တောက်နေခြင်းများ ဖြစ်ပေါ်လျက်ရှိပါတယ်။

ယခုအခါ ၄င်းဖုန်းအလုံးပေါင်း(၃၀၀)ကျော်အနက် အလုံးပေါင်း(၃)ပုံ (၁)ပုံသာ အသုံးပြုနိုင်ပါတယ်။

သို့ဖြစ်ပါ၍ ထိုပျက်စီးလျက်ရှိသော ကြိုးဖုန်းများကို ပြန်လည်အသုံးပြုနိုင်ရန် ပြုပြင်ပေးနိုင်ခြင်းရှိ/မရှိမေးမြန်းအပ်ပါတယ်။ မရှိပါက အဘယ်ကြောင့်နည်း။ ပြုပြင်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင်ပြုပြင်ပေးမည်ဟု လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စားမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်းမှ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာအုပ်စု၊ နမ့်ဖတ်ကာရွာရှိ ပျက်စီးလျက်ရှိသော အော်တိုတယ်လီဖုန်း(ကြိုးဖုန်း)များကို ပြန်လည် အသုံးပြုနိုင်ရန် ပြုပြင်ပေးနိုင်ခြင်း ရှိ/

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးပဲဖြစ်ပါတယ်။ ယနေ့အစည်းအဝေးကို ကျွန်မတင်သွင်းမည့်မေးမြန်းမည့်မေးခွန်းကတော့ တရားရေးမဏ္ဍိုင်နှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၀၅ အရ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ လက်ရှိတရားစီရင်ရေးစနစ်တွင် အမှုကြီးသည် ဖြစ်စေ၊ ငယ်သည်ဖြစ်စေ တရားခံ(သို့မဟုတ်)အမှုသည်များမှ အမှုစစ်ဆေးနေစဉ်ကာလ တစ်လျှောက်တွင် ရုံးချိန်းပေါင်းများစွာလာရောက်စစ်ဆေးမေးမြန်းခံနေကြရပါတယ်။ ထိုသို့လာရောက် အစစ်ဆေးမေးမြန်းခံရာမှာ မြို့နေလူထုများအတွက် အနည်းငယ်အဆင်ပြေသော်လည်း ဝေးလံခေါင်ဖျားကျေးရွာများမှလာရသော အမှုသည်များအတွက် အလွန်ခက်ခဲလှပါတယ်။ ထိုအခက်အခဲများမှာ ရုံးချိန်းအမီ လာရခြင်း၊ ရုံးချိန်းလာနေရသည့်အတွက် အလုပ်အကိုင်များ ပျက်ကွက်ရခြင်း၊ ရုံးချိန်းလာစဉ် ကုန်ကျသောခရီးစရိတ်နှင့် စားစရိတ်များခြင်းစသည့် အချိန်ကုန်၊ ငွေကုန်၊ လူပန်းပြီး ရုံးချိန်းက နှစ်ချီဖြစ်နေသည့် ကိစ္စရပ်များ အများအပြားတွေ့နေရပါတယ်။ တစ်ဖက်ရှိ ရှေ့နေဆိုင်ရာကိစ္စရပ်များတွင်လည်း အမှုတစ်မှုကို သိန်းဆယ်ချီနှင့် အထက်ဥပဒေအကျိုးဆောင်ခများပေးနေရကြောင်းကြားသိရပါတယ်။ အချိန်ဆွဲရန် မလိုအပ်သော အမှုငယ်များ၊ အမှုကြီးများအဖို့ လျင်မြန်မှန်ကန် တိကျစွာအမှုစီရင် ဆုံးဖြတ်ပေးနိုင်သော အရည်အချင်းရှိတရားသူကြီးများ၊ ရှေ့နေများ များစွာမွေးထုတ်လေ့ကျင့်ပေးနိုင်ရန် အထူးလိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိတရားစီရင်ရေးနှင့် ရှေ့နေဆိုင်ရာကိစ္စရပ်များကို ပြည်သူများကိုယ်စား အောက်ပါကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းအပ်ပါတယ်ရှင်-

မေးခွန်းနံပါတ်(၁) အမှုကြီးတစ်မှုကို စစ်ဆေးရာတွင် မည်မျှသော ကြာချိန်ဖြင့်စီရင်ပြီး မည်မျှသော ရုံးချိန်းအရေအတွက်

D/real(wide) (9

မရှိ။ မရှိပါက အဘယ်ကြောင့်နည်း။ ပြုပြင်ပေးမည်ဆိုပါက မည်သည့် အချိန်ကာလတွင် ပြုပြင်ပေးမည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြ မေးခွန်းနှင့် ပတ်သက်ပြီးတော့မှ ရှုမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ကျွန်တော်ဦးခွန်ရဲထွေးမှဖြေကြားတင်ပြပါမယ် ခင်ဗျား။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာဆက်သွယ်ရေးလုပ်ငန်း နမ့်ဖတ်ကာမြို့တွင်းလိုင်းကို ၂၀၀၉ခုနှစ်ခန့်က ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် အော်တိုတယ်လီဖုန်းစနစ် တပ်ဆင် ဆောင်ရွက်ခဲ့ပါ တယ်။ ဒေသတည်ငြိမ်အေးချမ်းမှုအခြေအနေအရ ဝန်ထမ်း သွားလာရေးနှင့် ပြုပြင်ထိန်းသိမ်းရန် အခက်အခဲများရှိနေခဲ့ရာ တိုင် (၄)တိုင်ကျိုးခြင်း၊ ကေဘယ်လ်များပြတ်တောက်ခြင်း၊ ကားများနင်းမိ ၍ပျက်စီးခြင်းတို့ ကြောင့်တိုင်၊ ကြိုးနှင့် ဒရော့ဝါယာများ လိုအပ် လျက်ရှိနေပါတယ်။ လိုအပ်သောလိုင်း ပစ္စည်းများအတွက် ခန့်မှန်း ခြေစာရင်းများကို ရေးဆွဲတင် ပြထားရှိပြီးဖြစ်ပါတယ်။ ရုံးချုပ်မှ ခွင့်ပြု မိန့်၊ လုပ်ငန်းသုံးစရိတ်၊ ပစ္စည်း များရရှိပြီး နယ်မြေတည်ငြိမ်အေးချမ်း လာပါက မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ ပြည်နယ်မန်နေဂျာရုံး၏ အစီအစဉ်ဖြင့် အမြန်ဆုံးပြုပြင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက မေးခွန်း မေးမြန်းဖို့ဖြစ် ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါ တယ်ရှင်။ ကျွန်မကတော့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ

ရှိရမည်ဟု ဥပဒေအရ ကန့်သတ်ချက်ရှိပါသလား။ မရှိပါက လက်ရှိတွင်မည်သို့ သော ပုံစံဖြင့် တရားစီရင်နေပါသနည်း။

မေးခွန်းနံပါတ်(၂) အမှုငယ်တစ်မှုကို စစ်ဆေးရာမှာ မည်မျှ သောကြာချိန်ဖြင့်စီရင်ပြီး မည်မျှသော ရုံးချိန်းအရေအတွက် ရှိရမည်ဟု ဥပဒေအရ ကန့်သတ်ချက်ရှိပါသလား။ မရှိပါက လက်ရှိတွင်မည်သို့ သော ပုံစံဖြင့် တရားစီရင်နေပါသနည်း။

မေးခွန်းနံပါတ်(၃) ရုံးချိန်းတစ်ခုအတွက် ဥပဒေအရ အမှုသည် (လူထု)မှကုန်ကျစရိတ်ထည့်သွင်းရပါသလား။ ဥပဒေအရ မည်သို့ သော အခကြေးငွေမျိုး ပေးသွင်းရပါသနည်း။

မေးခွန်းနံပါတ်(၄) အမှုစစ်ဆေးနေစဉ်မှာ ဘာသာစကား မပေါက်၊ နားမလည်သော အမှုသည်များအတွက် ဘာသာပြန် တစ်ယောက်ထားရှိပေးပါသလား။ ထိုဘာသာပြန်ပေးသူအား ဥပဒေ အရ အမှုသည်မှမည်မျှသော အခကြေးငွေကို ပေးသွင်း ရပါမည်နည်း။ ထိုဘာသာပြန်ထွက်ဆိုချက်မှာ မှန်ကန်ကြောင်း မည်သူက မည်သို့ မည်ပုံ ပြန်လည်စစ်ဆေးသနည်း။

မေးခွန်းနံပါတ်(၅) အမှုငယ်တစ်မှုကို အကျိုးဆောင်ပေးရာ မှာရှေ့နေတစ်ဦးအနေဖြင့် ဥပဒေအရ အနိမ့်ဆုံးနှင့် အမြင့်ဆုံး ဥပဒေ အကျိုးဆောင်ခ မည်မျှ သတ်မှတ်ထားပါသနည်း။ သတ်မှတ် ထားခြင်း မရှိပါက လက်ရှိတွင် မည်သို့ယူဆောင်နေပါသနည်း။

မေးခွန်းနံပါတ်(၆) အမှုကြီးတစ်မှုကို အကျိုးဆောင်ပေးရာ မှာရှေ့နေတစ်ဦးအနေဖြင့် ဥပဒေအရ အနိမ့်ဆုံးနှင့် အမြင့်ဆုံး ဥပဒေ အကျိုးဆောင်ခ မည်မျှသတ်မှတ်ထားပါသနည်း။ သတ်မှတ် ထားခြင်း မရှိပါက လက်ရှိတွင်မည်သို့ယူဆောင်နေပါသနည်း။

မေးခွန်းနံပါတ်(၇) ဥပဒေအကျိုးဆောင်ခ ယူဆောင်ရာမှာ ဥပဒေအရ အကျိုးဆောင်သူနှင့် ငှားရမ်းသူနှစ်ဦး သဘောတူ စာချုပ် ချုပ်ဆိုရပါသလား။

D/real(wide) (9

မေးခွန်းနံပါတ်(၈) အစိုးရဥပဒေအကျိုးဆောင်နှင့် ပြင်ပ ဥပဒေအကျိုးဆောင်တို့၏ လုပ်ပိုင်ခွင့်၊ ကွဲပြားခြားနားချက်၊ တာဝန်ဝတ္တရားကွာခြားမှုနှင့် အကျိုးခံစားခွင့် မည်သို့ရှိနေသနည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဥပဒေချုပ်တို့က ကဏ္ဍအလိုက် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးကြွယ်ကြွယ် ၊ တရားလွှတ်တော်တရားသူကြီးချုပ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)က ဒေါ်နန်းစမ်းစမ်းအေး၏ တရားရေးမကျိုင်နှင့်စပ်လျဉ်းသည့် မေးခွန်း(၈)ခုအနက် (၄)ခုကို ဖြေကြားပေးမှာဖြစ်ပြီး ကျန်သည့် (၄)ခုကိုတော့ ရှမ်းပြည်နယ်ဥပဒေချုပ်က ဆက်လက် ဖြေကြားသွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒေါ်နန်းစမ်းစမ်းအေး မေးမြန်းသည့်မေးခွန်းနံပါတ်(၁)ကတော့ အမှုကြီးတစ်မှုကို စစ်ဆေးရာတွင် မည်မျှသော ကြာချိန်ဖြင့်စီရင်ပြီး မည်မျှသော ရုံးချိန်းအရေအတွက် ရှိရမည်ဟု ဥပဒေအရ ကန့်သတ်ချက်ရှိပါသလား။ မရှိပါက လက်ရှိတွင်မည်သို့သောပုံစံဖြင့် တရားစီရင်နေပါသနည်းဆိုသည့် မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ဖြေကြားတင်ပြရမည်ဆိုရင်တော့ အမှုကြီးတစ်မှုကို စစ်ဆေးရာတွင်မည်မျှသော ကြာချိန်ဖြင့်စီရင်ပြီး မည်မျှသော ရုံးချိန်းအရေအတွက် ရှိရမည်ဟု ဥပဒေအရ ကန့်သတ်ချက်မရှိပါ။ အမှုတစ်မှုချင်းစီ၏ သက်သေအရေအတွက်၊ သက်သေ၏နေထိုင်ရာဒေသအကွာဝေး၊ သက်သေဆင့်ခေါ်မှုအခြေအနေနှင့် သက်သေလာရောက်မှု အခြေအနေပေါ်မူတည်ပြီး

ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်(၂)ရပ်ရှိပါတယ်။ ၄င်းတို့မှာ

(၁) အမှု လမ်းကြောင်းနှင့် အချိန်သတ်မှတ်ခြင်း၊

(၂) အမှုသွား အမှုလာ စီမံခန့်ခွဲမှုအတွက်အကြိုညှိနှိုင်းဆွေးနွေးခြင်း

တို့ဖြစ်ပါတယ်။

အမှုလမ်းကြောင်းနှင့် အချိန်သတ်မှတ်ရာတွင် တိုင်တန်းချက်(သို့မဟုတ်) အဆိုလွှာ၏ အကြောင်းအရာပေါ်တွင် မူတည်၍ စွပ်စွဲသည့်အမှု သဘာဝ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ရှုပ်ထွေးခက်ခဲမှု၊ အမှုသည်အတွက် ပြင်ဆင်ရန် လိုအပ်သော သင့်လျော်သည့် အချိန်ကာလပေါ် အခြေခံလျက် အမှုစစ်တရားသူကြီးက စစ်ဆေးစီရင်မှုအတွက် -

(၁) အလျင်အမြန်ဆောင်ရွက်ရမည့် အမှု၊

(၂) ပုံမှန်ရုံးရှင်းသော အမှု၊

(၃) ရှုပ်ထွေးသော အမှု၊

ဟူ၍ ခွဲခြားပြီး အမှုလမ်းကြောင်း သတ်မှတ်ရန်ဖြစ်ပါတယ်။ အချိန်ကာလသတ်မှတ်ရာတွင်-

	ပြစ်မှု	တရားမ
(၁) အလျင်အမြန်ဆောင်ရွက်ရမည့်အမှု	၉၈ရက်	၂၇၀ရက်
(၂) ပုံမှန်ရုံးရှင်းသော အမှု	၁၈၀ရက်	၃၆၅ရက်
(၃) ရှုပ်ထွေးသော အမှု	၂၇၀ရက်	၅၄၀ရက်

ဟု သတ်မှတ်ပြီး ဆောင်ရွက်ရမည်ဖြစ်ပါတယ်။

အမှုသွားအမှုလာစီမံခန့်ခွဲမှုအစီအစဉ် (Caseflow Management) အရအကြိုညှိနှိုင်း ဆွေးနွေးခြင်းဆိုရာတွင် အမှုသည်များ၏တိုင်ကြားချက် (သို့မဟုတ်)အငြင်းပွားမှုပြဿနာနှင့် စပ်လျဉ်း၍ တရားရုံးသို့ နှစ်ဘက်အမှုသည်က တင်သွင်းရမည့်

D/real(wide) (9

သက်သေခံချက်များနှင့် သက်သေစာရင်းတင်သွင်းနိုင်မည့် အချိန်ကာလ၊ သက်သေအရေအတွက်ပေါ်မူတည်ပြီးစစ်ဆေးရန် လိုအပ်သော အချိန်ကာလ၊ ကျွမ်းကျင်သူများ၏ ထင်မြင်ချက်၊ အစီရင်ခံစာ စသည်တို့ကိုစစ်ဆေးရန်လိုအပ်သော အချိန်ကာလ၊ အမှုစစ်ဆေးရန်အတွက် ကြာမြင့်မည့်ခန့်မှန်းသော အချိန်ကာလ တို့ကို ညှိနှိုင်းသတ်မှတ်ရန်အတွက်ဆိုင်ရာအမှုစစ်တရားသူကြီးက အမှုနှင့်သက်ဆိုင်သော နှစ်ဘက်အမှုသည်များ၊ နှစ်ဘက်အမှုသည်များ၏ ရှေ့နေများ၊ ဥပဒေအရာရှိတို့နှင့် အစည်းအဝေးပြုလုပ် ညှိနှိုင်းဆောင်ရွက်ကြခြင်းဖြစ်ပါတယ်။

ဤကဲ့သို့ အမှုသွားအမှုလာစီမံခန့်ခွဲမှုအစီအစဉ် (Caseflow Management) အရ အမှုစစ်ဆေးခြင်းဖြင့် တရားရုံးသို့အမှုသည်များ ရုံးချိန်းလာရောက်သည့် အကြိမ်အရေအတွက်နှင့် အမှုပြီးပြတ်ရန် အချိန်ကြာမြင့်မှုများကို လျော့နည်းစေသည့်အတွက် မြန်ဆန် ထိရောက်သော တရားစီရင်ရေးကို ရှေ့ပြေးတရားရုံး (PILOT COURT) များတွင် စမ်းသပ်ဆောင်ရွက်ပြီး အခြားတရားရုံးများသို့ တိုးချဲ့ဆောင်ရွက်လျက်ရှိကာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တရားရုံး အားလုံးတွင် တညီတညွတ်တည်း မြန်ဆန်ထိရောက်သော တရား စီရင်ရေးဆိုင်ရာ အမှုသွားအမှုလာ စီမံခန့်ခွဲမှု အစီအစဉ် (Caseflow Management)ကျင့်သုံးမှုကို တိုးမြှင့်ဆောင်ရွက်ရန်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒီနေရာမှာ ဆက်လက်ဖြေဆိုလိုတာကတော့ ကျွန်တော်တို့ အမှုများစစ်ဆေးရာမှာ ရာဇဝတ်မှုဆိုရင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမမှုဆိုရင် တရားမကျင့်ထုံးဥပဒေနှင့် တရားရုံးလက်စွဲဆိုသည့် အခါမှာ ပြဋ္ဌာန်းချက်တွေအရ ကျွန်တော်တို့ စစ်ဆေးစီရင်ခြင်းဖြစ် ပါတယ်။ အဲ့ဒီမှာ ဒီ(Caseflow Management) အစီအစဉ်ဆိုတာ ရေးဆွဲထားခြင်းမရှိပါဘူး။ တစ်တိုင်းပြည်လုံးအနေနဲ့ ဒီစနစ်ကို

အမှုကြာမြင့်ခြိန်ကွာဟမှုရှိပါတယ်။ လက်ရှိအခြေအနေတွင် အမှု တစ်မှု၏ ရုံးချိန်းအရေအတွက် မည်မျှရှိရမည်ဟု ဥပဒေအရ ကန့်သတ်ချက်များ မရှိပါ။ အချုပ်တရားခံအမှုများဖြစ်ပါက ဥပဒေ အရ ရက်သတ္တပတ်နှစ်ပတ်ထက်ကျော်၍ ချိန်းဆို၍မရသောကြောင့် အနိမ့်ဆုံးတစ်လလျှင် (၂)ချိန်း ချိန်းဆို၍ စစ်ဆေး ဆောင်ရွက်လျက် ရှိပါတယ်။ ခံဝန်ပေးနိုင်သော အမှုများတွင်မူ သက်သေနေထိုင်ရာ ဒေသနှင့် သက်သေဆင့်ခေါ်နိုင်မှု အခြေအနေပေါ်မူတည်ပြီး(၂) ပတ် ထက်မပိုသော ရက်ချိန်းများပေး၍စစ်ဆေးဆောင်ရွက်လျက် ရှိပါတယ်။

ယခုလက်ရှိအချိန်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၏အစီအစဉ်ဖြင့် UNDP၊USA များနှင့်ပူးပေါင်းပြီးတော့မှ ၂၀၁၅ ခုနှစ်မှစ၍ လှိုင်သာယာ မြို့နယ်တရားရုံး၊ ဘားအံမြို့နယ်တရားရုံး၊ တောင်ငူခရိုင်တရားရုံး တို့ကိုလည်းကောင်း၊ ၂၀၁၆ခုနှစ်တွင် မုံရွာခရိုင်တရားရုံး၊ မော်လမြိုင် တရားရုံး၊ မကွေး မြို့နယ် တရားရုံး၊ ပုသိမ်မြို့နယ်တရားရုံးနှင့် ချမ်းအေးသာစံမြို့နယ် တရားရုံး တို့ကိုလည်းကောင်း ရှေ့ပြေးတရားရုံး(PILOT COURT) များ အဖြစ် သတ်မှတ်ပြီး အမှုသွားအမှုလာစီမံခန့်ခွဲမှု အစီအစဉ် (Caseflow Management) ဖြင့် ဆောင်ရွက် လျက်ရှိပါတယ်။

အမှုသွားအမှုလာစီမံခန့်ခွဲမှု အစီအစဉ် (Caseflow Management) ဆိုသည်မှာ တရားရုံးသို့ စွဲဆိုလာသော ပြစ်မှုနှင့် တရားမ မှုဆိုင်ရာ အမှုများကို အမှုမစစ်ဆေးမီ အမှုများတွင် စစ်ဆေး တင်ပြမည့် သက်သေများ၊ စာရွက်စာတမ်းများကို ပြည့်စုံစွာ ကြိုတင်ပြင်ဆင်၍ မည်သည့်သက်သေ၊ စာရွက်စာတမ်းများကို မည်သည့်နေ့ရက်တွင် စစ်ဆေးမည်ကို အချိန်ဇယားဖြင့် ကြိုတင် သတ်မှတ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အမှုသွားအမှုလာစီမံခန့်ခွဲမှု အစီအစဉ် (Caseflow Management) အစီအစဉ်တွင် အဓိက

D/real(wide) (9

ကျင့်သုံးဆောင်ရွက်ရမည်ဆိုလျှင်တော့ ဥပဒေပြုပြင်ရေးဆွဲဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

နံပါတ်(၂) မေးခွန်းအနေဖြင့် အမှုငယ်တစ်မှုကို စစ်ဆေးရာ မှာမည်မျှသောကြာချိန်ဖြင့်စီရင်ပြီး မည်မျှသောရုံးချိန်း အရေ အတွက် ရှိရမည်ဟု ဥပဒေအရ ကန့်သတ်ချက်ရှိပါသလား။ မရှိပါက လက်ရှိတွင်မည်သို့သော ပုံစံဖြင့်တရားစီရင်နေပါသနည်း။ အမှုငယ် တစ်မှု၊ ဥပမာ- (၆)လအထိ ပြစ်ဒဏ်ချမှတ်နိုင်သော စွဲဆိုနိုင်သော သာမန်အမှုများတွင် ရုံးချိန်းသတ်မှတ်ချက်၊ အမှုကြာမြင့်ချိန် သတ်မှတ်ချက်များ ကန့်သတ်ထားခြင်းမရှိပါ။ လက်ရှိအခြေအနေ တွင်မူ ပြစ်ဒဏ်(၆)လထိပုံစံဖြင့် စွပ်စွဲခံရသူရုံးရှေ့ရောက်ရှိသည့်နေ့ တွင်ပင်မည်သည့်ဥပဒေပုဒ်မဖြင့် တရားစွဲဆိုထားကြောင်း၊ မည်သည့်အကြောင်းအရာ စွဲဆိုထားကြောင်း ရှင်းပြပြီး အပြစ်ရှိ/ မရှိ မေးမြန်းသောအခါ အပြစ်ရှိကြောင်း ဝန်ခံပါက ထိုနေ့ ရုံးချိန်းတွင်ပင် ပြစ်ဒဏ်ထင်ရှားစီရင်အမိန့်ချပါတယ်။ အကယ်၍ စွပ်စွဲခံရသူက အပြစ်မရှိကြောင်း ငြင်းဆိုပါက ရုံးရှေ့တွင်တရားလို ရှိပါက စစ်ဆေးပြီး ကျန်တရားလိုပြသက်သေ၊တရားခံ၊ တရားခံပြ သက်သေများကို ရုံးချိန်းအလိုက်ချိန်းဆိုပြီး စစ်ဆေးကာ စစ်ဆေးမှု ပြီးဆုံးသည့် အချိန်မှာ ပြစ်ဒဏ်ထင်ရှားပါက ပြစ်ဒဏ်ချမှတ်မှာပါ။ ပြစ်ဒဏ် မထင်ရှားပါက ကျွန်တော်တို့ သီးသန့်လွှတ်မှာဖြစ်ပါတယ်။

နံပါတ်(၃)မေးခွန်း ရုံးချိန်းတစ်ခုအတွက် ဥပဒေအရ အမှုသည် (လူထု)မှကုန်ကျစရိတ်ထည့်သွင်းရပါသလား။ ဥပဒေ အရ မည်သို့သော အခကြေးငွေမျိုးပေးသွင်းရပါသနည်း ဆိုသည့် မေးခွန်းနှင့် စပ်လျဉ်းပြီး ရုံးချိန်းတစ်ခုအတွက် ဥပဒေအရ အမှုသည် (လူထု)မှ မည်သည့် ကုန်ကျစရိတ်ကိုမျှပေးဆောင်ရန်မလိုပါ။ သို့သော် ဥပဒေအရပေးဆောင်ရမည့်အခွန်အခနှင့်ပတ်သက်၍ ရာဇဝတ်ဆိုင်ရာ ဦးတိုက်မှုများတွင် ဦးတိုက်လျှောက်လွှာအတွက်

ပေးသွင်းရပါမည်နည်း။ ထိုဘာသာပြန်ထွက်ဆိုချက်မှာ မှန်ကန် ကြောင်း မည်သူကမည်သို့မည်ပုံပြန်လည်စစ်ဆေးသနည်း ဆိုသည့် မေးခွန်းဖြစ်ပါတယ်။ ပတ်သက်သည့်အဖြေကတော့ အမှုစစ်ဆေး နေစဉ် မြန်မာစကားနားမလည်သူများအတွက် သက်ဆိုင်ရာ ဘာသာပြန်များ ခန့်ထားပေးရန် တရားရုံးများလက်စွဲ အပိုဒ် ၃၇တွင် ပြဋ္ဌာန်းထားပါသည်။ စကားပြန်အခကြေးငွေနှင့် ပတ်သက်၍ တရားရုံးများလက်စွဲ အပိုဒ် ၃၇(က)အရ အစိုးရ လခစား စကားပြန် များမရှိသည့်အတွက် တရားမှုတွင် စကားပြန် တစ်ဦးခန့်ထားရန် လိုမည့်ကိစ္စမှာတရားရုံးက သတ်မှတ်သည့် အခကြေးငွေကို ထိုစကားပြန်သို့ ပေးရမည်။ ထိုအခကြေးငွေကို စကားပြန်အလိုရှိသူ အမှုသည်က ကြိုတင်ပေးသွင်းစေ၍ အမှုတွင် ကုန်ကျစရိတ်ဟူ၍ မှတ်ယူရမည်ဖြစ်ပါသည်။တနည်းအားဖြင့်တော့ အမှုစဉ်ပြီးဆုံး သွားရင်ရုံးနိမ့်သည့်သူက ဒီအမှုကုန်ကျစရိတ်ကို ပေးရ ပါတယ်။ ပေးသည့်အခါမှာ ခဏကစကားပြန်စရိတ်တွေက အစသူတို့ ကုန်ကျသည့် ငွေတွေကို တွက်ချက်ပြီးတော့ ပြန်လည်ပေးရတာ ဖြစ်ပါတယ်။ စကားပြန်အတွက် အခကြေးငွေအားလုံးကို တရားရုံး မှတစ်ဆင့် ပေးရမည်ဖြစ်ပြီး ဘိလစ်မှတ်ပုံတင်စာရင်း စာအုပ်(၂)၌ နည်းလမ်းတကျရေးသွင်းရမည် ဖြစ်ပါတယ်။ ဘိလစ် မှတ်ပုံတင် (၂)စာရင်းစာအုပ်ဆိုတာအစိုးရဘဏ်တိုက်ကို ပေးသွင်းရန် မလိုသည့် ငွေကြေးဖြစ်တယ်။ အမှုသည်အချင်းချင်း ပေးသွင်းရမည့် ငွေပါ။ တရားရုံးကနေ တစ်ဆင့်ခံပြီး ပေးသွင်းသည့် စနစ်ဖြစ် ပါတယ်။ တရားရုံးများလက်စွဲအပိုဒ် ၃၇(ခ)အရ ရာဇဝတ် အမှုများတွင် ရဲ အရေးမယူပိုင်သည့် အမှုများတွင် စကားပြန်ခကို စကားပြန် အလိုရှိသူ အမှုသည်က ကျခံရမည်ဖြစ်ပါတယ်။ ရဲအရေးယူပိုင်သည့် အမှုများတွင် အစိုးရကကျခံရမည်ဖြစ်ပါတယ်။ ပြည်သူ့ဝန်ထမ်းကသော်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းအမိန့်အရ

D/real(wide) (9

သော်လည်းကောင်း၊ ရာဇဝတ်မှုစတင်စွဲဆိုခြင်း သို့မဟုတ် ဆက်လက် ဆောင်ရွက်ခြင်းပြုသည့် အမှုများမှာ တရားရုံး၏ သဘောအတိုင်း စကားပြန်ခကိုပေးစေရမည် ဖြစ်ပါတယ်။ ရဲအရေးပိုင်သော အမှုမှ လွဲ၍ ကျန်အမှုများတွင် စကားပြန်များအတွက် အခကြေးငွေကို အမှုသည်(လူထု)ကပေးဆောင်ရန်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

တရားရုံးများလက်စွဲအပိုဒ်(၇၅)ကျမ်းသစ္စာအက်ဥပဒေ ပုဒ်မ(၇)အရစကားပြန်များအတွက်ကျမ်းသစ္စာကျိန်ဆိုရန် ပြဋ္ဌာန်းချက်အတိုင်း ဘာသာပြန်၊ စကားပြန်များကို သက်ဆိုင်ရာ ဘာသာဝင်များအလိုက် ကျမ်းသစ္စာကျိန်ဆိုစေပြီး စကားပြန်များ၏ ထွက်ဆိုချက် မှန်ကန်မှုရှိစေရန် ထိန်းကျောင်းဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

ဦးတင်ဦး ၊ ပြည်နယ်ဥပဒေချုပ်။ ဒီကနေ့ ဒုတိယ အကြိမ် ရှမ်းပြည်နယ် လွှတ်တော်ရဲ့ ပဉ္စမပုံမှန်အစည်းအဝေး (တတိယနေ့)ကို တက်ရောက်လာကြသည့် လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးချုပ်နှင့်တကွ ဝန်ကြီးများအားလုံး၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံးနှင့် တပ်မတော်သားကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့နှုတ်ဆက်ရင်းနှင့်ကိုယ်၏ကျန်းမာမှု၊ စိတ်၏ ချမ်းသာမှုအပေါင်း ပြည့်စုံပါစေလို့မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ရှမ်းပြည်နယ် ဥပဒေချုပ် ဦးတင်ဦးဖြစ်ပါတယ်။ ဒီကနေ့ ရှမ်းပြည်နယ်သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးမေးမြန်းထားသည့် တရားစီရင်ရေးကဏ္ဍနှင့် ပတ်သက်သည့်မေးခွန်းမှ(၅၊၆၊၇၊၈)ဖြစ်သည့် မေးခွန်းများကို

ရုံးခွန်တံဆိပ်ခေါင်းနှင့် တရားခံဆင့်ခေါ်ရန် တံဆိပ်ခေါင်း၊ သက်သေ ဆင့်ခေါ်ပေးရန် တောင်းဆိုပါက ဆင့်ခေါ်ခ တံဆိပ်ခေါင်းများကို ဆောင်ရပါတယ်။ တစ်နည်းအားဖြင့် တရားရုံးဆောင်ရွက်ခကို ရုံးခွန်တံဆိပ်ခေါင်းနှင့် Court Fee နှင့်ကျွန်တော်တို့ ပေးသွင်းပြီး ဖြစ်ပါတယ်။ ဒီလိုပေးသွင်းရတာကလည်း ကျွန်တော်တို့ ငွေကြေး အလွဲသုံးစားမှုမဖြစ်ရန် ဖြစ်ပါတယ်။ တနည်းအားဖြင့် နိုင်ငံတော် အစိုးရက တရားစွဲဆိုသည့်အမှုအားလုံးကို တာဝန်မယူပါဘူး။ နိုင်ငံတော်အတွက် အရေးကြီးသည့် ကိစ္စရပ်တွေကလွဲလို့ ပြစ်မှု၊ ရာဇဝတ်မှုကြီးတွေကိုသာ နိုင်ငံတော်က လုပ်နိုင်သည်ဟုယူဆပြီး နိုင်ငံတော်က အကုန်ကျခံတာပါ။ ကျန်သည့်အမှုတွေမှာတော့ ပုဂ္ဂလိကကိစ္စတွေဖြစ်သည့် တရားမမှုလည်းဖြစ်ခြင်း၊ ရာဇဝတ် ပြစ်မှုတွေမှာတော့ သက်ဆိုင်ရာအမှုသည်တွေကလည်းပဲ ဆောင်ရွက် ခပေးသည့်သဘောပါပဲ။ အကျိုးအမြတ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ တရားမဆိုင်ရာ အမှုများမှာလည်း မိမိစွဲဆိုလိုသော အမှုအမျိုးအစား၊ အမှုတန်ဖိုးအလိုက် ရုံးခွန်တံဆိပ်ခေါင်းထမ်းဆောင်ရပြီး တရားပြိုင် ဆင့်ခေါ်ရန်ဆင့်ခေါင်းခ၊ သက်သေ အားဆင့်ခေါ်ပေးရန် တောင်းဆို ပါက သက်သေဆင့်ခေါ်ရန် တံဆိပ်ခေါင်းခများကိုသာ အခိုင်အမာ ပေးသွင်းရပါတယ်။ ငွေကြေးအနေနှင့် ပေးသွင်းရန်မလိုအပ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ဒီနေရာမှာ ရာဇဝတ်မှုတွေမှာ တရားခံကို ခေါ်သည့် ခေါ်ခတွေလည်းပေးရပါတယ်။ တရားခံဖမ်းခိုင်းဖို့ဖမ်း ဝရမ်းထုတ်ခတွေလည်းပေးရပါတယ်။ ဒါတွေဟာ လုပ်ထုံးလုပ်နည်း အရ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

နံပါတ်(၄) မေးခွန်းကတော့ အမှုစစ်ဆေးနေစဉ်မှာ ဘာသာစကား မပေါက်၊ နားမလည်သော အမှုသည်များအတွက် ဘာသာပြန် တစ်ယောက်ထားရှိပေးပါသလား။ ထိုဘာသာပြန် ပေးသူအား ဥပဒေအရ အမှုသည်မှ မည်မျှသော အခကြေးငွေကို

D/real(wide) (9

နံပါတ်(၈)မေးခွန်းဖြစ်သည့် အစိုးရဥပဒေအကျိုးဆောင်နှင့် ပြင်ပဥပဒေ အကျိုးဆောင်တို့၏ လုပ်ပိုင်ခွင့်၊ ကွဲပြားခြားနားချက်၊ တာဝန်ဝတ္တရား ကွာခြားမှုနှင့် အကျိုးခံစားခွင့် မည်သို့ ရှိနေသနည်း ဆိုသည့်မေးခွန်းကို ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။ ဒီမေးခွန်း မှာဆိုလျှင် အစိုးရဥပဒေအကျိုးဆောင်ဟုခေါ်ထားသည့် အသုံး အနှုန်းကို ဥပဒေပြဋ္ဌာန်းချက်မှာ အသုံးမပြုပါကြောင်းတင်ပြလိုပါ တယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဥပဒေပုဒ်မ ၂၃၆၊၂၃၇ တို့အရ ပြည်ထောင်စုရှေ့နေချုပ်ကို ခန့်အပ်တာဝန် ပေးပြီးသည့် နောက်ပိုင်း ၂၀၁၀ပြည့်နှစ် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပြဋ္ဌာန်းချက်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်၏ ကွပ်ကဲမှုအောက်မှာ ဥပဒေ ပုဒ်မ ၃၊ ပုဒ်မ ၃၆အရ အဆင့်ဆင့်သော ဥပဒေရုံးများကို ဖွဲ့စည်းပြီး ဥပဒေအရာရှိများဟာ လုပ်ငန်းတာဝန်များကိုသတ်မှတ် ပေးထားပါ တယ်။ ဒီလုပ်ငန်းတာဝန်တွေကိုလည်းပဲ ၂၀၁၆ခုနှစ် ပြည်ထောင်စု ရှေ့နေချုပ်နည်းဥပဒေများနှင့်အညီ တာဝန် ဆောင်ရွက်ရတာဖြစ်ပါတယ်။တာဝန်ကို အစိုးရ ဥပဒေ အကျိုးဆောင်လို့မခေါ်ဘဲ ဥပဒေအရာရှိဟုပဲသုံးစွဲထားတာ ဖြစ်တယ်ဆိုသည့်အကြောင်းတင်ပြလိုပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေအရာရှိများ၏ ဥပဒေပုဒ်မ ၃၆မှာ ပုဒ်မခွဲ(က)မှ(တ)ထိ တာဝန်(၁၆)ရပ်ဖော်ပြပြီးတော့ ဒါကို ဆောင်ရွက်စေခဲ့ပါတယ်။ အဲဒီတာဝန်များကတော့

ပုဒ်မခွဲ(က) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့ အစည်း တစ်ခုခုက ဥပဒေအကြံဉာဏ် တောင်းခံလာ ပါက ဥပဒေ အကြံဉာဏ်ပေးခြင်း၊

ပုဒ်မခွဲ(ခ) ပြစ်မှုဆိုင်ရာ အမှုများကို တရားစွဲဆိုခြင်းမပြုမီမှာ ဥပဒေနှင့်အညီဖြစ်ရေးအတွက် အမှုများကို စိစစ်ခြင်းနှင့် ဥပဒေ အကြံဉာဏ်ပေးခြင်း၊

ကျွန်တော့်အနေနဲ့ အပိုင်း (၂)ပိုင်းခွဲပြီး ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ အပိုင်း(၂)ပိုင်းခွဲတဲ့ ကျွန်တော်တို့မှာဥပဒေ အကျိုးဆောင်ဖို့ခေါ်ထားသည့် အပေါ်မှာ အစိုးရ ဥပဒေ အကျိုးဆောင်၊ ပြင်ပဥပဒေအကျိုးဆောင်ဆိုပြီးဖော်ပြပါရှိပါတယ်။ မိမိအပိုင်းထဲက ပထမအပိုင်းဖြစ်သည့် ပြင်ပအကျိုးဆောင် ဟုခေါ်သည့် ရှေ့နေရှေ့ရပ်များကဏ္ဍကိုအရင်တင်ပြလိုပါတယ်။

မေးခွန်း နံပါတ်(၅)ဖြစ်သည့် အမှုငယ် တစ်မှုကို အကျိုးဆောင်ပေးရာတွင်ရှေ့နေတစ်ဦးအနေဖြင့် ဥပဒေအရ အနိမ့်ဆုံးနှင့် အမြင့်ဆုံး ဥပဒေ အကျိုးဆောင်ခ မည်မျှ သတ်မှတ် ထားပါ သနည်း။ သတ်မှတ်ထားခြင်း မရှိပါက လက်ရှိတွင် မည်သို့ ယူဆောင်နေပါသနည်းဆိုသည့် မေးထားသည့် မေးခွန်းဖြစ် ပါတယ်။

အလားတူပဲ နံပါတ်(၆)မေးခွန်းကတော့ အမှုကြီးတစ်မှုနှင့် ပတ်သက်ပြီး ခဏကဖော်ပြသည့် အတိုင်း အနေအထားမှာရှိ ပါတယ်။

နံပါတ်(၇)မေးခွန်းကတော့ ဥပဒေအကျိုးဆောင်ခ ယူသည့် နေရာမှာ ဥပဒေအရအကျိုးဆောင်အနေနဲ့ ဌားရမ်းသူတစ်ဦး သဘောတူစာချုပ်ရပါသလားဆိုတာပါရှိပါတယ်။ ဒီ(၃)ခုကို ပေါင်း ပြီးကျွန်တော် ပထမအပိုင်းအနေဖြင့် ဖြေကြားတင်ပြမှာ ဖြစ်ပါ တယ်။ မေးခွန်း (၅၊၆၊၇)ဟာ ပြင်ပရှေ့နေများနှင့် သက်ဆိုင်သည့် ကဏ္ဍဖြစ်ပါတယ်။ ပြင်ပရှေ့နေများဟာဆိုလျှင် ၁၈၇၉ခုနှစ် (၁-၁-၁၈၈၀)မှာ အိန္ဒိယအက်ဥပဒေအမှတ် ၁နှင့် ပြဋ္ဌာန်းခဲ့သည့် The Legal Practitioners Act ရှေ့နေရှေ့ရပ်များဆိုင်ရာဥပဒေ မြန်မာနိုင်ငံဥပဒေအတွဲ (၁၁)စာမျက်နှာ ၄၂၇တွင်ဖော်ပြထားသည့် ဥပဒေအရလည်းကောင်း၊ ၁၉၂၆ခုနှစ် (၁-၁-၁၉၂၆)ခုနှစ်မှာ ပြဋ္ဌာန်း ခဲ့သည့် အိန္ဒိယအက်ဥပဒေအမှတ် ၃၈ The Bar Council Act

D/real(wide) (9

ပုဒ်မခွဲ(ဂ) ပြစ်မှုဆိုင်ရာ အမှုများကို တရားရုံးများသို့ ဥပဒေ နှင့်အညီ တရားစွဲဆို တင်ပို့ခြင်း၊

ပုဒ်မခွဲ(ဃ) ပြစ်မှုဆိုင်ရာ အမှုများမှ နိုင်ငံတော်ဘက်မှ လိုက်ပါ ဆောင်ရွက်ခြင်း၊

ပုဒ်မခွဲ(င) နိုင်ငံတော်က တရားလို(သို့မဟုတ်)တရားပြိုင် အဖြစ်ပါဝင်သောတရားမမှုလမှု၊ တရားမအယူခံမှု၊ တရားမပြင်ဆင်မှုနှင့် တရားမအထူးအယူခံမှုများနှင့်စပ်လျဉ်းပြီးတော့ ဥပဒေ အကြံဉာဏ် ပေးခြင်းနှင့် နိုင်ငံတော်ဘက်မှ လိုက်ပါ ဆောင်ရွက်ခြင်း၊

ပုဒ်မခွဲ(စ) ဥပဒေရုံး၏ ဥပဒေအကြံဉာဏ် ပေးချက်နှင့်အညီ သက်ဆိုင်ရာတရားစွဲအဖွဲ့အစည်းက လိုက်နာ ဆောင်ရွက်ခြင်းရှိ၊ မရှိကိုလည်းစိစစ်တင်ပြရပါတယ်။

ပုဒ်မခွဲ(ဆ) တရားစွဲအဖွဲ့အစည်းက ချုပ်မိန့်ရမန် တောင်းခံလာသည့်အခါမှာ တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှု ရှိ၊မရှိ စိစစ်ပေးရပါတယ်။

ပုဒ်မခွဲ(ဇ) တရားစွဲအဖွဲ့အစည်းက သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းမပြုမီ အမှုကို ခိုင်မာစွာ တည်ဆောက်ထားနိုင်ရေးအတွက် စိစစ်သည့် အလုပ်ကို ထပ်ပြီးလုပ်ရပါတယ်။

ပုဒ်မခွဲ(ဈ) တရားရုံးတွင် တရားစွဲဆိုထားသော ပြစ်မှုဆိုင်ရာ အမှုတွင် အမှုတစ်ရပ်လုံးကိုဖြစ်ဖြစ်၊ စွဲချက်တစ်ရပ်ရပ်ကိုဖြစ်ဖြစ်၊ တရားခံတစ်ဦးဦးကိုဖြစ်ဖြစ် ရုပ်သိမ်းရေးအတွက်ဆောင်ရွက်ရန်သင့်၊ မသင့်

D/real(wide) (9

ဘားကောင်စီအက်ဥပဒေ မြန်မာနိုင်ငံဥပဒေအတွဲ (၁၁)စာမျက်နှာ ၄၁၉တွင် ဖော်ပြထားသည့် ဥပဒေအရလည်းကောင်း၊ ဒီဥပဒေ(၂) ရပ်ကို တည်မှီပြီးတော့မှ ၁၉၉၀ပြည့်နှစ်နှင့် ၁၉၉၂ခုနှစ် ရှေ့နေ ရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များ၊ အခွင့်အရေးများ ဆိုပြီးတော့ တရားရုံးချုပ်ရှေ့နေများကောင်စီကရေးသား ထုတ်ဝေခဲ့သည့် လက်စွဲစာစောင်အရ ပြင်ပရှေ့နေများဟာ အဲဒီအဖွဲ့များရဲ့ ကြီးကြပ်မှုများကို ခံယူပြီးတော့ ၄င်းတို့အဖွဲ့အစည်းဆိုင်ရာ၊ ၄င်းတို့ လုပ်ငန်းဆိုင်ရာကိစ္စများကို ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ အကျိုးဆောင်ခများမှာလည်း သက်ဆိုင်ရာအကျိုးဆောင်အသီးသီးတို့က အမှုအထွေထွေကို ကြည့်ပြီးတော့မှ ရယူဆောင်ရွက်နေတာရှိပါတယ်။ အကျိုးဆောင်ခရယူသည့်နေရာမှာ အကျိုးဆောင်ခံရသူ စာချုပ်ဆိုသည့် စကားရပ်ဆိုသည့်ကိစ္စဟာဆိုလည်းပဲ ရှေ့နေ ရှေ့ရပ်တို့ ဆောင်ရွက်သည့်ကိစ္စဖြစ်ပါတယ်။ ပြင်ပရှေ့နေ ရှေ့ရပ်တို့ဟာ အမှုကို တည်ပြီးတော့မှ အကျိုးဆောင်ခများ သတ်မှတ်ရယူခြင်းသာဖြစ်ပြီးတော့ ပြင်ပရှေ့နေများ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအပေါ်မှာ ကျွန်တော်တို့ ပြည်ထောင်စု ရှေ့နေချုပ် ဥပဒေ၊ ပြည်ထောင်စုရှေ့နေချုပ်၏ ကွပ်ကဲမှုနှင့် ဆက်စပ်ပတ်သက် နေသည့် ကိစ္စမရှိပါဘူး။ ဖော်ပြပါ ဥပဒေများကို လိုက်နာပြီးတော့ ၄င်းတို့ တစ်ဦးချင်း စည်းကမ်းသတ်မှတ်ပြီး ဆောင်ရွက်နေသည့် အပိုင်းရှိပါတယ်။ အကျိုးဆောင်ခဌားရမ်းမှုမှာဆိုလျှင် ပုံမှန်ပါဝါ၊ Civil လို့ခေါ်သည့် ကိုယ်စားလှယ်လွှဲစာတွေ လက်မှတ်ရေးထိုးပြီးတော့ ၄င်းတို့ အမှုအခြေအနေပေါ် မူတည်ပြီး နှစ်ဘက်သဘောတူညီမှုတွေနဲ့ဆောင်ရွက်သွားတာလည်းရှိပါတယ်။ ပြင်ပရှေ့နေများ၏ ကဏ္ဍဟာ ၂၀၁၀ပြည့်နှစ် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်ဆက်စပ် ဆောင်ရွက်ရသည့်ကိစ္စတွေ မဟုတ်ပါကြောင်း ကျွန်တော်တင်ပြ ဖြေကြားအပ်ပါတယ်။

လုပ်ထုံး လုပ်နည်းသတ်မှတ်ချက် များနှင့် အညီ စိစစ်ပြီးတော့ ဆုံးဖြတ်သည့်အလုပ်ကို လုပ်ရပါတယ်။

ပုဒ်မခွဲ(ည) တရားစွဲဆိုတင်ပို့ခြင်းမပြုနိုင်သော ပြစ်မှုဆိုင်ရာ အမှုများကို ပိတ်သိမ်းမှု သတ်မှတ်ချက် များနှင့် အညီ စိစစ်ပြီး အဆုံးဖြတ်ပေးရပါတယ်။

ပုဒ်မခွဲ(၌) ပြစ်မှုဆိုင်ရာအမှုများမှာ တရားရုံးသို့တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော တရားခံတစ်ဦးဦးအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ အစိုးရသက်သေပြုလုပ်လိုလျှင် တရားစွဲဆိုခံရခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ဆုံးဖြတ်သည့်အလုပ်ကို လည်းလုပ်ရပါတယ်။

ပုဒ်မခွဲ(ဌ) သေဒဏ်ထိုက်သင့်သော ပြစ်မှုဆိုင်ရာအမှုကို ကျူးလွန်ကြောင်း စွပ်စွဲခံရသော တရားခံဟာ ဆင်းရဲနွမ်းပါးသည့် သူဖြစ်တဲ့ အတွက် တရားရုံးမှာ အကျိုးဆောင်ဖို့ လိုက်ပါဆောင်ရွက်ဖို့ ရှေ့နေကိုငှားရမ်းပေးရပါတယ်။

ပုဒ်မခွဲ(ဍ) ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်သော ပြစ်မှုဆိုင်ရာ အမှုတွင် တရားလိုဘက်မှ ငှားရမ်းထားသည့် ရှေ့နေအား သတ်မှတ်ချက်များနှင့် အညီ ကြီးကြပ်ပေးရပါတယ်။

ပုဒ်မခွဲ(ဎ)တရားရုံး၏ စီရင်ချက်၊ အမိန့် (သို့မဟုတ်) ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်နှင့်သက်ဆိုင်သော အမှုများတွင် ပြင်ဆင်မှုတင်သွင်းရန်လိုအပ်ပါက သက်ဆိုင်ရာ

ဦးအောင်ဝင်း၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်ခမ်းမြို့နယ်၊ ကွန်လုံကျေးရွာတွင် တည်ဆောက်ထားသော 66/11KV 5MVA ခါတ်ခွဲရုံအား 66/11KV10 MVA ခွဲရုံအဖြစ် အဆင့်မြှင့်တပ်ဆင်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ်သည် မြို့ပေါ် ရပ်ကွက် (၁၄)ရပ်ကွက်နှင့်ကျေးရွာအုပ်စု(၄၃)အုပ်စုဖြင့် ဖွဲ့စည်းထားသော မြို့နယ် ဖြစ်ပါတယ်။ မြို့တွင်းနေပြည်သူလူထုများနှင့် မြို့အနီးအနား ပတ်ဝန်းကျင်ရှိကျေးရွာအုပ်စုတို့မှ ပြည်သူလူထုအချို့မှာ ပြည်ထောင်စု မဟာခါတ်အားလိုင်းမှ လျှပ်စစ်ခါတ်အားလိုင်းကို မှီခိုအားထား လျက်ရှိပါတယ်။ ယခုလက်ရှိမြို့တွင်း ရပ်ကွက်အိမ်ခြေပေါင်း (၈၅၀၀)ကျော်သည် မဟာခါတ်အားလိုင်းကို ချိတ်ဆက်အသုံးပြုပြီး အနီးအနားရှိကျေးရွာအုပ်စုများ အိမ်ခြေ(၁၆၀၀)ကျော် အချို့မှာမဟာ ခါတ်အားလိုင်းမှ မီးကို ချိတ်ဆက်သွယ်တန်းလျက်ရှိသည်ကို တွေ့ရှိရပါတယ်။

နမ့်ခမ်းမြို့နယ်အတွက် ကွန်လုံကျေးရွာတွင် တည်ဆောက်ထားသော 66/11KV 5MVA ခါတ်အားခွဲရုံ၌ တပ်ဆင်အသုံးပြုသည့်ထရန်စဖော်မာမှာအားနည်းနေပြီး တစ်မြို့နယ်လုံး လုံလောက်စွာအသုံးပြုနိုင်ရေးအတွက် အခက်အခဲ ဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ ယခုအထိ နမ့်ခမ်းမြို့ပေါ် ရပ်ကွက် အသီးသီးမှာ တစ်နာရီခြား၍ မီးအားဖြတ်တောက်ပြီး အလှည့်ကျ စနစ်ဖြင့်

D/real(wide) (9

မီးသုံးစွဲခဲ့ရပါကြောင်း သိရှိရပါတယ်။ မြို့နယ်ဖွံ့ဖြိုးရေး အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရာတွင် ယခုလက်ရှိနှင့်မဟာဓါတ်အားလိုင်းကို ဆက်လက်ချိတ်ဆက်သွယ်တန်းမည့် ကျေးရွာအုပ်စုများရှိသလို နမ့်ခမ်းမြို့နယ်တစ်ခုလုံး မီးအားလုံလောက်စွာ ဖြန့်ဖြူးအသုံးပြုနိုင်ရေးအတွက် နမ့်ခမ်းမြို့နယ်၊ ကွန်လုံကျေးရွာ ဓါတ်အားခွဲရုံအား 66/11KV 10 MVA ခွဲရုံအဖြစ်တိုးမြှင့်တပ်ဆင်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါတယ်။ ရှိပါက မည်သည့်အချိန်ကာလတွင် တပ်ဆင်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် မရှိပါက အဘယ်ကြောင့် တပ်ဆင်ပေးနိုင်ခြင်း မရှိကြောင်း သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊စွမ်းအင်နှင့်စက်မှုဝန်ကြီးမှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးဆွေသိန်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ဝင်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သည့် နမ့်ခမ်းမြို့နယ်၊ ကွန်လုံကျေးရွာတွင် တည်ဆောက်ထားသော 66/11KV 5MVA ဓါတ်အားခွဲရုံအား 66/11KV10 MVA ခွဲရုံအဖြစ် တိုးမြှင့်တပ်ဆင်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါသည်။ ရှိပါက မည်သည့်အချိန် ကာလတွင်တိုးချဲ့ပေးနိုင်မည်ကိုသိရှိလိုပါသည်။

တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းသည့် အလုပ် ကို လုပ်ရပါတယ်။

ပုဒ်မခွဲ(ဇ) တရားရုံးက ပြစ်မှုဆိုင်ရာအမှုတွင် အပြီးအပြတ်လွှတ်လိုက်သည့်အမိန့်တွင် အယူခံဝင်ရောက်သင့်သည်ဟု ယူဆလျှင် သတ်မှတ်ချက်များနှင့်အညီ အယူခံတင်ပြရပါတယ်။

ပုဒ်မခွဲ(တ)ပြည်ထောင်စုရှေ့နေချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်တို့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းဆိုပြီး ဖော်ပြထားပါတယ်။

ဥပဒေချုပ်ညွှန်ကြားမှုအောက်မှာရှိနေသည့် ၊ ပြည်ထောင်စုရှေ့နေချုပ်ကြီး၏ ကြီးကြပ်မှုအောက်မှာ ရှိနေသည့် နုံးတွေဟာ ဆိုလျှင် ဖြတ်သွားဖြတ်လာတာဝန်များကို ဆောင်ရွက်ရပါတယ်။ ဥပဒေချုပ်များကတော့ သက်ဆိုင်ရာဝန်ကြီးချုပ်နှင့် ရှေ့နေချုပ်နုံးက ကြီးကြပ်ကွပ်ကဲမှုကို ခံယူပြီး ဥပဒေချုပ်ရေးရာတာဝန်များကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဥပဒေအရာရှိများ၏ အကျိုးခံစားခွင့်ဟာ ပြင်ပရှေ့နေများနှင့်မသက်ဆိုင်ပါဘူး။ ကျွန်တော်တို့ဟာ နိုင်ငံတော်ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံတော်မှ ရာထူးအဆင့်အလိုက် သတ်မှတ်ပေးထားသော လစာစရိတ်ချီးမြှင့်ငွေများကိုသာ ခံစားခွင့် ရှိပါကြောင်း တင်ပြရင်းနှင့် ကျွန်တော်၏ တင်ပြချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ဝင်းက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

D/real(wide) (1

မရှိပါက အဘယ်ကြောင့် တပ်ဆင်ပေးနိုင်ခြင်း မရှိသည်ကို သိရှိလိုပါသည် မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်၊ ကွန်လုံကျေးရွာတွင် တည်ဆောက်ထားသော 66/11KV 5MVA ခါတ်အားခွဲရုံအား 66/11KV10 MVA ခွဲရုံအဖြစ် တိုးမြှင့်တပ်ဆင်ခြင်းလုပ်ငန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်(RE) တွင်တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါကဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ယနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်ခမ်းမြို့နယ်၊ မန်စပ်ကျေးရွာအုပ်စု၊ မန်စပ်ကျေးလက်ကျန်းမာရေးဌာနခွဲ တိုးချဲ့ ဖွင့်လှစ်ပေးရန် အစီ အစဉ်ရှိ/မရှိ စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ်၊ မန်စပ်ကျေးရွာအုပ်စုတွင် ရွာပေါင်း (၄)ရွာ စုပေါင်းနေထိုင်သော ကျေးရွာအုပ်စုဖြစ်ပါတယ်။ မန်စပ်ကျေးရွာအုပ်စုတွင်

အဘယ်ကြောင့် တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်းမရှိကြောင်း သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထု၏ကိုယ်စား မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ဦးစွာဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၏ နမ့်ခမ်းမြို့နယ်၊ မန်စပ်ကျေးလက်ကျန်းမာရေးဌာနခွဲ တိုးချဲ့ဖွင့်လှစ်ခြင်းအစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှဖြေကြားသွားမှာဖြစ်ပါတယ်။

နမ့်ခမ်းမြို့နယ်၊ မန်စပ်ကျေးရွာအုပ်စု၊ မန်စပ်ကျေးရွာသည် ပန်းဆေးကျေးလက်ကျန်းမာရေးဌာန အောက်တွင်တည်ရှိပြီး လူဦးရေ(၃၀၇၆)ဦးရှိပါတယ်။ မန်စပ် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ခွင့်ရရှိမည်ဆိုပါက မန်စပ်ကျေးရွာအုပ်စုမှ ကျေးရွာပေါင်း(၄)ရွာရှိ လူဦးရေ(၅၅၃၈)ဦးကို ကျန်းမာရေးစောင့်ရှောက်မှု အကျိုးပြုနိုင်မှာဖြစ်ပြီး အမှန်တကယ်လိုအပ်လျက်ရှိကြောင်းတွေ့ရှိရပါတယ်။ မန်စပ်ကျေးလက်ကျန်းမာရေးဌာနခွဲ တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိနိုင်ရန်အတွက် တွဲဖက်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လားရှိုးမြို့၏(၄-၃-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ရမ/ခွဲ-၄(၂) (အဆိုပြု)/၂၀၁၇/၅၂၇ဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့

D/real(wide) (1

(၁) မန်စပ်ရွာ အိမ်ခြေ (၄၇၃)အိမ်၊ လူဦးရေ (၂၂၉၉)ဦး
(၂) နမ့်စိတ်ကျေးရွာအိမ်ခြေ (၂၀၆)အိမ်၊ လူဦးရေ (၁၃၃၅)ဦး
(၃) စံကားကျေးရွာအိမ်ခြေ (၅၂)အိမ်နှင့် လူဦးရေ (၂၉၅)ဦး
(၄) ငါးလော်ကျေးရွာအိမ်ခြေ (၄၂)အိမ်နှင့်လူဦးရေ (၁၉၃)ဦး နေထိုင်သော ကျေးရွာအုပ်စုကြီးတစ်ခုဖြစ်ပါတယ်။ စုစုပေါင်း အိမ်ခြေ(၇၃၃)နှင့် လူဦးရေ(၄၁၂၂)ဦး နေထိုင်သော အုပ်စုဖြစ်ပါတယ်။ အ. ထ. က(ခွဲ)ကျောင်းရှိပြီး ဆေးပေးခန်း တစ်ခါမျှမရရှိခဲ့ဘူးပါ။

၄င်းမန်စပ်ကျေးရွာသည် နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံနှင့် (၁၃)မိုင်၊ မိုင်းဝီးတိုက်နယ်ဆေးရုံမှ (၁၅)မိုင်၊ ပန်ဆေးတိုက်နယ်ဆေးရုံနှင့်(၅)မိုင် အကွာအဝေးတွင် တည်ရှိသော ကျေးရွာဖြစ်ပါတယ်။ ကချင် တိုင်းရင်းသားနှင့် ပလောင်တိုင်းရင်းသားအများစု၊ စုပေါင်းနေထိုင်ကြပြီး၊ လက်ဖက်ခြံလုပ်ငန်း၊ ပြောင်းဖူးခြံလုပ်ငန်းနှင့် ယာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်ပါတယ်။

ဒေသခံတိုင်းရင်းသားပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးသည် မြေနီလမ်းဖြစ်ပါသဖြင့် နွေရာသီတွင်သာ အသုံးပြုနိုင်သော လမ်းဖြစ်ပါတယ်။ မိုးရာသီကာလတွင် သွားရေး၊ လာရေးခက်ခဲသောဒေသဖြစ်ပြီး အခြားသောကျန်းမာရေးဌာနများနှင့် အလွန်ကွာဝေးလှသဖြင့် လူနာများ မသေသင့်ဘဲ သေဆုံးခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲတိုးချဲ့တည်ဆောက် ဖွင့်လှစ်ပါက ၄င်းပတ်ဝန်းကျင်ရှိ ကျေးရွာ ပြည်သူလူထုပေါင်း(၄၀၀၀) ကျော်အား ဆေးဝါးကုသမှုခံယူနိုင်မှာ ဖြစ်ပြီး တောင်ပေါ်ဒေသနေတိုင်းရင်းသားပြည်သူများအတွက်အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မန်စပ်ကျေးလက်ကျန်းမာရေးဌာနခွဲ တိုးချဲ့ဖွင့်လှစ်ခြင်း အစီ အစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ ရှိပါက မည်သည့် အချိန် ကာလတွင် တိုးချဲ့ပေးမည်ကို သိရှိလိုပါတယ်။ မရှိပါက

တင်ပြထားပြီးဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက ပထမမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။

ဒီကနေ့မှာလည်းပဲ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပဉ္စမ ပုံမှန် အစည်းအဝေး ဒုတိယရက်မှာ ဘာသာရေးနှင့် ပတ်သက်သည့် မေးခွန်းများကို ကျွန်တော် တင်ပြဆွေးနွေးခဲ့ပြီး ယခုလည်းပဲ ဘာသာရေးနှင့်ပတ်သက်သည့် မေးခွန်းဖြစ်သည့် အောက်ပါအတိုင်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ် ခင်ဗျား-

ရှမ်းပြည်နယ်အတွင်းရှိ သံဃာတော်များ ဆေးကုသရန် အတွက် နိုင်ငံတော်ပိုင် ခုတင်(၁၀၀)ဆံ့ အထူးကုသံဃာဆေးရုံများကို ရှမ်းပြည်နယ်အတွင်း၌ တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်အချိန်ကာလ တွင်စတင်ပြုလုပ်မည်ကို အများပြည်သူသိရှိနိုင်ရန်အတွက်ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

D/real(wide) (1

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့မေးမြန်းမည့် မေးခွန်းကတော့ ကျောင်းသားများနှင့် ပတ်သက်သည့် မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကိုတော့ ရှမ်းပြည်နယ်လွှတ်တော်ကို ၂၀၁၇ခုနှစ် ဇန်နဝါရီလ(၂၀)ရက်နေ့မှာ တင်ပြခဲ့သည့်မေးခွန်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကနေ့မှာ ဒီမေးခွန်းဟာ အတန်းတင်စာမေးပွဲကြီးပြီးသွားပေမဲ့လည်း ကျောင်းသူကျောင်းသားများကိုကျွန်တော်တို့ဆက်လက်ပြီး လေ့လာနေကြောင်း၊ အလေးထား ကြောင်းကိုသိရှိနိုင်ရန်အတွက် ဒီအချက်အလက်ကို မေးမြန်းထား ခြင်းဖြစ်ပါတယ်။ မေးခွန်းအနေဖြင့် ဆက်လက်တင်ပြရမည်ဆိုလျှင် ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသူ၊ ကျောင်းသားများ အတန်းတင်စာမေးပွဲနီးကပ်လာပြီဖြစ်၍ နေ့စဉ်ပုံမှန်လျှပ်စစ်မီး လင်းရန်အတွက်ကြိုတင်ပြင်ဆင်မှုများစီမံဆောင်ရွက်ထားခြင်း ရှိ/မရှိ နှင့် ၊ လျှပ်စစ်မီး မရရှိသည့်ဒေသများတွင်လည်း မီးအလင်းရောင်ရရှိရေးအတွက် မည်သည့်အကြံပေးဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း ၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းရဲ့ ရှမ်းပြည်နယ်အတွင်းရှိ သံဃာတော်များ ဆေးကုသရန်အတွက် နိုင်ငံတော်ပိုင် ခုတင်(၁၀၀)ဆံ့ အထူးကုသံဃာဆေးရုံများကို ရှမ်းပြည်နယ်အတွင်း၌ တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလ တွင်စတင်ပြုလုပ်ပေးမည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရှမ်းပြည်နယ်ကုသရေးဦးစီးဌာနလက်အောက်ရှိ ဗဟိုအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ တိုက်နယ်အဆင့်ဆေးရုံများတွင် သံဃာတော်များ ဆေးကုသမှုခံယူရန်အတွက် သံဃာဆောင်များသီးခြားထားရှိ၍သော်လည်းကောင်း၊ လူနာဆေးကုသဆောင်များအတွင်း သီးသန့်အခန်းများ စီစဉ်ထားရှိ၍သော်လည်းကောင်း ဆောင်ရွက်ထားရှိပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ကုသရေးဦးစီးဌာန၊ တောင်ကြီးမြို့လက်အောက်ရှိ စဝ်စံထွန်းဆေးရုံကြီး၊ အထွေထွေရောဂါကုဆေးရုံကြီး၊ လွိုင်လင်မြို့၊ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံ၊ ခိုလမ်မြို့၊ ပြည်သူ့ဆေးရုံများဖြစ်သည့် ကလော၊ ဟိုပုံး၊ ဆီဆိုင်၊ ညောင်ရွှေ၊ နန်းပန်၊ ရပ်စောက်၊ ပင်းတယ၊ ရွာငံ၊ ဖယ်ခုံ၊ ပင်လောင်း၊ နမ့်စန်၊ လဲချား၊ မိုင်းကိုင်၊ ကျေးသီး၊ မိုင်းရှူး၊ ကွန်ဟိန်း၊ လင်းခေး၊ မိုးနဲ၊ မောက်မယ်၊ မိုင်းပန်မြို့များရှိ ဗဟိုအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်

D/real(wide) (1

ဦးဆွေသိန်း၊ ပြည်နယ်လွှတ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လွှတ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးဆွေသိန်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သည့် ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာသင်ကျောင်း များတွင် ကျောင်းသူ၊ ကျောင်းသားများ အတန်းတင်စာမေးပွဲနီးကပ် လာပြီဖြစ်၍ နေ့စဉ်ပုံမှန်လွှတ်စစ်မီး လင်းရန်အတွက်ကြိုတင် ပြင်ဆင်မှုများ စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိ နှင့်၊ လွှတ်စစ်မီး မရရှိ သည့်ဒေသများအတွက်လည်း မီးအလင်းရောင်ရရှိရေးအတွက် မည်သည့်အကြံပေးဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ ကို သိရှိလိုပါသည်မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်စစ်ဓါတ်အားလုပ်ငန်းအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ဓါတ်အားစနစ်ရရှိပြီးသော မြို့နယ်နှင့် ကျေးရွာစာစစ်ဌာနများတွင် စာမေးပွဲကာလအတွင်း ဓါတ်အားပြတ်တောက်မှုမရှိစေရေးအတွက်သက်ဆိုင်ရာ ခရိုင်လွှတ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လွှတ်စစ်အင်ဂျင်နီယာများမှ ကြီးကြပ်၍ ဓါတ်အားလိုင်းများနှင့် ခွဲရုံများသို့ ကွင်းဆင်းစစ်ဆေးပြီး အရေးပေါ်ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းများပြုပြင်ခြင်း၊လဲလှယ်ခြင်းများဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အရေးပေါ်မီးပျက်ပြင်ဆင်ရေးအဖွဲ့အား အင်အားတိုးဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအနေဖြင့် မိမိတို့ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသူ၊

အဆင့်ဆေးရုံများတွင်သံယာဆောင်များ သီးခြားထားရှိ၍ဆေးကုသမှု ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန၊ လားရှိုးမြို့လက်အောက်ရှိ ပြည်သူ့ဆေးရုံ၊ လားရှိုးမြို့၊ မြို့နယ်ပြည်သူ့ဆေးရုံများဖြစ်သည့် မိုးမိတ်၊ နောင်ချို၊ နမ့်ဆန်၊ သီပေါ၊ သိန္နီ၊ မဘိမ်း၊ တန့်ယန်း၊ ဟိုပန်၊ မိုင်းရယ်၊ ကျောက်မဲမြို့များနှင့်တောင်ရှည်၊ နမ့်လန်တိုက်နယ်ဆေးရုံများတွင် သံဃာဆောင်များသီးခြားထားရှိ၍ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုသရေးဦးစီးဌာန၊ ကျိုင်းတုံမြို့လက်အောက်ရှိ ပြည်သူ့ဆေးရုံ၊ ကျိုင်းတုံမြို့တွင် သံဃာဆောင်များသီးခြားထားရှိ၍ဆေးကုသမှု ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်ကုသရေးဦးစီးဌာနလက်အောက်ရှိ ဆေးရုံကြီး၊ ဆေးရုံများတွင်သံဃာဆောင်များ ထားရှိခြင်းအားဖြင့် ဆေးကုသမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေပြီး အထူးကုဆရာဝန်ကြီးများနှင့် ကုသမှုအထောက်အကူပြု စက်ပစ္စည်းကိရိယာများဖြင့် ဆေးကုသရေးလုပ်ငန်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်းရှိ သံဃာတော်များ ဆေးကုသရန်အတွက် နိုင်ငံတော်ပိုင် ခုတင်(၁၀၀)ဆံ့ အထူးကုသံဃာဆေးရုံ ဆောက်လုပ်ရန် လတ်တလော အစီအစဉ် မရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

D/real(wide) (1

ကျောင်းသားများ အတန်းတင်စာမေးပွဲနီးကပ်လာပြီဖြစ်၍ နေ့စဉ်ပုံမှန် လျှပ်စစ်မီးလင်းရန်အတွက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၏ ညွှန်ကြားချက်နှင့်အညီ ဓါတ်အားလိုင်းများ အောက်ရှိ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဓါတ်အားခွဲရုံများအား ပုံမှန်စစ်ဆေးခြင်းများအား ဆောင်ရွက်ထားပါကြောင်း၊ လျှပ်စစ်မီးမရရှိ သည့်စာစစ်ဌာနများအတွက်လည်း ယခင်နှစ်များနည်းတူ ကျေးရွာ ပိုင်မီးစက်များဖြင့် ဌာနမှ ကြီးကြပ်ဆောင်ရွက်ပေးသွားမည်။လျှပ်စစ်မီးမရသောဒေသများကို JICA မီးစက်မောင်းနှင်၍သော်လည်းကောင်း၊ ကျန်ဒေသ၌ ဒီဇယ်အင်ဂျင်စက်များ၊ အသေးစားရေအားလျှပ်စစ်၊ဆိုလာပြားများဖြင့် မီးလင်းရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲကာလဖြစ်သည့် ၈-၃-၂၀၁၇ ရက်နေ့မှ ၁၇-၃-၂၀၁၇ ရက်နေ့ထိ သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာများမှ ဦးဆောင်၍ လိုင်းဝန်ထမ်းများနှင့် (၂၄)နာရီတာဝန်ချထားလျက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများသို့ ဆက်သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်များကို ပြည်သူများထံအသိ ပေးထားပြီး အရေးပေါ်မီးပျက်၊ မီးပြင်ဌာနစိတ်၌လည်း (၂၄)နာရီတာဝန်ချထားဆောင်ရွက်ပေးထားပြီးဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်က ကျိုင်းတုံ

(၂) ဝမ်ကောင်းရွာ (ပန်ဝိုင်အုပ်စု)မှ ဝမ်နောင်ရွာ (ဟောင်ကန်အုပ်စု)မြေလမ်း(၃)မိုင်။ ဆောက်လုပ်ပေးနိုင်ရန်တင်ပြ ရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျေးရွာအုပ်စုချင်းဆက်လမ်း(၂)လမ်းအား ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ဘတ်ဂျက်အတွင်း ထည့်သွင်းဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးတာဝန်ယူထားသည့် ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းမေးမြန်းသည့် ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ် ဘတ်ဂျက်အတွင်းမှာ မိုင်းပျဉ်းမြို့နယ်၊ လွယ်လုံကျေးရွာအုပ်စု၊လုဝိုင်ရွာမှဆင်မောင်းကျေးရွာအုပ်စု၊ ဝမ်ကတ်ရွာမြေလမ်း(၇)မိုင်နှင့် ပန်ဝိုင်ကျေးရွာအုပ်စု၊ ဝမ်ကောင်းကျေးရွာမှ ဟောင်ကန်ကျေးရွာအုပ်စု၊ ဝမ်နောင်ရွာမြေသားလမ်း(၃)မိုင် ကျေးရွာချင်းဆက်လမ်း(၂)လမ်းအားခွင့်ပြုဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိမေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်ပြီးတော့ မိုင်းပျဉ်းမြို့နယ်၊ လွယ်လုံကျေးရွာအုပ်စု၊ လုဝိုင်ရွာမှဆင်မောင်းကျေးရွာအုပ်စု၊ ဝမ်ကတ်ရွာဆက်သွယ်

D/real(wide) (1

နိုင်သောမြေသားလမ်း(၇)မိုင်မှာ လက်ရှိအခြေအနေတွင်ကျဉ်းမြောင်းသောလမ်း(၁)လမ်းဖြစ်ပါတယ်။ အရှည်(၅)မိုင်(၄)ဖာလုံကိုမြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် Box Culvert(၃)စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ယခု၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာငွေဖြင့် ဆောင်ရွက်ပေးရန် လျာထားတင်ပြထားရှိပြီးဖြစ်ပါကြောင်းနှင့် လုပိုင်-ဝမ်ကတ်လမ်း အရှည်(၇)မိုင်အနက်မှကျန်ရှိသော (၁)မိုင်(၄)ဖာလုံနှင့် ဝမ်ကောင်းကျေးရွာမှ ဟောင်ကန် ကျေးရွာအုပ်စု၊ ဝမ်နောင်ရွာမြေလမ်း(၃)မိုင် မြေသားလမ်းခဲ့ထွင် ဖောက်လုပ်ခြင်းလုပ်ငန်းများကိုလည်း ကျေးလက်လမ်းတံတား (၁၅) နှစ်စီမံကိန်း၏ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်ရန် ထည့်သွင်းလျာထား တင်ပြပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။ လေးစားရပါသော ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး ကျန်းမာကြပါစေလို့ဆုတောင်း မေတ္တာပို့သရပါတယ်ရှင်။ ကျွန်မကတော့ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်ပြည်သူဆေးရုံတွင် လိုအပ်သောအဆောက်အဦများနှင့် အမှိုက်မီးရှို့စက်များကို ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်

ခရိုင်၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းဖြစ်ပါတယ်။ ယခု ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်၊ ကျေးရွာအုပ်စုချင်းဆက်လမ်းများခွင့်ပြုဆောက်လုပ်ပေးမည့် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကိုမေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်သည် တောတောင်ထူထပ်ပေါများပြီးမြေပြန့်နည်းပါးသည့်နယ်မြေဒေသဖြစ်ပါတယ်။ကျေးရွာအုပ်စု(၂၄)အုပ်စု ရှိပြီး၊ ကျေးရွာ(၃၉၀)ကျော် ရှိပါတယ်။ ရှမ်းတိုင်းရင်းသားများသည် မြစ်ချောင်းတလျှောက်၊ မြေပြန့်များတွင် ကျေးရွာတည်ဆောက်ပြီးလားဟူ၊ လွယ်ဝ၊ အခါ စသည့် တိုင်းရင်းသားများသည် တောင်ပေါ်ဒေသများတွင် ကျေးရွာများ ဆောက်လုပ်နေထိုင်ကြပါတယ်။ ကျေးရွာအုပ်စု(၂၄)စုအနက်(၁၅)အုပ်စုသည် တောင်ပေါ်ဒေသတွင် ရှိကြပါတယ်။

အဆိုပါတောင်ပေါ်ဒေသကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသည် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆိုင်ကယ်လမ်း၊ လူသွားလမ်းသာရှိပါတယ်။ အချို့ကျေးရွာများတွင် ထော်လာဂျီဖြင့် သွားလာနိုင်ပါတယ်။ ကျေးလက်ဒေသလူမှုဘဝ အဆင့်အတန်းမြင့်မားလာ စေရန် ကျေးရွာအုပ်စုအသီးသီးတို့၏ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းတိုးတက်ဆောင်ရွက်ပေးရန် အထူးလိုအပ်သည်ဟုယုံကြည် မိပါတယ်။ နိုင်ငံတော်အစိုးရမှလည်း ဆောက်လုပ်ပေးပြီးသည့် တောင်ပေါ်လမ်းများကိုလည်း ကျေးလက်ပြည်သူများက ဝမ်းသာပီတိဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကျန်သည့်ကျေးရွာအုပ်စုများအတွက်လည်း အခုကျွန်တော် တင်ပြချက်အရ ဆက်လက်ပြီးတင်ပြသွားမှာ ဖြစ်ပါတယ်။

(၁) လုပိုင်ရွာ(လွယ်လုံအုပ်စု)မှ ဝမ်ကတ်ရွာ (ဆင်မောင်းအုပ်စု)သို့ မြေလမ်း(၇)မိုင်။

D/real(wide) (1

ပျဉ်ကာ၊ ပျဉ်ခင်းနှင့် ထရံကာ၊ ပျဉ်ခင်းတို့ဖြင့်ဆောက်လုပ်ပြီး အဆောက်အဦများမှာ ကောင်းမွန်ခြင်းမရှိပါသောကြောင့် အရံ ၃၄ပေ၊ ၅၆ပေ ဆေးရုံ(၂)ထပ်လူနာဆောင်(၁)ဆောင်၊ (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်း အိမ်ရာ(၂)လုံး၊ ၃၀×၃၀ပေ ဆေးသိုလှောင်ရုံ၊ ပေ (၂၀)ပတ်လည် နားနေဆောင်(၁)ထပ်အဆောက်အဦနှင့် အမှိုက် မီးရှို့စက်များကို ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်တင်ပြတောင်းခံ ခဲ့သော်လည်းပါဝင်ခြင်းမရှိသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုချက်ရရှိ နိုင်ရေးအတွက် တွဲဖက်ပြည်နယ်ကုသရေးဦးစီးဌာန၊ လားရှိုးမြို့၏(၁၅-၃-၂၀၁၇)ရက်စွဲပါစာအမှတ်၊ ရမ/လရ/ ဘင/၂၀၁၇/၄၅၁ဖြင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ ထပ်မံ တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းမွန်းလိန်ကမေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ အားလုံး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်ဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တင်ပြချင်တာကတော့ မိုးနဲမြို့နယ်၊ နမ့်မော်ဆွမ့်ကျေးရွာအုပ်စု၊ အောင်သပြေဆီဆုံရွာအတွင်းရှိ Transformer 200KV အိုးနှင့် လျှပ်စစ်သွယ်တန်း ခြင်းနှင့်စပ်လျဉ်းသည့် အပြုသဘောဆောင်သည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်မော်ဆွမ့်

ပေးနိုင်ရေးအစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ မေးခွန်းမေးမြန်း သွားမှာဖြစ်ပါတယ်ရှင်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်တွင် ဒေသခံပြည်သူ လူထုတို့သည် ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံ တစ်ခုတည်းကိုသာ အားကိုး၍ ဆေးကုသမှု ခံယူနေကြရပါတယ်။ မိုးမိတ်မြို့ ဒေသခံ ပြည်သူတို့၏ ကျန်းမာရေးကို ပြုစုစောင့်ရှောက်ပေးရမည့် ဆေးရုံ အဆောက်အဦတို့သည်လည်း ခေတ်နှင့်လျော်ညီမှုမရှိသည်ကို တွေ့မြင်ရပါတယ်။ မိုးမိတ်မြို့ပြည်သူ့ဆေးရုံ၌လွန်ခဲ့သော(၉၁)နှစ်က တည်ဆောက်ထားခဲ့သော အဆောက်အဦဖြစ်နေပြီးလျှင် ကျန်းမာရေးဝန်ထမ်းများ၏ နေအိမ်များသည်လည်းပျက်စီးယိုယွင်း နေသည့် အခြေအနေများဖြစ်နေသည်ကိုမြင်တွေ့ရပါတယ်။ (မိုးမိတ်မြို့နယ်ပြည်သူ့ဆေးရုံအတွင်းရှိ ပျက်စီးယိုယွင်းနေမှုများကို ပါဝါပွိုင့်ဖြင့်တင်ပြသွားပါသည်။)

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ဟာ ပြည်သူ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အတွက် မိမိတို့၏ ဒေသအသီးသီးမှာရှိသည့် ပြည်သူတွေ၏ ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ပညာရေးကဏ္ဍအသီးသီး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက်ကူညီပေးကြရသည့်သူများသာ ဖြစ်ပါတယ်။အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက် ရမည့်ကဏ္ဍနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများသာဖြစ်သည်ဟုယုံကြည် မိပါတယ်ရှင်။ ဒါကြောင့် မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် ပြည်သူ့ ဆေးရုံတွင်လိုအပ်လျက်ရှိသော ဆေးရုံ(၂)ထပ်ဆောင်၊ ဝန်ထမ်း အိမ်ရာ၊ဆေးသိုလှောင်ရုံ၊ပေ(၂၀)ပတ်လည်နားနေဆောင် (၁)ထပ် အဆောက်အဦနှင့်အမှိုက်မီးရှို့စက်များကို၂၀၁၇-၂၀၁၈ဘဏ္ဍာရေး နှစ်တွင် တည်ဆောက်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိကို သိရှိလို

D/real(wide) (1

ကျေးရွာအုပ်စု၊ အောင်သပြေ၊ ဆီဆုံရွာ Transformer 200KV အိုးနှင့်လျှပ်စစ်မီး ရရှိရေးအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ရက်(၁၀၀) စီမံချက်တွင် ထည့်သွင်းပေးရန် အကူအညီ တောင်းခံထားသည်ဟု သိရှိရပါတယ်။ ၂၀၁၄ခုနှစ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ လင်းခေးခရိုင်ခရီးစဉ် လူထုတွေ့ဆုံပွဲ၌ အဆိုပါကိစ္စအားတင်ပြခဲ့သည်ဟု အောင်သပြေတွင် Transformer များနှင့် တိုင်များထောင်ပြီးပြဿနာဖြစ်မှ သိရပါတယ်။ လင်းခေးခရိုင် လူထုတွေ့ဆုံပွဲတွင် တင်ပြတောင်းခံသည်ကိုလည်းမတွေ့ရှိရပါ။ ၄င်းလျှပ်စစ် Transformer တည်ရှိရာသည် မိုးနဲမြို့နယ်မဲဆန္ဒနယ်မြေအမှတ်(၁) ဧရိယာအတွင်းရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်များ သိရှိခွင့်မရရှိခဲ့သည်မှာပွင့်လင်းမြင်သာမှုမရှိခြင်းဖြစ်သည်ဟု ယူဆမိပါတယ်။ ၂၀၁၂ခုနှစ်မှ မိုးနဲမှနားခံသို့ ကိုယ်ထူကိုယ်ထ ၁၁ကေဗွီမဟာဓါတ်အားလိုင်းဆောက်လုပ်ခြင်းအားဖြင့် ငွေကြေးသိန်း(၃၄၀၀) ကျော်ကုန်ကျထားပြီး ယခုအစိုးရမှ ပြန်ဆပ်ထားတဲ့ငွေ အကြွေးမကျေသေးပါသဖြင့် နောက်ထပ်အသစ်ချပေးမည့် အောင်သပြေ ၁၁ ကေဗွီ လျှပ်စစ်မီးဟာလဲ ကိုယ်ထူကိုယ်ထကိုယ့်လိုင်းပေါ်မှာ ချိတ်ရပါသဖြင့် ၄င်းနောက်ဆက်တွဲ ပြဿနာအများကြီးရှိနေသည်ဟု သုံးသပ်မိပါတယ်။ ထို့အတူ နမ့်မော်ဆွမ့်ကျေးရွာအုပ်စုရှိ နမ့်မော်ဆွမ့်ရွာတွင်လည်း ကိုယ်ထူကိုယ်ထ မီးတပ်ဆင်ထားပါသေးသည်။ ၄င်းပြဿနာတွင်လည်း မဖြေရှင်းရသေးသည့် အတွက်ကြောင့် ပြဿနာတစ်ခုမပြီးသေးဘဲနောက်ထပ်ပြဿနာ အသစ် ထပ်မံဖြည့်မယ်ဆိုရင် ကျွန်တော် တို့သွားချင်နေသည့် Federal ဒီမိုကရေစီစနစ် သို့နှောင့်နှေး ကြန့်ကြာသွားပါမည်။ ထို့ကြောင့် မိုးနဲမြို့နယ်၊ နမ့်မော် ဆွမ့်ကျေးရွာအုပ်စု၊ အောင်သပြေ (ဆီဆုံရွာ)အတွင်းရှိ Transformer အိုးနှင့်လျှပ်စစ်သွယ်တန်းခြင်း ကိစ္စတို့ကို

D/real(wide) (1

ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ် ရှင်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ရီရီဝင်း၏ မိုးမိတ်ဆေးရုံနှင့် ပတ်သက်သည့် မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်ပြည်သူ့ဆေးရုံသည် ၁၉၄၇ခုနှစ် နောက်ပိုင်းကာလမှ စတင်ဖွင့်လှစ်ခဲ့ပြီး ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ် ၂၀၁၅ခုနှစ်၊ ဇူလိုင်လ၊ ၈ရက်နေ့တွင် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ မိုးမိတ်ပြည်သူ့ဆေးရုံတွင် ပင်မလူနာဆောင်၊ ကလေးနှင့် အမျိုးသားလူနာဆောင်(၁)ဆောင်၊ အမျိုးသမီးဖျားနာဆောင်နှင့် သားဖွားမီးယပ်ဆောင်(၁)ဆောင်၊ မူးယစ်ဆေးစွဲကုသလူနာဆောင်၊ သံဃာဆောင်၊ တီဘီလူနာကုသဆောင်၊ ဆေးစတိုဆောင်၊ ဓါတ်မှန်ခန်း၊ သွားကုသမှုလူနာဆောင်၊ တီဘီဌာန၊ ဧည့်ခန်း အဆောက်အဦ(၁)ဆောင်နှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူးရုံး(၂)ထပ်အဆောက်အဦတို့ဖြင့် ကုသဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့သော်လည်း အဆောက်အဦများမှာ ဟောင်းနွမ်းပျက်စီးနေပြီဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာအဖြစ် မြို့နယ်ကုသရေး ဦးစီးဌာနမှူး နေအိမ်(၁)လုံး၊ လက်ထောက်ဆရာဝန် နေအိမ်(၁)လုံး၊ THN နေအိမ်(၁)လုံး၊ SN နေအိမ်(၂) ခန်းတွဲ(၁)လုံး၊ အစောင့် နေအိမ်(၂)ခန်းတွဲ(၁)လုံး၊ ဝန်ထမ်းနေအိမ်(၃)ခန်းတွဲ(၁)လုံးနှင့် (၂)ခန်းတွဲ(၁)လုံးတို့ရှိသော်လည်း အဆောက်အဦများမှာ

(က) အောင်သပြေ၊ ဆီဆုံရွာရာအိမ်မျူးကသက်ဆိုင်ရာ အစိုးရကို တိုက်ရိုက် တောင်းဆိုခွင့်ရှိပါသလား။ ရှိသည်ကို အဘယ်ကြောင့်နည်း။

(ခ) ရာအိမ်မှူးက မိုးနဲမြို့နယ်အတွင်းရှိ မည်သည့်ဌာနဆိုင်ရာ၊ မည်သည့်အဖွဲ့အစည်း၊မည်သည့် ပုဂ္ဂိုလ်ကို တင်ပြတောင်းခံခြင်း၊ အကြောင်းမကြားခြင်း အသိပေးခြင်းမရှိဘဲ ဝန်ကြီးချုပ်ဆီကို တိုက်ရိုက် တင်ပြ တောင်းဆိုနိုင်ပါသလား။ အဘယ်ကြောင့်နည်း။

(ဂ) မည်သည့်အဖွဲ့အစည်းမှ တင်ပြတောင်းခံခြင်းမရှိဘဲ သက်ဆိုင်ရာအစိုးရက မည်သည့် Budget ဖြင့် ချပေးထားသည်ကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးမှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးဆွေသိန်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မိုးနဲမြို့နယ်၊ နမ့်မော်ဆွမ့်

ပေးလျက်ရှိခြင်း၊အောင်သပြေ(ဆီဆုံရွာ)အားလျှပ်စစ်ဓါတ်အားသုံးစွဲနိုင်စေရန် အတွက် ပြည်နယ် အစိုးရအဖွဲ့မှဆောင်ရွက်ပေးရာတွင် ရာအိမ်မှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ သာမန်ကျေးရွာသူ၊ ရွာသားဟူ၍ ခွဲခြားခြင်းမရှိဘဲ အောင်သပြေ (ဆီဆုံရွာ)နေ ကျေးရွာပြည်သူလူထုများ လျှပ်စစ် ဓါတ်အားရရှိသုံးစွဲနိုင်ခြင်းဖြင့် ၎င်းကျေးရွာနေ ပြည်သူလူထု၏ လူမှုစီးပွားဘဝများတိုးတက်ရေးအတွက် ပုဂ္ဂလိကအကျိုးရှေးရှုဆောင်ရွက်ပေးခြင်းမဟုတ်ဘဲအများပြည်သူအကျိုးအလို့ငှာဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

(ခ) ပြည်သူလူထုမှရွေးချယ်တင်မြောက်ထားသော အစိုးရအဖွဲ့ဝန်ကြီးချုပ်အနေဖြင့် ပြည်သူများထဲမှ မည်သူမဆို အများ ပြည်သူအကျိုးအလို့ငှာ တောင်းဆိုလာသည့် ကိစ္စရပ်များအား စိစစ် ၍ ဆောင်ရွက်ပေးရန်တာဝန်ရှိပြီး ပြည်သူများအနေဖြင့် မိမိတို့ ရွေးချယ်တင်မြောက်ထားသော အစိုးရထံ မိမိဒေသအကျိုးစီးပွားအတွက် တောင်းဆို နိုင်ပါကြောင်း၊ မိမိတို့၏ ဒေသလူမှုရေးအခက်အခဲများအား တင်ပြ ဆောင်ရွက်ခြင်းများကို ဥပဒေအရ ပိတ်ပင်ထားခြင်းလည်း မရှိပါကြောင်း၊ ထို့သို့ တောင်းဆိုမှုများအား အမှန်တကယ်လိုအပ်မှုရှိ/မရှိ စိစစ်ပြီး ဘဏ္ဍာရေးအခြေအနေပေါ်မူတည်၍ ခွင့်ပြုချထားပေးခြင်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

D/real(wide) (1

(၈) အောင်သပြေ(ဆီဆုံရွာ)အား လျှပ်စစ်ဓါတ်အား သုံးစွဲနိုင်စေရန်အတွက် မြို့နယ်လျှပ်စစ်မှူး(မိုးနဲ့)မှ (၂၃-၅-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၁၁၀/(မီးလင်းရေး) မနမ/၂၀၁၆ဖြင့် တောင်းခံခဲ့ရာ ရှမ်းပြည်နယ်လျှပ်စစ်ဓါတ်အားပေးလုပ်ငန်း၏ (၂၇-၅-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၁၈၁၀/ဓအဖ (စီမံကိန်း)တိုင်း-၅/၂၀၁၆ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ပြီး ကျပ်သန်း(၆၉၊ ၈၂၈)ဖြင့်

(၁) ၁၁ကေဗွီလိုင်း ၁၂၀ပေ၊

(၂) ၁၁/၀.၄ကေဗွီ၊ ၂၀၀ကေဗွီအေထရန်စဖော်မာ (၁)လုံး

(၃) ၄၀၀ဗို့လိုင်း ၁.၂မိုင် တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းအား

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရန်ပုံငွေ BE ဘတ်ဂျက်ပိုလျှံငွေမှ ခွင့်ပြုဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လိုသော စီမံချက်များအားလုံးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကပင် ရွေးချယ် တင်ပြရပါကြောင်း၊ မိမိတို့တင်ပြသည့် လုပ်ငန်းများ အနက်ဘဏ္ဍာရေးအခြေအနေအရ ခွဲဝေချထားပေးသော လုပ်ငန်းများအား မြို့နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအိုက်ခမ်းလှိုင်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ကျေးရွာအုပ်စု၊ အောင်သပြေ(ဆီဆုံရွာ) အတွင်းရှိ Transformer အိုးနှင့် လျှပ်စစ်သွယ်တန်းခြင်းနှင့် ပတ်သက်၍-

(က) ရာအိမ်မှူးက သက်ဆိုင်ရာအစိုးရကို တိုက်ရိုက်တောင်းယူခွင့် ရှိပါသလား။ ရှိသည်ကို အဘယ်ကြောင့်နည်း။

(ခ) ရာအိမ်မှူးက မိုးနဲမြို့နယ်အတွင်းရှိ မည်သည့်ဌာနဆိုင်ရာ၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်ကိုတင်ပြတောင်းခံခြင်း၊ အကြောင်းမကြားခြင်း အသိပေးခြင်းမရှိဘဲ ဝန်ကြီးချုပ်ဆီကို တိုက်ရိုက်တင်ပြတောင်းဆိုနိုင်ပါသလား။ အဘယ်ကြောင့်နည်း။

(ဂ) မည်သည့်အဖွဲ့အစည်းမှ တင်ပြတောင်းခံခြင်း မရှိဘဲ သက်ဆိုင်ရာအစိုးရက မည်သည့် Budget ဖြင့် ချပေးထားသည်ကို သိလိုပါတယ် မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုးနဲမြို့နယ်၊ နမ့်မော်ဆွမ့်ကျေးရွာအုပ်စု၊ အောင်သပြေဆီဆုံရွာအတွင်းရှိ Transformer အိုးနှင့် လျှပ်စစ်သွယ်တန်းခြင်းနှင့် ပတ်သက်၍-

(က) နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိလျှပ်စစ်ဓါတ်အား ရရှိသုံးစွဲနိုင်ခြင်း မရှိသေးသော ပြည်သူလူထု (၃၇)%ခန့်အား ကျေးလက်၊ မြို့ပြခွဲခြားခြင် းမရှိဘဲ လျှပ်စစ်ဓါတ်အားသုံးစွဲနိုင်ရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေ၊ JICA ODA Loan၊ အခြား သော ပြည်ပနိုင်ငံများမှ အထောက်အပံ့များ၊ ပြည်ထောင်စု၊ ပြည်နယ်အစိုးရရန်ပုံငွေများမှ ကျခံ၍ တစ်နိုင်ငံလုံးလျှပ်စစ်ဓါတ်အားသုံးစွဲနိုင်ရေးဆောင်ရွက်

D/real(wide) (1

ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်ခရိုင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မိုင်းယောင်းမြို့နယ်၊ ထပ်လုံစေတီဘုရားသွားကျေးလက်လမ်း၌ ကတ္တရာခင်းရန် ကျန်ရှိနေသော (၂)မိုင်(၅)ဖာလုံကို အမြန်ဆုံး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ကြယ်ပွင့်ပြမေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းယောင်းမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်များရုံး၏ (၁၄-၆-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ပလတ/(မယ)/၂၀၁၆ဖြင့် မိုင်းယောင်းမြို့နယ်အတွင်းရှိ အရေးပါသည့်ကျေးလက်လမ်း(၈)လမ်းကို ကတ္တရာခင်းပေးနိုင်ရေးအတွက် ရန်ပုံငွေရရှိရေးတင်ပြတောင်းခံထားခဲ့ပါတယ်။ ၎င်းလမ်း(၈)လမ်းအနက် မိုင်းယောင်း-ထပ်လုံဘုရားသွားကျေးလက်လမ်းဟာအရေးပါအရာရောက်တဲ့ လမ်းတစ်လမ်းဖြစ်တာကြောင့် ဦးစားပေးအစီအစဉ်(၁)မှာ ဖော်ပြတောင်းခံထားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလမ်းဟာ ကတ္တရာခင်းလက်(၄)မိုင်ကျော်ရှိပြီးသားမို့လို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျန်ရှိတဲ့(၂)မိုင်(၅)ဖာလုံကို ကတ္တရာခင်းနိုင်ရေးအတွက် တင်ပြတောင်းခံခဲ့တာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်လုံဘုရားပွဲဟာ နှစ်စဉ်တန်ဆောင်မုန်းလပြည့်မှာ (၃)ရက်တိုင်

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်မေးမြန်းသည့် မိုင်းယောင်းမြို့နယ်၊ ထပ်လုံဘုရားသွားကျေးလက်လမ်းကတ္တရာခင်းရန် ကျန်ရှိနေသော (၂)မိုင်(၅)ဖာလုံကို အမြန်ဆုံးဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းနှင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့်မေးခွန်းနှင့် ပတ်သက်ပြီးတော့ အဆိုပါလမ်းဟာ အရှည်(၅)မိုင်(၆)ဖာလုံရှိပြီး ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ်(၉၂၊ ၆)သန်းဖြင့် ကတ္တရာလမ်း(၁)မိုင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ခုနှစ်ဘဏ္ဍာရေးနှစ်မှာလည်း ခွင့်ပြုရန်ပုံငွေကျပ်(၅၂၊ ၃၃၅)သန်းဖြင့် ကတ္တရာလမ်း(၀/၆) မိုင်၊ စုစုပေါင်း ကတ္တရာလမ်း(၁)မိုင်(၆)ဖာလုံအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ လမ်းအရှည်(၁)မိုင်ကိုလည်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ပြည်သူလူထုမှကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သည့်အတွက် ဝမ်ဟွန်းကျေးရွာနှင့် ဝမ်တောင်းကျေးရွာကြားရှိ မြေသားလမ်းမိုင်ရှည် (၃) မိုင်ခန့်သာ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် ကျန်ရှိပါတယ်။ အဆိုပါကျန်ရှိသောလမ်းအရှည်(၃)မိုင်အားကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ကျေးရွာ(၉)ရွာ၊ အိမ်ခြေ(၅၉၉)အိမ်၊ လူဦးရေ(၂၇၄၈)ဦးကို အကျိုးပြုနိုင်မည်ဖြစ်

D/real(wide) (1

ပါတယ်။ အဲဒီလိုကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် ကျန်ရှိသည့် လမ်းအရှည်(၃)မိုင်အနက် ကတ္တရာခင်းခြင်းလုပ်ငန်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ (၁၅)နှစ် စီမံကိန်းမှ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်မှာ(၂)မိုင်ခန့်အား လည်းကောင်း၊ ၂၀၂၂-၂၀၂၃ ခုဘဏ္ဍာရေးနှစ်တွင် (၁)မိုင်အားလျာထားတင်ပြ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ဘဏ္ဍာရေးနှစ်အလိုက် လမ်းပိုင်းအလိုက် အကောင် အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ ဒီကနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်းပြီးဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းပေးပို့ခြင်းမရှိသည့်အတွက် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးမှ ပြန်လည် ရှင်းလင်းဖို့ရှိပါက ပြန်လည်ရှင်းလင်းဖို့နှင့် ၎င်းဥပဒေကြမ်းကို အတည်ပြုပေးဖို့အတွက် လွှတ်တော်ကို အဆိုပြုဖို့ဖြစ်ပါတယ်။

D/real(wide) (1

အစဉ်အလာ မပျက်ကျင်းပရာမှာ မိုင်းယောင်းမြို့နယ်လူထုသာမကရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ မိုင်းယန်း၊ မိုင်းခတ်၊ မိုင်းဖြတ်၊ တာချီလိတ်အပြင် တရုတ်၊ ကရင်ရှိ မိုင်းလုံးဒေသမှ လိုရှမ်းများ၊ ထိုင်းမှာရှိတဲ့လိုရှမ်းများ စသည့်မြို့များမှ ဘုရားဖူးများ များစွာလာရောက်ကြသောထင်ရှားကျော်ကြားတဲ့ ဘုရားပွဲဖြစ်ပါတယ်။ ထပ်လုံဘုရား ဟာတန်ခိုးကြီးရှေးဟောင်းဘုရားဖြစ်တာကြောင့်လည်း ဘုရားဖူးတွေအများကအများလာရောက်ကြခြင်းဖြစ်ပါတယ်။ ဒါကြောင့် မြို့နယ်သံဃာ့နာယကဆရာတော်ကြီးက ဦးဆောင်ပြီးတော့ ရေတိုက်စားပြီး ပျက်စီးသွားတဲ့တံတားအစား ငွေကျပ်သိန်းပေါင်း (၂၇၅၀)အကုန် အကျခံပြီးတော့ ၂၀၁၆ခုနှစ်၊ နွေရာသီမှာ ပြန်လည် တည်ဆောက်ပေးခဲ့တာဖြစ်ပါတယ်။ ပြည်သူလူထုများမှ မြို့နယ်သံဃာ့နာယက ဥက္ကဋ္ဌ ဆရာတော်ကြီး၏ ဦးဆောင်မှုအတိုင်း အလှူငွေများဝိုင်းဝန်းထည့်ဝင် ပြီးတော့ငွေကျပ်သိန်းပေါင်း (၂၇၅၀) ကုန်ကျခံပြီး တံတားကြီး တည်ဆောက်တာကို ထောက်ရှုခြင်းအားဖြင့် ဒီထပ်လုံဘုရားဟာ လူထုတွေဘယ်လောက်အလေးထားကြတယ်ဆိုတာ ရှင်းရှင်းလင်းလင်းတွေ့မြင်နိုင်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ မိုင်းယောင်းမြို့နယ်၊ ထပ်လုံဘုရားသွားကျေးလက်လမ်းကိုကတ္တရာခင်းရန် ကျန်ရှိနေသော (၂)မိုင်(၅)ဖာလုံကို အမြန်ဆုံးဆောင်ရွက်ပေးရန် အထူးလိုအပ်ပါကြောင်းနှင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိအစီအစဉ်ရှိပါကဘယ်တော့အချိန်အခါဆောင်ရွက်ပေးမည်ကိုသိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး

(တတိယနေ့)မှတ်တမ်း

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ရက်

၂၀၁၇ ခုနှစ်၊ မတ် လ ၂၂ ရက်

[ပုဒ္ဓဟူးနေ့]

(ဧနုလည်ပိုင်း)

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (တတိယနေ့)နေ့လည်ပိုင်းအစီအစဉ်များ အားဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါ တယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်)

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း ။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ နှလုံး၏သာယာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဂါဝရပြုနူတ်ခွန်းဆက်သအပ်ပါတယ်။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ၂၀ရက်နေ့က ဥပဒေ(မူကြမ်း)ကို ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ယင်းဥပဒေ(မူကြမ်း)နှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အတည်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေ (မူကြမ်း)အား အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

D/real(wide) (1

၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၇ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးဆွေးနွေးဖို့လွှတ်တော်ကိုယ်စားလှယ် (၅)ဦး အမည်စာရင်းတင်သွင်းထားပါတယ်။ ဒါကြောင့် ပထမဦးစွာ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းသိန်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမဂါရဝ ပြုနူတ်ခွန်းဆက်သလိုက်ရပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မဘိမ်း မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းသိန်းဖြစ်ပါတယ်။ ၂၀၁၇ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးဦးစီးဌာနတို့သည် လုပ်ငန်းစီမံကိန်း၊ ဒေသဖွံ့ဖြိုးရေး ဖော်ဆောင်ရာတွင် မြေပြင်၌ လုပ်ငန်းမထပ်စေရန်

D/real(wide) (1

လွှတ်တော်ကိုယ်စားလှယ်များကသဘောတူကြသည့်အတွက် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေ (မူကြမ်း)အား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအစည်းအဝေးကို ၁နာရီ မိနစ် ၃၀ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ နေ့လည်ပိုင်း အစည်းအဝေးကို နေ့လည်(၁)နာရီအချိန် မှာပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆိုပြီး မဲဆန္ဒနယ်အလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကတစ်ခြမ်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးဦးစီးဌာနကတစ်ခြမ်းခွဲဝေထားသည်ကို လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအားလုံးသိရှိပြီးဖြစ်ပါတယ် ခင်ဗျား။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်တွင်ကျသို့ ခွဲခြားထားရာမဲဆန္ဒနယ်အမှတ်(၁)သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးဦးစီးဌာနဖြစ်ပြီး၊ မဲဆန္ဒနယ်အမှတ်(၂)သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟု ခွဲခြားသတ်မှတ်ထားပါတယ် ခင်ဗျား။

ထိုကဲ့သို့ရေးဆွဲချမှတ်ထားသောမူများကို ပြည်သူလူထုလေးစား အားကိုးရသော ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးလေးစားလိုက်နာရမှာဖြစ်ပါတယ်။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဤကဲ့သို့ချမှတ်ပိုင်းခြားထားပါလျက်နှင့် ၂၀၁၇ခုနှစ် ဘတ်ဂျက်များလျာထားရာတွင် ရွာငံမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူရာအပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဘတ်ဂျက်ရန်ပုံငွေများထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရှိရပါတယ်ခင်ဗျား။

ထိုသို့ရေးဆွဲထားရာမှာ ရွာငံမြို့နယ်၊ ဘုရားကြီးကုန်းကျေးရွာအဝင်လမ်း လျာထားချက်မှာ ကျပ်သန်းပေါင်း ၂၆၁. ၉၉၈၀ ဖြစ်ပြီးရွာငံ-မျှားကလေးကျေးရွာ လျှပ်စစ်မီးသွယ်တန်းခြင်း လျာထားချက်မှာကျပ်သန်းပေါင်း ၇၆. ၆၅၀၀ဖြစ်ပါတယ်။ စုစုပေါင်းသုံးစွဲငွေမှာကျပ်သန်းပေါင်း ၃၃၈. ၆၄၈၀ဖြစ်ပါတယ်။ ၎င်းဒေသများ

အနေဖြင့် ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်လိုသည်များကို ပြင်ဆင်ဖြည့်စွက်နိုင်ရန် တင်ပြဆွေးနွေးသွားခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ခုနှစ်၊ ပုဒ်မ ၁၉၀(ခ)တွင် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အစိုးရအဖွဲ့ကသာတင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဒေသန္တရစီမံကိန်း နှစ်စဉ်ရသုံးခန့်မှန်းခြင်ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများ သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်လွှတ်တော်သို့ တင်ပြရမည်ဟုလည်းကောင်း၊ ပုဒ်မ၁၉၂(က)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများကို (သို့မဟုတ်)ဆက်စပ်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဟုလည်းကောင်း ပြဋ္ဌာန်းပါရှိပြီးဖြစ်ပါတယ်။ ၎င်းအပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များတွင်လည်း မူဝါဒနှင့်ပတ်သက်၍ ပြည်နယ်အတွင်း ဒေသများအကြားဘက်ညီမျှတစွာဖွံ့ဖြိုးရေးအတွက်ဟူ၍လည်းကောင်း၊ ပြည်နယ်အတွင်း စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူကိုဗဟိုပြု၍ အားကိုးဆောင်ရွက်၍လည်းကောင်း၊ လွှတ်တော်လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသောအစိုးရအဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုများအား ထိန်းညှိခြင်း၊ ပြည်သူများ၏ ဆန္ဒလိုအပ်ချက်

D/real(wide) (1

များကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပြည်သူများနှင့် အပြန်အလှန်ထိတွေ့ ရင်းနှီးမှုများရရှိလာစေရေးဟူ၍ ပါရှိပါတယ်။ သဘောကတော့ လွှတ်တော်နှင့်အစိုးရအဖွဲ့အကြား အချင်းချင်း အပြန်အလှန်ထိန်းညှိသည့် ဆက်နွယ်စေရန်ဟူသည့် သဘောပဲဖြစ်ပါတယ်။ ဒါဟာဖွဲ့စည်းပုံအရ ပြဋ္ဌာန်းချက်အရသော်လည်းကောင်း၊ ရှမ်းပြည်နယ်၏မူဝါဒ လုပ်ငန်းစဉ် ရည်မှန်းချက်အရသော်လည်းကောင်း အခြေခံ၍ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု လျာထားချက်အား ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့်ပတ်သက်ပြီး အပြုသဘောဆွေးနွေးအကြံပြုရခြင်းဖြစ်ပါတယ်။ ပထမဦးစွာဆွေးနွေးမှာကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ်လျာထားတဲ့စာရင်းမှာ နေ့ကြီးရက်ကြီးများကျင်းပရေးအတွက် အသုံးစရိတ်ငွေကျပ်သန်းပေါင်း ၇၈၁. ၁၄၄ သန်း၊ သိန်းပေါင်း ၇၈၁၄သိန်းကျော်ပါရှိပါတယ်။ ဒီအသုံးစရိတ်ကများလွန်းပါတယ်။နေ့ကြီးရက်ကြီးအထိမ်းအမှတ်နေ့များတွင် အခမ်းအနားကျင်းပပြီးရင် လုံလောက်ပါတယ်။ မလိုအပ်ဘဲ ညစာစားခြင်းပြုလုပ်တာကနိုင်ငံတော်ဘဏ္ဍာကို ဖြုန်းတီးရာ၊ အလဟဿဖြစ်စေရာရောက်ပါတယ်။ နေ့ကြီးရက်ကြီးအတွက် ညစာစားပွဲကျင်းပရမည်လို့ ဘယ်ဥပဒေသမှာမှ ပြဋ္ဌာန်းထားခြင်းမရှိပါဘူး။ ဒါကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ အလေအလွင့်မဖြစ်စေဖို့အတွက် နေ့ကြီးရက်ကြီး ဧည့်ခံစရိတ်ကိုလုံးဝမသုံးစွဲသင့်ကြောင်းအကြံပြုပါတယ်။၄င်းအသုံးစရိတ်ကို မဖွံ့ဖြိုးသေးသည့်၊ ဆင်းရဲနေသေးသည့်၊ လိုအပ်ချက်တွေများစွာ ရှိနေသေးသည့် ၇၅% ကျော်ရှိသော ကျေးလက်နေပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ပြောင်းလဲသုံးစွဲလိုကြောင်း အကြံပြုရပါတယ်။ အလားတူ ဧည့်ခံစရိတ်အဖြစ် ငွေကျပ် ၉၈ သန်းထပ်မံလျာထားတာ တွေ့ရှိရပါတယ်။ ၄င်းဧည့်ခံ စရိတ်ကိုလည်းပဲ အားလုံးနည်းပါးလျှော့ချ

D/real(wide) (1

သည် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအခြေမံးတွင် ပါဝင်ပြီး သုံးစွဲထားသောရန်ပုံငွေမှာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ဦးစီးဌာန၏ ဘတ်ဂျက်များဖြစ်ပါတယ်ခင်ဗျား။

ဤကဲ့သို့ ထည့်သွင်းရေးဆွဲထားခြင်းကို ပြည်သူလူထုကလေးစားရသော ရှမ်းပြည်နယ်လွှတ်တော်နှင့် ရှမ်းပြည်နယ်အစိုးရမှ ပြန်လည်စိစစ်ပေးပါရန် လေးစားစွာဖြင့် တင်ပြဆွေးနွေးလိုက်ရပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ထွဏ်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ ဒီကနေ့ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို ကြွရောက်ချီးမြှင့်ပေးပါသော လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သဂါဝရပြုပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် လာမည့် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုလျာထားချက်စာရင်းကို လွှတ်တော်သို့ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ၄င်းလျာထားချက်သည် ပြည်နယ်တစ်ခုလုံးအတွက် အရေးပါသော ဖွံ့ဖြိုးရေးလုပ်ငန်းစာရင်းလျာထားချက်ဖြစ်သည်နှင့်အညီ ရှမ်းပြည်နယ်လူထုအတွက် မျှော်လင့်ချက်ရန်ပုံငွေဖြစ်ပါတယ်။ ၄င်းလျာထားချက်စာရင်းကို လွှတ်တော်မှအတည်မပြုမီ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်

သင့်ကြောင်း အကြံပြုအပ်ပါတယ်။ နောက်ပြီးပလောင်ဒေသဦးစီးဥက္ကဋ္ဌနေအိမ် အနောက်ဘက် ကျောက်စီမြေထိန်း နံရံပြုလုပ်ရန် အတွက် ငွေကျပ် ၃၉၉ သန်း လျာထားတာတွေ့ရှိရပါတယ်။ ၄င်းငွေဖြင့် နောက်ထပ်(၁)ထပ်အဆောက်အဦတစ်ခုတောင် ထပ်ဆောက်လုပ်လို့ရပါတယ်။ ၄င်းကျောက်စီရန် အဆိုပါ ငွေပမာဏတွင်များလွန်းသည်ဟုယူဆပါတယ်။ ဒါကြောင့် ပိုငွေများကို ကျေးလက်လူမှုအတွက် အကျိုးရှိစွာ အသုံးပြုစေလိုပါတယ်။ နောက်ပြီးအစိုးရအတွက် ရိပ်သာရေပန်းနှင့် ဆက်စပ်ပစ္စည်းအတွက် ငွေကျပ်သိန်း ၁၀၀ လျာထားတာကိုလည်း ပြန်လည်စိစစ်တွေ့ရှိရပါတယ်။ မသုံးမဖြစ်သည့်နေရာမှာဘဲ အသုံးပြုစေလိုပါတယ်။ မလိုအပ်ဘဲ ရေပန်းအတွက် သိန်း ၁၀၀ ဆိုတာများလွန်းပါတယ်။ ၄င်းရေပန်းအစား စာသင်ကျောင်းမပြည့်စုံတဲ့ ကျေးလက်တောရွာအတွက်စာသင်ကျောင်း(၁)ကျောင်း ပြုလုပ်ပေးနိုင်ရင် ပိုအကျိုးများလိမ့်မည်ဟု ယူဆပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာငွေပိုငွေလျှံရှိတာမဟုတ်ဘဲ နိုင်ငံသားတိုင်း ဟာကြွေးမြီကို ထမ်းပိုးနေရသည့်အချိန်မှာ အသုံးစရိတ်ကို ခြိုးခြံသင့်ကြောင်း အကြံပြုခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီးဆွေးနွေးမှာကတော့ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ လျှပ်စစ်ဖြန့်ဖြူးရေးနှင့်ပတ်သက်ပြီး ဆွေးနွေးလိုပါတယ်။ လျှပ်စစ်ဟာ လူတိုင်းအတွက် တောင့်တသည့် လိုအပ်ချက်အရဖြစ်ပါတယ်။ မြို့နယ်တိုင်း၊ ကျေးရွာတိုင်းမှာ အမှန်တကယ်လိုအပ်တဲ့ အရာလည်းဖြစ်ပါတယ်။ ခေတ်မီတိုးတက်ရန် IT နည်းပညာခေတ်မှာ လျှပ်စစ်ဟာ လူတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်များ ကျေးရွာကွင်းဆင်းတဲ့အခါ၊ လူထုနှင့်တွေ့တဲ့အခါ သူတို့အလိုချင်ဆုံးအရာကို တင်ပြပါဆိုလျှင် လျှပ်စစ်ကိုအလိုချင်ဆုံးဟုပြောပါတယ်။ လျှပ်စစ်အလျှံအပယ်ရတဲ့မြို့နှင့်

(၅၀)စလုံးကို ရနိုင်မလားဆိုတာ မေးစရာဖြစ်ပါတယ်။ အမှန်ဆိုရင် Fedral ရသည့်ကြားက အန္တရာယ် လမ်းစဉ်ကြားကနေ လူထုအကြားကွင်းဆင်းပြီး လူထုအသံကိုနားထောင်ခဲ့တဲ့ ကိုယ်စားလှယ်များ၏ တောင်းဆိုချက်ကို အလေးထားဆောင်ရွက် ပေးသင့်ပါတယ်။ တချို့စာရင်းတွေမှာဆိုရင် ဝန်ကြီးလမ်းညွှန်ချက်အရ မဖြစ်မနေ ဘတ်ဂျက်ထည့်သွင်းရန် ဆိုတဲ့ မှတ်ချက်သာပါပါတယ်။ ကိုယ်စားလှယ်များ သေချာဖတ်ရင်တွေ့နိုင်ပါတယ်။ ဒီမိုကရေစီခေတ်ကို လျှောက်လှမ်းနေတဲ့အခု အချိန်အခါမှာ လူတွေပြောင်းပြီး လမ်းစဉ်တွေလည်းပြောင်းလဲ သင့်ပြီဟု ယူဆပါတယ်။ နိဂုံးချုပ်အနေနဲ့တင်ပြချင်တာကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းထားသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းနှင့်ပတ်သက်ပြီး မျှမျှတတနှင့် လူထုဗဟိုပြုတဲ့စနစ်နှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်ခွဲဝေသင့်ကြောင်းနှင့် နောက်နောင် ဒီလိုခွဲဝေမည့် စနစ်သို့ပြန်လည်မကျင့်သုံးသင့်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေတ္တာရပ်ခံပြီး နိဂုံးချုပ်တင်ပြရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်မောင်တင့်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့တက်ရောက်လာသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွပြည်နယ်ဝန်ကြီးချုပ်၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့အား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာပထမဆုံးတောင်းပေးလိုက်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်

D/real(wide) (1

အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်တင့်ဖြစ်ပါတယ်။ ကျွန်တော်တို့အခု ဒေသန္တရနှင့် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုဘတ်ဂျက်ဆိုင်ရာ အစီရင်ခံစာပုံစံမကျတကျပုံစံမျိုးနှင့် ကျွန်တော်တို့တင်သွင်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုသည် အစိုးရတစ်ရပ်ရပ်ရင်ွေရှာဖွေပြီး အသုံးစရိတ် စီမံခန့်ခွဲမှုကို ရည်ညွှန်းပါတယ်။ ထိရောက်မှုရှိသော ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်သော၊ သင့်လျော်မှုတသော အခွန်ငွေရှာဖွေနိုင်မှု၊ အစိုးရအသုံးစရိတ်သုံးစွဲနိုင်မှုတို့သည် အစိုးရလုပ်ငန်းစဉ်နှင့် အရေးပါသော လုပ်ငန်းဆောင်တာများဖြစ်ပါတယ်။ ထိရောက်သော ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုများက မူဝါဒရည်မှန်းချက်များအား အကောင်အထည်ဖော်ဆောင်ရေးတွင် အဟန့်အတားရှိသော ဘဏ္ဍာရေးအရင်းအမြစ်များကို ပိုမိုကောင်းမွန်စွာ ခွဲဝေသုံးစွဲနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနည်းလမ်း၊ ပြည်သူ့ဝန်ဆောင်မှု တိုးတက်စေခြင်းနှင့် ရင်းနှီးမြှုပ်နှံရေး အလားအလာရှိစေရန်အတွက် ဈေးကွက်အချက်ပြမှုများကိုဖြစ်ပေါ် စေပါတယ်။ အခြားသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များနည်းတူ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုသည် ရှမ်းပြည်နယ်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါတဲ့ ကဏ္ဍမှာ ပါဝင်ပါတယ်။ ဒါကြောင့် ဘတ်ဂျက်၏ ခွဲဝေမှုတွေမှာ လေ့လာတွေ့ရှိချက်အရ ရှမ်းပြည်နယ်ကို(၃)ပိုင်းပိုင်းထား သလို ရှမ်းပြည်နယ်(၃)ပိုင်း၏ခွဲဝေမှုတွေဟာညီမျှမှုမရှိတာကို အဓိက အားဖြင့်တွေ့ရှိရပါတယ်။ လျှပ်စစ်မီးကဏ္ဍသော်လည်းကောင်း၊ ဆောက်လုပ်ရေးကဏ္ဍမှာသော်လည်းကောင်း၊ ရေအရင်းအမြစ်ကဏ္ဍတွေမှာသော်လည်းကောင်း၊ ငွေလုံးငွေရင်းနဲ့သုံးထားတဲ့ဌာနတွေဖြစ်တဲ့ ဌာနတွေမှာ ဘတ်ဂျက်ခွဲဝေမှုဟာ မညီမျှမှုတွေကို အဓိကထားပြီး တွေ့ရပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စုစုပေါင်း ငွေလုံး

လျှပ်စစ်အလှျံအပယ်ရတဲ့ ကျေးရွာတွေဟာ တိုးတက်မှုလျင်မြန်သလို လျှပ်စစ်မရသည့်မြို့နယ်၊ ကျေးရွာတွေဟာတိုးတက်မှုလွန်စွာ နှေးကွေးပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၏ လျှပ်စစ်ခွဲဝေမှုကိုကြည့်လျှင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက် (၆. ၅) ဘီလီယံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွက် (၉. ၃)ဘီလီယံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွက် (၁. ၅) ဘီလီယံသာခွဲဝေတာတွေ့ရသည့်အတွက် ခွဲဝေမှုညီမျှတာကိုမတွေ့ရ ပါဘူး။ ခွဲဝေစနစ်ကတော့ ၃၊ ၄ နည်းခွဲပေးတာကိုတွေ့ရပါတယ်။ ပထမနည်း ကတော့ လူထုအတွက်အမှန်တကယ်လိုအပ်လို့ အောက်ခြေ လျှပ်စစ်ဝန်ထမ်းကပြုစုစာရင်းတင်ပြပြီးခွဲပေးသည့်နည်း၊ ဥပမာ- လျှပ်စစ်ဓါတ်အား မလုံလောက်လို့၊ အန္တရာယ်ဖြစ်နေလို့၊ ဒေသလိုအပ်ချက်အရစသည် ခွဲပေးထားသည်ကိုတွေ့ပါတယ်။ ဒုတိယနည်းကတော့လူထုကြားထဲကို ကွင်းဆင်းပြီးတော့ လူထုအသံကိုနားထောင်ပြီး လူထုအတွက် အမှန်တကယ်လိုအပ်လို့ လူထုတောင်းဆိုချက်အရ ကိုယ်စားလှယ်မှတစ်ဆင့် လွှတ်တော်သို့တင်ပြပြီးခွဲဝေ ရရှိသည့်နည်းပဲဖြစ်ပါတယ်။ ဒါကတော့လုပ်ငန်းပေါင်း(၂၈)ခုပဲရှိပါတယ်။ နောက်တစ်နည်းကတော့ ပြည်နယ်အစိုးရအဖွဲ့ဝင်တွေ၏လမ်းညွှန်ချက်အရဆိုပြီးသင့်ရာပေးတဲ့နည်း၊ ဒါကတော့(၃၉)ခုရှိကြောင်းတွေ့ရပါတယ်။ ဒီထဲမှာသယံဇာတဝန်ကြီးတစ်ဦးတည်းပဲနောင်ချို(၁၆)ခွာခွဲပေးထားတာကိုတွေ့ရပါတယ်။ ဒီနေရာမှာဆွေးနွေးလိုတာကတော့ ပြည်နယ်အစိုးရအဖွဲ့ဝင်များ ရှမ်းပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုတဲ့ဝန်ကြီးတွေဟာ ပေးနိုင်ရင်မျှမျှတတပေးသင့်ပါတယ်။ ဘက်သင့်ရာပေးတယ်ဆိုတာမဖြစ်သင့်ပါဘူး။ ဒါဆိုရင် အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးတွေ ရတဲ့မြို့မှာပဲ မီးလင်းတော့မှာ၊ဝန်ကြီးတွေမရတဲ့ မြို့မှာမီးမလင်းတော့ဘူးလားဆိုပြီး မေးကြတာဖြစ်ပါတယ်။ နောက်တစ်ခါ ရှမ်းပြည်နယ်မှာ မြို့နယ်ပေါင်း

D/real(wide) (1

ငွေရင်းအသုံးစရိတ်ဟာ(၈၄.၉၅%)ရှိတယ်ဆိုပေမဲ့လည်း ခွဲဝေမှု အချိုးအစားဟာမညီမျှမှုတွေများတာတွေ့ရှိရပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာဆိုရင်လည်း(၁၂.၈၅)ရင်းနှီးမြှုပ်နှံထားတာကိုတွေ့ရပေမဲ့ တကယ်မလိုအပ်သော ဌာနတွေမှာသာထပ်ဆင့်ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ထားတာကိုလည်း တွေ့ရှိရပါတယ်။စက်၊ကိရိယာနှင့်ယာဉ်အခြားငွေလုံးငွေရင်း အသုံးစရိတ်မှာဆိုလည်း(၂.၂၀)%သုံးစွဲထားတာကိုလည်းတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းအရ နှစ်အလိုက်ဘဏ္ဍာရေးမူဝါဒဖြင့် ၂၀၁၅-၂၀၁၆ခုနှစ်ဘဏ္ဍာရေးနှစ်ကနေစပြီးရေးဆွဲအကောင်အထည်ဖော်ဆောင်ခဲ့ရာ ၂၀၁၇-၂၀၁၈ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏လိုငွေဖြည့်ဆည်းရန် အထောက်အပံ့ပေးမည့်ပမာဏကို တိုင်းဒေသကြီး ၊ ပြည်နယ်များ၏ စုစုပေါင်းလူဦးရေနှင့်တွက်ပြီးတော့လုပ်ပါတယ်။ ဆင်းရဲမှုနှုန်းထားကြီးတွေနဲ့ တွက်ပြီးဆောင်ရွက်တာရှိပါတယ်။မြေဧရိယာအကျယ်အဝန်းတွေနဲ့ တိုင်းတာပြီးဆောင်ရွက်ပေးတာရှိပါတယ်။ဒေသကြီး၏ ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြလူဦးရေအချိုးတွေနဲ့ဖွဲ့ပြီး ခွဲတမ်းချပေးတာရှိပါတယ်။ တစ်ဦးချင်းအခွန်ကောက်ခံမှုလူတစ်ဦး၏ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကိုစားသည့် အညွှန်းကိန်း(၆)ခုနှင့် ခွဲခြားပြီးတော့ဘတ်ဂျက်ကိုချပေးတာဖြစ်သည့်အတွက် ကျွန်တော်တို့ ရှမ်းပြည်နယ်ကိုရောက်သည့် အချိန်မှာ ဘတ်ဂျက်ပြန်လည်ခွဲဝေသည့် အချိန်မှာကြတော့ မညီမျှမှုတွေဟာ အလွန်တရာမှ များပြားလွန်းပါတယ်။ နတလဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွက် လုံးဝမပါရှိသလိုနီးပါးလောက်ရှိပါတယ်။ နောက်ရေအရင်းအမြစ်ဆိုလျှင်လည်း ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်

ဝမ်းနည်းစရာလည်း အလွန်ကောင်းပါတယ်။ ဘတ်ဂျက်ခွဲဝေမှုတွေကို ငွေလုံးငွေရင်းတွေကို အတည်ပြုထားပြီးနောက်ပိုင်းမှာ ထွက်ရှိလာသည့် အသေးစိတ်စာရင်းတွေမှာမှန်ကန်မှုအားနည်းသည့် စာရင်းဇယားများသာအများအားဖြင့်တွေ့မြင်ရတယ်ဆိုသည့် အကြောင်းတင်ပြရင်းနှင့်နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို မင်္ဂလာပါ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းထိုက်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး(တတိယ)နေ့သို့တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကတင်သွင်းသော ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးလျာထားချက်နှင့်ပတ်သက်ပြီးတော့ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမဆုံးပြောကြားလိုတာကတော့ ၂၀၁၇-၂၀၁၈ ရှမ်းပြည်နယ်၏မူဝါဒရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များမှာပါတဲ့ အချက်အလက်များဟာလည်း အင်မတန်ကောင်းမွန်ပြီးမှ ကျွန်တော့်အနေနဲ့ နိဒါန်းပဲပြန်လည်သုံးသပ်ရမည်ဆိုလျှင် ရှမ်းပြည်နယ်၏ပြည်သူအားလုံးစားဝတ်နေရေး၊ လူနေမှုအဆင့်အတန်းအသွင်အပြင် မြင့်မားလာစေရေးနှင့် ဆင်းရဲချမ်းသာကွာဟမှုလျော့ပါးရေး၊ အလုပ်အကိုင်အခွင့်

D/real(wide) (1

အလမ်းများဖန်တီးပေးရေးများ ရည်ရွယ်ပြီး ပြည်နယ်အတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူကို ဗဟိုပြုလျက် စီးပွားရေးကဏ္ဍတစ်ခုချင်းနှင့်သက်ဆိုင်သည့် ပုဂ္ဂလိကနှင့် ဌာနဆိုင်ရာအသီးသီး၏ ဖွံ့ဖြိုးရေးစီမံကိန်းများ အချင်းချင်းဆက်စပ်ပေါင်းစည်းမှုကို အခြေခံ၍ လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို ရှမ်းပြည်နယ်၏လူမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည်ဖြစ်ပါသည်ဆိုတာ ကောင်းပါတယ်။ မျှော်မှန်းချက်၊ ရှမ်းပြည်နယ်၏ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်နယ်ဖြစ်စေရပါမည်။ ဒါဟာလည်း ကျွန်တော်တို့ကောင်းပါတယ်။ ရှမ်းပြည်နယ်အားဖော်ဆောင်မည့် မူဝါဒနှင့်ရည်မှန်းချက်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သည့်အပိုင်းမှာ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးခင်မောင်တင့်ဆွေးနွေးသွားသည့် အချက်မှာ တော်တော်များများပါသွားသည့်အတွက် ကျွန်တော့်အနေနဲ့ အတိုချုံးပဲဆွေးနွေးသွားမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ပြည်နယ် ဘဏ္ဍာရေးရန်ပုံငွေ လုပ်ငန်းရည်မှန်းလျာထားချက်နေရာမှာ ဦးစီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒီတစ်နှစ်မှာ ကျွန်တော်တို့ ကတ္တရာလမ်းကရှမ်းပြည်နယ်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မပါဘဲနဲ့ (၂)မိုင်နှင့် (၆. ၅) ဖာလုံမြေသားလမ်းက (၁၅၄)မိုင်နှင့်(၅)ဖာလုံဖြစ်ပြီးမှ ကျောက်ချောလမ်း အပိုင်းက မပါရှိတာကိုလည်းတွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်အစိုးရသည် လုပ်ငန်းမူဝါဒ၏ဖော်ဆောင်မှု ကျေးရွာနေလူထု၏လူနေမှုဘဝများ ဘက်စုံဒေသအလိုက် ဒေသများအကြား ဘက်ညီမျှစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံကောင်းများရှိရေး ဆိုတာမှာ ဒီအချက်ဟာကျွန်တော်တို့ရဲ့ဒေသ၏လမ်းပန်းဆက်သွယ်ရေးဟာလည်းအဓိကအချက်အနေနဲ့ပါဝင်ပါတယ်။ ဒါကြောင့်ကျွန်တော့် အနေနဲ့ခုလာမည့် ဘတ်ဂျက်မှာဘာကြောင့် ဒီကတ္တရာလမ်းနှင့် မြေသားလမ်းမှာ ကတ္တရာလမ်း၏အချိုးကနည်းပြီးမှ မြေသားလမ်း

(အရှေ့ပိုင်း)အနည်းဆုံး အနေအထားမှာတွေ့ရှိရပါတယ်။ ဘတ်ဂျက်တွေဟာအများအားဖြင့် ဖွံ့ဖြိုးဆဲ မြို့တွေမှာပဲ ပိုမိုသုံးစွဲနေတာကိုတွေ့ရပါတယ်။ နတလဘတ်ဂျက်ဆိုလျှင်လည်း ဖွံ့ဖြိုးသည့်မြို့တွေမှာပဲပိုပြီး သုံးစွဲတာ ဖြစ်ပါတယ်။ ဘတ်ဂျက်၏ အချိုးညီမျှကိုပေးချင်တယ်ဆိုလျှင် ဖွံ့ဖြိုးနိုင်သည့်ကျေးရွာတွေ၊ မြို့ပြတွေကိုပိုပြီးတော့ ကူညီပံ့ပိုးနိုင်မည်ဆိုလျှင်တော့ တန်းတူညီမျှ ဖွံ့ဖြိုး တိုးတက်လာမှာဖြစ်သည့်အတွက် ကျွန်တော်တို့ရှမ်းပြည်နယ် အတွက် အခွန်အခန့်နှုန်းထားတွေလည်း ပိုမိုရရှိလာမှာဖြစ်ပါတယ်။ အခွန်အခတွေဟာ အခုဆိုလျှင် ရှမ်းပြည်နယ်တွင်အခွန်အခလျော့နည်းလာတာကိုတွေ့ရပါတယ်။ ကျွန်တော်တို့ဆီမှာ ဒေသန္တရ စီမံကိန်းမှာသာ ၅% တိုးတက်မယ်လို့ရည်ရွယ်ထားပေမဲ့လည်း တကယ်တမ်း နယ်မြေအနေအထားအရကောက်ခံမည်ဆိုလျှင် ၃% ထက်ပိုမိုကောက်ခံရရှိတာကိုလည်းတွေ့ရှိရပါတယ်။ ဘတ်ဂျက်၏ ဦးစားပေးလုပ်ငန်းစဉ်တွေပေါ်မှာလည်း စဉ်ဆက်မပြတ်ဆွေးနွေး သုံးသပ်မှုတွေကိုအားပေးနိုင်ရန် ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှုကို ကောင်းမွန်စွာဖြစ်ပေါ်လာစေရန်နှင့်တကွ ပြည်သူလူထု၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုအခြေအနေတစ်ရပ်ကိုလည်း မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်သည့်အတွက် ကျွန်တော်တို့ ဒီဘတ်ဂျက်တွေဟာ အမြဲတမ်းအတည်ပြုခံပြီးမှ လွှတ်တော်၏ကော်မတီအရသော်လည်းကောင်း၊ လူထုအရလည်းကောင်း ပွင့်လင်းမြင်သာမှုမရှိ ပါဘူး။ အဲဒီအတွက် ဘတ်ဂျက်ဆွဲသည့်အချိန်မှာကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေပါဝင်ဖို့ ဆိုထားပေမဲ့ လွှတ်တော်ကိုယ်စားလှယ်အများစုဟာပါဝင်ခဲ့ခြင်း မရှိတာကိုလည်းတွေ့ရှိရပါတယ်။ ဘတ်ဂျက်မှာ ပွင့်လင်း မြင်သာစွာ ဆောင်ရွက်ရမည် ပြောပေမဲ့ လွှတ်တော်မှာ အစီရင်ခံစာတင်သွင်းသည့်အချိန်မှာ ကျွန်တော်တို့အတည်ပြုရသည့်အချိန်ဟာ အင်မတန်မှ နည်းပါးပြီးတော့ လေ့လာမှုအခြေအနေအထားဟာ အားနည်းစွာနှင့်ဆောင်ရွက်ရသည့်အတွက်

D/real(wide) (1

အချို့ကများပြီး ကျောက်ချောလမ်းအချို့က ကျန်ခဲ့တဲ့ အပိုင်းလေးတွေလည်းတွေ့ရှိရပါတယ်။ ဒါဟာဘာနဲ့သက်ဆိုင်လဲဆိုတော့ စီမံကိန်းရေးဆွဲစဉ်ကာလကတည်းက လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှုအားနည်းတယ်ဆိုသည့် အချက်ကိုလည်းပေါ်လွင်စေပါတယ်။ဒါကြောင့် နောက်နှစ်နောက်နှစ်တွေမှာ စီမံချက်များကိုရေးဆွဲသည့်နေရာမှာ ပြည်နယ်လွှတ်တော်နည်းဥပဒေဇယားမှာပြဋ္ဌာန်းထားတဲ့ ပြည်သူကရွေးချယ်ပေးသောလွှတ်တော်ကိုယ်စားလှယ်များသည် မိမိအားရွေးချယ်ပေးသည့်မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနနှင့်ပြည့်စုံသောအများကလေးစားထိုက်သည့်ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ဒေသဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာတွင် လည်းကောင်း၊အုပ်ချုပ်ရေး၊လူမှုရေး၊စီးပွားရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒဖော်ဆောင်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများကဖြစ်စေ၊အာဏာပိုင်ပုဂ္ဂိုလ်များကဖြစ်စေအလေးထားတိုင်ပင်အပ်သောပုဂ္ဂိုလ်များဖြစ်သည်ဟုမှတ်ယူရမည်ဟုအတိအလင်းပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်ကျွန်တော်တို့ နောက်နှစ်နောက်နှစ်စီမံကိန်းသေချာရေးဆွဲသည့် အခါမှာ ကျွန်တော်တို့ကို ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီလွှတ်တော်ကိုယ်စားလှယ်များဟာ မိမိမဲဆန္ဒနယ်မှာ မိမိဒေသ၏ လမ်းပန်းဆက်သွယ်ရေး၊ လူမှုဖွံ့ဖြိုးရေး အဓိကအခက်အခဲများကို ကိုယ်တိုင်သိရှိတဲ့ ကိုယ်စားလှယ်များဖြစ်သည့်အတွက် နောက်နှစ် စီမံကိန်းများရေးဆွဲတဲ့နေရာမှာ အစိုးရကနေပြီးမှ ကျွန်တော်တို့ သက်ဆိုင်ရာဌာနကို သေချာလေးညွှန်ကြားပြီးမှညှိနှိုင်းတိုင်ပင်ပါလို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းရင်းပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

လက်ရှိနိုင်ငံတော် အစိုးရအနေနဲ့လည်း ကျေးလက်နဲ့မြို့ပြတစ်ပြိုင်နက် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းချက်ထားပြီးဆောင်ရွက်လျက်ရှိကြောင်း အားလုံးအသိပင်ဖြစ်ပါတယ်။

ယခုကျွန်တော်ဆွေးနွေးတင်ပြလိုတာကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ ရင်းနှီးမြှုပ်နှံမှု လျာထားချက်များကို လေ့လာတဲ့အခါ နယ်စပ်ဒေသတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေ ခွဲဝေလျာထားမှုမှာ ရှမ်း(တောင်)က ၉၄၇၇. ၁၄သန်း၊ ရှမ်း(မြောက်)က ၂၇၉၉. ၇၇၉သန်းနဲ့ ရှမ်း(ရှေ့)က ၂၄၈၉. ၇၂၀သန်း အသီးသီး လျာထားတာတွေ့ရပါတယ်။ ရာခိုင်နှုန်းအားဖြင့် ရှမ်း(တောင်)က ၆၄. ၁၀%၊ ရှမ်း(မြောက်)က ၁၈. ၉၉%နဲ့ ရှမ်း(ရှေ့)က ၁၆. ၈၉% ရှိပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေလျာထားငွေမှာ ရှမ်း(တောင်)က ၁၇၅၀. ၈၅၂သန်း၊ ရှမ်း(မြောက်)က ၁၄၁၉. ၆၅သန်းနဲ့ ရှမ်း(ရှေ့)က ၁၀၀၂. ၃၆သန်း လျာထားပြီး ရာခိုင်နှုန်းအားဖြင့် ရှမ်း(တောင်)က ၄၁. ၄၅%၊ ရှမ်း(မြောက်)က ၃၄. ၀၂%နဲ့ ရှမ်း(ရှေ့)က ၂၄. ၂၂%ရရှိပါတယ်။

လမ်းဦးစီးဌာန ရန်ပုံငွေခွဲဝေချထားမှုမှာလည်း ရှမ်း(တောင်)က ၂၄၀၁၅. ၀၅၈သန်း၊ ရှမ်း(မြောက်) က ၂၄၃၈၂. ၅၅၈သန်းနဲ့ ရှမ်း(အရှေ့)က ၁၂၅၁၅. ၀၅၈သန်း အသီးသီးဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ရှမ်း(တောင်)က ၃၉. ၄၂%၊ ရှမ်း(မြောက်)က ၄၀. ၀၃%နဲ့ ရှမ်း(အရှေ့)က ၂၀. ၅၄%ရရှိပါတယ်။

ထို့အတူ မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်း ရန်ပုံငွေခွဲဝေလျာထားမှုမှာလည်း ရှမ်း(တောင်)က ၉၂၉၈. ၂၄သန်း၊ ရှမ်း(မြောက်) က ၆၅၇၄. ၆၅၂သန်းနဲ့ ရှမ်း(အရှေ့)က ၁၅၉၀. ၈၂သန်း အသီးသီးဖြစ်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ရှမ်း(တောင်)က ၅၃. ၂၄%၊ ရှမ်း(မြောက်)က ၃၇. ၆၅%နဲ့ ရှမ်း(ရှေ့)က ၉. ၁၁% သာရှိကြောင်းတွေ့ရှိရပါတယ်။

D/real(wide) (1

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌနဲ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ အထက်ဖော်ပြပါကဏ္ဍ(၄)ခု၏ ခွဲဝေချထားမှုမှာ ရှမ်း(ရှေ့)အတွက် အနည်းဆုံးလျာထားကြောင်းတွေ့ရှိရပါတယ်။ အထူးသဖြင့် လျှပ်စစ်ကဏ္ဍမှာရှမ်း(၃)ရှမ်းရဲ့ ၉. ၁၁%သာ လျာထားကြောင်း တွေ့ရှိရပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုလျာထားချက်ဟာ ရှမ်းပြည်နယ်တစ်ခုတည်းဖြစ်တာကြောင့် ရှမ်း(တောင်)၊ ရှမ်း(အရှေ့) ၊ ရှမ်း (မြောက်)ရဲ့ လျာထားချက်များကို တူညီမျှတစွာ လျာထားသင့်ပါကြောင်း၊ နောင်ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေများ လျာထားရာ၌ ရှမ်းပြည်နယ်တစ်ခုလုံးတစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် ရန်ပုံငွေ ကွာဟမှုအနည်းဆုံးဖြစ်အောင် လျာထားသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပွင့်လင်းမြင်သာခေတ်တွင် ပွင့်လင်းမြင်သာသော လျာထားပုံ နည်းစနစ်များကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန်အတွက် ရှင်းလင်းတင်ပြသင့်ပါကြောင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ကြိုတင် လေ့လာသိရှိနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များကို အနည်းဆုံးတစ်ပတ် (၁၀)ရက်ကြိုတင်၍ လွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့သင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမွန်းလိန်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌ နှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ဝန်ကြီးချုပ်နှင့်

D/real(wide) (1

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားကိုက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးအားကို၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နဲ့ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းဂါဝရပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့မှာ ဘဏ္ဍာရေးဝန်ကြီးကတင်သွင်းတဲ့ ၂၀၁၇ခုနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းမှာ ပါရှိတဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ပြည်နယ်ရန်ပုံငွေ၏ရင်းနှီးမြှုပ်နှံမှုလျာထားချက်များကို ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

အခုလို ဆွေးနွေးတင်ပြတာဟာ လျာထားချက်များကို ကန့်ကွက်လိုခြင်းမဟုတ်ဘဲဖြစ်သင့်ဖြစ်ထိုက်သည်များကိုအပြုသဘောနဲ့ ဆွေးနွေးတင်ပြရခြင်းသာ ဖြစ်ကြောင်းကြိုတင် တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌနဲ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ကျွန်တော်တို့ရှမ်းပြည်နယ်ဟာနယ်မြေဧရိယာကျယ်ပြန့်တဲ့အတွက် အုပ်ချုပ်ရေး အရ ရှမ်း(ရှေ့)၊ ရှမ်း(တောင်)၊ ရှမ်း(မြောက်) ဆိုပြီး ဖွဲ့စည်းထားတဲ့ ပြည်နယ်တစ်ခုဖြစ်ကြောင်း အားလုံး အသိပဲဖြစ်ပါတယ်။ ထိုကဲ့သို့ ရှမ်း(ရှေ့)၊ ရှမ်း(တောင်)၊ ရှမ်း(မြောက်)ဟု ခွဲခြားထားသော်လည်း ပြည်နယ်တစ်ခုတည်းသာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၇-၂၀၁၈ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမအနေနဲ့က ၂၀၁၇ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပေါ်မှာ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ပြည်သူများ၏ အခွန်ထမ်းဆောင်နိုင်စွမ်းတိုးမြှင့်ခြင်း၊ ပြည်သူပူးပေါင်းပါဝင်တဲ့ အခွန်စနစ်တစ်ရပ်တည်ထောင်ခြင်း၊ ရရှိလာတဲ့ပြည်သူ့ဘဏ္ဍာ အခွန်များကို ရှမ်းပြည်နယ်အစိုးရမှ ပြည်သူ့ဘဏ္ဍာကို ပြည်သူများ အမှန်တကယ်လိုအပ်သည့်နေရာတွေမှာအလေအလွင့် နည်းနိုင်သမျှ နည်းနည်းနှင့် အကျိုးရှိရှိအသုံးချနိုင်ရန်ဆိုတဲ့အနေနဲ့ အခြေခံသဘောတရားများကို အပြုသဘောဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တာနှင့်အညီ ရုပ်ဝတ္ထုပစ္စည်းနဲ့ လူမှုရေးဆိုင်ရာအခြေခံအဆောက်အဦများ များစွာလိုအပ်လျက်ရှိပါတယ်။ တိုင်းပြည်၏ ဖွံ့ဖြိုးမှု စီမံကိန်းများနှင့်အစီမံ၏စီးပွားရေးအခြေအခံအဆောက်အဦများကို ဘတ်ဂျက်လိုငွေနဲ့ ဖြည့်ဆည်းနေရတဲ့အချိန်ကာလလည်းဖြစ်ပါတယ်။ ဒါ့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျလို့ Tax fees လို့ခေါ်တဲ့ အခွန်ထမ်းဆောင် ကျဉ်းမြောင်းတာကြောင့် အခွန်ကောက်ခံရရှိမှုလည်းနည်းပါးနေပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ စစ်တမ်းအရ မြန်မာနိုင်ငံရဲ့ အခွန်ကောက်ခံရရှိမှုလည်း နည်းပါးနေပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ စစ်တမ်းတစ်ခုအရ မြန်မာနိုင်ငံရဲ့ အခွန်ကောက်ရရှိငွေနဲ့ GDP အချိုးအစားမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ၇%ခန့်သာရှိပြီး အခွန်စည်းကြပ်ကောက်ခံခြင်းဟာ

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနဲ့ ပြည်သူပူးပေါင်းပါဝင်တဲ့အခွန်စနစ်တစ်ရပ်တည်ထောင်ဖို့လိုအပ်ကြောင်း ဆွေးနွေးလိုပါတယ်။ အလုပ်ဖြစ်တဲ့ အခွန်စနစ်ဆိုတာ တိုင်းပြည်ရဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအရ သေချာစွာ ဆင်ခြင်စဉ်းစားချက်များနဲ့ ရွေးချယ်မှုများအပေါ်မှာ မူတည်နေပါတယ်။ အခွန်စည်းကြပ်ခြင်းများကို အခွန်ထမ်းများ ဝန်ထုပ်ဝန်ပိုးများ မဖြစ်ဖို့အတွက် အစိုးရမှ စီမံခန့်ခွဲရေးအရလည်း လက်တွေ့အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ စီးပွားရေးအရလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုပြီး နိုင်ငံရေးအရ လက်သင့်ခံနိုင်တဲ့ နည်းလမ်းများနဲ့ ကောက်ခံဖို့လိုအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရမှာလည်း ပြည်သူ့ဘဏ္ဍာကို ပြည်သူများအမှန်တကယ်လိုအပ်သည့် နေရာတွေမှာ အလေအလွင့် နည်းနိုင်သမျှနည်းနည်းနဲ့ အကျိုးရှိရှိအသုံးချခြင်းဖြင့်ပြည်သူနှင့်အစိုးရကြားမှာ ယုံကြည်မှု အပြန်အလှန်တည်ဆောက်ဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

၂၀၁၇ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးချက်ကို ကြည့်လိုက်တဲ့အခါမှာကျွန်တော်တို့သက်ဆိုင်ရာ ဘဏ္ဍာရေးဝန်ကြီးတင် မကဘဲနဲ့ ဆက်စပ်နှီးနွယ်နေတဲ့ သက်ဆိုင်

D/real(wide) (1

နေတဲ့ ဝန်ကြီးများကပါ မိမိကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးဖို့လို မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည် နယ်အစိုးရအဖွဲ့ဝင်ဘဏ္ဍာရေးဝန်ကြီးက ဆွေးနွေးရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲနိတစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ကျွန်တော့် အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အခုဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ဆွေးနွေးနေတဲ့ ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ရဲ့ အားနည်းချက်တွေရှိနေခဲ့မယ် ဆိုရင်လည်း ကျွန်တော့်အနေနဲ့ လက်ခံနိုင်စရာအကြောင်းရှိက လက်ခံနိုင်ပါတယ်။ ဒါပေမဲ့ကျွန်တော့်ဘက်က ဒီ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာရေးဆွဲတဲ့အချိန်မှာ ၂၉-၁၁-၂၀၁၆ ရက်နေ့ ကျွန် တော်တို့ ပြည်ထောင်စုကနေ ပြီးတော့ပေးပို့လာတဲ့ စာဟာဆိုရင် ၂၉-၁၁-၂၀၁၆ ရက်နေ့ကနေ စပြီးရောက်လာပြီးတော့ ၁၀-၁၂-၂၀၁၆ရက်နေ့ ရက်စွဲ ပြည်ထောင်စု စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးထံ ပြန်လည်ပေးပို့စေရမယ်ဆိုတဲ့ ညွှန်ကြားစာ အရကျွန်တော်တို့ အချိန်အင်မတန်မှတိုတောင်းပါတယ်။အဲဒါကြောင့် ကျွန်တော်တို့ကို ပြီးပြည့်စုံသော သက်ဆိုင်ရာဌာနအလိုက် အားလုံး အသေးစိတ်မကြည့်ရှုနိုင်တာ ကျွန်တော်တို့ဘက်က အားနည်းချက် ဖြစ်ပါတယ်။ နောက်အချိန်ကလည်း ကျွန်တော်တို့မှာ (၁၁)ရက် လောက်ပဲအချိန်ရသည့်အတွက်ကြောင့် ကျွန်တော်တို့ ဘက်မှာလည်း အားနည်းချက်တစ်စုံတစ်ရာရှိခဲ့တယ်လို့ယူဆပါတယ်။ ဒါပေမဲ့

D/real(wide) (1

အာဆီယံနှင့်အိမ်နီးချင်းနိုင်ငံများရဲ့ယှဉ်ရင်အနိမ့်ဆုံးဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်မှာ ရင်ဆေနှင့်သုံးငွေအချိုး မမျှဘဲ ဘတ်ဂျက်လိုငွေများ မြင့်မားနေရခြင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုပေးထားချက်မျိုးမှာ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မထိခိုက်စေဘဲ ဘတ်ဂျက်လိုငွေ လျော့နည်းစေနိုင်တဲ့ တစ်ခုတည်းသောအဖြေကတော့ တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးပြီး GDP တိုးတက်စေခြင်းပဲဖြစ်ပါတယ်။ ၂၀၁၇ခုနှစ် ကမ္ဘာ့ဘဏ်ရဲ့ Doing Business အစီရင်ခံစာတစ်ခု နိုင်ငံပေါင်း (၁၉၀)မှာ မြန်မာနိုင်ငံမှာအဆင့် (၁၇၀)မှာပဲရှိလို့ ဒီလိုအခြေအနေ မျိုးမှာ ရုန်းထွက်ဖို့ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရလည်း တိုင်းပြည်တွင်း လုပ်သာကိုင်သာရှိတဲ့ စီးပွားရေးဝန်းကျင်နဲ့ အခြေအနေကောင်းများ ဖန်တီးပေးဖို့ အားသွန်ခွန်စိုက်ဦးဆောင်ရမည့်အချိန်အခါဖြစ်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ များစွာလိုအပ်ပါတယ်။ နိုင်ငံတိုင်းမှာ Driving Center League Group လို့ခေါ်တဲ့ပုဂ္ဂလိက ကဏ္ဍက ဦးဆောင်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမျိုးကို ခေါ်ဆောင်နေကြတာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ကြီးမှာ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှု၊ ကူးသန်း ရောင်းဝယ်ရေးများနှင့် စည်ပင်သာယာဝပြောလာမှသာ စီးပွားရေး လုပ်ငန်းများရှင်သန်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွား လာမှာ ဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများခြင်း နှင့် လုပ်ခလစာနှုန်းများမြင့်တက်လာမှသာ စီးပွားရေးလုပ်ငန်း တစ်ခုချင်းရဲ့၊ နိုင်ငံသားတစ်ဦးချင်းစီရဲ့အခွန်ထမ်းဆောင်နိုင်စွမ်း မြင့်တက်ပြီး အခွန်ထမ်းအခြေတိုးပွားလာနိုင်မှာဖြစ်ပါတယ်။အခွန်ထမ်း အခြေတိုးခြင်းဖြင့်လည်း ရှမ်းပြည်နယ်ဘဏ္ဍာငွေရပမာဏတိုးပွား စေနိုင်မှာဖြစ်ပါတယ်။ဘဏ္ဍာရေးအရခိုင်မာတောင့်တင်းခြင်းကိုလည်း ရေရှည်မှာဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့လွတ်တော် ကိုယ်စားလှယ်ကြီးများတင်ပြထားတဲ့ အချက်အလက်တွေဟာဆိုရင် ကျွန်တော့်အနေနဲ့ ကြည့်မယ်ဆိုရင် ကျွန်တော်က ရှမ်း(အရှေ့)ကလာတဲ့လူတစ်ယောက် ဖြစ်တဲ့ အတွက်ကြောင့် မညီမျှမှုဆိုတာရှိတာကိုလည်းကျွန်တော် တွေ့ရှိရပါတယ်။ ဒီအားနည်းချက်တွေမှာ ကျွန်တော်တို့ နောင်လာမည့် ဘတ်ဂျက်တွေမှာဆိုရင် ဘတ်ဂျက်မရေးဆွဲခင်မှာ (၃၊၄)လအကြို အချိန်ရပါတယ်။ ဧပြီ၊ မေ၊ ဇွန် အဲဒီကာလတွေမှာ ကျွန်တော်တို့ မိမိရဲ့သက်ဆိုင်ရာဒေသမှာ ကွင်းဆင်းပြီး မိမိရဲ့ဒေသမှာလိုအပ်တဲ့ သက်ဆိုင်ရာဌာနအလိုက် စာရင်းတွေယူပြီး သက်ဆိုင်ရာဌာန၊ စီမံကိန်းရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သေချာ ပေါင်းစပ်ညှိနှိုင်းပြီးတော့ လိုအပ်တဲ့စာရင်းဇယားတွေ၊ လိုအပ်တဲ့ပြုပြင်ဆောင်ရွက်ချက်လုပ်ငန်းတွေကို အကုန်လုံးတင်ပြထားပြီး အဲဒီအောက်ခြေကနေတစ်ဆင့် ပြည်နယ်အစိုးရ အထိတက်လာပြီဆိုလျှင် အားလုံးပါဝင်နိုင်တဲ့ လျာထားချက်ဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဒီတစ်နှစ်ရဲ့ အားနည်းချက်ကို နောင်တစ်နှစ်မှာ အခုလိုမျိုးမဖြစ်အောင် ကျွန်တော်တို့ မေတ္တာရပ်ခံတောင်းပန်လို့ အစိုးရအဖွဲ့အနေနဲ့ ကိုယ်စားလှယ်များကလည်း ပေါင်းစပ်ညှိနှိုင်းတိုင်ပင်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျွန်တော်တို့ ဘဏ္ဍာရေးဥပဒေမူကြမ်းနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးဟာ

(၃)ခုရှိပါတယ်။ အဲ့ဒီကဏ္ဍကြီး(၃)ခုမှာကဏ္ဍငယ် စုစုပေါင်း (၁၃)ခုပါရှိပါတယ်။ အဲ့ဒီမှာလယ်ယာ၊ သစ်တော၊ စွမ်းအင်၊ စက်မှုဆိုရင်စက်မှု၊သတ္တု၊တွင်းထွက်၊စက်မှုလက်မှု၊လျှပ်စစ်၊ဆောက်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုဆိုရင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေးကဏ္ဍ၊ လူနေမှုစီမံခန့်ခွဲရေးကဏ္ဍနှင့် အခြား ဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍဆိုပြီးတော့ ကဏ္ဍ(၁၃)ခုရှိ ပါတယ်။ ဒေသအလိုက်စီမံကိန်းမှာ ပြည်နယ်အတွင်းရှိ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ၊ ခရိုင်၊ မြို့နယ်များအလိုက် စီးပွားရေးစီမံကိန်းတွေကို လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကဏ္ဍအလိုက် ဆက်စပ်ချိတ်ဆက်ပြီးတော့ရေးဆွဲရပါတယ်။ အဲ့ဒီလိုရေးဆွဲတဲ့ နေရာမှာနိုင်ငံတော်၏ စီးပွားရေး မူဝါဒ (၁၂)ချက်ရှိပါတယ်။ ရည်မှန်းချက် တွေ ရှိပါတယ်။ ရှမ်းပြည်နယ်၏ မူဝါဒတွေရှိပါတယ်။ ရည်မှန်းချက်တွေ ပြည်နယ်အတွင်းမှာ ရှိတဲ့ လက်ရှိကုန်ထုတ် စွမ်းအားစုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ လူစွမ်းအား အရင်းအမြစ်များ၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို အခြေခံပြီးတော့ စနစ်တကျခန့်မှန်းပြီးလျာထား ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး GDP ကိုတွက်ချက်တဲ့အခါမှာ အမှန်တကယ်တိုးတက်မှုကို သိရှိနိုင်ဖို့ အတွက် ပုံမှန်ဈေးနှုန်းဖြင့်တွက်ချက်ရပါတယ်။ ပုံမှန်ဈေးနှုန်းဆိုတာ Constrant right ပါ။ ပုံမှန်ဈေးနှုန်းဖြင့်တွက်ချက်ခြင်းဖြင့် ထုတ်လုပ်မှု အရေအတွက် Product ကတက်လာမှ GDP ဟာလည်းတက်လာ မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီပုံမှန်ဈေးနှုန်းဖြင့် တွက်ချက်ရပါတယ်။ နောက် လက်ရှိရှမ်းပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး သိရှိနိုင်တဲ့နှစ်အလိုက် Current Price နဲ့လည်း ကျွန်တော်တို့တွက်ရပါတယ်။ အဲ့လိုတွက်ချက်တဲ့ နေရာမှာ

D/real(wide) (1

ရှမ်းပြည်နယ်အတွင်းမှာ လူတစ်ဦးချင်းစီ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး Power Capital GDP ကို သိရှိနိုင်မှာ ဖြစ်ပါတယ်။ နောက်ဘတ်ဂျက်ကိစ္စ၊ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းတွေကို ဆောင်ရွက် တဲ့နေရာမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ ဆောင်ရွက်ရပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဆိုတာဟာ Union Budgetမှာကပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓါတ်အား၊ စိုက်ပျိုးရေးရရှိရေးများကို ဆောင်ရွက်ရာမှာ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ အတည်ပြုပြဋ္ဌာန်းတဲ့ အမျိုးသားစီမံကိန်းဆိုတာ ရှိပါတယ်။ အမျိုးသားစီမံကိန်းဥပဒေမှာ ပါဝင်တဲ့အတိုင်းကျွန်တော်တို့ဟာ Complemention အကောင်အထည်ဖော်ပေးရခြင်းဖြစ်ပါတယ်။ နောက်တစ်ခါ Union Budget ပါ State Budget နဲ့ကျတော့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျတော့ Micro စီးပွားရေးညွှန်းကိန်း (၆)ခုရှိပါတယ်။ Index (၆)ခုရှိပါတယ်။ အဲ့ဒီ (၆)ခုပေါ် အခြေခံတွက်ချက်ပြီးတော့ တွက်ချက်ထားရပါတယ်။ တွက်ချက်ပြီးမှ စနစ်တကျလုပ်ရပါတယ်။ အဲ့ဒီလို Micro စီးပွားရေးညွှန်းကိန်း (၆)ခုမှာ စုစုပေါင်းလူဦးရေ Total Population၊ ဆင်းရဲမှု ညွှန်းကိန်း Poverty index၊ မြေဧရိယာ အကျယ်အဝန်း Aera၊ တစ်ဦးကျ အခွန်ကောက်ခံမှု Per Capital Tax Collection၊ လူတစ်ဦးချင်းစီ ပျမ်းမျှစုစုပေါင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး Per Capital GDP၊ တိုင်းဒေသကြီးပြည်နယ်အလိုက်စုစုပေါင်း လူဦးရေတွင် မြို့ပြလူဦးရေ ပါဝင်မှုအချိုး Urban Population as percent of total State Population ဆိုတဲ့ ညွှန်းကိန်း (၆)ခုရှိပါတယ်။ အဲ့ဒီညွှန်းကိန်း(၆)ခုပေါ်မှာ စီမံကိန်းအနေနဲ့ဘက်မလိုက်ဘဲနဲ့ ရေးဆွဲရတာဖြစ်ပါတယ်။ ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်တဲ့လုပ်ငန်းများ အများစုမှာ ဌာန

D/real(wide) (1

အပြုသဘော ဆောင်တဲ့ ဆွေးနွေးချက်များဖြစ်တယ်လို့ ကျွန်တော့် အနေနဲ့ မှတ်ယူပါတယ်။ အဓိကပြဿနာကတော့ ဘာကြောင့်ဒီလို ဖြစ်ရသလဲဆိုရင် စီမံကိန်းရေးဆွဲတဲ့အခါမှာ သက်ဆိုင်ရာခရိုင်၊ မြို့နယ်အလိုက်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့၊ ဖိတ်ကြားဖို့ လိုအပ်တယ်လို့ ကျွန်တော်မြင်ပါတယ်။ အဲဒီတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းရေးဆွဲတဲ့အခါမှာ ကျွန်တော်တို့ ဒေသန္တရစီမံကိန်းအနေနဲ့ လွှတ်တော်ကိုယ်စားလှယ် များပါဝင်ပြီးတော့ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကျွန်တော် တို့အနေနဲ့ဖိတ်ကြားသွားမှာဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဘယ်ဟာကို ဦးစားပေး၊ ဘယ်ဒေသအလိုက်ရေးဆွဲရေး၊ ဦးစားပေးသတ်မှတ်ခြင်း၊ ရွေးချယ်ခြင်း ဘယ်ဟာကဖြစ်သင့်တယ်ဆိုတဲ့ ဥစ္စာတွေကို သတ်မှတ်ထားတဲ့ ကျွန်တော်တို့ ညွှန်းကိန်းတွေ၊ Criterier တွေပေါ်မှာမူတည်ပြီးတော့ ပူးပေါင်းဆောင်ရွက်ပြီး ရေးဆွဲမယ်ဆိုရင် ဒီပြဿနာကို ဖြေရှင်းနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း နောက်နောင်မှာ နောင် ၂၀၁၈-၂၀၁၉ စီမံကိန်းရေးဆွဲတဲ့ ကာလမှစပြီးတော့ ဘတ်ဂျက်ထိုင်တဲ့အထိ လွှတ်တော်ကိုယ်စားလှယ်တွေသည်အကြံအား၊ ဉာဏ်အားပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပေးပါရန်လေးစားစွာဖြင့် တောင်းဆိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ စီမံကိန်းနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို အနည်းငယ်ရှင်းပြခွင့်ပြုပါ။ ဒီဒေသန္တရစီမံကိန်းရေးဆွဲရာမှာ ကျွန်တော်တို့ စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းနဲ့ ဒေသန္တရဖွံ့ဖြိုးမှုစီမံကိန်းကို အပိုင်း(၂)ပိုင်း ရှိပါတယ်။ စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းများရေးဆွဲရာမှာလည်းထပ်ပြီး အပိုင်းရှိပါတယ်။ ကဏ္ဍအလိုက်စီမံကိန်းနှင့် ဒေသအလိုက်စီမံကိန်း ဟူ၍ခွဲခြားထားပြီးတော့ကဏ္ဍအလိုက်စီမံကိန်းမှာ ကဏ္ဍကြီး(၃)ခုရှိပါတယ်။ လယ်ယာကဏ္ဍ၊စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍဆိုပြီးတော့ အဲဒီမှာကဏ္ဍကြီး

ဆိုင်ရာများ၏ ရုံးလုပ်ငန်းများဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့စွာ လုပ်ငန်း လိုအပ်ချက်အရ အခြေခံအဆောက်အဦ တည်ဆောက်ခြင်း၊ ရုံးသုံးပရိဘောဂများ၊ စက်ကိရိယာများ ဝယ်ယူပြင်ဆင်ထိန်းသိမ်းခြင်း၊ ဒေသလိုအပ်ချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး ရရှိရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှကျခံဆောင်ရွက်ရပါတယ်။ ကျွန်တော်တို့ State Budget မှာကျတော့ ကျွန်တော်တို့ ရုံးသုံးမှာ Work ဆိုတဲ့ အလုပ်ကို သေးသေးလေးကိုပေါ့ ရုံးသုံးလုပ်ငန်း အတွက် ပြုပြင်တာ၊ ပြင်ဆင်တာ၊ လိုအပ်ချက် စာရွက်စာတမ်း၊ စက်ကိရိယာ၊ နတလ၊ လမ်းပန်း၊ စိုက်ပျိုးရေး၊ ကျေးလက်တို့ကိုလည်း ပြည်နယ်ဘတ်ဂျက် ကနေပြန်ပြီးခွဲဝေပေးရ တာဖြစ်ပါတယ်။ ပြည်ထောင်စုဘတ်ဂျက်မှာ ပါသလို ပြည်နယ်ဘတ်ဂျက်မှာလည်းပါပါတယ်။ အစိုးရကလည်း စီမံကိန်းအနေနဲ့ State Budget ကိုထား ဆွဲရပါတယ်။ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်း များရေးဆွဲရာမှာ ကျွန်တော်တို့ဘယ်လိုရေးဆွဲရသလဲ။ ကျေးရွာဒေသကနေပြီးတော့ ဖွံ့ဖြိုးတိုးတက်တဲ့ လိုအပ်တဲ့ အချက်တွေ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး အဲ့ဒီဥစ္စာတွေကို အစည်းအဝေးတွေကနေပြီးတော့ လိုအပ်ချက် တွေကိုဖော်ထုတ်ပြီးတော့ မြို့နယ်စီမံကိန်းရေးဆွဲရေး အကောင်အထည်ဖော်ရေးကော်မတီကိုတင်ပြ၊ ကျေးရွာကနေမြို့နယ်၊ မြို့နယ်ကနေခရိုင်၊ ခရိုင်ကနေပြည်နယ်ကိုတင်ပြတဲ့ အခါမှာတင်ပြချက်တွေများတဲ့အခါမှာ ဦးစားပေးရွေးချယ်မှု priority ကို စဉ်းစားရပါတယ်။ဘယ်ဟာကိုဖြုတ်မလဲ။ First priority၊ Second priority အဲ့လိုစဉ်းစားပြီးတော့ ကျွန်တော်တို့ပြုလုပ်ရပါတယ်။ အဲ့လုပ်ငန်းများကို ကျွန်တော်တို့က ပြည်နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်နောက်ဆုံးရယူထားပါတယ်။ ရယူ

D/real(wide) (1

ပေးတဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေလျာထားချက်အစီအမံပေါ်မှာ မူတည်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေကို ကျွန်တော်တို့ဝေထားပြီးဖြစ်ပါတယ်။ ၂၀ရက်နေ့က နောက်ဆက်တွဲ၂ဆိုတဲ့ထဲ မှာပါပါတယ်။ အဲ့ဒီတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်ရမည့်လုပ်ငန်းတွေကို အမျိုးသားစီမံကိန်း ဥပဒေကနေပြီးတော့ ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပါတယ်။ အတည်ပြုပြီးတာ နဲ့တစ်ပြိုင်တည်း ပြည်ထောင်စုနဲ့ခွဲတ်ဆက်ပြီးတော့ ခရိုင်၊ မြို့နယ်အလိုက်၊ ဆောင်ရွက်ရမည့်လုပ်ငန်းအလိုက် စာရင်းများကို ကျွန်တော်တို့က ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် ဒီကနေ့ဖြစ်တဲ့ပြဿနာက လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မိမိ ဒေသလိုအပ်ချက်တွေကို စီမံကိန်းရေးဆွဲတဲ့ အခါမှာ ပူးပေါင်း ပါဝင်ဖို့အတွက် ကျွန်တော်တို့ စီမံကိန်းဌာနကလည်း တစ်လေးတစ်စားနဲ့ ဖိတ်ကြားသွားမှာဖြစ်ပါတယ်။ အဲ့လိုဖိတ်ကြားတဲ့အခါမှာ မိမိဒေသလိုအပ်ချက်တွေကို ထည့်သွင်းရေးဆွဲပြီးတော့ ဦးစားပေးဖြစ်သင့်တာ၊ မဖြစ်သင့်တာ၊ ဘယ်အရာဟာဖြစ်သင့်တယ်ဆိုတဲ့ ဥစ္စာကို အကောင်းဆုံးအကြံဉာဏ်ပေးပြီးတော့ ကျွန်တော်တို့ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ပါလို့ လေးလေးစားစားပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ် (၆)ဦး ထဲက ဆွေးနွေးသွားတဲ့နေရာမှာ ကျွန်တော်တို့ ကျေးလက်ကိစ္စတွေ၊ နတလကိစ္စတွေ၊ နောက်တစ်ခါ ကျွန်တော်တို့ လျှပ်စစ်ကိစ္စတွေပါရှိတာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့ သက်ဆိုင်ရာဝန်ကြီးများကဖြည့်စွက်ပြီးမှဆွေးနွေးဖို့လိုအပ်မှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးများက ဖြည့်စွက်ပြီးတော့မှ ဆွေးနွေးပေးစေလိုပါတယ်။

ဦးဆွေသိန်း၊ ပြည်နယ်လွှတ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ မဘိမ်းမဲဆန္ဒနယ်မှ ဦးမင်းမင်းသိန်းပြောသွားတဲ့ နတလနဲ့ ကျေးလက်ထပ်နေတဲ့ ကိစ္စမျိုးကို ကျွန်တော် ရှင်းလင်းတင်ပြသွားပါမယ်။ နတလနဲ့ ကျေးလက်ကခု နောက်ပိုင်းမှာ နယ်မြေအလိုက်ခွဲထားတာ မှန်ပါတယ်။ သို့သော်လည်း အခုကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ သွားပြီးတော့မှ ဒီနယ်မြေမှာဝင်ပြီးတော့မှပါရတဲ့ ကိစ္စကတော့ ယခင်တုံးက ကတိ ကဝတ်နဲ့ ကျွန်တော်တို့ ဒေသဆိုင်ရာတင်ပြချက်အရ ပါသွားခြင်း ဖြစ်ပါတယ်။ ဒါဟာလည်း ၂၀၁၈-၂၀၁၉မှာဆိုရင်အားလုံးခွဲခြား ထားပြီးသား ဖြစ်ပါတယ် ခင်ဗျား။ နောက်တစ်ချက်ကတော့ ရွာငံ မြို့နယ်ထဲမှာ စွမ်းအင်လုပ်ငန်း ဖြစ်ပါတယ်။ စွမ်းအင်လုပ်ငန်းကတော့ ဒီမှာ ၁၁ကေဗွီ၊ ၁၆၀ ကေဗွီအောသွယ်ရခြင်းဖြစ်ပါတယ်။ အဲ့ဒါကတော့ နတလကပဲ လုပ်တာဖြစ်ပါတယ်။ ကျေးလက်က လုပ်ဆောင်ခြင်း မရှိပါဘူး။ အဲ့ဒီတော့ နယ်မြေခွဲထားသော်ငြားလည်းပဲ ကျေးလက်က လုပ်ဆောင်တဲ့လမ်း၊တံတား၊ရေရရှိရေးနဲ့ဆိုလာမီးအတွက်ပဲ ခွဲထားခြင်းဖြစ်ပါတယ်။ကျန်တဲ့နတလလုပ်ငန်းတွေကတော့အားလုံး ရှမ်း(ရှေ့)၊ ရှမ်း(တောင်)၊ ရှမ်း(မြောက်)မှာအကုန်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး ကျွန်တော် ဦးသန်းထိုက်၊ ကလောမဲဆန္ဒနယ်မှတင်ပြတဲ့ ကျေးလက်လမ်းမှ ကျောက်ချောလမ်းတွေနည်းနေတဲ့ မပါတဲ့ ကိစ္စလေးတင်ပြပေးပါမယ်။ ယခင်နှစ်ကတော့ ကျေးလက်ရဲ့ ဘတ်ဂျက်က ပြည်ထောင်စုဘတ်ဂျက်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ဘီလီယံ ၂၀ကျော်ရရှိပါတယ်။ ဒီနှစ်မှာတော့ ပြည်ထောင်စု

လာတဲ့အခါမှာ ပြည်ထောင်စု ကနေပြီးတော့ ဥပမာဆိုကြပါဆို့။ ပြည်နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ ရှိပါတယ်။ အဲ့ဒီမှာ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်အသီးသီးကနေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုက ခွင့်ပြုနိုင်တဲ့ပြည်နယ် ဘဏ္ဍာရန်ပုံငွေလျာထားချက်ပေါ်မှာ ညှိနှိုင်းဆောင်ရွက်ရပါတယ်။ ဥပမာ- ဒီတစ်နှစ်ဆိုရင် ဌာနဆိုင်ရာတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း၊ လျှပ်စစ်သူတို့၏ဌာနဆိုင်ရာတွေဟာ မိမိတို့၏ ဌာနဆိုင်ရာ အသီးသီး၏သူတို့တင်ပြလာတဲ့ ဥစ္စာတွေဟာ ပြည်နယ်ဘတ်ဂျက်မှာဆိုရင် ဘီလီယံ ၄၀၀ကျော်ပါတယ်။ တကယ်တမ်း အစီအရင်က ပေးထားတာက ၁၀၀ကျော်ပဲရှိတဲ့အတွက် မဖြစ်နိုင်တာကိုတင်ပြီ ဆိုလည်း ကျွန်တော်တို့မှာ ဒီဟာလုံးဝမဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ မှာ အကြိမ်ကြိမ်ထိုင်ရပါတယ်။ ဘဏ္ဍာရေးဝန်ကြီးပြောသွားသည့် ရက်ကလည်းအချိန်တိုအတွင်းမှာ အမြန်ထိုင်တယ်။ ထိုင်တဲ့အခါမှာ ဘီလီယံ ၅၀၀နဲ့ ၅၀၀ပိုပိုလောက်မှာရှိတဲ့ဟာကို နောက်ဆုံးကျွန်တော်တို့ ၁၆၄ ဘီလီယံကို ဖြစ်နိုင်တဲ့ဥစ္စာကို ကျွန်တော်တို့ တည်းဖြတ်ရပါတယ်။ အဲ့လို တည်းဖြတ်တဲ့အခါမှာ ဒေသအရ လိုအပ်ချက်တွေ တချို့ပြတ်ကျသွားတာရှိတယ်။ ပြုတ်ကျသွားတာရှိမှာပေါ့။ အဲ့ဒီတော့နောက် နောင်မှာစနစ်တကျဌာနဆိုင်ရာတွေ ကလည်း မိမိတို့၏ Criterier တွေနဲ့ ခွဲခြားသတ်မှတ်ပေမဲ့ တကယ့် ပြည်သူတွေရဲ့ တကယ့်လိုအပ်ချက်၊ အခြေခံလိုအပ်ချက်တွေကို စနစ်တကျရေးဆွဲပြီးတော့ သုံးသင့်သုံးထိုက်တဲ့နေရာတွေမှာ သုံးဖို့ အင်မတန်အရေးကြီးပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေလည်း ကျွန်တော်တို့ အနေနဲ့ တစ်ခါတည်းအသိ ပေးပြောကြားလိုက်ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အတည်ပြုချက်ရ ပြီဆိုမှ ဘဏ္ဍာရေးကော်မရှင်ကိုတင်ရပါတယ်။ ဘဏ္ဍာရေးကော်မရှင် ကသတ်မှတ်

D/real(wide) (1

ဘတ်ဂျက်ကနေပြီးတော့ ကျောက်ချောလမ်းအတွက် (၁၆)မိုင်ဖြစ်တဲ့ ၄. ၅ဘီလီယံပဲရပါတယ်။ ဒါဟာ ပြည်ထောင်စုဘတ်ဂျက် ၄. ၅ ပဲ ရပါတယ်။ တွက်လိုက်ရင် ကျောက်ချောလမ်းအတွက် (၁၆)မိုင်ပဲရပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံးအတွက် (၁၆)မိုင်ဖြစ်ပါတယ်။ နောက်ဒီနှစ်မှာကျေးလက်ဒေသရဲ့မြေသားလမ်းလုပ်ငန်းနဲ့ မွမ်းမံလုပ်ငန်းများကို ပြည်နယ်ဘတ်ဂျက်ထဲ ပြောင်းလိုက်တာဖြစ်ပါတယ်။ ပြည်နယ်ဘတ်ဂျက်မှာ ဒီနှစ် ၁ဘီလီယံရပါတယ်။ ဒါကြောင့် ဒီနှစ်ကျေးလက်ရဲ့ကျောက်လမ်းဟာ ပြည်ထောင်စုဘတ်ဂျက်ဖြစ်ပြီးတော့ ဒီပြည်နယ်ဘတ်ဂျက်မှာပါတဲ့ ဒီမှာတင်ပြထားတဲ့ ကတ္တရာ လမ်း(၃)မိုင်ရယ် နောက်မြေသားလမ်းနဲ့ Box Culvert နဲ့ တံတားကိစ္စတွေရယ်၊ ရေရရှိရေး လုပ်ငန်းတွေအတွက်ကို လျာထားတာဖြစ်ပါတယ်။ အဲ့ဒီထဲမှာ ကျေးလက်အိမ်ရာဖော်ဖို့ ၃ဘီလီယံလျာထားပါတယ်။ နောက်ပြီးတော့ မွမ်းမံအတွက် ၂ဘီလီယံလျာထားပါတယ်။ အားလုံး ၅ဘီလီယံဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်နှစ် ကျေးလက်ရဲ့ ရရှိတဲ့ ဘတ်ဂျက်ဟာ ၃၀. ၅ဘီလီယံဖြစ်တာလည်းဖြစ်ပါတယ်။ ဘတ်ဂျက်လည်း ယခင်ထက်စာရင် လျော့နည်းသွားတာလည်းဖြစ်တာကြောင့် ဖြည့်စွက်ပြီးတော့ တင်ပြတာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။

အားလုံးမင်္ဂလာပါခင်ဗျာ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ တိုင်းပြည်အတွက်၊ ပြည်နယ်အတွက် အပြုသဘောဆောင်ပြီးတော့ ထောင့်စေ့အောင် ဆွေးနွေးပြီး အကြံပြုပေးတဲ့အတွက်ကြောင့် များစွာ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့တော့ ကျွမ်းကျင်သူတစ်ဦး၊ ပညာရှင်တစ်ဦး၊ ပြီးပြည့်စုံသူတစ်ဦးမဟုတ်ပေမဲ့ လက်ရှိမှာတော့ ကျွန်တော်တို့ တတ်နိုင်သလောက် ကြိုးပမ်းလေ့လာပြီးတော့ဆောင်ရွက်နေဆဲကာလဖြစ်ပါတယ်။ ဒီနေရာမှာ

National Grid ရောက်ရှိခြင်းမရှိသေးပါဘူး။ အဲ့ဒီအတွက်ကို လျှပ်စစ်ကဏ္ဍကနေ National Grid ရောက်ရှိဖို့ အတွက် ရှမ်း(အရှေ့)ကို ခွဲရုံ(၃)ရုံ ဟန်ဆာရယ်၊ မိုင်းပျဉ်းရယ်၊ ကျိုင်းတုံမှာ ခွဲရုံမြေနေရာတွေကိုရှာဖွေပါတယ်။ ရှာဖွေပြီး ရရှိပြီးဖြစ်ပါတယ်။ ရှမ်း(အရှေ့)ကို National Grid ရရှိဖို့ဟာ ကုမ္ပဏီကြီး(၃)ခုနဲ့ ပြည်ထောင်စုကနေပြီးမှ တင်ဒါခေါ်ပြီးတော့မှ ဇယားတွေဆွဲနေပါတယ်။ ဒီစီမံချက်ဟာ ရှမ်း(အရှေ့)ကို National Grid ရရှိဖို့ဟာ စီမံချက်ဟာ (၃)နှစ်ကြာမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ရှမ်း(အရှေ့)ကို National Grid ရောက်သွားမှသာလျှင် ရှမ်း(အရှေ့)အတွက် လျှပ်စစ်နှင့် ပတ်သက်ပြီးရအောင် ဘတ်ဂျက်ကို များများထည့်ပြီးဆွဲယူမှသာလျှင် ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ရှမ်း(၃) ပိုင်းကို ဘတ်ဂျက်ခွဲတဲ့အချိန်မှာ ရှမ်း(အရှေ့)ဟာ နည်းနေခြင်းဖြစ်ပါတယ်။ National Grid ရမှသာလျှင် ဘတ်ဂျက်များတဲ့ ကျေးရွာများနဲ့ ဒေသတွေကို မီးပေးနိုင်မှာဖြစ်ပါတယ်။ ရှမ်း(မြောက်)နဲ့ ဒီအခု လွှတ်တော်ကိုယ်စားလှယ်များ တင်ပြသွားတဲ့ နောင်ချိုကိစ္စတွေကတော့ ကျွန်တော်တို့ ရွေးကောက်ပွဲလုပ်နေတဲ့ ၂၀၁၅မှာအရင်အစိုးရလက်ထက်ကနေလုပ်ခဲ့သောမီးပေးရေးစီမံကိန်းတွေမှာ နောင်ချို(၁၆)ရွာတို့၊ မိုင်းလားတို့ အများကြီးဟာ မပြီးဘဲနဲ့ တန်းလန်းတွေဖြစ်ခဲ့တဲ့ ဒေသတွေဖြစ်ပါတယ်။ အဲ့ဒီဒေသ တွေကို ကျွန်တော်တို့လက်ထက် ဒီတစ်နှစ်ရောက်တဲ့အချိန်မှာ ဘတ်ဂျက်လျော့တဲ့ အနေအထားပေါ်မူတည်ပြီး ပြန်လည်ပြီးတော့မှ ပြည်သူတို့ကို ဖြည့်စွမ်းရတဲ့အချိန်မှာ အဲ့ဒီဒေသတွေမှာ ဘတ်ဂျက်တွေဟာ များသွားခြင်းဖြစ်ပါတယ်။ တန်းလန်းတွေလည်းဖြစ်နေတယ်။ ပြီးစီးတာလည်းမရှိပါဘူး။ နောင်ချိုမြို့၊ တန့်ယန်းမြို့နယ်ဟာဆိုရင် လုပ်လက်စနဲ့ ရပ်နေသော လုပ်ငန်းတွေဖြစ်တဲ့အတွက် ကျွန်တော်တို့လက်ထက်မှာပြီးစီးအောင်လုပ်တဲ့အခါမှာ ဘတ်ဂျက်ကိုကြည့် ပြီးမှ ခွဲခြမ်းပြီးလုပ်ရတာဖြစ်တဲ့အတွက် ဒီနှစ်ဘတ်ဂျက်မှာ လွှတ်တော်

D/real(wide) (1

ကိုယ်စားလှယ်များတင်ပြတဲ့အချိန်မှာ ဘတ်ဂျက်မမျှတဘူးဆိုတဲ့ အနေအထားပေါ်လာခြင်း ဖြစ်ပါတယ်။ ဒီဘတ်ဂျက်နှင့်ပတ်သက်လို့ ရှမ်း(ဥ)ပိုင်းကို ၂၀၁၈-၂၀၁၉ဘတ်ဂျက်တွေမှာ ဆွဲတဲ့အခါမှာ စီမံကိန်းဝန်ကြီးတင်ပြသွားသလိုပဲ လွှတ်တော်ကိုယ်စားလှယ်များကို အားလုံးခေါ်ယူညှိနှိုင်းပြီး လိုအပ်ချက်များအားလုံးကို ပေါင်းစည်းပြီးတော့မှ ဘတ်ဂျက်ကို ခွဲမှာ ဖြစ်ပါတယ်။ ရှမ်း(ရှေ့) အနေနဲ့ကတော့ ကျွန်တော်တို့ Nation Grid ရောက်ရှိသွားမှသာလျှင် ဘတ်ဂျက်ကို များများဖြည့်ပြီးတော့ မှ မြို့နယ်၊ ကျေးရွာတွေကို မီးလင်းအောင် လုပ်ပေးနိုင်မှာဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အခုလို သက်ဆိုင်ရာဝန်ကြီးများကနေပြီးတော့မှ မိမိတို့ ကဏ္ဍအလိုက် အသီးသီး ရှင်းလင်းဆွေးနွေးပေးတဲ့အတွက်လည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နားလည်သိရှိမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အစီအစဉ်များကို ဆက်လက်ပြီးဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ အစီအစဉ် (၉) ဖြစ်ပါတယ်။ အစီအစဉ် အရ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၁၇ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား အတည်ပြုပေးဖို့အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များကသဘောတူကြသည့် အတွက် ၂၀၁၇ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ

D/real(wide) (1

အလျဉ်းသင့်လို့ဦးအားကိုတင်ပြသွားတဲ့ထဲမှာပါရှိတဲ့ လမ်းကိစ္စနှင့်ပတ်သက်ပြီးတော့ ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ လမ်းမိုင်ပေါင်းက မြန်မာနိုင်ငံတစ်နိုင်ငံလုံးရဲ့ ၁၅% ကျော်ရှိပါတယ်ခင်ဗျာ။ အချို့အားဖြင့်ပြောရလို့ရှိရင် ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ၂.၅၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ၃၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ ၁ဆိုတော့ ၂.၅အချို့၊ ၃အချို့၊ ၁ရှိတဲ့ အနေအထားဖြစ်ပါတယ်။ လက်ရှိမှာယခင်အဆက်ဆက်ဆောင်ရွက်ထားတဲ့အနေအထားကိုကြည့်ပြီးတော့ ဘဏ္ဍာငွေခွဲဝေထားတဲ့အခါမှာ၊ လျာထားတဲ့အခါမှာတင်ပြထားတဲ့လမ်းမိုင်ရှည်ရဲ့အချို့၊ နောက်တစ်ခါလက်ရှိသူရဲ့ ရှမ်း(တောင်)၊ ရှမ်း(မြောက်)၊ ရှမ်း (အရှေ့)၊ ဒေသအလိုက်ရှိနေတဲ့ လမ်းရဲ့အဆင့်အတန်း မြေသား လမ်း၊ ကျောက်ခြောလမ်း၊ လက်ရှိတည်ရှိနေတဲ့ အနေအထားရဲ့ လိုအပ်ချက်တွေ၊ ဒီအချက်တွေအပြင်ကို အချက်အချာကျမှုနှင့် အကျိုးပြုမှုတွေကို ဒီအချက်တွေအားလုံးစုံတွဲစဉ်းစားပြီးတော့ အချိန်ဆွဲစဉ်းစားပြီးတော့ ခွဲဝေဆောင်ရွက်ပေးရေးဖြစ်ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ မည်သို့ပင်ဖြစ်စေ လွှတ်တော်မှာဝိုင်းဝန်း ဆွေးနွေး အကြံပြု သဘောတူထားသည့်အတိုင်း ကျွန်တော်တို့သည်ပူးပေါင်းပြီးတော့ကျရာအတိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဦးဆွေသိန်း၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး။ လွှတ်တော်ကိုယ်စားလှယ်များတင်ပြသွားတဲ့ လျှပ်စစ်နှင့်ပတ်သက်ပြီးတော့ ရှမ်း(အရှေ့)၊ရှမ်း(တောင်)၊ ရှမ်း(မြောက်)ရဲ့ ဘတ်ဂျက်ခွဲဝေမှု မညီမျှတဲ့ကိစ္စ ရှင်းပြရမယ်ဆိုလျှင် ကျွန်တော်တို့ ရှမ်း(ဥ)ပိုင်းက Nation Grid ရောက်တဲ့တိုင်းဟာ ရှမ်း(တောင်)၊ရှမ်း(မြောက်)ပဲရှိပါသေးတယ်။ရှမ်း(အရှေ့)ဟာဆိုရင်

ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ၏ "၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များ တင်သွင်းခြင်း နည်းဥပဒေတွင် အချိန်အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း" အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ **"၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များ တင်သွင်းခြင်း နည်းဥပဒေတွင်အချိန်အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း"** အဆိုဖြစ်ပါတယ်။ ယခု ဒေါ်နန်းစမ်းစမ်းအေးက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

ပစ္စည်းမှန်၊ နေရာမှန်၊ဟုတ်/မဟုတ် ကောင်းစွာ စိစစ်သုံးသပ်နိုင်ခြင်း မရှိပေ။ လွှတ်တော်ကိုယ်စားလှယ် များအားလုံးသည့် သက်ဆိုင်ရာ မြို့နယ်မှနွေးကောက်တင်မြောက်ထားသော သူဖြစ်သည့်အလျောက် ၎င်းတို့၏ မြို့နှင့်သက်ဆိုင်သော စီမံကိန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ မည်၍၊ မည်မျှဘတ်ဂျက်နှင့်လုပ်ပိုင်ခွင့်ရထားသည်ကို သိရှိလိုသည်မှာ မုချကောန်ပင်ဖြစ်ပါသည်။ လက်ရှိတွင် မိမိ၏ မြို့နယ်သို့ မည်သည့် ဌာနမှ မည်သည့် စီမံကိန်းဆောက်လုပ်ခွင့်ပြုသည်၊ မပြုသည်ကို စိစစ်ခြင်း၊ ဆွေးနွေးခြင်း၊ ထောက်ခံခြင်းမပြုလိုက်ရဘဲ လွှတ်တော် အတွင်းအဆောတလျင် အတည်ပြုခြင်းဖြင့်သာ ဆောင်ရွက်ခဲ့ရပါသည်။ ထိုကိစ္စများကိုလည်း လွှတ်တော်ကိုယ်စားလှယ် တော်တော်များများမှ ခဏနေ အချိန်အတွင်းမှာ ဆွေးနွေးခဲ့ပါတယ်။ ထိုသို့ ကိုယ်စားလှယ်များမှ စိစစ်သုံးသပ် ဆွေးနွေးရန် အချိန်နည်းနေသောကြောင့် နောင်အနာဂတ်မှာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လေလွင့်ဆုံးရှုံးမှုများမရှိစေရန်စီမံခန့်ခွဲမှုမပြုနိုင်ခြင်း လိုအပ်နေသော ဒေသကိုမပေးမိဘဲ၊ မလိုအပ်သော ဒေသများကို ပုံအောပေးအပ်ခြင်းမျိုးကိုလည်း ကြိုးကြပ်နိုင်ရေးအခြေအနေလျော့နည်းသွားမည်ကို စိုးရိမ်မိပါသည်။ ထို့ပြင်ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် လွှတ်တော်အတွင်း ဖွဲ့စည်းထားသော ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာကော်မတီမှာလည်း စိစစ်အတည်ပြုခြင်းဆိုင်ရာ ကိစ္စကိုထိထိရောက်ရောက် စွမ်းဆောင်ပိုင်ခွင့်မရှိသောကြောင့် လက်ရှိတွင်အဖြစ် သဘောကော်မတီအဖြစ်သို့ ရောက်ရှိနေပေသည်။ ရှမ်းပြည်နယ်လွှတ်တော်၏ အခန်းကဏ္ဍကိုမြှင့်တင်လိုပါက လွှတ်တော်အတွင်း ဖွဲ့စည်းထားသော ကော်မတီများအားကောင်းရန် အထူးလိုအပ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုစွမ်းဆောင်ရာမှာ အဓိကမဏ္ဍိုင်(၃)ခုဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရား

D/real(wide) (1

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။ယနေ့အစည်းအဝေးမှာ တင်ပြလိုတဲ့ အကြောင်းအရာ ကတော့ **"၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များ တင်သွင်းခြင်း နည်းဥပဒေတွင် အချိန်အကန့်အသတ်နှင့် သက်ဆိုင်ရာ ကော်မတီ၏ လုပ်ပိုင်ခွင့်များကို ဖြန့်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း"** အဆိုဘဲဖြစ်ပါတယ်။ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်း ဥပဒေများအခန်း (၁၄)၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းမှ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များ တင်သွင်းခြင်း အပိုင်းတွင် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်နေသည်ကို တွေ့မြင်ရပါသည်။ လက်ရှိတွင် ၎င်းနည်းဥပဒေများမှာ အချိန် ကန့်သတ်ချက်နှင့် လုပ်ထုံးလုပ်နည်း အသေးစိတ်ပြဋ္ဌာန်းထားခြင်း မရှိသည့်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်မှ အတည်ပြုရန် တင်သွင်းချိန်မှာ အဆောတလျင်ဖြစ်နေပြီး ဆွေးနွေး သုံးသပ်ဖို့ အချိန်မှာ အင်မတန်နည်းလွန်းနေကြောင်း ကိုယ်စားလှယ်များအားလုံး၏ ကိုယ်တွေ့ပင်ဖြစ်ပါတယ်။ ထိုသို့ဆွေးနွေးသုံးသပ်ချိန် နည်းပါးနေသောကြောင့် သက်ဆိုင်ရာနှစ်အလိုက် ဘဏ္ဍာငွေများမှာ မည်သည့်မြို့၊ မည်သည့်ဌာနမှ မည်သည့်နေရာ၊ မည်သည့် စီမံကိန်းအတွက် အသုံးပြုပြီး

စီရင်ရေးတို့သည် တစ်ခုနှင့် တစ်ခု အပြန်အလှန် ကောင်းစွာ ထိန်းကျောင်းမှုပြုနိုင်ရန် အရေးကြီးလှပါသည်။ သို့ဖြစ်ပါ၍ ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့ အပြန်အလှန်ကောင်းစွာ ထိန်းကျောင်းနိုင်ရေးအတွက် အောက်ပါနည်းဥပဒေများကို ပြင်ဆင်ဖြည့်စွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအား အထူးတိုက်တွန်းအပ်ပါသည်-

(က) ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၄၅။ ရှမ်းပြည်နယ်အစိုးရက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက်ပြည်ထောင်စု၏ ဘဏ္ဍာရေးကော်မရှင်က ချမှတ် ထားသော မူဘောင်အတွင်းမှရေးဆွဲပြုစုပြီးပေးပို့သော ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ လျာထားချက်ကို လွှတ်တော်တွင် ဆွေးနွေးရန် ဥက္ကဋ္ဌသည် လွှတ်တော်ခေါ်ယူရမည် ဆိုသော အချက်မှာ လွှတ်တော်တွင် ဆွေးနွေးရန် လွှတ်တော်မခေါ်ယူမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များအား ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့(၁)လတိတိ ကြိုတင်ပေးပို့နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှ စီစဉ်ပေးရမည်ဟူသော အချက်အားလည်းကောင်း၊ ၎င်းလျာထားချက်များအား ဆွေးနွေး သုံးသပ်ရန် လွှတ်တော်မခေါ်ယူမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီဥက္ကဋ္ဌမှ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီအစည်းအဝေးခေါ်ယူပေးရမည် ဆိုသော အချက်အားလည်းကောင်း၊ လျာထားချက်များတင်သွင်းရာမှာ သက်ဆိုင်ရာဌာနအသီးသီး၏

D/real(wide) (1

အရအသုံးစရိတ် အသေးစိတ်များကို ဘဏ္ဍာငွေ အရအသုံးဆိုင်ရာကော်မတီသို့ ပူးတွဲ တင်ပြ ရမည်ဟူသော အချက်များ ဖြည့်စွက်စေလို ပါတယ်။

(ခ) ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၆၊ ဥက္ကဋ္ဌသည်နည်းဥပဒေ ၁၄၅ အရ ပေးပို့သော သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အတွက် ရှမ်းပြည်နယ် ၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ လျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးပြီး လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်ဟူသော အချက်တွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်နှင့် စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီမှ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ လျာထားချက်နှင့် သက်ဆိုင်သော တွေ့ရှိချက်များကို အစီရင်ခံစာနှင့် တကွ ပြင်ဆင်ဆွေးနွေး သုံးသပ်ရမည်ဟူသော အချက်အားလည်းကောင်း၊ အဆိုပါဘဏ္ဍာငွေ အရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ သုံးသပ်ချက်များနှင့် တကွ လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်ဟူသောဖြည့်စွက်ချက် များအားလည်းကောင်း။

(ဂ) ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇၊ ရှမ်းပြည်နယ်အစိုးရက

စသည်တို့ကို မလုပ်နိုင်တဲ့အတွက် အခုလို၊ အငြင်းပွားမှုများ ကိုယ်စားလှယ်များရဲ့ ဖြစ်စေလိုတဲ့ ဆန္ဒကိုတင်ပြခဲ့သည်ကို ကိုယ်စားလှယ်များ အားလုံးကိုယ်တွေ့ဘဲဖြစ်ပါတယ်။

(ဃ) ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁။ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဆိုင်ရာလျာထားချက်တင်သွင်းခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းနှင့် ဆွေးနွေး ဆုံးဖြတ်ခြင်း ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးနှင့်စပ်လျဉ်း၍ ဆိုသော အချက်မှာ ဖြည့်စွက်လိုတာကတော့ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာလျာထားချက်များ၊ ဥပဒေကြမ်းများတင်သွင်းခြင်း၊ ဆွေးနွေးခြင်းမပြုမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ (၁)လ တိတိကြိုတင်ပေးပို့ရမည်ဟူသော အချက်အား လည်းကောင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီဆောင်ရွက် ရမည်ဟူသော အချက်အားလည်းကောင်း၊ လျာထားချက်များ၊ ဥပဒေကြမ်းများတင်သွင်းရာမှာ သက်ဆိုင်ရာဌာနအသီးသီး၏ အရအသုံးစရိတ် အသေးစိတ်များဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီသို့ပူးတွဲတင်ပြရမည်ဟူသော အချက်အားလည်းကောင်း ဖြည့်စွက်ပေးစေလို

D/real(wide) (1

ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီးရှင်။ စောစောက ဝန်ကြီးများကဆွေးနွေးဖြေရှင်းခဲ့ပါတယ်။ ပြည်ထောင်စုမှပေးသည့် အချိန်မှာ အင်မတန်တိုတောင်းလွန်းတယ်။ နည်းလွန်းသည်ဟု ပြန်လည်ဖြေကြားခဲ့ပါတယ်။အခု ကျွန်မတင်သွင်းသော အဆို ကို အချိန် အကန့်အသတ်များပါနေတဲ့ အတွက်ကြောင့် ဤအချိန် အကန့်အသတ်များကို ဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရကို ပြန်လည် တင်ပြပေးစေလိုပါကြောင်း တစ်ဆက်တည်း တိုက်တွန်းပါရစေ။ ဥက္ကဋ္ဌကြီးရှင်။ ယခုတင်ပြသော အဆိုမှာ ကျွန်မတစ်ယောက်တည်းအမြင်ဖြစ်နေသောကြောင့် အလုံးစုံ ပြီးပြည့်စုံမည် မဟုတ်ပါ။ ဒါကြောင့်ယခုအဆိုမှာ ပြည်နယ်တစ်ခုလုံးနှင့် သက်ဆိုင်ပြီး ပြည်နယ်တစ်ခုလုံး၏ အကျိုးအမြတ်၊ အကျိုးစီးပွားကိုဖြစ်စေသောကြောင့် ဥပဒေကောင်း တစ်ရပ်ပြုပြင်ရေးဆွဲနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အကြံဉာဏ် ယူဆချက်များပါဝင်ပါမှ ညီညွတ်မှုတသောစည်းစနစ်ကျသောဥပဒေတစ်ရပ် ဖြစ်နိုင်ပါမည်။

သို့ဖြစ်ပါ၍ယနေ့တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမှလည်း ပါဝင်ဆွေးနွေးပေးဖို့ တစ်ဆက်တည်း တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကိုပြည်ထောင်စု၏ ဘဏ္ဍာရေးကော်မရှင်သို့တင်ပြညှိနှိုင်းပြီးနောက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ရှမ်းပြည်နယ်အတွက် ပြည်ထောင်စု ဘဏ္ဍာ ရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေအပါအဝင် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်နှင့်အတူ တင်သွင်းလာပါက လွှတ်တော်တွင်လိုအပ်သလို ဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဟူသောနေရာတွင် ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်မှပြန်လည်ပေးပို့လာသော ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်နှင့်အတူတင်သွင်းလာပါကလွှတ်တော်တွင် မဆွေးနွေးမီတစ်ပတ်တိတိတွင် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာကော်မတီသို့ ပေးပို့ရမည်ဟူသော အချက်အားလည်းကောင်း၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက် နှင့်အတူ လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီဆောင်ရွက် ရမည်ဟု ဖြည့်စွက်စေလိုပါတယ်။ လက်ရှိမှာအခုလိုမျိုး သဘောတူ အတည်ပြုခြင်း၊ငြင်းပယ်ခြင်း၊ လျော့၍ခွင့်ပြုခြင်း

D/real(wide) (1

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးတင်လှိုင်၊နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားရပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊သက်ဆိုင်ရာ အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များအားလုံးလေးစားကြောင်း ပဏာမပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးတင်လှိုင်ဖြစ်ပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသွားတဲ့ **"၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်များ တင်သွင်းခြင်းနည်းဥပဒေတွင်အချို့ အကန့်အသတ်နှင့်သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း"** အဆိုကိုလက်ခံဆွေးနွေးရန် ကျွန်တော် ဦးတင်လှိုင်မှလေးနက်စွာထောက်ခံအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူညီကြောင်းကြေညာပါတယ်။

အဆိုကို ၂၀၁၇ ခုနှစ်၊ မတ် လ ၂၃ ရက်နေ့ (ကြာသပတေးနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ ကြာသပတေးနေ့ နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ ကြာသပတေးနေ့ နံနက် ၁၀း၀၀ နာရီ အချိန်တွင် ဆက်လက်

D/real(wide) (1

ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (1

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းစမ်းစမ်းအေးက တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁ ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များ တင်သွင်းခြင်း နည်းဥပဒေတွင် အချို့ အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း"** အဆိုဖြစ်ပါတယ်။ ယခု အဆိုကို လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကို ရယူမှာ ဖြစ်ပါတယ်။ ၄င်းအဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

ဥက္ကဋ္ဌ။ အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက်

ရှမ်းပြည်နယ်

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး

(စတုတ္ထနေ့)မှတ်တမ်း

၁၃၇၈ ခုနှစ်၊ တပေါင်းလဆုတ် ၁၁ ရက်

၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်

[ကြာသပတေးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးမျိုးသက်ကျော်၊ ဦးစီးအရာရှိကလည်းကောင်းဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးစတင်ကျင်းပခြင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ်

တို့အရအစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာ ပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၃)ဖြစ်ပါတယ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(စတုတ္ထနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပသွားမှာဖြစ်ပါတယ်။

အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၄)ဖြစ်ပါတယ်။ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး(၂၃-၃-၂၀၁၇) စတုတ္ထနေ့မှာ အစည်းအဝေးသို့တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၂) ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၃) ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁) ရက်၊

(၄) ဒုတိယဗိုလ်မှူးကြီး တင်မျိုးနောင်၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်၊

D/real(wide) (1

လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်းကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၅)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၀၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၈၀. ၇၄%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ၃ပုံ ၁ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)

(၅) ဗိုလ်ကြီး ကျော်ဇင်အောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်၊

(၆) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်၊

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂၀)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ(၆)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၆)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များ အားလုံးကို ခွင့်ပြုပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၁၃၅)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပန်ကြားသူ (၂၀)ဦး၊ ယနေ့ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ (၆)ဦးဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ (၂၆)ဦးရှိပြီး ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ် လွှတ်တော် နည်းဥပဒေ ဆိုင်ရာ ၄(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ယနေ့အစည်းအဝေးသို့ ကြွရောက်လာတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ရှေးဦးပဏာမနှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ဆုံးဖြတ်ချက်အရ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိသော ပညာရေးဝန်ကြီးဌာန၏ ကျောင်းဆောင်ဆောက်လုပ်ရေးကိစ္စအား အစိုးရနှင့်ကုမ္ပဏီတို့ ချုပ်ဆိုသော စာချုပ်စာတမ်းနှင့် BP/BQ များ မိတ္တူကူး၍ ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်၏ အတည်ပြုဆုံးဖြတ်ချက်အရ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက် လျက်ရှိသော မည်သည့် လုပ်ငန်းကိုမဆို အစိုးရနှင့် ကုမ္ပဏီများ ချုပ်ဆိုသော စာချုပ်စာတမ်းများ၊ BP/BQ များ မိတ္တူကူး၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေပေးရမည်ဟုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆုံးဖြတ်ချက်သည် လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလကတည်းက ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ ယနေ့ကာလအထိဆိုရင် (၆)လ ရှိသွားပြီဖြစ်ပါတယ်။ အဆိုပါဆုံးဖြတ်ချက်အရ နမ့်ဆန်မြို့နယ်မှာ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများအနက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိုးအိမ်ဦးစီးဌာနတို့မှ ဆောင်ရွက်သည့် လုပ်ငန်းများရဲ့ စာချုပ်များရရှိပြီး

D/real(wide) (1

ဖြစ်သော်လည်း BP/BQ များ ယနေ့ထိ မရရှိသေးပါ။ ကျွန်တော့် အနေဖြင့် သက်ဆိုင်ရာဌာနကို တောင်းဆိုတာ သုံးခါလေးခါရှိပါပြီ။ ယခု သိရသလောက်ကတော့ ကြယ်ပွင့်ပြမေးခွန်း လွှတ်တော်ကို ရောက်ရှိခါမှဘဲ သက်ဆိုင်ရာမြို့နယ်ကို တောင်းယူတာ အဲဒီ BP/BQ များ ပေးပို့ထားပြီလို့သိရပါတယ်။ အဲဒီ BP/BQ များသည် ကျွန်တော်တောင်းကြီးသို့ အစည်းအဝေးတက်ရန် လာရောက်ချိန် နောက်ပိုင်းမှရောက်ရှိတယ်လို့သိရှိရပါတယ်။ ၂၀၁၆-၂၀၁၇ ပညာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ဖြင့် နမ့်ဆန်မြို့နယ်မှာ ဆောင်ရွက်လျက်ရှိတဲ့ စာသင်ကျောင်းဆောင်(၈)ခုတို့ရဲ့ စာချုပ်စာတမ်း၊ BP/BQ များလည်း လုံးဝမရရှိသေးပါ။ ယခုဆိုရင်ဘဏ္ဍာနှစ်ကုန်ဆုံးဖို့ရက်ပိုင်းဘဲကျန်ပါတော့တယ်။ လွှတ်တော်ကသာဆုံးဖြတ်ပြီး ဌာနဆိုင်ရာက လိုက်လံဆောင်ရွက် ခြင်းမရှိသေးတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ တင်ပြလိုတာကတော့ ပညာရေးဝန်ကြီးဌာန အတွက် ကျောင်း(၁)ကျောင်းအနေနဲ့ ကျွန်တော် ကွင်းဆင်းလေ့လာတဲ့အခါမှာ တောင်သာဆိုတဲ့ကျောင်း (၁)ကျောင်း သွားပြီး လေ့လာပါတယ်။ အဲဒီကျောင်းဟာ တော်တော်လေးကို ပျက်စီးယိုယွင်းနေပါတယ်။ အယ်လ်ပုံသဏ္ဌာန် ၁၀၈ ပေ၊ ၂၄ ပေဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကို နှစ်စဉ် ပြင်ဆင်ဖို့ ဘတ်ဂျက်တောင်းခံပေမယ့်လည်း မရခဲ့ပါဘူး။ မရတဲ့အခါ ကျွန်တော် ဓါတ်ပုံရိုက်ပြီးတော့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တင်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှာ တင်ပေးပါမယ်။ မရလျှင် ၂၀၁၇-၂၀၁၈ BE မှာ ဦးစားပေးအနေနဲ့ ထည့်ပေးပါ့မယ်လို့ ပြန်ကြားလာပါတယ်။ ကံကောင်းစွာဘဲ လွန်ခဲ့တဲ့ (၁)လ ကျော်ကျော်က အဲ့ဒီကျောင်းဟာ ၂၀၁၆-၂၀၁၇ ဖြည့်စွက်မှာ ပြင်ဆင်ခွင့်သိန်း(၁၅၀)ချလာပြီးတော့ ပြင်ဆင်ခွင့်ကျလာတဲ့အခါမှာ ဘယ်ကုမ္ပဏီကို ပေးတယ်ဆိုတာလည်း မသိရပါဘူး။ နောက်ပိုင်းမှာ

D/real(wide) (1

ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာ ပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင် တာဝန်ရှိပုဂ္ဂိုလ်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာနမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

သိရတာကတော့ ကုမ္ပဏီအသစ်(၁)ခု က ဒီလုပ်ငန်းကို ဆောင်ရွက်ခွင့်ရတယ်ဆိုတာသိရပါတယ်။ ဆိုလိုတာက အဲဒီကုမ္ပဏီကို မကြိုက်တာ မဟုတ်ပါဘူး။ အဲဒီကုမ္ပဏီဟာလူသစ်လည်းဖြစ်တယ်၊ အတွေ့အကြုံလည်းမရှိပါဘူး။ လုပ်ငန်းစွမ်းဆောင်ရည်လည်း ပြည့်ဝမှုမရှိပါဘူး။ အခု အဲဒီကုမ္ပဏီကနေပြီးတော့ ကျောင်းကို ဆောင်ရွက်တဲ့အခါမှာ ထပ်ပြီးသွားကြည့်ပါတယ်။ သွားကြည့်တဲ့အခါကျတော့ လိုအပ်ချက်တွေများစွာ ရှိပါတယ်။ ဆိုလိုတာ BP/BQ ကို တောင်းကြည့်တဲ့အခါမှာ နှစ်ခါသုံးခါတောင်းရပါတယ်။ နောက်ပိုင်းမှဘဲ ကျွန်တော့်ကို မိတ္တူကူးပေးပါတယ်။ မြို့နယ်ပညာရေးမှူးကို တောင်းတဲ့အခါမှာ သူတို့ဆီမှာ မရှိဘူးလို့လည်း ပြောပါတယ်။ ဘယ်လာက်ထိဖြစ်လဲဆိုတော့ လက်ရှိ နမ့်ဆန်မြို့နယ်မှာ ဆောင်ရွက်နေတဲ့ ကျောင်းတွေကို ဒုပညာရေးမှူးတစ်ယောက်ကို မြို့နယ်ပညာရေးမှူးက လိုက်ပြီးတော့မှ ကြည့်ခိုင်းပါတယ်။ သူကလည်းပြောပါတယ်။ လိုက်သာ ကြည့်တာ ဘယ်ပေတံနဲ့တိုင်းပြီး ဘာကိုကြည့်ရမယ်လည်း မသိပါဘူး။ ကျွန်တော့်ဆီမှာလည်း BP/BQ မရှိပါဘူးလို့ ပြောပါတယ်။ နောက်ပိုင်းမှာ ကျွန်တော်အစည်းအဝေးတစ်ခုမှာ မေးတဲ့အခါ မြို့နယ်ပညာရေးမှူးက အဲဒီကျောင်း(၈)ကျောင်း နဲ့ပတ်သက်တဲ့ BP/BQ ကို မိတ္တူကူးပြီးတော့ပေးပါတယ်။ ဆိုလိုတာက မြို့နယ်ပညာရေးမှူးနဲ့ ဒုပညာရေးမှူးတို့ ဆက်ဆံရေးဟာ ကြားမှာ လစ်ဟာပြတ်နေတယ်လို့ ယူဆပါတယ်။ သူတောင်ပြောပါတယ်။ မြို့နယ်ပညာရေးမှူးက ဒီမိုကရေစီသာ ပြောတယ် ကျွန်တော်တို့ဌာနမှာ ဗျူရိုကရက်ဆန်တုန်းလို့ပြောပါတယ်။ အထက်နဲ့အောက် နှစ်ယောက်တည်းရှိတာတောင်မှBP/BQကိုအပေါ်က အောက်ကို မပေးဘူး။ သူကသူဟာနဲ့သူစမ်းတစ်ဝါးဝါးသွားပြီးတော့မှ လေ့လာတယ်ဆိုတာ မဖြစ်သင့်ဘူးလို့ ယူဆပါတယ်။ ကျောင်းတွေ

ဘာမှလည်း မတတ်နိုင်ပါဘူး။ ပြန်ပြင်ဖို့ဆိုလည်းဘဲ ပြင်လို့ရတဲ့ကိစ္စမဟုတ်ပါဘူး။ နောက်နှစ်တွေမှာလည်းဘဲ တကယ်လို့ ဘယ်လုပ်ငန်းမဆို ကုမ္ပဏီတွေကို တင်ဒါခေါ်တဲ့ နေရာမှာလည်းကောင်း၊ လုပ်ငန်းချပေးတဲ့နေရာမှာသော် လည်းကောင်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်သဘော ဆန္ဒကိုလည်းဘဲ ရယူပေးဖို့ ဒီနေရာကနေပြီးတော့ ကျွန်တော် အလေးအနက်မေတ္တာရပ်ခံလိုပါတယ်။ ဒါကြောင့်မို့ လွှတ်တော် ဆုံးဖြတ်ချက်အရ နိုင်ငံတော်ဘတ်ဂျက်ဖြင့်ဆောင်ရွက် လျက်ရှိသောလုပ်ငန်းများ၊ ပညာရေးဝန်ကြီးဌာန၏ကျောင်းဆောင် ဆောက်လုပ်ရေးကိစ္စအား အစိုးရနှင့်ကုမ္ပဏီတို့ချုပ်ဆိုသော စာချုပ်စာတမ်းနှင့် BP/BQ များ မိတ္တူကူး၍ ဖြန့်ဝေပေးဖို့နဲ့ နောင်နှစ်တွေမှာ လွှတ်တော်ကိုယ်စားလှယ်များ သဘောထား ဆန္ဒရယူပေးဖို့ အစီအစဉ် ရှိ/မရှိသိရှိလို၍ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သဂါရဝပြုရပါတယ်။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းရဲ့ ပညာရေးဝန်ကြီးဌာန၏ ကျောင်းဆောင် ဆောက်လုပ်ရေးကိစ္စ နှင့်စပ်လျဉ်းသည့် မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

D/real(wide) (1

လိုက်ကြည့်တဲ့အခါမှာလည်း သူတို့ အသက်နဲ့လဲပြီး ကာကွယ်ထားတဲ့ BP/BQ ကို အကြိမ်ကြိမ်တောင်းယူတာရပြီးတော့မှ ကြည့်တဲ့အခါမှာ လက်တွေ့ဆောင်ရွက်ချက်နဲ့ အများကြီးကွာဟနေတာကိုတွေ့ရပါတယ်။ တစ်ချို့ကျောင်းဆိုရင် ပြတင်းပေါက်တွေ၊ ကျည်းခွေတွေက သတ်မှတ်တဲ့အတိုင်း မဟုတ်ပါဘူး။ BP/BQထဲမှာပါတာက ၅/၂ ကျွန်း သို့မဟုတ် ပျဉ်းကတိုး၊ အင်ကြင်း သုံးတာက တောင်တမာသားတွေ သုံးတယ်။ တောင်တမာဆိုတာက ကျွန်တော်တို့ ပလောင်တွေ ထင်းအဖြစ်တောင် မသုံးဘူး။ အင်မတန်မှ ကျွတ်ဆတ်လွန်းအားကြီးလို့ ဖယ်ထားတဲ့ သစ်တွေဖြစ်ပါတယ်။ အခုခုတ်ပြီးတော့ အခုချက်ချင်းလှီးဖြတ်ပြီးတော့မှ ထည့်ထားတဲ့ ပြတင်းပေါက်ဘောင်၊ တံခါးပေါက်ဖြစ် ပါတယ်။ ဆိုးရွားပါတယ်။ ကုမ္ပဏီတစ်ခုဆိုလည်းဘဲရရှိတဲ့လုပ်ငန်းကို Subcontract ကို ပေးလိုက်ပါတယ်။ လက်သမားဆိုလည်း ဒါကိုအပြတ်ငှား၊ ပန်းရံဆိုလည်း အပြတ် လုပ်တဲ့အခါကျတော့ လက်သမားဟာ ကျွန်တော်သွားကြည့်တဲ့ မြို့သစ်အရှေ့ကျောင်းတောင်တော်လေးကို ဆိုးပါတယ်။ ပြတင်းပေါက်၊ တံခါးပေါက်တွေဟာ ကောက်ကွေးနေတယ်။ အဆင့်မီတဲ့ အသားတွေမသုံးဘူး၊ သံချောင်းရိုက်တာတောင်မှ စိတ်ပါလက်ပါနဲ့ မရိုက်လို့လားမသိဘူး ဟိုဖက်ဒီဖက်ပေါက်ပြီးတော့မှ ပဲ့နေပြီး တော်တော်လေးကို ရုပ်ဆိုးပါတယ်။ ကျွန်တော်ဆိုလိုတာက တကယ်လို့ ဒီကုမ္ပဏီတွေကို ပြည်နယ်အစိုးရအနေနဲ့ သူတို့ကို တင်ဒါခေါ်မယ်၊ တင်ဒါပေးမယ်ဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောဆန္ဒကိုလည်းရယူစေလိုပါတယ်။ ဒီကုမ္ပဏီဟာ ဒီဒေသမှာ စေတနာထားလား။ မထားဘူးလား၊ လုပ်ငန်းစွမ်းဆောင်ရည် ဘယ်လောက်ရှိသလဲဆိုတာ ကျွန်တော်တို့ ကိုယ်စားလှယ်များ အသိဆုံးဖြစ်ပါတယ်။ တင်ဒါပေးပြီး ကာမှလုပ်လိုက်တော့ ဒီလိုတစ်လွဲတစ်ချော်ဖြစ်တဲ့ အခါမှာ

ပညာရေးဌာနအနေဖြင့် ပြည်နယ်အတွင်း ကျောင်းတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ကြမည့် ကုမ္ပဏီများကို တင်ဒါခေါ်စဉ်ကတည်းက အဆောက်အဦ ဆောက်လုပ်မည့် ကုမ္ပဏီများသို့ အဆောက်အဦပုံစံ(BP)များကို ပေးထားခဲ့ပြီးဖြစ်ပါတယ်။ ကုမ္ပဏီများသည် တင်ဒါအောင်မြင်ပြီးသည့်အခါမှ အသေးစိတ် တွက်ချက်မှုပုံစံ(BQ)ကို နေပြည်တော်ရှိ တည်ဆောက်ရေးကြီးကြပ်မှုကော်မတီသို့ တင်ပြအတည်ပြုချက်ယူပါတယ်။ ယခုနှစ်တွင် နေပြည်တော်မှတည်ဆောက်ရေးကြီးကြပ်မှုကော်မတီမှ အတည်ပြုချက် (BQ)ကို ၂၀၁၇ ခုနှစ် မတ်လ ၁၀ ရက်မှရရှိခဲ့ကြပါတယ်။ (BP/BQ)ကို တစ်ပြိုင်တည်းပေးရန် ခက်ခဲမှုရှိသဖြင့် ယခုနှစ်တွင်စာချုပ်နှင့်တကွ(BP/BQ)တို့ကို သက်ဆိုင်ရာကိုယ်စားလှယ်များသို့ အချိန်မီပေးပို့နိုင်ခြင်းမရှိပါ။ လုပ်ငန်းစိစစ်နိုင်ရန် အတွက် စာချုပ်နှင့် အဆောက်အဦပုံစံ(BP)တို့ကို ဦးစွာပေးထား မည်ဆိုပါက လုပ်ငန်းစိစစ်ရန်အတွက် လွယ်ကူနိုင်မည်ဖြစ်ပါတယ်။ တင်ဒါခေါ်ယူပြီးနောက် တင်ဒါအောင် ကုမ္ပဏီများက စာချုပ်နှင့်(BP) နှစ်မျိုးကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များထံ တိုက်ရိုက် ပေးစေမည်ဆိုပါလျှင် အဆင်ပြေမည်ဖြစ်ပါတယ်။ လာမည့်နှစ်တွင်စာချုပ်နှင့် (BP)တို့ကို လွှတ်တော်ကိုယ်စားလှယ်များထံ သက်ဆိုင်ရာ ကုမ္ပဏီများမှ တစ်ဆင့် မပျက်မကွက်ပေးပို့နိုင်ရေး ထပ်မံညွှန်ကြား သွားမည်ဖြစ်ပါကြောင်းနှင့် တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီမှ (BQ)အတည်ပြုချက်များ ရရှိပါကလည်း ဆက်လက်ပေးပို့စေမည် ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သီပေါမြို့နယ်မဲန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်၊ အကြောင်းအရာကိုမဆွေးနွေးမီ မှာတင်ပြလိုတာကတော့ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက် ဥပဒေကြမ်းကို ၂၀-၃-၂၀၁၇ ရက်နေ့မှာ တင်သွင်းပြီး ၂၂-၃-၂၀၁၇ ရက်နေ့မှာ အတည်ပြုပြီးကြောင်းသိရှိပြီးဖြစ်ပါတယ်။ ကျွန်မရဲ့ ယခုမေးခွန်းကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ ကြယ်ပွင့်မပြ မေးခွန်းအဖြစ် မေးမြန်းပြီးဖြစ်သော်လည်း ဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးဟုသာ ပြန်လည်ပြန်ကြားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ယခုမေးခွန်းကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် နေ့စွဲဖြင့် ကြယ်ပွင့်ပြမေးခွန်းကိုထပ်မံပေးပို့ခြင်းဖြစ်ပါတယ်။ ဆိုလိုသည်မှာ မေးခွန်း(၁)ခုကို နှစ်ကြိမ်တိုင်တိုင် ပေးပို့ထားပါသော်လည်း အတည်ပြုပြီးခဲ့သော ဥပဒေကြမ်းမှာပါဝင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိပြီးဖြစ်ပါတယ်။ ထို့ကြောင့်ကျွန်မရဲ့ ယခုတင်ပြသော ခေါင်းစဉ်ကို ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းပေးဖို့ တောင်းဆိုမည့်အစား ၂၀၁၇-၂၀၁၈ RE ဘတ်ဂျက် သို့မဟုတ် ပြည်ထောင်စု ရန်ပုံငွေ သို့မဟုတ် သင့်လျော်တဲ့ ရန်ပုံငွေမှာ ထည့်သွင်းပေးဖို့ ဆိုတဲ့ မေးခွန်းကို ပြန်လည်ပြောင်းလဲ မေးမြန်း ချင်ပါတယ်။ ဒါကြောင့် အကြောင်းအရာများကို ဆက်လက် တင်ပြ ပါ့မယ်ရှင်။ အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ သီပေါမြို့နယ်၊ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံကြီးမှာ မြို့နယ်ရှိ မြို့နယ်လူထုအပါအဝင်

လိုအပ်နေပါတယ်။ အဆိုပါမေးခွန်းအား ဒုတိယအကြိမ် တတိယ ပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိ ကလေး လူနာဆောင်ဟာ အခက်အခဲများစွာကြောင့် အဆိုပါကလေးလူနာ ဆောင်အား တိုးချဲ့ဆောက်လုပ်ရန် ၂၀၁၇-၂၀၁၈ REဘတ်ဂျက်မှ လည်းကောင်း၊ ပြည်ထောင်စုဘတ်ဂျက် မှသော်လည်းကောင်း၊ ဖြည့်စွက်ရန်ပုံငွေမှသော်လည်းကောင်း နှစ်ထပ်ဆောင်အဖြစ် တိုးချဲ့ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မရှိပါက အဘယ်ကြောင့် မရှိသည်နှင့် မည်သည့်ခုနှစ်တွင် ထည့်သွင်းရေးဆွဲဆောက်လုပ်ခွင့် ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူများ၏ ကိုယ်စားတင်ပြ အပ်ပါတယ်ရှင်။ နောက်ဆုံးအနေနဲ့ တင်ပြလိုတာကတော့ မြို့နယ် အဆင့်မှာ ဝန်ကြီးဌာနတိုင်း၏ ဌာနဆိုင်ရာများရုံးစိုက်ပြီးသားဖြစ် ပါတယ်။ ၄င်းတို့ဌာနသည် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ် ချက်များကို ဝန်ကြီးဌာနထံတင်ပြရမည်ဟု သိရပါသည်။ အခြေခံ လိုအပ်ချက်များဖြစ်သော ရေ၊ လမ်း၊ မီး၊ တံတား၊ ဆေးရုံ စသည် တို့သည် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ဝန်ကြီးထံတင်ပြရမည်ဟု သိရှိထားပါတယ်။ တင်ပြထားသည့်အတိုင်း ဝန်ကြီးများမှ လွှတ်တော်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ဖြင့် ဘဏ္ဍာငွေ လျာထားချက်မှာ ထည့်သွင်းရေးဆွဲရမည်ဟု ယုံကြည်ပါတယ်။ လက်ရှိအခြေအနေမှာ လွှတ်တော်ကိုယ်စားလှယ်များမှ လွှတ်တော်တွင် တင်ပြတောင်းဆိုနေရသည်ကို နေရာမှန်မဟုတ်ဟု ယူဆပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေရေးဆွဲသူ ဖြစ်သည်နှင့်အညီ ဥပဒေများကိုရေးဆွဲခြင်း၊ ပယ်ဖျက်ခြင်းကို အဓိက လုပ်ဆောင်ရမည်ဟု ယုံကြည်ပါသည်။ ဝန်ကြီးများ၏ဖြေကြားချက် အရ လွှတ်တော်တွင် ကိုယ်စားလှယ်များ လမ်း၊ တံတားများ၊ အခြေခံလိုအပ်ချက်များတင်ပြတောင်းဆိုလာပါမှ လွှတ်တော် ကတိကဝတ်အရ လျာထားချက်များတွင် ထည့်သွင်းခြင်းမှာ

D/real(wide) (1

လွှတ်တော်ကို လမ်း၊ တံတား တောင်းတဲ့နေရာအဖြစ်သို့ ရောက်ရှိစေပါတယ်။ ထို့ပြင် အုပ်ချုပ်ရေးဌာနလုပ်ရမယ့် အလုပ်ကို ကိုယ်စားလှယ်များက သိမ်းကျုံးလုပ်ရမည်ဆိုလျှင် မြို့နယ်ဌာနဆိုင်ရာများဖွင့်လှစ်စရာမလိုတော့ဟုမြင်မိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်များမှ ပေးပို့သည့် ကြယ်ပွင့်မပြမေးခွန်းများကို အလေးထားထည့်သွင်းရေးဆွဲ စေမည့်အပြင် ကိုယ်စားလှယ်များ၏ အတည်ပြုချက်ဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တင်သွင်းလာသော စီမံကိန်းပေါ်မူတည်ပြီး စီမံကိန်းလျာထားချက်ဆွဲသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ဒီနေရာမှာ ကျွန်တော်တို့ မေးခွန်းခေါင်းစဉ်နဲ့ ပတ်သက်တဲ့အချက်ကို ဦးစားပေးမေးမြန်းခြင်းများဖြင့် ကျွန်တော်တို့ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်မှာဖြစ်တယ် ဆိုတာကို ပြောကြားလိုပါတယ်။ ယခုမေးခွန်းနှင့်စပ်လျဉ်းပြီး လူမှုရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးရဲ့ သီပေါမြို့နယ် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံရှိကလေးဆောင်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း နှစ်ထပ်ဆောင်အဖြစ် တိုးချဲ့ဆောက်လုပ်ပေးရေး ကိစ္စနှင့်စပ်လျဉ်း၍ သီပေါမြို့နယ်ပြည်သူ့ဆေးရုံသည် ခုတင်(၅၀)မှ ခုတင်(၁၀၀)ဆံ့အဖြစ် ၁၉၇၅ ခုနှစ်တွင် တိုးမြှင့်ခဲ့ပါသည်။ သီပေါမြို့နယ် ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ကုသဆောင်၊ အရိုးကုသဆောင်နှင့် ခွဲစိတ်ခန်းတို့ပါဝင်သည့် RC အဆောက်အဦ(၁)

ကျေးရွာပေါင်း(၄၀၀)ကျော်မှ လူနာများကို အဓိကကုသပေးနေရသောနေရာ တစ်ခုဖြစ်ပါတယ်။ ဆေးရုံ အဆောင်တော်တော်များများကို ထပ်မံတည်ဆောက် ပြုပြင် မွမ်းမံပြီးသော်လည်း ကလေးလူနာဆောင်မှာ (၅၇ × ၃၆)ပေ (၁)ခန်း၊ (၃၂ ×၅၂)ပေ(၁)ခန်း၊ စုစုပေါင်း(၂)ခန်းသာရှိပါတယ်။ ကလေးများ ဆေးရုံတက်ရောက်မှု နှုန်းမှာ ၂၀၁၅ ခုနှစ် အတွင်း မွေးကင်းစ (၂၅၁)ဦး၊ အသက်အပိုင်းခြားအလိုက် (၆၇၄)ဦးနှင့် စုစုပေါင်း(၉၂၅)ဦး၊ တစ်လပျမ်းမျှနှုန်းအားဖြင့် (၇၇)ဦးမျှရှိခဲ့ပါတယ်။ ၂၀၁၆ခုနှစ်မှာ မွေးကင်းစကလေးအရေအတွက် (၂၇၈)ဦး၊ အသက်အပိုင်းအခြားအလိုက်(၇၀၁)ဦး စုစုပေါင်း (၈၀၀)ကျော်တက်ရောက်ခဲ့ရာ တစ်လတက်ရောက်မှု ပျမ်းမျှနှုန်း (၈၁)ဦးရှိခဲ့ပါတယ်။ ထိုသို့တစ်နှစ်ထက် တစ်နှစ်ကလေးလူနာဦးရေတက်ရောက်ကုသမှုများပြားလာသော ကလေးလူနာဆောင်မှာ လက်ရှိတွင်ကျဉ်းကျပ်စွာနေနေကြရ ပါတယ်။ ကလေးများသည် ကလေးတစ်ဦးတည်း ဆေးရုံလာမတက်နိုင်သောကြောင့် ကလေးတစ်ဦးလျှင် ၄၄း၏မိဘနှစ်ပါးပါရှိသည့်အတွက် အလွန်ထိလွယ်၊ ရှလွယ်ရောဂါပိုးကူးစက် လွယ်သော မွေးကင်းစကလေးများအတွက် လက်ရှိနေရာထိုင်ခင်း အခြေအနေမှာ အလွန်အန္တရာယ်များလှသည်ကို တွေ့ရှိရပါတယ်။ ကလေးလူနာဆောင်များကို မီးပြမွေးကင်းစကလေးများထားရန်အခန်းများ၊ ကလေးလူနာများကိုစောင့်ရန်၊ မီးပြမွေးကင်းစ ကလေးများကိုစောင့်ရန် အမေများ၊ မိဘများထားရန်အခန်း၊ မွေးကင်းစကလေးများအခန်းနှင့် ကလေးကြီးများ လူနာဆောင် အခန်းဟု သီးသန့်ခွဲထားသင့်ပါတယ်။ စမ်းသပ်ပစ္စည်းများထားသည့် အခန်းတွေလည်း အလွန်ကျဉ်းမြောင်းနေသောကြောင့် ပစ္စည်းရှိသော်ငြားလည်း ထိရောက်စွာအသုံးပြုရန် အခက်အခဲရှိနေပါတယ်။ ဒါ့ပြင် မိုးရွာတဲ့အချိန်မှာ ကလေးဆောင်လမ်း တစ်ဝက်၌ ရေဝပ်ခြင်း၊ မိုးပက်ခြင်းနှင့်အဆောင်ထဲထိ ရေဝင်ခြင်းစသည့်အခက်အခဲများစွာကြောင့် အဆောင်တိုးချဲ့ဆောက်လုပ်ရန်

ဆောင်နှင့် ဖျားနာဆောင်၊ ကလေးဆောင်(၂)ဆောင်၊ ဓါတ်မှန်၊ စတို၊ ပြင်ပလူနာကြည့်ခန်းနှင့်ဓါတ်ခွဲခန်းတို့ပါဝင်သည့် အုတ်ညှပ်အဆောက်အဦ(၁)ဆောင်တို့ဖြင့် ကုသဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကလေးကုသဆောင်ပါတိုးချဲ့(၂)ထပ်ဆောင်ဆောက်လုပ်ခြင်း လုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး) ကနဦးလျာထားစာရင်းအဖြစ် တွဲဖက်ပြည်နယ်ကုသရေးဦးစီးဌာန၊ လားရှိုးမြို့၏ ၄-၁၁-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ရမ-ခွဲ၄(၁)(စီမံကိန်း)/ ၂၀၁၅/၉၁၅ ဖြင့်တင်ပြဆောင်ရွက်ထားရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ကလေးကုသဆောင်ပါ တိုးချဲ့ (၂)ထပ်ဆောင် လျာထားပြီးဖြစ်ပါကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ရန်ပုံငွေခွင့်ပြုလာပါက ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက မေးခွန်း(၁)နှင့်(၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသောရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့မှာ လည်းဘဲ ပညာရေးနှင့်ပတ်သက်တဲ့မေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ကျုံးကျေးရွာအုပ်ချုပ်ရေးမှူးသို့ အဆိုပါမူလတန်း

မြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ဂေါ်ရာကုန်းကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ၊ မေးခွန်းနှင့်စပ်လျဉ်း၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ဂေါ်ရာကုန်းကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းသည် မူလွန်သက်တမ်း(၄)နှစ်ကျော်ရှိပြီး ကျောင်းမြေအကျယ်အဝန်းမှာ(၁. ၅)ဧကာ၊ ကျောင်းမြေပိုင်ဆိုင်မှုပုံစံ(၁၀၅)ရှိပါတယ်။ အခြေခံပညာဦးစီးဌာနရဲ့ သတ်မှတ်ချက်အရ မူလွန်မှအလက(ခွဲ)အဖြစ်သို့ အဆင့်တိုးသတ်မှတ်ရန် လယ်ဆင့်သင်ကျောင်းသား (၂၀၀)ဦးနှင့်အထက်ရှိရန်သတ်မှတ်ထားပါတယ်။ သတ်မှတ်ကျောင်းသားအရေအတွက် မပြည့်မီသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများ၊ သဘာဝဘေး အန္တရာယ်အတားအဆီးများသောဒေသများ၊ နိုင်ငံတော် အကြီးအကဲများ၏ခရီးစဉ်လမ်းညွှန်မှာကြားချက်များ၊ မြို့နယ် အထောက်အကူပြုကော်မတီ တင်ပြတောင်းဆိုသောကျောင်းများ၊ မြို့များတွင် လိုအပ်သော အခြေခံပညာကျောင်းများ စသည့်ဒေသ၏ လိုအပ်ချက်အရ လွှတ်တော်ကိုယ်စားလှယ်များ၊ အာဏာပိုင် အဖွဲ့အစည်းများ၊ ပညာရေးဌာနတာဝန်ရှိသူများရဲ့ အထောက်အထားများ တင်ပြလာပါက ဖြေလျှော့ပြီး ကျောင်း အဆင့် တိုးမြှင့်ခွင့်ပြုရန်ပါရှိပါတယ်။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ဂေါ်ရာကုန်းအခြေခံပညာမူလတန်း(လွန်)ရဲ့ ကျောင်းသားစာရင်းအရ အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် KG တန်း ၁၅ ဦး၊ ပထမတန်း ၂၆ ဦး၊ ဒုတိယတန်း ၂၅ ဦး၊ တတိယတန်း ၂၃ ဦး၊ စတုတ္ထတန်း ၂၃ ဦး၊ စုစုပေါင်းမူလတန်းအဆင့်သင် ကျောင်းသူ/ ကျောင်းသား ၁၁၂ ဦးနှင့် တန်းခွဲ ၅ ခု ရှိပါတယ်။ ပဉ္စမတန်း ၂၉ ဦး၊ ဆဋ္ဌမတန်း ၃၆ ဦး၊ သတ္တမတန်း ၂၃ ဦး စုစုပေါင်း အလယ်တန်းအဆင့်သင်

D/real(wide) (1

ကျောင်းမှ ကျောင်းအုပ်ဆရာကြီးများနှင့် မိဘဆရာအသင်းများက ကျွန်တော့်ထံကို မူလတန်းလွန်ကနေမှ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ) အဖြစ် တိုးမြှင့်ပေးဖို့ စာချုပ်စာတမ်းများနှင့်ပေးလာသဖြင့် ကြယ်ပွင့်ပြမေးခွန်းမေးရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ပထမမေးခွန်း အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ဂေါ်ရာကုန်းကျေးရွာရှိ အခြေခံ ပညာမူလတန်း (လွန်)ကျောင်းမှ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုမည့် အစီအစဉ် ရှိ/မရှိ ကို အများပြည်သူသိရှိရန်အတွက် ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ် လွှတ်တော်မှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ဆက်လက်တင်ပြရမယ်ဆိုလျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယ မြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ကျုံးကျေးရွာရှိ အခြေခံပညာ အထက်တန်း ကျောင်းတွင် ကျောင်းသားများ တစ်နှစ်ထက်တစ်နှစ် ကျောင်းသား ဦးရေများပြားလာ၍ စာသင်ဆောင်များမလုံမလောက် ဖြစ်နေ၍ (၃၀×၃၀)ပေရှိသော(၄)ခန်းတွဲနှစ်ထပ်ကျောင်းဆောင် ဆောက်လုပ် ပေးရန် အစီအစဉ်ရှိ/မရှိကို အများပြည်သူသိရှိရန်အတွက် ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါ တယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီး ဖြေကြားပေးဖို့ဖြစ် ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ခင်ဗျား။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦညီညီ(ခ)ဦးညီလေးချမ်းရဲ့ ပင်းတယ

ကျောင်းသား ၈၈ ဦးရှိပါတယ်။ ပတ်ဝန်းကျင် ကျေးရွာများမှ အလယ်တန်း အဆင့်တက်ရောက်နိုင်သော ကျောင်းသားဦးရေ ၇၃ ဦးရှိပါတယ်။ ဂေါ်ရာကုန်းအခြေခံပညာမူလတန်း(လွန်) ကျောင်း၏ ပင်မကျောင်းမှာ အထက-ကျုံး ဖြစ်ပြီး ပင်မကျောင်းနှင့် (၁)မိုင်ဝေးပါတယ်။ ဆရာဦးရေမှာ မူလတန်းကျောင်းအုပ် ၁ ဦး၊ အလယ်တန်းပြ ၃ ဦး၊ အလယ်တန်းပြ -၂ (၁)ဦး၊ မူလတန်းပြ ၄ ဦး၊ အထွေထွေ ၁ ဦး၊ စုစုပေါင်း ၁၀ ဦးရှိပါတယ်။ လက်ရှိ စာသင်ဆောင် များရဲ့အခြေအနေမှာ အဆောင် ၁(၉၉×၂၇×၁၂)ပေ၊ သွပ်မိုး အုတ်ညှပ်တစ်ထပ် စာသင်ခန်း ၅ ခန်း၊ အဆောင် ၂ (၆၀×၃၀×၁၂)ပေ သွပ်မိုး အုတ်ညှပ်တစ်ထပ် စာသင်ခန်း ၃ ခန်း၊ KGဆောင် (၃၀×၃၀× ၁၂) ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် စာသင် ခန်း ၁ ခန်း၊ စုစုပေါင်း စာသင်ဆောင် ၃ ဆောင်၊ စာသင်ခန်းပေါင်း ၉ ခန်းရှိပါတယ်။ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ဂေါ်ရာကုန်းကျေးရွာရှိ အခြေခံပညာ မူလတန်း(လွန်)ကျောင်းအား ၂၀၁၇-၂၀၁၈ ပညာနှစ်တွင် အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး အတွက် ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ ၃၀-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၃)/၄၀၂၁/အခမြဲ(ကတ-၁၆၆)ဖြင့် အခြေခံပညာ ဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ ပင်းတယမြို့နယ်၊ ကျုံး ကျေးရွာအုပ်စု၊ ကျုံးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း တွင် ကျောင်းသားများ တစ်နှစ်ထက် တစ်နှစ် ကျောင်းသား ဦးရေ များပြားလာသဖြင့် စာသင်ဆောင်များ မလုံလောက် ဖြစ်ပေါ် နေပါ၍ (၃၀×၃၀)ပေရှိသော (၄)ခန်းတွဲ နှစ်ထပ် ကျောင်းဆောင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍

D/real(wide) (1

၅၀၀၀ ဆံ့ ရေလျှောင်ကန်လိုအပ်ခြင်း၊ ဝမ်ကောင်း(ဝမ်ပျက်) ယမ်းမိုင် အုပ်စု၊ အိမ်ခြေ ၂၈၊ ဂါလံ ၅၀၀၀ ဆံ့ ရေလျှောင်ကန်လိုအပ်ခြင်း၊ ကောင်းပျက်ရွာသစ်၊ ယမ်းမိုင်အုပ်စု၊ အိမ်ခြေ ၂၈၊ ဂါလံ ၅၀၀၀ ဆံ့ ရေလျှောင်ကန်လိုအပ်ခြင်း သို့ဖြစ်ပါ၍ ကျေးရွာအုပ်စု ၃ အုပ်စု၊ ကျေးရွာ ၄ ရွာ သောက်သုံးရေရရှိရေးအတွက် လိုအပ်မှုများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရအဖွဲ့မှ ကူညီပံ့ပိုးခွင့်ပြုပေးမယ့် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းမေးမြန်းတဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မိုင်းပျဉ်းမြို့နယ်၊ ကျေးရွာအုပ်စု(၃)အုပ်စုမှ ဝမ်ကောင်း၊ ကောင်းဝိန်း၊

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ကျုံးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းပိုင်မြေ(၁၃.၆၈)ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)ရှိပါတယ်။ လက်ရှိကျောင်းဆောင်များမှာ အုတ်ညှပ်တစ်ထပ်အမျိုးအစားများဖြစ်ပြီး ပိတောက်ဆောင် (၁၄၀×၃၀×၁၂)ပေ၊ သပြေဆောင် (၁၄၀×၃၀×၁၂)ပေ၊ ကံ့ကော်ဆောင် (၁၁၇×၂၇×၁၂)ပေ ဖူကျီဆောင် (၉၀×၃၀×၁၂)ပေ၊ ခနုသော်တာဆောင် (၉၀×၃၀×၁၂)ပေ စုစုပေါင်း စာသင်ဆောင် ၅ ဆောင်၊ စာသင်ခန်းပေါင်း ၁၆ ခန်းနှင့် အခြားအခန်း ၃ ခန်း အသုံးပြုထားပါတယ်။ ကျောင်းသားဦးရေမှာ မူလတန်း ကျောင်းသား ၁၂၂ ဦး၊ အလယ်တန်းကျောင်းသား ၄၁၈ ဦး၊ ။ အထက်တန်းကျောင်းသား ၁၁၉ ဦး ထက်/လယ်/မူ ကျောင်းသူ/ကျောင်းသား စုစုပေါင်း ၆၅၉ ဦး၊ တန်းခွဲပေါင်း ၁၆ ခု ရှိပါတယ်။ လက်ရှိအနေ အထားအရ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း တို့ အတွက် စာသင်ခန်း ၁ ခန်းစီ တိုးချဲ့ရန် လိုအပ်ပါတယ်။ ငွေလုံးငွေရင်း လျာထားချက်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် လျာထားပြီး ဖြစ်ပါတယ်။ ချက်ချင်းမရမီ ကြားကာလ၌ တိုးလာမည့် ကျောင်းသား အရေ အတွက်ကိုပါ တွက်ချက်၍ (၁၂၀×၃၀)ပေ RCC နှစ်ထပ် တစ်ဆောင်ရရှိရေး အမှုတွဲတောင်းခံကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၌ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဝမ်ကောင်း (ဝမ်ပျက်)၊ ကောင်းပျက်ကျေးရွာ(၄)ရွာ ရေရရှိရေး အတွက် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။ ဝမ်ကောင်း(လားဟူ) ကျေးရွာ သည် အိမ်ခြေ(၂၆)အိမ်၊ လူဦးရေ (၁၀၉)ဦးရှိပြီး ကျေးရွာမှ(၁/၀)မိုင်အကွာအဝေးရှိ ရေထွက်မှ ရေသွယ်ယူခြင်း၊ ရေတာတမံတည်ဆောက်ခြင်း၊ ဂါလံ (၅၀၀၀)ဆံ့ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်းများအားဆောင်ရွက် ပေးနိုင်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ်(၁၁. ၅)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ကောင်းဝိန်းကျေးရွာ၊ ဝမ်ကောင်း(ဝမ်ပျက်) ကျေးရွာ (၃)ရွာ သည် လက်ရှိရေသွယ်ယူခြင်း ဆောင်ရွက်ထားရှိပြီး ဖြစ်ပါ၍ ဂါလံ(၅၀၀၀)ဆံ့ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။ တစ်ရွာလျှင်ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၃. ၅)သန်းစီ ကုန်ကျမည်ဖြစ်ပါတယ်။ အဆိုပါကျေးရွာ(၄)ရွာ ရေရရှိရေးလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ်၊ မွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန် ဦးစားပေးအလိုက် လျာထားတင်ပြ ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်းက ဒုတိယ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယမေးခွန်း ဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်းရှိ လေယာဉ်ကွင်း၊ လေဆိပ် သီးသန့် ရုပ်နားဆောင်များအတွင်း လွှတ်တော်ကိုယ်စားလှယ်များ လေယာဉ် စောင့်ဆိုင်းခွင့်ပြုပေးမယ့် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းတဲ့ ဒုတိယ မေးခွန်းကိုဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်

D/real(wide) (1

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်၊ ကျေးရွာများ၏ သောက်သုံးရေအတွက် လိုအပ်သည့် လှောင်ကန် နှင့် ရေပိုက်များ ရရှိရန် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ၊ ဆိုတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်သည် ကမ္ဘာ့ရာသီဥတု အခြေအနေကြောင့် လည်းကောင်း၊ မိမိမြို့နယ် သစ်တောပြုန်းတီးမှုကြောင့် လည်းကောင်း၊ တောင်ယာခုတ်ထွင် ရှင်းလင်းမှုကြောင့် လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မြို့ရော တောပါ ရေခန်းခြောက်လာသည်ကို နှစ်စဉ်နှင့်အမျှ ကြုံတွေ့ နေရပါတယ်။ နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသများ သောက်သုံးရေရရှိရေးအတွက် စီစဉ်ဆောင်ရွက်ခွင့်ပြုပေးလျက် ရှိသလို NGO အဖွဲ့အစည်းများလည်းပူးပေါင်းဆောင်ရွက်ပေး နေသည်ကို တွေ့ရှိရပါသော်လည်း မြို့နယ်အတွင်းရှိ ကျေးရွာများ အားလုံး လွှမ်းခြုံပေးနိုင်စွမ်းမရှိသေးသဖြင့် သောက်သုံးရေအခက်အခဲ များစွာ ကြုံတွေ့နေရသည့် မြို့နယ်၊ ကျေးရွာအများအပြားရှိနေဆဲ ဖြစ်ပါတယ်။ အဆိုပါကျေးရွာများအနက် တောင်ကျရေ၊ ရေထွက်၊ စိမ့်စမ်းရေထွက်တဲ့ နေရာဒေသများမှာ ရှိတဲ့ ကျေးရွာများမှာ ဆိုလျှင် သောက်သုံးရေသွယ်ယူအသုံးပြုနိုင်ရန် အစိုးရအဖွဲ့မှ ကူညီပံ့ပိုး ပေးနိုင်ရေးအတွက်တင်ပြရခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်းဘဲ အောက်ပါကျေးရွာများဖြစ်တဲ့ ဝမ်ကောင်း(လားဟူ)ပန်ဝိုင်အုပ်စု၊ အိမ်ခြေ ၂၆ အိမ်၊ ရေလှောင်ကန်နဲ့ ရေပိုက် ၁ မိုင် အတွက်လိုအပ်ခြင်း၊ ကောင်းဝိန်ရွာ၊ မိုင်းမန်အုပ်စု၊ အိမ်ခြေ ၄၃၊ လူဦးရေ ၃၄၁ ဦး၊ ဂါလံ

အတွင်း ပြည်တွင်းလေကြောင်းများ ပျံသန်းသွားလာ ရပ်နားကြသည့် ဟဲဟိုး၊ လားရှိး၊ ကျိုင်းတုံနှင့် တာချီလိတ်လေဆိပ်များဖြစ်ကြပါတယ်။လေဆိပ်များတို့တွင် သာမန်ပြည်သူရပ်နားဆောင်နှင့် အရေးကြီးပုဂ္ဂိုလ် ရပ်နားဆောင်များရှိကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များသည်လွှတ်တော်အစည်းအဝေးတက်ရောက်ရန် အတွက်လည်းကောင်း၊ အခြား တာဝန်ကိစ္စရပ်များသွားလာရာတွင်လည်းကောင်း၊ ကိုယ်ရေးကိုယ်တာဖြင့် သွားလာရာတွင်လည်းကောင်း လေကြောင်းခရီးဖြင့် သွားလာရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဟဲဟိုးလေဆိပ် သီးသန့်ရပ်နားဆောင် တွင် အရေးကြီးပုဂ္ဂိုလ်များ၊ VIP အပြင်၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများပါ နားနားနေနေ စောင့်ဆိုင်းရပ်နားခွင့်ပြုသည့်အတွက် ဂုဏ်ယူဝမ်းသာဖြစ်မိပါကြောင်း တင်ပြအပ်ပါတယ်။ ထို့အတူ လားရှိး၊ ကျိုင်းတုံနှင့် တာချီလိတ်လေဆိပ်များတွင်လည်း အခါအားလျော်စွာသွားလာရသည့်ကိစ္စများရှိခဲ့ပါက သီးသန့်ရပ်နားဆောင်တွင် လေယာဉ်စောင့်ဆိုင်းရပ်နားခွင့်ပြုသည့် အစီအစဉ် စီမံဆောင်ရွက်ပေးနိုင်ပါရန် အထူးလိုအပ်လှပါတယ်။ သို့ဖြစ်ပါ၍ အစိုးရအဖွဲ့မှဟဲဟိုးလေဆိပ်သီးသန့်ရပ်နားဆောင်တွင် လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပြုခဲ့သလို ကျန် လားရှိး၊ ကျိုင်းတုံနှင့် တာချီလိတ်လေဆိပ်များရှိ သီးသန့်ရပ်နားနေဆောင်များတွင်လည်း ရပ်နားစောင့်ဆိုင်း ခွင့်ပြုပေးမည့်အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

လားရှိုးလေဆိပ် VIP အခန်းများတွင် VIP-1 အခန်းအား နိုင်ငံတော်အကြီးအကဲများ၊ ပြည်နယ်အဆင့် ပုဂ္ဂိုလ်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်အရာရှိ ဖြစ်ပါက ဗိုလ်မှူးကြီးအဆင့်အထိ အသုံးပြုရန် လျာထားပါသည်၊ VIP-2 အခန်းအား ဒုတိယညွှန်ကြားရေးမှူးနှင့်အထက် (ပြည်နယ်/ခရိုင်)ဌာနအကြီးအကဲများနှင့် ခွင့်ပြုချက်တောင်းခံထားသော ဌာနအကြီးအကဲများ အတွက် အသုံးပြုရန် လျာထားပါတယ်။ လားရှိုးလေဆိပ်၌VIP-2အခန်းအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရပ်နားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။

ကျိုင်းတုံလေဆိပ်၌ လွှတ်တော်ကိုယ်စားလှယ်များ အခြားတာဝန်ကိစ္စရပ်များ၊ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို လေကြောင်းခရီးဖြင့် သွားလာရာတွင် လေဆိပ်တာဝန်ခံသို့ ကြိုတင်ဆက်သွယ်လာပါက VIP သီးသန့်ရပ်နားဆောင်တွင် နားနားနေနေ စောင့်ဆိုင်းရပ်နားနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိမည်ဖြစ်ပါတယ်။

တာချီလိတ်လေဆိပ်ရှိ သီးသန့်ရပ်နားဆောင်တွင် အရေးကြီး ပုဂ္ဂိုလ်ခရီးစဉ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခရီးစဉ်သွားလာမှုများရှိပါက ရပ်နားစောင့်ဆိုင်းခွင့်ကို ယခင်ကလည်း ခွင့်ပြုပေးထားပြီး ဖြစ်ပါကြောင်းနှင့် နောင်တွင်လည်း ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းကျောက်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တင်ပြမေးမြန်းသွားမည့် မေးခွန်းကတော့ မိုင်းဖြတ်မြို့နယ်အတွင်း (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံတွင် လက်ထောက်မြို့နယ်ဆရာဝန်ခန့်အပ်ပေးနိုင်ရေးအတွက် တင်ပြသွားမှာ ဖြစ်ပါတယ်။ မြို့နယ်ဆေးရုံတွင် မြို့နယ်ဆရာဝန် တစ်ဦးတည်းသာ တာဝန်ထမ်းဆောင်နေရပါတယ်။ အုပ်ချုပ်ရေး၊ ကုသရေး၊ ကာကွယ်ရေးတာဝန်များပါထမ်းဆောင်နေသည့်အတွက် ရပ်ဝေးသို့ အစည်းအဝေးတက်ရောက်ခြင်း၊ သင်တန်းသွားခြင်း၊ အုပ်ချုပ်မှုကိစ္စများ ခရီးထွက်နေရခြင်းများကြောင့် ဆရာဝန်မရှိသည့်အခါအခက်အခဲများစွာကြုံနေရပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများလိုလားတောင့်တနေသော လက်ထောက်မြို့နယ်ဆရာဝန်အား ဖွဲ့စည်းပုံအရ ခန့်အပ်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ဆက်လက်ပြီး မိုင်းဖြတ်ဆေးရုံတွင် ပြည်နယ်ဝန်ကြီးမှ ဆေးစတိုခန်း၊ ခွဲစိတ်ခန်းနှင့် ပြည်သူ့ကျန်းမာရေး ရုံးခန်းများ ချမှတ်ပေးသည့်အတွက် ပြည်သူများဝမ်းသာ၍ အထူးကျေးဇူးတင်ရှိပါကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းမှ မေးမြန်းလာတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဟဲဟိုးလေဆိပ်သီးသန့်ရပ်နားဆောင်တွင် လွှတ်တော်ကိုယ်စားလှယ်များအား ခွင့်ပြုသလို လားရှိုး၊ ကျိုင်းတုံနှင့် တာချီလိတ်လေဆိပ်များရှိ သီးသန့် ရပ်နားနေဆောင်များတွင်လည်း ရပ်နားစောင့်ဆိုင်းခွင့်ပြုပေးမည့်အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်း နှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် လားရှိုးခရိုင်၊ လားရှိုးမြို့ရှိ လားရှိုးလေဆိပ်ရပ်နားဆောင်အသုံးပြုရေးနှင့်ပတ်သက်၍ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၉.၉.၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် သတင်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၆)တွင် လားရှိုးခရိုင်အုပ်ချုပ်ရေးမှူးမှ လားရှိုးလေဆိပ်၏ VIP အခန်းအသုံးပြုမှုအား ကန့်သတ်ချက်ထားရှိနိုင်ရေး ဆွေးနွေးတင်ပြချက်အရ ယင်းအစည်းအဝေး ဆုံးဖြတ်ချက်အပိုဒ် ၅(စ)တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာ့လေကြောင်းဌာနတို့မှ ဆောင်ရွက်ရန် အောက်ပါအတိုင်းဆုံးဖြတ်ခဲ့ပါတယ်-

“ လားရှိုးလေဆိပ်VIP အခန်းအသုံးပြုမှုအား အဆင့်သတ်မှတ်ထားရှိရန်အတွက် လက်ရှိအသုံးပြုလျက်ရှိသည့် VIP-1 အခန်းအား နိုင်ငံတော်အကြီးအကဲများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ အသုံးပြုရန်နှင့် VIP-2 အခန်းအား အခြားအဆင့်များ အသုံးပြုရန် လျာထားဆောင်ရွက်ရန် ”

D/real(wide) (1

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးမှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်ရဲ့ မိုင်းဖြတ်မြို့ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံတွင် ဖွဲ့စည်းပုံအရ လက်ထောက်ဆရာဝန်ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည် ဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်ပြည်သူ့ဆေးရုံကို ၁၉၇၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အဆောက်အဦများမှာ အုပ်ချုပ်မှုဆောင် ၄ လုံး၊ ဝန်ထမ်းအိမ်ရာ ၅ လုံး နှင့် ဆောက်လုပ်ဆဲအဆောက်အဦ ၂ လုံးရှိပါတယ်။ နေ့စဉ်ပျမ်းမျှ လူဦးရေ ၂၄ ဦးကို ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ မိုင်းဖြတ်မြို့နယ်၊ ပြည်သူ့ဆေးရုံတွင် ဆရာဝန်ခွင့်ပြုချက်အရ မြို့နယ်ကုသရေးဦးစီးဌာနမှူး နှင့် လက်ထောက်ဆရာဝန် ၄ ဦး ခန့်ထားရန်ဖြစ်ပြီး လက်ရှိတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ၁ ဦး၊ သွားဖက်ဆိုင်ရာ ဆရာဝန် ၁ ဦးသာ တာဝန်ထမ်းဆောင် လျက်ရှိပါတယ်။ မြို့နယ်ကုသရေးဦးစီး ဌာနမှူး ခရီးထွက်ခွာမှုများရှိပါက ကျိုင်းတုံဆေးရုံကြီးမှ လက်ထောက်ဆရာဝန်အား ယာယီအစားထိုး တာဝန်ပေးအပ်ကာ မိုင်းဖြတ်ဆေးရုံရှိ လူနာများအား စောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ မိုင်းဖြတ်မြို့နယ်တွင် လက်ထောက်ဆရာဝန် ၁ ဦး ထပ်မံခန့်ထားပေးနိုင်ရန်အတွက် တွဲဖက်ပြည်နယ်ကုသရေးဦးစီးဌာန၊ ကျိုင်းတုံမြို့၏ ၁၀-၃-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၂၆၁/ကတ(ကုသ-၂)/၂၀၁၇ ဖြင့် ကျန်းမာရေးနှင့် အားကစား

ရှမ်းပြည်နယ် လွှတ်တော်သို့ မေးမြန်း တင်ပြပေးပါရန် အောက်ဖော်ပြပါ မေးခွန်းဖြင့် မေးမြန်းတင်ပြလာခဲ့ပါတယ်-

၄င်းမေးခွန်း မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရ၏ အခွန်အရပ်ရပ်ဆိုင်ရာ ကဏ္ဍအလိုက် ပြည်သူ့ဘဏ္ဍာငွေကောက်ခံရရှိမှုနှင့် ကောက်ခံရရှိသော ပြည်သူ့ဘဏ္ဍာ ငွေအား ရှမ်းပြည်နယ်အစိုးရမှ ပြည်ထောင်စု အစိုးရသို့ ပမာဏ မည်ရွေ့မည်မျှလွှဲပြောင်းပေးခဲ့ရသည်ကို သိရှိလိုပါကြောင်း ဖြင့် မေးမြန်းတင်ပြလာခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူလူထုများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ယုံကြည် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဘဏ္ဍာရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြင့်ထူး မေးမြန်းလာတဲ့ မေးခွန်းဖြစ်တဲ့ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရ၏ အခွန်အရပ်ရပ်ဆိုင်ရာ ကဏ္ဍအလိုက် ပြည်သူ့ဘဏ္ဍာငွေကောက်ခံရရှိမှုနှင့် ကောက်ခံရရှိသော ပြည်သူ့ဘဏ္ဍာငွေအား ရှမ်းပြည်နယ်အစိုးရမှ ပြည်ထောင်စုအစိုးရသို့ ပမာဏ မည်ရွေ့မည်မျှလွှဲပြောင်းပေးခဲ့ရသည်ဆိုတဲ့ မေးခွန်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကိုယ်စား ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံမှ ဖြေကြား ပေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရသည် သတ်မှတ်ထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စည်းမျဉ်း

D/real(wide) (1

ဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းမြင့်ထူးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းမြင့်ထူး၊ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးဘဲမင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရယ် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိုင်းမြင့်ထူးဖြစ်ပါတယ်။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပဉ္စမပုံမှန် အစည်းဝေး(စတုတ္ထနေ့)မှာ ကြယ်ပွင့်ပြ မေးခွန်း အဖြစ် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့အသံသည် လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒသည် လွှတ်တော်ဆန္ဒ ဟူသော ဆောင်ပုဒ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် အစည်းအဝေး ရပ်နားထားစဉ်ကာလအတွင်း မိမိတို့နှင့် သက်ဆိုင်သော မဲဆန္ဒနယ် အသီးသီးရှိ ပြည်သူလူထုများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း နှင့် လွှတ်တော် အတွေ့အကြုံရှင်းလင်းပွဲများ ပြုလုပ်ခဲ့ကြလိမ့်မည်ဟု ယုံကြည်မိပါတယ်။ သို့ဖြစ်ပါ၍ ၁၆-၁-၂၀၁၇ မှ ၁၇-၁-၂၀၁၇ ရက်နေ့ အထိ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အသီးသီးရှိ ပြည်သူလူထုများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် လွှတ်တော်အတွေ့အကြုံ ရှင်းလင်း တင်ပြခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ထိုသို့ ပြုလုပ်ခဲ့ရာတွင် မဲဆန္ဒရှင် ပြည်သူလူထုတစ်ချို့မှ ၎င်းတို့သိရှိလိုသည်များအား

စည်းကမ်းအရ ခွဲဝေပေးထားတဲ့ ဇယား ၂၊ ဇယား ၅ အရသာလျှင် ကောက်ခံရရှိတာဖြစ်ပါတယ်။ ဥပဒေဘောင်အထက်က လုပ်လို့ မရပါဘူး။ လိုအပ်တဲ့ငွေတွေ နှစ်တိုင်းနှစ်တိုင်းမှာဘဲ ဘဏ္ဍာငွေ အရဆိုရင် အများအားဖြင့် ပြည်ထောင်စုကနေ တောင်းခံရပါတယ်။ ပြည်နယ်ကနေ တိုက်ရိုက်ကောက်ပြီးတော့ ပြည်ထောင်စုကို ခွဲပေး ရတယ်ဆိုတာမရှိသလောက်ဖြစ်ပါတယ်။ လုပ်ငန်းအရ ဆောင်ရွက် ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ ပါအတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရရှိတဲ့ အခွန်အခများကို ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

၁။ မြေယာခွန်

၂။ ယစ်မျိုးခွန်

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့် ရှိသည့်ဆည်များ၊ တာတမံများကို အရင်းခံသည့် ရေခွန်၊ တာတမံခွန်နှင့် ထိုဆည်များ၊ တာတမံများ၏ ရေအားဖြင့် ထုတ်လုပ်ရရှိသည့် လျှပ်စစ်မဟိတ်အားသုံးစွဲခ၊

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့် ရှိသည့် လမ်းများ၊ တံတားများ ဖြတ်သန်းခ၊

၅။ (က) ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး၊

(ခ) သတ်မှတ်ထားသော အကွာအဝေးအတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး၊

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုန်းလမ်း၊ ရေလမ်းသုံးယာဉ်များဆိုင်ရာဥပဒေအရ စည်းကြပ်သောအခွန်၊

D/real(wide) (1

၂၄။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အကောက်အခွန်ဆိုင်ရာ အခွန်အခများ၊

၂၅။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းဆိုင်ရာ အခွန်အခများ၊

၂၆။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၇။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ အခွန်အခများ၊

၂၈။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီးငါးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၉။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေနံသဘာဝဓါတ်ငွေ့ဆိုင်ရာ အခွန်အခများ၊

၃၀။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းရရွေ့နှင့် ငှားရမ်းခများ၊ ယင်းပစ္စည်းများမှ ရရှိသော အခြားအကျိုးအမြတ်များ၊

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန်အခများနှင့် အခြားရငွေများ၊

၉။ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တရားရုံးများက ချမှတ်သည့် ဒဏ်ငွေများ၊ ဝန်ဆောင်မှုအတွက် ကောက်ခံသည့် အခွန်အခများနှင့် အခြားရငွေများ၊

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးသဖြင့် ရရှိသော အတိုးများ၊

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရရှိသည့် အကျိုးအမြတ်များ၊

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ အောက်ပါပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အခများ-

(က) ကျွန်းနှင့် သတ်မှတ်သော သစ်မာများမှ အပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့်အခွန်၊

(ခ) ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများ စသည်တို့အပေါ် ကောက်ခံသည့် အခွန်များ၊

D/real(wide) (1

ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့် သတ္တုတွင်းဆိုင်ရာ အခွန်အခများ၊

၃၁။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာ အခွန်အခများ၊

၃၂။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု(၁)အမျိုးအစားတွင် ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သယ်နှံးနက်၊ တမလန်းမှအပ ကျန်သစ်အမျိုးအစားနှင့် သက်ဆိုင်သည့် အခွန်အခများ၊

၃၃။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၃၄။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်လှေ၊ သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ အခွန်အခများ၊

၃၅။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အခွန်အခများ၊

၁၃။ မှတ်ပုံတင်ကြေး၊

၁၄။ ပွဲခွန်၊

၁၅။ ဆားခွန်၊

၁၆။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများ၊

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးဆိုင်ရာအဖွဲ့အစည်းများ၏ ထည့်ဝင်ငွေများ၊

၁၈။ ပိုင်ရှင်မပေါ်သော သွင်းထားငွေများနှင့် ပစ္စည်းများ၊

၁၉။ ရတနာသိုက်၊

၂၀။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီးဆိုင်ရာ အခွန်အခများ၊

၂၁။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၂။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်ဆိုင်ရာအခွန်အခများ၊

၂၃။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန် ဆိုင်ရာ အခွန်အခများ၊

D/real(wide) (1

၃၆။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အအုံများဆိုင်ရာ အခွန်အခများ၊

၃၇။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကိုယ်ပိုင်ကျောင်းနှင့် သင်တန်းများဆိုင်ရာ အခွန်အခများ၊

၃၈။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများဆိုင်ရာ အခွန်အခများ၊

၃၉။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေ နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုဆိုင်ရာ အခွန်အခများ ဟူ၍ ပြဋ္ဌာန်းထားပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ၊ ဇယား ၅ တွင်ပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ (၃၉)မျိုးအား အထက်တွင် ဖော်ပြလျက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအနေဖြင့် ဌာန၊ အဖွဲ့အစည်း (၂၄)ခုအနက် (၅)ခုမှာ အခွန်အကောက်၊ အမျိုးအစား(၉)မျိုးအား ကောက်ခံရရှိလျက်ရှိပါတယ်။

၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေရှေ့ပြေးအမှန်စာရင်းအရ ရငွေကျပ်(၄၈၄၅၅. ၂၄၂)သန်း အသုံးစရိတ် ကျပ်(၂၄၅၅၇၁. ၃၂၅)သန်းဖြစ်ပြီး ပြည်နယ်ဘဏ္ဍာ

(၂/၂၀၁၇)အထိက ကျပ် ၂၃၀. ၀၉၂ သန်းဖြစ်ပါတယ်။

ဓာတ်သတ္တုပစ္စည်းခွန်မှာဆိုရင် ၂၀၁၅-၂၀၁၆ ရှေ့ပြေးအမှန် စာရင်းမှာ ကျပ် ၃၃၁. ၈၇၀ သန်းဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇(၂/၂၀၁၇) အထိက ကျပ် ၃၇၈. ၄၁၉ သန်းဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကောက်ခံရရှိတဲ့ အခွန် ဖြစ်ပါတယ်။ စုစုပေါင်း ၂၀၁၅-၂၀၁၆ ရှေ့ပြေးအမှန်စာရင်းမှာ ကျပ် ၁၀၈၁. ၈၅၇ သန်းဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇(၂/၂၀၁၇)အထိက ကျပ် ၁၁၆၁. ၂၁၀ သန်း ဖြစ်ပါတယ်။

(က) ငါးလုပ်ငန်းဦးစီးဌာနက ကောက်ခံရရှိတဲ့ အင်းအိုင်ခွန် မှာ ဆိုရင် ၂၀၁၅-၂၀၁၆ ရှေ့ပြေးအမှန်စာရင်းက ကျပ် ၁၈. ၅၉၉ သန်း ဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇(၂/၂၀၁၇)အထိက ကျပ် ၁၄. ၅၀၈ သန်း ဖြစ်ပါတယ်။

(ဃ) သစ်တောဦးစီးဌာနက ကောက်ခံရရှိတဲ့ သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အခွန်မှာ ၂၀၁၅-၂၀၁၆ ရှေ့ပြေးအမှန်စာရင်းက ကျပ် ၁၇၆. ၀၄၆ သန်း ဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇ (၂/၂၀၁၇)အထိက ကျပ် ၁၂၀. ၇၂၈ သန်း ကောက်ခံရရှိထားတာဖြစ်ပါတယ်။

(င) စည်ပင်သာယာရေးဌာနမှာဆိုရင် (၃)မျိုးရှိပါတယ်။ ပစ္စည်းခွန်၊ ဘီးခွန်၊ အခွန်ဝေစုရှိပါတယ်။ ပစ္စည်းခွန်မှာဆိုရင် ၂၀၁၅-၂၀၁၆ မှာ ကျပ် ၈၁၇. ၉၂၉ သန်း ဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇

D/real(wide) (1

ရန်ပုံငွေ လိုငွေအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ ကျပ်(၁၉၉၃၇၁. ၆၃၆)သန်းနှင့် လက်ရှိဘဏ္ဍာရေးနှစ် ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ရငွေကျပ်(၃၃၂၇၁. ၅၆၀)သန်း၊ အသုံးစရိတ်ကျပ် (၂၅၇၂၅၁. ၆၄၃)သန်းဖြစ်ပြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် (၂၂၃၉၈၀. ၀၈၃)သန်းအား ထောက်ပံ့ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ကောက်ခံရရှိလျက်ရှိသော အခွန် အကောက် ရငွေ အမျိုးအစားမှာ ကောက်ခံသော ဌာနများအား နှိုင်းယှဉ်လျက် ၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ်တွင် အမှန်တကယ် ကောက်ခံရရှိခဲ့သော အခွန်အကောက်ရငွေ၊ လက်ရှိဘဏ္ဍာရေးနှစ် (၂/၂၀၁၇)လအထိ ကောက်ခံရရှိငွေကို ဖော်ပြသွားမှာ ဖြစ်ပါတယ်။

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာ ရရှိသည့် အခွန်အမျိုးအစားကရေခွန်နှင့်တာတမံခွန်၊ ၂၀၁၅-၂၀၁၆ ရှေ့ပြေးအမှန်စာရင်းက ကျပ် ၄၈. ၅၉၅ သန်း ဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇(၂/၂၀၁၇)အထိက ကျပ် ၂၂. ၅၄၆ သန်း ဖြစ်ပါတယ်။

(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက (၃)မျိုး ရှိပါတယ်။ ယစ်မျိုးခွန်၊ မြေယာခွန်၊ သတ္တုပစ္စည်းခွန် ဆိုပြီးတော့ (၃)မျိုးရှိပါတယ်။ ယစ်မျိုးခွန် မှာဆိုရင် ၂၀၁၅-၂၀၁၆ ရှေ့ပြေးအမှန် စာရင်းမှာ ကျပ် ၁၁၈. ၁၁၈ သန်းဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇ (၂/၂၀၁၇) အထိက ကျပ် ၅၅၂. ၆၉၉ သန်း ဖြစ်ပါတယ်။ မြေယာခွန်မှာ ကောက်ခံတဲ့အခွန်မှာ ဆိုရင် ၂၀၁၅-၂၀၁၆ ရှေ့ပြေးအမှန် စာရင်းမှာ ကျပ် ၂၃၁. ၆၇၅သန်း ဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇

(၂/၂၀၁၇) အထိက ကျပ် ၇၉၆. ၀၅၂ သန်း ဖြစ်ပါတယ်။ ဘီးခွန်မှာ ဆိုရင် ၂၀၁၅-၂၀၁၆ မှာ ကျပ် ၃၀၇. ၃၁၆ သန်း ဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇ (၂/၂၀၁၇)အထိက ကျပ် ၂၈၁. ၀၇၇ သန်းဖြစ်ပါတယ်။ အခွန်ဝေစု အနေနဲ့ ၂၀၁၅-၂၀၁၆ မှာ ဆိုရင် ကျပ် ၁၁၆၀. ၅၄၁သန်း ဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇ (၂/၂၀၁၇)အထိက ကျပ် ၁၂၄. ၃၉၆ သန်း ဖြစ်ပါတယ်။ စုစုပေါင်း ၂၀၁၅-၂၀၁၆ ရှေ့ပြေးအမှန်စာရင်းမှာ ကောက်ခံရရှိငွေပေါင်းက ကျပ် ၂၂၈၅. ၇၈၆ သန်း ဖြစ်ပြီး ၂၀၁၆-၂၀၁၇ (၂/၂၀၁၇)အထိက ကျပ် ၂၃၂၅. ၅၂၅ သန်း ဖြစ်ပါတယ်။

ကောက်ခံရရှိတဲ့ အားလုံးပေါင်း ကဏ္ဍ(၅)ခုစလုံးပေါင်းမှာဆိုရင် ၂၀၁၅-၂၀၁၆မှာ ဆိုရင် ကျပ် ၃၆၁၀. ၈၈၃ သန်း ဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇ (၂/၂၀၁၇)အထိက ကျပ် ၃၆၄၄. ၃၁၇ သန်းဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်နဲ့ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ် (၂/၂၀၁၇)အထိ (၂) ခု ဖော်ပြထားတဲ့စာရင်းမှာဆိုရင် ပြည်နယ်ရန်ပုံငွေမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေဇယား ၅ ပါအတိုင်း ကောက်ခံ ထည့်သွင်းခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရက ပြည်ထောင်စုအစိုးရသို့ ကောက်ခံပေးမှုမရှိပါကြောင်းနှင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ပြည်ထောင်စုရန်ပုံငွေမှ သာလျှင် ဖြည့်စွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး အခွန်ငွေကောက်ခံရရှိတဲ့ ကျွန်တော်တို့ရဲ့ အခွန်ဌာနငွေကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှာ ကောက်ခံရရှိတဲ့အခွန်ငွေတွေကို အနည်းအကျဉ်း

D/real(wide) (1

လမ်းခရီး လွန်စွာ ကြမ်းတမ်း ခက်ခဲလှသောကြောင့် ယင်းတောင်တန်းရှိ ဒေသခံပြည်သူတို့သည် မြို့ကိုဆင်း၍ ဆေးကုသရန်မှာလည်း လွန်စွာပင်ခက်ခဲလှပါတယ်။ ဒေသခံပြည်သူလူထုသည် တော်သင့်ရုံ ကျန်းမာရေးချို့တဲ့ပါက နီးရာကျန်းမာရေးဆရာ/ ဆရာမ တို့နှင့် ကုသနေကြရပါတယ်။ ဒါပေမယ့် မြို့နယ်ဆရာဝန်ကြီး၏ နွေးထွေးစွာ ကျန်းမာရေး စောင့်ရှောက်ပေးမှုကြောင့် ဝေဒနာရှင်လူများသည် ဆေးရုံသို့တက်ရောက်ကုသမှုခံယူသည့် ဦးရေပိုမိုများပြားလာသည်ကိုတွေ့ရှိရပါတယ်။ မိုးမိတ်မြို့တွင် ၂၅-၂-၂၀၁၇ နံနက် ၁၀ နာရီခန့် ဟင်ခုတ်ကျေးရွာ အုပ်စုတွင် ဦးမာဂမ်ဆိုသော အမျိုးသား တစ်ဦးမိုင်းနင်းမိ သောကြောင့် ယာဘက်ခြေကျိုးသွားခဲ့ကာ မိုးမိတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ၂၆-၂-၂၀၁၇ ရက်နေ့ နံနက် ၃ နာရီတွင် ရောက်ရှိလာခဲ့သောကြောင့် မြို့နယ်ဆရာဝန်က အတတ်နိုင်ဆုံး ကြိုးစားပြုစုစောင့်ရှောက်ပေးခဲ့သော်လည်းဒဏ်ရာ အခြေအနေ ကြောင့် မိုးကုတ်ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ရပြီး ယနေ့အချိန် အထိ လူနာအခြေအနေ မည်သို့ရှိသည်ကို ဆက်သွယ်၍ မရရှိ တော့ပါ။ ထို့အတူ ၇. ၃. ၂၀၁၇ ရက်နေ့က မိုးမိတ်-မဘိမ်း ကားလမ်းမိုင်တိုင် (၃/၁)တွင် ထော်လာဂျီယာဉ်မတော်တဆ တိမ်းမှောက်ခဲ့သောကြောင့် ဦးသံချောင်းဆိုသူ၏ ယာဘက်ပေါင်ကျိုးခဲ့ရပြီး မိုးမိတ်ဆေးရုံမှ ကြိုးစားပြုစုပေးခဲ့သော်လည်း ဒဏ်ရာပြင်းထန်သဖြင့် မိုးကုတ်ဆေးရုံသို့လည်းကောင်း၊ ထိုမှတစ်ဆင့် မန္တလေးဆေးရုံသို့လည်းကောင်း ပို့ဆောင်ခဲ့သော်လည်း လမ်းခရီးတွင် သေဆုံးခဲ့ကြောင်း သိရှိရပါတယ်။ ဒါဟာ ကျွန်မ သိရသလောက်ဘဲဖြစ်ပါတယ်။ မဘိမ်းမြို့နယ်မှာလည်း ဒီလို ဖြစ်စဉ်မျိုးရှိနေလိမ့်မည်ဆိုတာ ဧကန်မလွဲပါ။ ၇၀% သော သူတို့ဟာ မဖွံ့ဖြိုးသေးသော ကျေးလက်ဒေသတွင် နေထိုင်ကြပြီး

တင်ပြ လိုပါတယ် ခင်ဗျား။ ရှမ်းပြည်နယ်အတွင်းမှာ အခွန်ဦးစီးဌာနသည် (၁) ဝင်ငွေခွန်၊ (၂) ကုန်သွယ်လုပ်ငန်းခွန်၊ (၃)အထူးပင်စင်ခွန်၊ (၄) တံဆိပ်ခေါင်းခွန်၊ (၅) အောင်ဘာလေသိန်းဆုခွန် ဟူ၍ ၅ မျိုး ကောက်ခံရရှိပါတယ်။ (၁၅-၃-၂၀၁၇)ရက်နေ့အထိ ဝင်ငွေခွန်မှာဆိုရင် ကျပ် ၁၃၂၄၃. ၅၉၉ သန်းဖြစ်ပြီး ကုန်သွယ်လုပ်ငန်းခွန်မှာဆိုရင် ကျပ် ၉၁၈၇၄. ၆၈၃ သန်းဖြစ်ပါတယ်။ အထူးပင်စင်ခွန်အနေနဲ့က ကျပ် ၆၁၂၇. ၁၉၄ သန်းဖြစ်ပါတယ်။ တံဆိပ်ခေါင်းခွန်အနေနဲ့ဆိုရင် ကျပ် ၂၀၄၁. ၂၇၈ သန်းဖြစ်ပါတယ်။ အောင်ဘာလေ သိန်းဆုခွန်အနေနဲ့ဆိုရင် ကျပ် ၅၂၅. ၇၈၉ သန်းကောက်ခံရရှိပါတယ်။ စုစုပေါင်း ကောက်ခံရရှိငွေ ကျပ်သန်းပေါင်း ၁၁၃၈၁. ၅၄၃ သန်းရရှိပြီးတော့ အခွန်များဟာ ပြည်ထောင်စုဘတ်ဂျက်သို့ပေးသွင်းပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အခွန်ငွေစုအဖြစ် ဝင်ငွေခွန် မှာဆိုရင် ကျပ် ၁၉၂၅၉၈၁၇ ဖြစ်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်အနေနဲ့ခွဲဝေရရှိတာက ကျပ် ၁၁၅၇၄၃၉၇၇၃ ဖြစ်ပါတယ်။ အထူးပင်စင်ခွန်အနေနဲ့ဆိုရင် ကျပ် ၃၂၉၉၉၇၃၀ ဖြစ်ပါတယ်။ အဲဒါက ပြည်နယ်အစိုးရ ဘဏ္ဍာငွေသို့ ပေးသွင်းထားပြီး ဖြစ်ပါတယ်။ တံဆိပ်ခေါင်းခွန်အနေနဲ့ဆိုရင် ကျပ် ၁၄၅၄၂၈၉၁၀၂ ဖြစ်ပါတယ်။ ၂% ကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးဌာနသို့ ပေးသွင်း ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပေးချေရန် ကျန်ရှိတဲ့ငွေမှာဆိုရင် ဝင်ငွေခွန်မှာ ကျပ် ၁၀၁၀၂၂၀၂၂ ဖြစ်ပြီးတော့ ကုန်သွယ်လုပ်ငန်းခွန်မှာဆိုရင် ကျပ် ၈၇၃၅၅၉၇၇၂ ဖြစ်ပြီးတော့ အထူးပင်စင်ခွန်မှာဆိုရင် ကျပ် ၃၈၃၆၉၀၀၀၀ ဖြစ်ပါတယ်။ ပြည်နယ်အစိုးရဘဏ္ဍာငွေသို့ ဆက်လက်ပေးသွင်းရမှာဖြစ်ပါတယ် ဆိုတဲ့အကြောင်း အားလုံး သိရှိနိုင်အောင် တင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

D/real(wide) (1

ဆင်းရဲကြတဲ့ ပြည်သူများ ဖြစ်ပါတယ်။ အရေးပေါ်ဆေးကုသနိုင်မှုမှာ အင်မတန်နည်းပါးလှတာကြောင့် ပြည်သူလူထု၏ အသက်ဆုံးရှုံးမှုများ အများအပြား ဖြစ်နေတယ်ဆိုတာ တွေ့မြင်ကြရပါတယ်။ မိမိအနေနှင့် မိုးမိတ်ပြည်သူ့ဆေးရုံတွင် အထူးကုဆရာဝန်များရှိခဲ့ပါက ယခုလို ဒေသခံ ပြည်သူလူထုတို့၏ အသက်ဆုံးရှုံးမှုများ ဖြစ်လာမှုရှိလိမ့်မည်မဟုတ် ယုံကြည်မိသောကြောင့် မိုးမိတ်ပြည်သူ့ဆေးရုံတွင် လိုအပ်သော အထူးကုဆရာဝန်ခန့်ထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်ကာလတွင် ချပေးမည်၊ မရှိပါက မည်သို့ မရှိနိုင်သည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းရဲ့၊ မိုးမိတ်မြို့နယ်ပြည်သူ့ဆေးရုံတွင် လိုအပ်သော အထူးကုဆရာဝန် ခန့်ထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ မိုးမိတ်ခရိုင်၊ မိုးမိတ်ပြည်သူ့ဆေးရုံသည် ၁၉၄၇ ခုနှစ် နောက်ပိုင်း ကာလမှ စတင်ဖွင့်လှစ်ခဲ့ပြီး ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ မိုးမိတ်မြို့နယ်ပြည်သူ့ဆေးရုံ ၏ဖွဲ့စည်းပုံအသစ်အရ ဝန်ထမ်းခွင့်ပြု ၈၁ ဦးရှိပြီး လက်ရှိတွင် ၄၂ ဦး ခန့်ထားကာ ၃၉ ဦး လစ်လပ်လျက်ရှိပါတယ်။ ၎င်းဖွဲ့စည်းထားသော ဖွဲ့စည်းပုံတွင် အထူးကုဆရာဝန်၏ ဖွဲ့စည်းပုံ

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး ကျန်းမာကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်။ ကျွန်မကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီဝင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် ပြည်သူ့ဆေးရုံတွင် လိုအပ်သော အထူးကုဆရာဝန်ခန့်ထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်း သွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် မြောက်ပိုင်း၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်ကိုပေါင်းကာခရိုင်မြို့အဖြစ် ၃၀-၁-၂၀၁၄ ရက်နေ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ(၇၇/၂၀၁၄)အရခရိုင် မြို့သစ်အဖြစ် တိုးချဲ့ပြင်ဆင် ဖွဲ့စည်းပေးခဲ့ပါတယ်။ ဌာနဆိုင်ရာ အဆောက်အဦအတော်များများ ခရိုင်မြို့သစ်တွင် ဆောက်လုပ်နေကြ ပြီဖြစ်ပါတယ်။ ထိုအထဲတွင် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်နိုင်ရေးနှင့် ပတ်သက်၍ ခရိုင်မြို့နှင့်ညီသော ဆေးရုံအဆောက်အဦဆောက်လုပ်ထား ပေးခြင်းအပြင် ဆေးကုသရန် အထူးကုဆရာဝန်များလည်း အထူးလိုအပ်လှပါတယ်။ မိုးမိတ်မြို့သည် ရွှေလီမြစ်၏ မြောက်ဘက်ခြမ်းတွင်လည်းကောင်း၊ တောင်ဘက်ခြမ်းတွင်လည်းကောင်း တည်ရှိပြီး မြေပြန့်နှင့်တောင်တန်းတစ်ဝက်ရှိသော နယ်ဆုံးမြို့ကလေးတစ်ခုဖြစ်ပါတယ်။ ထို့အတူ မဘိမ်းမြို့ဟာလည်း တောတောင်ထူထပ်တဲ့ မြေပြန့် နယ်ဆုံးမြို့ကလေးတစ်ခု ဖြစ်ပါတယ်။ မိုးမိတ်မြို့၏ အမြင့်ဆုံးကချင်တောင်တန်းသည် ပေ ၆၀၀၀ ကျော် အထိ မြင့်မားပြီး

D/real(wide) (1

ပါဝင်ခြင်းမရှိတဲ့ လက်ထောက်ဆရာဝန်(၆) ဦးသာခွင့်ပြုထားပါတယ်။ မိုးမိတ်မြို့နယ်ပြည်သူ့ဆေးရုံသည် တစ်နေ့လျှင် ပျမ်းမျှအတွင်းလူနာ ၇ ဦး၊ ပြင်ပလူနာ ၂၄ ဦး ရှိပြီး ဆရာဝန်နှင့် လူဦးရေအချိုးမှာ ၁း၁၃၂၅ ရှိနေပါသဖြင့် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန် ၃ ဦး ခန့်ထားပေးနိုင်ရန် တွဲဖက် ကုသရေးဦးစီးဌာန၊ လားရှိုးမြို့၏ ၁၄-၃-၂၀၁၇ ရက်၊ ရက်စွဲပါစာအမှတ်၊ ရမ/ဝထရ/၂၀၁၇/ ၄၄၉ ဖြင့် ကုသရေး ဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းမွန်းလိန်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ တင်ပြချင်တာကတော့ မြေယာအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ မိုးနဲမြို့နယ်၊ ဝမ်ဟေကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးအောက်ရှိ ခိုတိုးကျေးရွာ အိမ်မြေကွက် ပြန်လည်နေရာချထားရေးကော်မတီက အကွက်ပေါင်း(၆၈)ကွက် နေရာချခဲ့မှုနှင့် ပတ်သက်သည့် မေးခွန်းများ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ အပိုင်းလိုက် ၄ ပိုင်း လောက် ဆွေးနွေးချင်ပါတယ်။

အပိုင်း(၁) မိုးနဲမြို့နယ်၊ ခိုတိုးကျေးရွာအိမ်မြေကွက် ပြန်လည် နေရာချထားရေးကော်မတီ၊ ဝမ်ဟေကျေးရွာအုပ်စု၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် ထုတ်ပေးထားသည့်

နေရာချထားသော မြေကွက်ကို ပထမဦးဆုံး ပိုင်ဆိုင် ထားသော လူဦးရေစာရင်းဖြစ်ပါတယ်။ မိုးနဲမြို့နယ်၊ ဝမ်ဟေကျေးရွာအုပ်စု၊ ခိုတိုးကျေးရွာ ပြန်လည်ချထားသော မြေကွက်ကို ဒုတိယ ပိုင်ဆိုင် ထားသော လူဦးရေစာရင်းဖြစ်ပါတယ်။ မိုးနဲမြို့နယ်၊ ဝမ်ဟေကျေးရွာအုပ်စု၊ ခိုတိုးကျေးရွာ ပြန်လည်ချထားသော မြေကွက်ကို တတိယပိုင်ဆိုင်ထားသော လူဦးရေစာရင်း ဖြစ်ပါတယ်။ မိုးနဲမြို့နယ်၊ ဝမ်ဟေကျေးရွာ အုပ်စု၊ ခိုတိုးကျေးရွာ ပြန်လည်ချထားသော မြေကွက်ကို လက်ရှိ ပိုင်ဆိုင်ထားသော လူဦးရေစာရင်းဖြစ်ပါတယ်။ ဒီနေရာမှာ ပြန်လည် သုံးသပ်ခြင်းအားဖြင့် မြို့နယ်မြေယာစီမံခန့်ခွဲရေး ဒုဥက္ကဋ္ဌက တားမြစ်တားပြီး မြို့နယ်စီမံခန့်ခွဲရေးဥက္ကဋ္ဌက ပြန်လည် အတည်ပြုပေးတယ်ဆိုတာက ဒီချတဲ့ အကွက်မှာ ဌာနဆိုင်ရာများနှင့်ပတ်သက်နေမယ်လို့ မြင်မိပါတယ်။ ဘာကြောင့် ပြောရတယ်ဆိုရင် ပထမချပေးထားတဲ့ မြေနေရာမှာ ဌာနဆိုင်ရာများရဲ့ အကွက်များပါဝင်နေတာကို တွေ့နေရပါတယ်။ အဲဒါကြောင့် အဆင့်ဆင့် ရောင်းဝယ်ပြီးတော့ အခုထိ လေးဆင့် ရောက်ရှိသွားပြီး အခု စာရင်းကောက်ထားချက် အရ နေထိုင်တဲ့ လူလော၊ မနေထိုင်တဲ့ လူလော ၊ နေထိုင်တာက ၂၀ အိမ်လောက်ဘဲရှိတယ်။ အဲဒါကြောင့် အခု ဖွဲ့ဖြိုးရေးအတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေမှာတင်ရတယ်။ ဒါပေမယ့် ပြဿနာ တစ်စုံတစ်ရာရှိနေတဲ့အတွက်ကြောင့် သူတို့ သံသယအဝင်ဆုံးကတော့ မြေစာရင်းဦးစီးကရထားတဲ့ နံပါတ် ၆၈ ကွက်၊ မြေပေးမိန့် ထုတ်ထားပေးတဲ့ စာဖြစ်ပါတယ်။ ဒီနေရာမှာ သံသယအရှိဆုံး ဖြစ်တဲ့အတွက်ကြောင့် သူတို့လာမနေခဲ့တာလည်းဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ တာဝန်ရှိတဲ့ လူများအားလုံး သိစေလိုပါတယ်။

အပိုင်း(၂)အနေနဲ့ တင်ပြချင်တာကတော့ လွှိုင်မြေရပ်၊

D/real(wide) (1

၂၆-၅-၂၀၁၆ ရက်နေ့စာအရ အစိုးရအပြောင်းအလဲ စပ်ကူးမတ်ကူး ကာလမှာ မိုးနဲမြို့နယ်၊ လွိုင်မြေ ရပ်ကွက်ရှိ မဟာရန်အောင် သာသနာ့ ၂၅၀၀ ဘုရားပရဝဏ်မြေပေါ်တွင် လင်းခေးမြေယာစီမံခန့်ခွဲရေးကော်မတီမှထုတ်ပေးထားတဲ့ မြေပေးမိန့်နှင့်အတူအိမ်ကွက် ၂၇ ကွက်များချထားပေးရာတွင် ပြည်သူလူထု ၂၇ ယောက်က လက်မှတ်ရေးထိုးပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထံ လိပ်မူပြီး တိုင်ကြားထားသည်ကို တွေ့မြင်ရပါတယ်။ မိတ္တူများ ကိုတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြထားတာကို တွေ့မြင်ရ ပါတယ်။ ၄င်းတိုင်စာအရ နိုင်ငံတော်သမ္မတရုံးက ၂၆-၇-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၅ (၅၃-၄)/စလ ၆ စလ သမ္မတရုံး(၁၀၉၁) ဖြင့် တိုင်ကြားစာကို လက်ခံ ရရှိကြောင်း ပြန်ကြားတာကိုတွေ့မြင်ရ ပါတယ်။

အပိုင်း(၃)အနေနဲ့ ၁၈-၅-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ဝ၂/၂၄၈/၁၄/ ထောက် ၁ ဖြင့် နမ့်မော်ဆွမ့် ကျေးရွာအတွင်း ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ပြည်သူလူထု၏ ဆန္ဒမပါဘဲ မိမိသဘောဖြင့် ရောင်းချနေသော မြေနေရာများ၊ ဒီနေရာမှာ ခလရ ၂၄၈ တပ်ရင်းမှ တောင်သူများကိုခေါ်ပြီး ၄င်းတောင်သူပိုင် လယ်ယာမြေကို တပ်ကသိမ်းထားကြောင်း ခေါ်ယူညှိနှိုင်းလက်မှတ် ထိုးခိုင်းထားပါတယ်။ တောင်သူများက ၄င်းတောင်ယာများသည် ကျွန်တော်တို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ဖြစ်နေသောကြောင့် လက်မှတ်မထိုးဘဲ လှည့်ပြန်ခဲ့ရတာကို တွေ့မြင်ရပါတယ်။ ထို့ကြောင့် ၄င်းသိမ်းဆည်းထားတဲ့မြေပေါ်မှာ ခလရ ၂၄၈ က ပတ္တမြားကုမ္ပဏီ ကို ဂေါ်ဒန်ကျောက်ထားဖို့အတွက် တစ်လကိုကျပ် ငါးသောင်းဖြင့် ငှားထားသည်ကို တွေ့မြင်ရပါတယ်။ နမ့်မော်ဆွမ့် ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးကလည်း အကြောင်းကိစ္စများကို အစုံအလင်သိပါတယ်။ ထို့ကြောင့် နမ့်မော်ဆွမ့် ကျေးရွာ

မြေပေးမိန့်အရ ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းလောက်မှစ၍ မိုးနဲမြို့နယ်၊ ဝမ်ဟေကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးအောက်ရှိ ခိုတိုးကျေးရွာ အား ပြန်လည်စုစည်းပြီး အကွက်ပေါင်း ၆၈ ကွက် နေရာချထားခဲ့ပါတယ်။ သို့သော် ယနေ့လက်ရှိ လူနေထိုင်သော အကွက်မှာ ၂၀ ကျော်သာ ရှိပြီး ကျန်မြေကွက်များမှာ မြေကွက်နေရာ အရောင်းအဝယ်ပြုသူများ အရောင်းအဝယ်ပြုရန် မြေကွက်ကိုဝယ်ရုံသာဝယ်ပြီး အမှန်တကယ် နေထိုင်ခြင်းမရှိဘဲ ပစ်ထားသဖြင့် ရွာမှာခုံနွယ်ပင်များ ဖုံးအုပ်နေခဲ့ ပါတယ်။၄င်းခိုတိုးရွာတွင် အမှန်တကယ်နေထိုင်သောသူများ၏ ကျန်းမာရေး၊ပညာရေး၊ လူမှုရေးအကူအညီတောင်းခံ၍ ရွာပျက် သဖွယ်ဖြစ်နေသော ရွာ၏အနေနှင့် အစိုးရထံမှ အကူအညီရရှိရန် အခွင့်အလမ်းမရှိသလောက်ဖြစ်နေသဖြင့် လွန်စွာနစ်နာကြရ ပါတယ်။ ခိုတိုး ကျေးရွာအိမ်မြေကွက် ပြန်လည်နေရာချထားရေး ကော်မတီမှ ထုတ်ပေးထားသော မြေပေးမိန့်သည် တရားဝင် ဟုတ်/ မဟုတ်ဖြစ်ခြင်းကြောင့် သံသယဖြစ်ရပါတယ်။ အခုမြင်တွေ့ နေရတာကတော့ မိုးနဲမြို့နယ်၊ ဝမ်ဟေကျေးရွာအုပ်စု၊ ခိုတိုးကျေးရွာ အိမ်မြေကွက် ခွင့်ပြုချက်မရှိဘဲ နေရာချထားဆောင်ရွက်မှုမပြုရန် မြို့နယ်အသုံးချမှု ကော်မတီမှ တားမြစ်ထားတဲ့စာထွက်ရှိခဲ့ပါတယ်။ ရက်စွဲက ၂၁-၅-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၅/၄၁-၃(၀၀၃)/ ဦး ၆ ဖြစ်ပါတယ်။ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး၊ ဦးအောင်သူရ တာဝန်ခံအရာရှိက လက်မှတ်ထိုးထားခြင်းဖြစ် ပါတယ်။ ၅/၄၁-၃(၀၀၂) မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၊ မိုးနဲမြို့ ဥက္ကဋ္ဌ ဦးမြတ်ကျော်မှ လက်မှတ်ထိုးထားခြင်းဖြစ်ပါတယ်။ မိုးနဲမြို့နယ်၊ ဝမ်ဟေကျေးရွာအုပ်စု၊ ခိုတိုးကျေးရွာ အိမ်မြေကွက် ပြန်လည်နေရာချထားပေးသောကော်မတီမှ ဦးအောင်ဆွေ၊ မြေစာရင်း (အငြိမ်းစား)ကိုချပေးသော မြေပေးမိန့်ပုံစံဖြစ်ပါတယ်။ မိုးနဲမြို့နယ်၊ ဝမ်ဟေကျေးရွာအုပ်စု၊ ခိုတိုးကျေးရွာ ပြန်လည်

D/real(wide) (1

လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီမှ အများကြီးတာဝန်ရှိတယ်လို့ ယုံကြည်မိပါတယ်။ ၁၃-၁-၂၀၁၇ ဒေသန္တရအမိန့်အရ ၁/၂၀၁၇ မှာ မိုးနဲမြို့နယ်၊ နမ့်မော်ဆွမ့်ကျေးရွာအုပ်စု၊ ကမ်နမ့်ရွာ၊ ကွင်းအမှတ် ၉၉၈/၄၉၂ လူနေထိုင်မှုမပြုစေကြောင်းနှင့် လူနေအိမ်ဆောက်လုပ်နေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဆိုသည့်အတိုင်း ကျူးကျော်အိမ်များ ဆက်ရှိနေတာကိုလည်း မြင်တွေ့ရပါတယ်။ နမ့်မော်ဆွမ့်ကျေးရွာအုပ်စု၊ အောင်သပြေ၊ ဒီနေရာမှာ ရေထွက်တွေရှိပါတယ်။မြေတွေပါဖို့ပြီးတော့နေအိမ်များ ဆောက်လုပ်နေခြင်းကို တွေ့မြင်နေရပါတယ်။ ဒီနေရာမှာ မြေတွေဖို့ပြီး အမှိုက်ပုံတွေပါ စွန့်ပစ်ထားတဲ့နေရာပါ။ နမ့်ဟိုး ရေထွက်ဘေးနားမှာ အုတ်စက်တွေ ခွင့်ပြုထားတဲ့ နေရာပါ။ ဒီနေရာမှာ နမ့်မော်ဆွမ့်ကျေးရွာအုပ်ချုပ်ရေးမှူး ရောင်းထားတဲ့နေရာဖြစ်ပါတယ်။

အပိုင်း(၄) အနေနဲ့ ပြည်သူထူထုကို အသိပေးခြင်းမရှိဘဲ နောင်မြို့ငြိုးအုပ်ချုပ်ရေးမှူးကရောင်းချသွားသော ကင်ဒုံဆေးပေးခန်း နေရာဖြစ်ပါတယ်။ ဒီနေရာမှာ ကင်ဒုံရွာလူကြီးတွေက ဆေးပေးခန်းအဖြစ် စီမံထားတာတွေ့ရပါတယ်။ ဒါပေမယ့် သူတို့ စီမံထားတဲ့အချိန်မှာ ပြုလုပ်ဖို့အချိန်ကျရောက်လာပြီဖြစ်တဲ့အတွက်ကြောင့် နောင်မြို့ငြိုးရပ်/ကျေးလယ်စီကို တင်ပြခြင်းအားဖြင့် ရပ်/ကျေးလယ်စီ ဒီနေရာမှာခွင့်ပြုမိန့်ပေးထားလို့မရပါလို့ ပြန်အကြောင်းကြားပါတယ်။ ဒါကို ပြည်သူလူထုကကန့်ကွက်တဲ့အနေနဲ့ အဲဒိုင်တဲ့ဘေးနားမှာ ရွာဆိုပြီးတော့စာရိုက်ပြီးတော့ရေးထားပါတယ်။ နောင်မြို့ငြိုးကျေးရွာအုပ်စုကကျူးကျော်မြေဖြစ်ပါတယ်။ ဒီနေရာမှာလည်း နောင်မြို့ငြိုးကျေးရွာအုပ်စု အခု ရှေးဟောင်းစေတီဘုရားပုထိုးများကို အိမ်ဝင်းထဲမှာခြံခတ်ထားပါတယ်။ သို့ဖြစ်ပါ၍ မေးခွန်း

ဥပဒေအရ မြေယာစီမံခန့်ခွဲမှု လုပ်ပိုင်ခွင့်များကို ကော်လိတ္တော်အရာရှိ(ခရိုင်အုပ်ချုပ်ရေးမှူး)နဲ့ လက်ထောက်ကော်လိတ္တော်အရာရှိ(မြို့နယ်အုပ်ချုပ်ရေးမှူး)များကိုပေးအပ်ထားပါတယ်။ မြေယာရောင်းဝယ်ရေးကိစ္စများတွင် ၁၉၀၈ ခုနှစ်၊ စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေအရ သက်ဆိုင်ရာ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင်သာဥပဒေနှင့်အညီရောင်းဝယ်ခြင်း၊ပေးကမ်းခြင်း၊ လွှဲပြောင်းပေးခြင်းတို့ မှတ်ပုံတင်ပြုလုပ်ရမည်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မြေအရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ စာရေးဝန်ထမ်းများမှ စာချုပ်ချုပ်ဆိုပေးခြင်း လုံးဝ(လုံးဝ)မပြုလုပ်ရန် သက်ဆိုင်ရာဌာနများတွင်သာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီစာချုပ်စာတမ်းမှတ်ပုံတင်ခြင်းများဆောင်ရွက်သွားရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ၂၅. ၈. ၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၃၀၀/၂-၃/ဦး ၁ ဖြင့် ညွှန်ကြားလာမှုအပေါ် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများအား လိုက်နာဆောင်ရွက်ရန် ၂၅. ၈. ၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၃/၃၁-၁၃(၃၉၄)/ ဦး ၁ ဖြင့် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအိုက်ခမ်းလှိုင်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား

D/real(wide) (1

(၁)မှာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီ၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေး ကော်မတီ၊ ရပ်/ကျေးလယ်ယာမြေ စီမံခန့်ခွဲရေး ကော်မတီအနေဖြင့် မြေယာအရောင်းအဝယ်ကိစ္စများတွင် ဝင်ရောက်လုပ်ကိုင်နေမှုများကြောင့် မလိုလားအပ်တဲ့ ပြဿနာများ ဖြစ်ပေါ်နေသည့် အတွက် လိုအပ်သည့် စုံစမ်းမှုများစုံစမ်းစစ်ဆေးပေးပါရန် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ မေးခွန်း(၂)အနေနဲ့ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးကော်မတီများကို နိုင်ငံတော်အစိုးရ၏ စီမံကိန်း ဆောင်ရွက်မှုများနှင့် ရှမ်းပြည်နယ် အစိုးရမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများမှလွဲ၍ မြေယာအရောင်းအဝယ်ကိစ္စရပ်များ ကောက်ခံပေးခြင်း၊ အသိသက်သေ ဆောင်ရွက်မှုများနှင့် အရောင်းအဝယ်ကိစ္စများတွင် လက်မှတ်ရေးထိုးပေးခြင်းများ မပြုလုပ်ပါရန်နှင့်လိုက်နာမှုမရှိပါက တာဝန်မှရပ်နားခံရသည့်အပြင် ဥပဒေအရ ထိရောက်စွာအရေးယူ ပေးပါရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာ အစိုးရဝန်ကြီးများကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ မြေယာစီမံခန့်ခွဲရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ အထက် မြန်မာနိုင်ငံမြေနှင့်အခွန်နည်း

ကိုယ်စားလှယ်များ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအိုက်ခမ်းလှိုင် ဖြစ်ပါတယ်။ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲ၊ နမ့်လွေချောင်းကူးတံတားပေါ် ဖြတ်သန်းသွားလာ ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းယောင်းမြို့နယ်မှာ ပြည်သူလူထုအများစုဟာ တောင်သူလယ်သမားများဖြစ်ကြပါတယ်။ ဆန်စပါးကို အဓိက စိုက်ပျိုးထုတ်လုပ်ကြပါတယ်။ ယခုအခါ ရာဘာစေးကိုလည်း ဆန်စပါးနောက် ဒုတိယအများဆုံး ထုတ်ကုန်အနေဖြင့် ထုတ်လုပ်လျက်ရှိပါတယ်။ လယ်ယာထွက် သီးနှံများဖြစ်ကြသော ဆန်စပါး၊ ပဲ၊ နှမ်း၊ မြေပဲ၊ ပဲပုပ်စေ့နှင့် ငှက်ပျောစသည်များ၊ စက်မှုကုန်ကြမ်းဖြစ်သော ရာဘာစေးတို့ကို တရုတ်နိုင်ငံ ၊ ယူနန်ပြည်နယ်၊ နယ်စပ်မြို့ဖြစ်သော မိုင်းလုံးမြို့ကို ဥပဒေနှင့်အညီ နိုင်ငံတော်သို့ အခွန်ပေးဆောင်ပြီးတော့ တင်ပို့ ရောင်းချကြရပါတယ်။ ယင်းသို့ တင်ပို့ရောင်းချရာမှာ မိုင်းယုမြို့ပေါ်ရှိ နမ့်လွေချောင်းကူးတံတားကို ဖြတ်သန်းတင်ပို့ကြရပါတယ်။ လွန်ခဲ့သော ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း အထူးဒေသ(၄)သို့ အထူးဒေသ(၂)မှ 'ဝ'တပ်ဖွဲ့များ ဝင်ရောက်လာမှုကိုအကြောင်းပြုပြီးတော့ ၂၃-၁၁-၂၀၁၆ ရက်နေ့က နမ့်လွေချောင်းကူးတံတားပေါ် ဖြတ်သန်း သွားလာမှုကို ပိတ်ထားခဲ့သည်မှာ ယနေ့အထိဖြစ်ပါတယ်။ တံတားပေါ် ဖြတ်သန်းသွားလာမှုကို ပိတ်ပင်ထားပေမယ့် အောက်ဖက်တံတားမှ ၁ ဖာလုံခန့် အကွာတွင် ကူးတို့ဆိပ်တစ်ခုဖြင့် ဖွင့်လှစ်ပြီးတော့ ကုန်ပစ္စည်းများနှင့် မော်တော်ကားများကို စက်လှေဖြင့် ကူးသန်းပို့ဆောင်လျက်ရှိပါတယ်။

D/real(wide) (1

ခရီးသည်များကိုတော့ တံတားအောက်ဖက် ၄ ဖာလုံခန့် အကွာမှာ ရှိတဲ့ တာပေါက်ရွာ၊ တာပေါက်ကူးတို့မှာ စက်လှေဖြင့် ဖြတ်ကူး လျက်ရှိပါတယ်။ တံတားကြီး ရှိနေပါလျက်နှင့် ရေချောင်းပေါ်မှာ စက်လှေဖြင့် ရေကူးနေရသောကြောင့် ကုန်ပစ္စည်းများ တင်ချခ အပို ကုန်ကျရခြင်း၊ အချိန်ကုန်လူပန်းဖြစ်ရခြင်းစသည့် အခက်အခဲများကို လူထု ခရီးသွားများ ရင်ဆိုင်နေကြရပါတယ်။ ယခင် မိုင်းယောင်းမြို့မှ မိုင်းယုသို့ ကားခမှာ ကျပ် ၃၀၀၀ မှ ယခု အခါ တာပေါက်ကူးတို့ ဆိပ်အထိ လူစီးခ တစ်ဦးလျှင် ကျပ် ၈၀၀၀ အထိပေးဆောင်ကြရပြီး ငွေကျပ် ၅၀၀၀ ကို ပိုမိုပေးချေနေရ ပါတယ်။ တံတားပေါ်မှာ အလွယ်တကူ ဖြတ်သန်းသွားလာ နိုင်ပါလျက်နှင့် ကူးတို့ဆိပ် ရေကြောင်းဖြင့် အချိန်ကုန်၊ လူပန်း အပြင် ခရီးသွားလာမှုအတွက် ငွေကြေးပိုမို ကုန်ကျရခြင်း၊ ကုန်စည် ပို့ဆောင်မှုအတွက် ကုန်တင် ကုန်ချခများ၊ ကူးတို့စက်လှေခများ အပိုကုန်ကျခံနေကြရပါတယ်။ လုံခြုံရေးအရတံတားပေါ်ဖြတ်သန်း သွားလာခွင့် ပိတ်ပင်တားမြစ်ခြင်းတော့ မဟုတ်တန်ရာဟု ထင်မြင် ယူဆရပါတယ်။ တံတားရှိပါလျက်၊ တံတားကောင်းမွန်ပါလျက် တံတားအနီးမှ ဆိပ်ကူးတို့ဖြင့် သွားလာမှုအတွက် အချိန်ကုန်ခြင်း၊ အန္တရာယ်များခြင်း၊ စက်လှေခကုန်ခြင်း ဒုက္ခတွေကို ပြည်သူများ၊ လုပ်ငန်းရှင်ကုန်သည်များ ခံစားရသည့်အပြင် နိုင်ငံတော်မှ တရား ဥပဒေအခွန်အခမရရှိကြောင်းသိရပါတယ်။ အဂတိ လိုက်စားမှု ကိုလည်းအားပေးသလိုဖြစ်နေပါတယ်။ တစ်ရက်လျှင်ကုန်ကားများ အစီး ၅၀ အထက်ရှိပါသောကြောင့် တံတားပေါ်မှ တရားဝင် သွားလာ ခွင့်ပြုနိုင်ပါလျှင် ပြည်သူလူထုအနေနဲ့ ကုန်စည်စီးဆင်းမှု ပိုမို လွယ်ကူမြန်ဆန်ပြီး နိုင်ငံတော်အတွက်လည်း အခွန်အခတွေရရှိ စေနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် နမ့်လွေချောင်းကူးတံတားပေါ်မှ ဖြတ်သန်းသွားလာခွင့် တရားဝင် အမြန်ခွင့်ပြုပေးနိုင်ပါရန်နှင့် ခွင့်ပြု

ပန်ဆန်း-မိုင်းလားခရီးစဉ်တွင် တိုင်းရင်းသားခေါင်းဆောင်များ၏ တင်ပြချက်အပေါ် ကျပ်သန်း ၃၁၆၀ အနက်မှ ကုန်ကျငွေ၏ တစ်ဝက်အား ဒေသမှ စိုက်ထုတ်၍ ကျန်တစ်ဝက်အား ဝန်ကြီးဌာန ဘတ်ဂျက်မှကျခံသုံးစွဲရန်ဟု ညွှန်ကြားချက်အရ နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၅၈၀သန်း ခွင့်ပြုခဲ့ပြီး မိုင်းလားအထူးဒေသ(၄) တိုင်းရင်းသားအဖွဲ့အစည်းမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ တံတားတည်ဆောက်ခြင်းလုပ်ငန်းအား ၂၉-၉-၂၀၁၄ ရက်နေ့တွင် နှစ်ဖက်ချဉ်းကပ်လမ်းမှ အပ ၁၀၀% ပြီးစီးကြောင်း ဒေသမှတင်ပြထားပြီးဖြစ်ပါတယ်။ တင်ပြချက်ပါ တံတားချဉ်းကပ်လမ်း ၂၀၀ ပေ၏ လက်ရှိ မြေပြင်အခြေအနေမှာ မြေဖို့ခြင်း လုပ်ငန်း ပြီးစီး၍ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်း လုပ်ငန်းများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး လုပ်ငန်းများအား အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်သော အထူးဒေသ(၄)တိုင်းရင်းသားအဖွဲ့အစည်းမှအပြီးသတ်ဆောင်ရွက်ရန် ဖြစ်ပါတယ်။ မိုင်းယု-ကျိုင်းယဲန်း၊နမ့်လွေချောင်းကူးတံတားမှတရားဝင် ဖြတ်သန်းသွားလာခွင့် မနှေးအမြန် ခွင့်ပြုပေးစေလိုကြောင်းကိစ္စနှင့် ပတ်သက်၍ တံတားချဉ်းကပ်လမ်းပိုင်း မပြီးပြတ်သေးခြင်းနှင့် လက်ရှိ နယ်မြေလုံခြုံရေးအခြေအနေအရ မိုင်းယု-ကျိုင်းယဲန်း နမ့်လွေချောင်း ကူးတံတားမှ ဖြတ်သန်းသွားလာမှုအား ခွင့်ပြုနိုင်ခြင်း မရှိသေး ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအိုက်ခမ်းလှိုင်က ဒုတိယမေးခွန်း မေးမြန်းဖို့ဖြစ် ပါတယ်။

ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မေးခွန်း နံပါတ်(၂)က မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲအတွက် မြန်မာ့

D/real(wide) (1

ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းတိုင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ မိုင်းယောင်းမြို့နယ်မှာ ၂၀၁၅ ခုနှစ်ကမှစပြီးတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့လက်ကိုင်တယ်လီဖုန်းများ စတင်သုံးစွဲလာခဲ့သည်မှာ ယခုဆိုလျှင် ၂ နှစ်ပင်ပြည့်တော့မည်ဖြစ်ပါတယ်။ ဒါပေမယ့် မိုင်းယောင်းမြို့နယ်ကနေပြီးတော့ ၁၈ မိုင်ခန့်သာကွာဝေးတဲ့ မိုင်းယုမြို့နယ်ခွဲမှာတော့ ယခုတိုင်အောင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းရဲ့လက်ကိုင်တယ်လီဖုန်းအသုံးပြုနိုင်ခြင်း မရှိသေးတာကို တွေ့ရှိရပါတယ်။ မိုင်းယုမြို့ပေါ်မှာ အစိုးရဌာနပေါင်း ၁၀ ဌာန ဖွင့်လှစ်တာဝန်ထမ်းဆောင်လျက်ရှိပြီး မိုင်းယောင်းမြို့ရှိ မိမိတို့ဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရာမှာ တစ်ဖက်နိုင်ငံရဲ့လက်ကိုင်ဖုန်းများကိုသာ အသုံးပြုနေရာတွေ့ရှိရပါတယ်။ ဒါ့အတွက်ကြောင့် ဌာနဆိုင်ရာများအနေဖြင့် အရေးကြီးကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်ကြရာမှာ အခက်အခဲများ တွေ့ကြုံရင်ဆိုင်နေရပါတယ်။ အလားတူမြို့ပေါ်ရပ်ကွက် ၃ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃ အုပ်စု၊ ကျေးရွာပေါင်း ၁၂ ရွာမှာ နေထိုင်ကြတဲ့ လူဦးရေပေါင်း ၆၀၀၀ ကျော် လုပ်သားပြည်သူတွေကလည်း တစ်ဖက်နိုင်ငံ လက်ကိုင်ဖုန်းကိုသာ အဓိကသုံးစွဲနေကြရပြီး မိုင်းယောင်းနှင့်အခြားမြို့များသို့ ဆက်သွယ်ရာမှာ အခက်အခဲတွေနှင့် ရင်ဆိုင်နေကြရပါတယ်။ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးကဲ့သို့သောကိစ္စတွေမှာ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အခက်အခဲတွေနှင့် တွေ့ကြုံကြရပါတယ်။ ၂၈-၂-၂၀၁၇ ရက်နေ့ ကော်ဆန်မိန်းကျေးရွာရှိ ကျောင်းဆရာမရဲ့ နေအိမ်မီးလောင်စဉ် ဖုန်းအဆက်အသွယ်မရနိုင်တာကြောင့် မီးသတ်ကားများခေါ်ယူနိုင်ခြင်းမရှိဘဲ တစ်အိမ်လုံးမီးလောင်ကျွမ်းခဲ့တယ်။ နိုင်ငံတော်အစိုးရဟာ တိုင်းသူပြည်သားတို့ရဲ့

ရန်အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပြည်သူလူထုကိုယ်စားကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး စိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအိုက်ခမ်းလှိုင်မှ မေးမြန်းသည့် မိုင်းယုမြို့ပေါ်ရှိ နမ့်လွေချောင်းကူးတံတားပေါ် ပြန်လည်ဖြတ်သန်းသွားလာခွင့် မနှေးအမြန်ခွင့်ပြုပေးစေလိုကြောင်း၊ ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်ဆိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့ပေါ်ရှိ အဆိုပါ မိုင်းယု-ကျိုင်းယဲန်း၊နမ့်လွေချောင်းကူးတံတားသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ အထူးဒေသ(၄)နယ်မြေ၊ နမ့်ပန်ဒေသနှင့် မိုင်းယုမြို့ပေါ်သို့ ဆက်သွယ်ထားသော ၆၆၀ ပေရှည်လျားသည့် တံတားဖြစ်ပါတယ်။ အဆိုပါတံတားမှာ အထူးဒေသ(၄)အဖွဲ့မှ လျာထားစီစဉ်ဆောင်ရွက်ခဲ့သော တံတားဖြစ်ပြီး တည်ဆောက်ရန် ရန်ပုံငွေလုံလောက်မှုမရှိခဲ့သဖြင့် ယခင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးတို့၏ ၄-၁၀-၂၀၁၃ ရက်နေ့မှ ၆-၁၀-၂၀၁၃ ရက်နေ့အတွင်း

D/real(wide) (1

လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်အရှိဆုံး အဖွဲ့အစည်းဖြစ်ပါတယ်။ ပြည်သူပြည်သားတွေရဲ့ လူမှုဘဝ၊ စီးပွားရေးဘဝ နယ်ပယ်တွေမှာ အဆင်ပြေချောမွေ့စေရေးအတွက် ဆက်သွယ်ရေးကဏ္ဍဟာမရှိမဖြစ်လိုအပ်တာအမှန်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိုင်းယုမြို့နယ်ခွဲမှာ နေထိုင်ကြတဲ့ ပြည်သူလူထုများအတွက် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ တယ်လီဖုန်းတိုင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင်ဆောင်ရွက်ပေးရန်ရှိသည်ကိုသိရှိလိုပါကြောင်းလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းယောင်း မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင် မေးမြန်းလာတဲ့ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲအတွက် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းတိုင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့် အချိန်ကာလတွင် ဆောင်ရွက်ပေးရန်ရှိသည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့အတွက် အော်တိုတယ်လီဖုန်းတိုင် (မိုဘိုင်းတာဝါတိုင်) ကို ဆောလျင်စွာ တည်ဆောက်ပေးနိုင်ရန် အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့၏ ၆-၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ရှမ်း(အရှေ့)/မိုဘိုင်း-စကမ/၂၀၁၆-၁၇/၁၆၂၄ ဖြင့်

D/real(wide) (1

၁၄၀၀၀ ဦးအား နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာထုတ်လွှင့်မှုမှ ဗဟုသုတများတိုးပွားလာမည်မှာ အမှန်ပင်ဖြစ်ပါတယ်။ ဒါကြောင့် နမ့်ခမ်းမြို့နယ်၊ ဖာလင်ကျေးရွာအုပ်စု၊ ဖာလင်ကျေးရွာတွင် တည်ဆောက်ခဲ့သည့် ထပ်ဆင့်လွှင့်စက်ရုံအားမည်သည့်အချိန်တွင်လည်ပတ်ဖွင့်လှစ်ပေးမည်ကိုသိရှိလိုပါကြောင်းနှင့် အကယ်၍ဖွင့်လှစ်ခြင်းမရှိနိုင်ပါက အဘယ်ကြောင့် မဖွင့်လှစ်နိုင်သေးပါကြောင်း သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော့် အနေနဲ့ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော နမ့်ခမ်းမြို့နယ်၊ ဖာလင်ကျေးရွာအုပ်စု၊ ဖာလင်ကျေးရွာတွင် တည်ဆောက်ခဲ့သည့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံအားမည်သည့်အချိန်တွင် လည်ပတ်ဖွင့်လှစ်ပေးမည်ကိုသိရှိလိုပါကြောင်းနှင့် အကယ်၍ဖွင့်လှစ်ခြင်းမရှိနိုင်ပါက အဘယ်ကြောင့် မဖွင့်လှစ်နိုင်သေးပါကြောင်း မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်၊ဖာလင်ကျေးရွာအုပ်စု၊ ဖာလင်ကျေးရွာတွင်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၀

ဖြင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံအား အဆောက်အဦ၊ စက်ပစ္စည်းအပြည့်အစုံတည်ဆောက်ပေးခဲ့ပါတယ်။ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ရုပ်သံထပ်ဆင့်လွှင့် စက်ရုံများတွင် ဝန်ထမ်းခန့်ထားရေးကိစ္စနှင့်ပတ်သက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အတွင်း၌ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၁၂ ရုံတွင် လုပ်အားပေး တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒေသခံပုဂ္ဂိုလ် ၂၄ ဦးအား ဝန်ထမ်းအဖြစ် ခန့်ထားနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်သွားရန်နှင့် လိုအပ်ပါက သင်တန်းဖွင့်လှစ်လေ့ကျင့်ပေးသွားရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အရ ၂၀၁၆ခုနှစ် ဧပြီလမှစတင်၍ ဝန်ထမ်း ၂၄ ဦးအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့်စတင်ခန့်ထားဆောင်ရွက်ခဲ့ရာတွင် မေးမြန်းချက်ပါ နမ့်ခမ်းမြို့နယ်၊ ဖာလင်ကျေးရွာအုပ်စု၊ ဖာလင်ကျေးရွာတွင် တည်ဆောက်ခဲ့သည့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံပါဝင်ခဲ့ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ နမ့်ခမ်းမြို့နယ်၊ ဖာလင်ကျေးရွာအုပ်စု၊ ဖာလင်ကျေးရွာရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံတွင် ဝန်ထမ်းခန့်ထားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြပေးသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းလေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်း အစီအစဉ် ပြီးဆုံးပြီဖြစ်ပါတယ်။

အထွေထွေမန်နေဂျာ၊ နည်းပညာဌာနကြီး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်မြို့သို့ တင်ပြထားပြီးဖြစ်ပါသဖြင့် ခွင့်ပြုမိန့်ရရှိပါက GSM BTS စခန်းအား တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်ဝင်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ဝင်း၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဝင်းဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်၊ ဖာလင်ကျေးရွာတွင် တည်ဆောက်ထားသည့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံအား မည်သည့်အချိန်တွင်ဖွင့်လှစ်ပေးနိုင်မည်ကို သိရှိလိုပါသည်နှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ် တွင် ထပ်ဆင့်လွှင့်စက်ရုံများ အနက် ဖာလင်ကျေးရွာအုပ်စု၊ ဖာလင်ကျေးရွာတွင် တည်ဆောက် ခဲ့သည့် စက်ရုံသည် ၂၀၁၅ ခုနှစ် နေ.တ.လ ဘတ်ဂျက်ဖြင့် တာဝါတိုင်များ၊ လွှင့်စက်များ၊ မီးစက်များနှင့် အဆောက်အဦများ အပြည့်အစုံတည်ဆောက်တပ်ဆင်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော် ယခုယနေ့ထိ ၃ နှစ်ကြာပြီဖြစ်သော်လည်း ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှာ ဝန်ထမ်းခန့်ထားမှုမရှိခြင်း၊ စက်၊ ယန္တရားလည်ပတ်မှုမရှိခြင်း ယခုအထိ စက်ရုံပိတ်ထားဆဲဖြစ်နေပါတယ်။ အကယ်၍စက်ရုံဖွင့်လှစ်ပေးပါက ၎င်းအနီးအနားပတ်ဝန်းကျင်ရှိကျေးရွာအုပ်စု ၆ အုပ်စုမှ အိမ်ခြေ ၂၀၀၀ ၊ လူဦးရေ

D/real(wide) (1

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေများ ဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များတင်သွင်းခြင်း နည်းဥပဒေတွင် အချိန်အကန့် အသတ်နှင့် သက်ဆိုင်ရာ ကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ် ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း အဆို နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များတင်သွင်းခြင်း နည်းဥပဒေတွင် အချိန်အကန့် အသတ်နှင့် သက်ဆိုင်ရာ ကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာ ဝန်ကြီးဌာန ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်းအဆို နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးပို့ထားပါတယ်။ ဒါကြောင့် ပထမဦးစွာ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊

အတွက် ဝိုင်းဝန်းစိစစ်ကြပ်မတ်နိုင်မှသာလျှင် ကျွန်တော်တို့ မျှော်မှန်းထားသည့် ကောင်းမွန်သော အစိုးရနှင့် သန့်ရှင်းသော အစိုးရအဖွဲ့ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်၏ ပုံရိပ်ကောင်းမွန်အောင်ဖော်ဆောင်ရန်လည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ ဖြစ်သလို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ BEဘတ်ဂျက်၊ REဘတ်ဂျက်၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်များကို လွှတ်တော်သို့ တင်သွင်းလာသောအခါ လွှတ်တော်ကိုယ်စားလှယ်များနှင့်ဘတ်ဂျက်စိစစ်ရေးကော်မတီအဖွဲ့မှ ကောင်းမွန်စွာလေ့လာ စိစစ်နိုင်ရန်အတွက် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခဲ့သော ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေများ-

အခန်း(၁၄) ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅(က) ရှမ်းပြည်နယ်အစိုးရမှ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက်ရေးဆွဲပြုစုထားသော ရှမ်းပြည်နယ်၏ ဘဏ္ဍာအရအသုံးဆိုင်ရာ လျာထားချက်များကို လွှတ်တော်တွင် ဆွေးနွေးရန် လွှတ်တော်မခေါ်ယူမီ ဘဏ္ဍာအရအသုံးဆိုင်ရာ လျာထားချက်များအား ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့(၁)လတိတိ ကြိုတင်ပေးပို့ နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှစီစဉ်ပေးရမည်။ နည်းဥပဒေ ၁၄၅(ခ) ၄င်းလျာထားချက်များအား ဆွေးနွေး သုံးသပ်ရန် လွှတ်တော်မခေါ်ယူမီဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီဥက္ကဋ္ဌမှ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ အစည်းအဝေးခေါ်ယူ ပေးရမည်။ နည်းဥပဒေ ၁၄၅(ဂ) လျာထားချက်များတင်သွင်းရာတွင် သက်ဆိုင်ရာဌာနအသီးသီး၏အရအသုံးစရိတ် အသေးစိတ်များကို ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပူးတွဲတင်ပြရမည်။

D/real(wide) (1

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၆(က) ရှမ်းပြည်နယ်အစိုးရကပေးပို့ထားသော သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီမှ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်နှင့်သက်ဆိုင်သောတွေ့ရှိချက်များကို အစီရင်ခံစာနှင့်တကွ ပြင်ဆင်ဆွေးနွေးသုံးသပ်ရမည်။ နည်းဥပဒေ ၁၄၆(ခ)အဆိုပါဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်များနှင့်တကွ လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇(က) ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်မှ ပြန်လည်ပေးပို့လာသော ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်နှင့် အတူ တင်သွင်းလာပါက လွှတ်တော်တွင် မဆွေးနွေးမီ (၁)ပတ် တိတိတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပေးပို့ရမည်။ နည်းဥပဒေ ၁၄၇(ခ) ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီဆောင်ရွက်ရမည်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁(က)နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာလျာထားချက်များ၊ ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်းမပြုမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ (၁)လတိတိကြိုတင်ပေးပို့ရမည်။ နည်းဥပဒေ၁၅၁(ခ) ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင်လိုအပ်သလို

တပ်မတော်သား ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်များတင်သွင်းခြင်း နည်းဥပဒေတွင် အချိန်အကန့် အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာန ပြင်ဆင် ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း အဆိုအား ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ယခုကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒီမိုကရေစီနိုင်ငံသည် မဏ္ဍိုင် ၃ ရပ် ဖြင့် ဖွဲ့စည်းပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို ကျွန်တော်တို့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးအခန်းကဏ္ဍတွင် တာဝန်ယူဆောင်ရွက် သောအဖွဲ့ဖြစ်နေသောကြောင့် ပြည်သူများအတွက်နှင့် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုအတွက် လိုအပ်ပါက ဥပဒေ၊ နည်းဥပဒေများ ကိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ ပြင်ဆင်ဖြည့်စွက် သင့်ပါကြောင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ရွေးကောက်ခံကိုယ်စားလှယ်များသည် မိမိ၏မဲဆန္ဒရှင် မိဘ ပြည်သူများမှ ယုံယုံကြည်ကြည်ဖြင့် အသဲကြားက မဲတစ်ပြားကိုပေးခဲ့သလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည်လည်း တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်နည်းပါးစေရေး

D/real(wide) (1

အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ ကျွန်မတို့ရဲ့ ရှမ်းပြည်နယ်လွတ်တော်၏ Objectives ဖြစ်သည့်(၁)ဥပဒေပြုခြင်း၊ (၂)ကိုယ်စားပြုခြင်း၊(၃)ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း၊(၄) လွတ်တော်ကိုယ်စားလှယ်များနှင့် လွတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေးမြင့်မားစေရေးဆောင်ရွက်ခြင်းဟုပါရှိပါတယ်။ ရှမ်းပြည်နယ်လွတ်တော်သည်ရေးရာကော်မတီ ၉ ခု ဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ ရှမ်းပြည်နယ်လွတ်တော်အတွင်းဖွဲ့စည်းထားသော ရေးရာကော်မတီ၏ လုပ်ပိုင်ခွင့်အပိုဒ် ၅ တွင် ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက် နှင့်အညီ ပြည်နယ်လွတ်တော်ဥက္ကဋ္ဌထံတင်ပြရမည်ဟုပါရှိပါတယ်။ ကော်မတီ၏ ရပိုင်ခွင့်အပိုဒ် ၇ တွင်လည်း ကော်မတီဝင်များသည် လွတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာ ဒေသသို့ရောက်ရှိနေစဉ်လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ခရီးမြင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်ဟု အတိအလင်းဖော်ပြသည့် အားလျော်စွာရေးရာကော်မတီများ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်ရရှိရန် လွတ်တော်အကြီးအမှူးနှင့် ရုံးဝန်ထမ်းအကြီးအမှူးများ၏ ပံ့ပိုးကူညီမှုများစွာ လိုအပ်လျက်ရှိပါတယ်။ ရေးရာကော်မတီများအားကောင်းမှ လွတ်တော်အားကောင်းမည်ဖြစ်ပါတယ်။ ရေးရာကော်မတီများ စီမံချက်ရေးဆွဲရာတွင်လည်းကောင်း၊ အစီရင်ခံစာ တင်ပြရာတွင်လည်းကောင်း ပြည့်စုံမှုမရှိပါက ရုံးပိုင်းဆိုင်ရာလိုအပ်ချက်များကို

ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီဆောင်ရွက်ရမည်။ နည်းဥပဒေ ၁၅၁(၈) လျာထားချက်များ၊ ဥပဒေကြမ်းများ တင်သွင်းရာတွင် သက်ဆိုင်ရာဌာနအသီးသီး၏ အရအသုံးစရိတ်အသေးစိတ်များ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပူးတွဲတင်ပြရမည် ဆိုသော ပြင်ဆင်ဖြည့်စွက်ချက်များအား ပြင်ဆင်ဖြည့်စွက်သင့် ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ ၄၄းဥပဒေ ၏ အစိတ်အပိုင်းများ ထပ်မံဖြည့်စွက်မှသာလျှင် ကျွန်တော်တို့ လွတ်တော်ကိုယ်စားလှယ်များမှ ဘတ်ဂျက်ကဏ္ဍများကို သေချာ ကောင်းမွန်စွာ စိစစ်နိုင်မည်ဟုယုံကြည်မိပါတယ်။ ကျွန်တော်တို့ လွတ်တော်ကိုယ်စားလှယ်များသည် လွတ်တော်ပုံမှန် အစည်း အဝေးခေါ်ယူကျင်းပနေချိန်အတွင်း မိမိမြို့နယ်တွင် လိုအပ်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြွယ်ပွင့်ပြမေးခွန်း များမေးမြန်းရုံဖြင့် မပြည့်စုံနိုင်သေးပါ။ ကျွန်တော်တို့အတွက် အရေးကြီးသော ကဏ္ဍဟာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် လွတ်တော်သို့ တင်သွင်းလာသော ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ လျာထားချက် များကို အလေအလွင့်မရှိစေရန် ဝိုင်းဝန်းစိစစ်ကြရန် လိုအပ်နေ ပါတယ်။ သို့မှသာလျှင် ပြည်သူ့ဘဏ္ဍာငွေလေလွင့်မှု နည်းပါးစေပြီး ကျွန်တော်တို့ လိုအပ်နေသောပြည့်စုံမှု ရရှိမှာဖြစ်ပါတယ်။ လွတ်တော်ပုံမှန်အစည်းအဝေးခေါ်ယူကျင်းပနေချိန်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းလာသော ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ လျာထားချက်များကို လေ့လာချိန်မရှိဘဲအစည်းအဝေး ကျင်းပချိန် ၃ ရက် ၄ ရက်ဖြင့် ခေါင်းငြိမ့်၊ အတည်ပြု၊ လက်ခုပ်တီး ပြီးရင်ပြန် ယင်းကဲ့သို့ ဆောင်ရွက်နေမည်ဆိုပါက ဘဏ္ဍာငွေ လေလွင့်မှုလျော့နည်းမှာ မဟုတ်ပါကြောင်း ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုကို ထောက်ခံ ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (1

လွှတ်တော်အကြီးအမျူးနှင့် ဝန်ထမ်းအကြီးအမျူးများကလည်း ကျင့်ဝတ်စည်းကမ်းများကို သိရှိနားလည်ကာ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးပိုင်းတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ရေးရာကော်မတီများ ထိထိရောက်ရောက်စွမ်းဆောင်ရည်မရှိပါက On Paper ကော်မတီသာဖြစ်ပေမည်။ ထို့အတူ လွှတ်တော်အနေဖြင့် အခြားသော မဏ္ဍိုင်ကြီးများအပေါ် Check and Balance လုပ်ဆောင်ရာတွင် မိမိတို့၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးများ ပိုမိုတိုးတက်တောက်ပြောင်စေရန် ကိုယ်စီစွမ်းဆောင်ရမည်ဖြစ်ပါတယ်။ ကျွန်မအကြံပြုတင်ပြလိုသည်မှာအချက်(၂) ချက်ရှိပါတယ်။ (၁)ရှမ်းပြည်နယ်လွှတ်တော်အတွင်းမှာဖွဲ့စည်းထားသော ရေးရာကော်မတီ ၉ ခုအပြင် အမျိုးသမီးနှင့်ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးရာကော်မတီကိုလည်း ဖွဲ့စည်းရန် လိုအပ်လျက်ရှိပါတယ်။ (၂) လွှတ်တော်အကြီးအမျူး၊ ဝန်ထမ်းအကြီးအမျူး၊ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် မိသားစုအစည်းအဝေး တစ်ရပ်ကိုလည်း လွှတ်တော်မကျင်းပမီတွင် လွှတ်တော်အတွင်း ဆောင်ရွက်ခဲ့သည့် တစ်နှစ်သာ အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်နိုင်ရန် လွှတ်တော်အစည်းဝေး မကျင်းပမီ ၁ ရက်အလို သို့မဟုတ် သင့်တော်သည့် တစ်ရက်ရက်တွင် ၁ နှစ်လျှင် ၁ ကြိမ် ကျင်းပရန် လိုအပ်လျက်ရှိသည်ကို သုံးသပ်မိပါသဖြင့် အကြံပြုတင်ပြရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေါ်နန်းစမ်းစမ်းအေး၏ ပြင်ဆင်ချက်မှာ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၅(က) ရှမ်းပြည်နယ်အစိုးရမှ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲပြုစုထားသော ရှမ်းပြည်နယ်၏ဘဏ္ဍာအရအသုံးဆိုင်ရာ လျာထားချက်များကို လွှတ်တော်တွင် ဆွေးနွေးရန် လွှတ်တော်မခေါ်ယူမီ ဘဏ္ဍာအရအသုံးဆိုင်ရာ လျာထားချက်များအား

D/real(wide) (1

ဥက္ကဋ္ဌ။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)မှာ တက်ရောက်လာသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရွေးကောက်ခံ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များအားလုံးဘဝနဲ့ဆန္ဒတစ်ထပ်တည်း ကျပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်။ ယခု ကျွန်မဆွေးနွေး မှာကတော့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များတင်သွင်းခြင်း နည်းဥပဒေတွင် အချိန်အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာန ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်းအဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တိုင်းဒေသကြီးလွှတ်တော် ၇ ရပ်၊ ပြည်နယ်လွှတ်တော် ၇ ရပ် အပြင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်ပေါင်း ၁၆ ရပ်ဖြင့် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ပြည်သူတို့၏ လိုအပ်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူတို့၏ လိုအပ်ချက်များကို

ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ (၁)လတိတိ ကြိုတင်ပေးပို့နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှ စီစဉ်ပေးရမည်။ နည်းဥပဒေ ၁၄၅(ခ) ၄င်းလျာထားချက်များအား ဆွေးနွေး သုံးသပ်ရန် လွှတ်တော်မခေါ်ယူမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ ဥက္ကဋ္ဌမှ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ အစည်းအဝေး ခေါ်ယူပေးရမည်။ နည်းဥပဒေ၁၄၅(ဂ)လျာထားချက်များတင်သွင်းရာတွင် သက်ဆိုင်ရာဌာနအသီးသီး၏ အရအသုံးစရိတ်အသေးစိတ်များကို ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပူးတွဲတင်ပြရမည်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၆(က) ရှမ်းပြည်နယ်အစိုးရကပေးပို့ထားသော သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်နှင့် စပ်လျဉ်း၍ လွှတ်တော် အစည်းအဝေးတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီမှဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်နှင့် သက်ဆိုင်သောတွေ့ရှိချက်များကို အစီရင်ခံစာနှင့်တကွ ပြင်ဆင်ဆွေးနွေးသုံးသပ်ရမည်။ နည်းဥပဒေ ၁၄၆(ခ) အဆိုပါဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်များနှင့်တကွ လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇(က) ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်မှ ပြန်လည်ပေးပို့လာသော ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်နှင့်အတူ တင်သွင်းလာပါက လွှတ်တော်တွင် မဆွေးနွေးမီ(၁)ပတ်တိတိတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပေးပို့ရမည်။ နည်းဥပဒေ ၁၄၇(ခ) ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင် လိုအပ်သလို

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပဏာမဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။ ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များတင်သွင်းခြင်း နည်းဥပဒေတွင် အခြိန်အကန့် အသတ်နှင့် သက်ဆိုင်ရာ ကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်းအဆို နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဦးစွာတင်ပြလိုတာကတော့ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ ၂၀၁၃ ခုနှစ်၊ (ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၂) နှင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများသည် ပြည်နယ်အဆင့်ဆောင်ရွက်ရမည့် နည်းဥပဒေများ မဟုတ်သည့်အတွက် ပြည်ထောင်စု အဆင့်တွင်သာ ဆွေးနွေးသင့်ပါကြောင်း ဦးစွာပထမတင်ပြလိုပါတယ်။ ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာမှာ ရှမ်းပြည်နယ်နည်းဥပဒေ ၁၆၈၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ညှိနှိုင်းခွင့်ရှိသည်လို့ပါရှိပါတယ်။ နည်းဥပဒေ ၁၆၇၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်သည် နှစ်စဉ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေး ရန်ပုံငွေကို သက်ဆိုင်ရာနယ်မြေဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် နယ်မြေဒေသခံပြည်သူများ

D/real(wide) (1

ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည်ဟုပါရှိထားပါတယ်။ နည်းဥပဒေပုဒ်မ ၁၆၆၊ လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် သုံးစွဲရန်ကုန်ကျမည့်နှစ်စဉ်ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းလျာထားချက်ကိုရေးဆွဲပြုစုပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာသို့ပေးပို့ရမည်ဟုပါရှိပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းလျှင် နည်းဥပဒေပုဒ်မ ၁၃၉ မှ ၁၄၃ အထိပါရှိသော နည်းလမ်းများနှင့်အညီဆောင်ရွက်ရမည်ဟု နည်းဥပဒေမှာ ပြဋ္ဌာန်းထားတာပါရှိတဲ့အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင်လည်းနီးစပ်ရာအစည်းအဝေးတွင် လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြန်လည်ပေးပို့ရမည်ဟုပါရှိသည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များကို ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြညှိနှိုင်းပြီး ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ပြည်ထောင်စု ဘဏ္ဍာငွေရန်ပုံငွေရရှိသော ကဏ္ဍများတွင်ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် တင်ပြချက်နှင့်အတူ တင်သွင်း လာပါက လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများ ဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဟုပါရှိပါတယ်။ ထို့ကြောင့် ရှမ်းပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက် တင်သွင်းခြင်း နည်းဥပဒေ ပုံစံအမျိုးမျိုးနှင့် ပါရှိနေသည့်အတွက် ရှမ်းပြည်နယ်လွှတ်တော်သို့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နည်းဥပဒေလျာထားချက်များကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုချက်ရယူရမည်ဟုပါရှိသည့်အတွက် တင်သွင်းသည့်အချိန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်သွင်းလာသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ

D/real(wide) (1

ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁(က) နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာလျာထားချက်များ၊ ဥပဒေကြမ်းများတင်သွင်းခြင်း၊ ဆွေးနွေးခြင်းမပြုမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ (၁)လတိတိကြိုတင်ပေးပို့ရမည်။ နည်းဥပဒေ ၁၅၁(ခ) ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင်လိုအပ်သလို ဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။ နည်းဥပဒေ ၁၅၁(ဂ) လျာထားချက်များ၊ဥပဒေကြမ်းများ တင်သွင်းရာတွင် သက်ဆိုင်ရာဌာနအသီးသီး၏ အရအသုံးစရိတ်အသေးစိတ်များ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီသို့ ပူးတွဲတင်ပြရမည်ဟု ပြင်ဆင်ဖြည့်စွက်ပေးရန် ဒေါ်နန်းစမ်းစမ်းအေးမှ လွှတ်တော်သို့ တင်သွင်းထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း Butget ကိုထဲထဲဝင်ဝင် သိခွင့်ရရှိမှာဖြစ်တဲ့အတွက်ကြောင့် ပြင်ဆင်ဖြည့်စွက်တာကို သက်ဆိုင်ရာဝန်ကြီးဌာနအား တိုက်တွန်းသော အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တာချီလိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်မောင်တင့်က အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ လေးစားအပ်ပါသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းဝေးသို့ တက်ရောက်လာကြသော

ဖြည့်စွက်ရန်နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ (၁)လကြိုတင်ပေးပို့နိုင်ရန်မှာ ယခင်ဘဏ္ဍာရေးနှစ်များ၏ စာရင်းများကို အခြေခံပြီးရေးဆွဲထားတဲ့ ဘဏ္ဍာအရအသုံးဆိုင်ရာလျာထားချက်များကိုသာလျှင်ပေးပို့နိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးတဲ့ ဘဏ္ဍာရေးမူဘောင်အရ ရေးဆွဲထားတဲ့ စာရင်းမဖြစ်နိုင်သေးပါဘူး။ ယခုနှစ်ကြိုတွေ့နေရတဲ့ အတွေ့အကြုံအရဆိုရင် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းရေးဆွဲနိုင်ရန် ပြည်ထောင်စု အစိုးရအဖွဲ့မှ ၂၉-၁၁-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တောင်းခံခဲ့ပြီး ၁၀-၁၂-၂၀၁၆ ရက်နေ့ အရောက် ပြည်ထောင်စု စီမံကိန်းနှင့် ဘဏ္ဍာရေးဌာနသို့ ပြန်လည်ပေးပို့စေခဲ့ပါတယ်။ အဲဒါကို ထောက်ရှုခြင်းအားဖြင့် ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စမှာ ပြည်ထောင်စု၏ညွှန်ကြားချက်သဘောထားအစီအမံမှာ မူတည်ပြီး သွားနေရတာဖြစ်တဲ့အတွက်ကြောင့် အချိန်(၁)လဆိုတဲ့ ကြိုတင်ပေးပို့ခြင်းဆိုသော သတ်မှတ်ချက်မှာ ကျွန်တော်တို့ အစိုးရ အနေနဲ့ အခက်အခဲကြုံတွေ့မှာဖြစ်ပါတယ်။ (၁)လ ဆိုပြီးတော့ ကြိုတင်ပေးရန်အဆိုမှာ မှတ်တမ်းအဖြစ်သာလျှင်ထားရှိသင့်ပါကြောင်း ပြောကြားအပ်ပါတယ်။ ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာမှာကိုယ့် ရဲ့သဘောထားဖြင့် မဟုတ်ဘဲအမြဲတမ်း ပြည်ထောင်စုဖြင့်သာလျှင် ချိတ်ဆက်ပြီး ဆောင်ရွက် ရတာဖြစ်တဲ့အတွက်ကြောင့် အချိန်အကန့်အသတ်ကို လွှတ်တော်ဥက္ကဋ္ဌမှ ရှမ်းပြည်နယ်အစိုးရကို စာထွက်ပြီးညှိနှိုင်း ဆောင်ရွက်လျှင် ပိုမိုသင့်လျော်မည်ဟု ယူဆရပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁ -၁၂/၂၀၁၆) အတည်ပြုချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ် လွှတ်တော်သို့

လျာထားချက်များကို လွှတ်တော်ကိုယ်စားလှယ်များမှ အစည်းအဝေးတွင် ဆွေးနွေးပြီး လွှတ်တော်၏အကြံပြုချက် များဖြင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံသို့ ပြန်လည်ပေးပို့ရမည်ဟု ပါရှိသည့် အတွက် ဥက္ကဋ္ဌသည်နည်းဥပဒေ ၁၄၅ အရ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များကို လွှတ်တော်အစည်းအဝေးတွင် အကြိမ်ကြိမ် အခါခါထပ်မံဆွေးနွေးပြီးမှသာအတည်ပြုချက်များပေးပို့သင့်ကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုသည် အပိုင်း(၂)ပိုင်းကွဲပြားနေတာကိုတွေ့ရှိရပါတယ်။ (၁)အချက်အနေဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပါအချက်အလက်များအားပြင်ဆင်မည်ဆိုပါက ပြည်ထောင်စုအစိုးရအဆင့်တွင်ပါ ပြင်ဆင်ရမှာဖြစ်ပါတယ်။ (၂)အချက်အနေဖြင့် အချိန်အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့် များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း အဆိုသည် လွှတ်တော်အတွင်းကဏ္ဍမှာရှိတဲ့ ရေးရာကော်မတီများသာ သက်ဆိုင်သည့်အတွက်ရေးရာကော်မတီတွင်သာ ဖြည့်စွက်အတည်ပြုချက်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး များမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

ဥက္ကဋ္ဌ။ အဆိုကို ကိုယ်စားလှယ် ၃ ဦးက ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ

D/real(wide) (1

၄-၁၂-၂၀၁၆ ရက်နေ့မှာ အရောက်ပေးပို့ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅ မှာ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်ကို လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥက္ကဋ္ဌမှ လွှတ်တော်ခေါ်ယူရမည် ဟုပါရှိပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ တောင်းခံသော စာအရ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စာရင်းပြုစုပြင်ဆင်ချိန် လွှတ်တော်သို့ တင်ပို့ရန်မှာ ၁၁ ရက်သာ အချိန်ရရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်သို့ပေးပို့ရန် အချိန်ကန့်သတ်မည်ဆိုလျှင် အစိုးရအနေနဲ့ အခက်အခဲများစွာ ကြုံတွေ့နိုင်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှ အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ဆောလျင်စွာ ပေးပို့စေသင့်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကို အကြံပြု လိုတာကတော့ မူလခန့်မှန်းခြေငွေစာရင်းမရေးဆွဲမီ ၃-၄ လ အလိုခန့်မှာ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ် စသဖြင့် အဲဒီလအတွင်းမှ မိမိမြို့နယ်အတွင်းမှာ လိုအပ်နေတဲ့ အရေးကြီးသော လုပ်ငန်းများ စာရင်းပြုစုပြီး ဌာနဆိုင်ရာ စာရင်းဇယားမှာ ပါရှိအောင် ညှိနှိုင်း ဆောင်ရွက်ထားသင့်တယ်လို့ ယူဆရပါတယ်။ မြို့နယ်အလိုက် မြို့ပေါ်ကိုယ်စားလှယ်များမှ သိရှိ စိစစ်ရေးဆွဲထားပြီးသည့် လုပ်ငန်းများကို အစိုးရအဖွဲ့မှ ကြိုးကြပ်၍ ရရှိလာသော ဘဏ္ဍာငွေပေါ်မူတည်ပြီးတော့ မူလခန့်မှန်းခြေငွေစာရင်းရေးဆွဲသွားလျှင် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အချိန်ယူ စစ်ဆေးရခြင်း အထိုက်အလျောက်သက်သာသွားမည်ဟု ယူဆရပါတယ်။ ပထမအပိုဒ်(က)မှာ(၁)လကြိုတင်ဆိုတဲ့ စကားရပ်ကို လွှတ်တော်ဥက္ကဋ္ဌကြီးကို တင်ပြလိုတာကတော့ မှတ်တမ်းအနေဖြင့်သာ ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

D/real(wide) (1

နည်းဥပဒေ ၁၂၅(ဇ)အရ ဘဏ္ဍာရေးဝန်ကြီးမှ ဦးစွာပြန်လည် ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံး၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ပဏာမနူတ်ခွန်း ဆက်သအပ်ပါတယ်။ ယခု သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ဒေါ်နန်းစမ်းစမ်းအေးက တင်သွင်းလာတဲ့ အဆိုကို ကျွန်တော် ရှမ်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲနိုတစ်လုံးအနေနဲ့ အစိုးရကိုယ်စား ပြန်လည်ရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေဖြစ်တဲ့ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ လျာထားချက်များတင်သွင်းခြင်း နည်းဥပဒေတွင် အချိန် အကန့် အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်းအဆို ဖြစ်ပါတယ်။ အဲဒီအဆိုမှာ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅ အားဖြည့်စွက် ရန်ဆိုပြီးတော့ ပါရှိပါတယ်။ အပိုဒ်(က)မှာ ရှမ်းပြည်နယ်အစိုးရမှ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲပြုစုထားသော ရှမ်းပြည်နယ်၏ ဘဏ္ဍာအရအသုံးဆိုင်ရာ လျာထားချက်များကို လွှတ်တော်တွင် ဆွေးနွေးရန် လွှတ်တော်မခေါ်ယူမီ ဘဏ္ဍာအရအသုံးဆိုင်ရာ လျာထားချက်များအား ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ (၁)လတိတိ ကြိုတင်ပေးပို့နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှ စီစဉ်ပေးရ မည် ဆိုပြီးတော့ ပါရှိပါတယ်။ ဒီအပိုဒ်နှင့်ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အနည်းငယ်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅(က)မှာ

နည်းဥပဒေ ၁၄၅(ခ) ကို ပြန်လည်ရှင်းလင်းတင်ပြရမည် ဆိုလျှင် ၎င်းလျာထားချက်များအား ဆွေးနွေး သုံးသပ်ရန် လွှတ်တော်မခေါ်ယူမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌမှ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ အစည်းအဝေး ခေါ်ယူပေးရမည် ဆိုသည့် အချက်မှာ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၅(ခ)မှာ ဖြည့်စွက်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်မှ ဆောင်ရွက်ပေးရမည့် အချက်ဖြစ်ပါတယ်။

နည်းဥပဒေ ၁၄၅(ဂ)မှာ လျာထားချက်များတင်သွင်းရာတွင် သက်ဆိုင်ရာဌာနအသီးသီး၏ အရအသုံးစရိတ် အသေးစိတ်များကို ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပူးတွဲတင်ပြရမည် ဒီအပိုဒ်မှာ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၅(ဂ)မှာ ဖြည့်စွက်ရန်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြိုးကြပ်မှုဖြင့် အရအသုံးခန့်မှန်းခြေငွေစာရင်းဌာနကနေ ဆောင်ရွက်ပေးနိုင်သောအချက်ဖြစ်ပါတယ်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၆အား ဖြည့်စွက်ရန်ဆိုသည့် အပိုဒ် (က) တွင် ရှမ်းပြည်နယ် အစိုးရက ပေးပို့ထားသော သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်နှင့် စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာကော်မတီမှ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာလျာထားချက်နှင့် သက်ဆိုင်သော တွေ့ရှိချက်များကို အစီရင်ခံစာနှင့်တကွ ပြင်ဆင် ဆွေးနွေးသုံးသပ်ရမည် ဟုပါရှိပါတယ်။ ဒီအပိုဒ်နှင့် ပတ်သက်ပြီးတော့ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၆(က)အရ ဖြည့်စွက်ရန်မှာ ရှမ်းပြည်နယ်လွှတ်တော်မှ ဆောင်ရွက်ပေးရမည့်အချက်ဖြစ်ပါတယ်။

သဘောတူအတည်ပြုခြင်းဖြင့် အများဆန္ဒနှင့်အညီ ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။ မူလခန့်မှန်းခြေမှာ ရေးဆွဲထားတဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာစာရင်းဖြစ်ပါက ပြုပြင်ပြီးခန့်မှန်းခြေငွေ စာရင်းရေးဆွဲချိန်မှာ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းဆောင်ရွက်နိုင် ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေစာရင်းဖြစ်မည်ဆိုလျှင် ဘဏ္ဍာရေးလုပ်ထုံး လုပ်နည်းအရ လုပ်ငန်းငွေစာရင်းပြောင်းလဲဆောင်ရွက်ခွင့်မရှိပါ။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁အား ဖြည့်စွက်ရန်ဆိုသည့် အပိုဒ်(က) တွင် နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာလျာထားချက်များဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်းမပြုမီ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ကော်မတီသို့ (၁)လတိတိ ကြိုတင်ပေးပို့ရမည် ဆိုသည့်အချက်ဖြစ်ပါတယ်။ ဒီအချက်သည်လည်း ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁(က)အား ဖြည့်စွက်ရန်နှင့် စပ်လျဉ်းသည့် ၁၄၅(က)နှင့် ၁၄၇(ခ) အကြံပြုချက်များ အတိုင်း ဖြစ်ပါတယ်။

နည်းဥပဒေ ၁၅၁(ခ) ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီ၏အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည် ဆိုသည့်အပိုဒ်ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၅၁(ခ)အား ဖြည့်စွက်ရန်နှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၄၇(ခ) အကြံပြုချက် အတိုင်း ဖြစ်ပါတယ်။

နည်းဥပဒေ ၁၅၁(ဂ) လျာထားချက်များ၊ ဥပဒေကြမ်းများ တင်သွင်းရာတွင် သက်ဆိုင်ရာဌာနအသီးသီး၏ အရအသုံးစရိတ်အသေးစိတ်များ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့

D/real(wide) (1

ပူးတွဲတင်ပြရမည် ဟုပါရှိပါတယ်။ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၅၁(ဂ)ဖြည့်စွက်ရန်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနက ဆောင်ရွက်ပေးနိုင်သည့် အချက်ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ခုနှစ်မှာ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရေးဆွဲနိုင်ရေး ဆောင်ရွက်သည့်နေရာမှာ မြို့နယ်များအလိုက်ဖွဲ့စည်းထားပြီးဖြစ်သည့် မြို့နယ်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးပြုလုပ်သည့်နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားပါမည်။ တက်ရောက်ပါဝင်ဆွေးနွေးခြင်းဖြင့် မိမိ မဲဆန္ဒနယ်မှာ ဆောင်ရွက်ရန်လိုအပ်သည့် ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက် အတည်ပြုနိုင်မည်ဟု ယုံကြည် ရပါတယ်။ ယခု တင်ပြထားသော အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိပြီးတော့ လိုအပ်ချက်များကို လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ စာပေးပို့ခြင်းဖြင့် ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး၏ ပြန်လည်ဆွေးနွေးချက်ကို လေ့လာသည့်အခါမှာ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပိုမိုလွယ်ကူစွာနဲ့ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်တာ တွေ့ရှိရပါတယ်။ နောက်တစ်ခုက ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၁၄) ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ခေါင်းစဉ်ပါ နည်းဥပဒေများထဲက နည်းဥပဒေ ၁၄၅

နည်းဥပဒေ ၁၄၆(ခ) အဆိုပါဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်များနှင့်တကွ လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်လည် ပေးပို့ရမည် ဟု ပါရှိပါတယ်။ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၄၆(ခ)အရ ဖြည့်စွက်ရန်မှာ ရှမ်းပြည်နယ် လွှတ်တော်မှ ဆောင်ရွက်ပေးရမည့်အချက်ဖြစ်ပါတယ်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇အား ဖြည့်စွက်ရန်မှာ အပိုဒ်(က) တွင် ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်မှ ပြန်လည်ပေးပို့လာသော ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်၏ ထောက်ခံ တင်ပြချက်နှင့်အတူ တင်သွင်းလာပါက လွှတ်တော်တွင် မဆွေးနွေးမီ (၁)ပတ် တိတိတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီသို့ ပေးပို့ရမည် ဆိုတဲ့အချက်ကတော့ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၄၇(က)အရ ဖြည့်စွက်ရန်မှာ ဆောင်ရွက်ပေးနိုင်သော အချက်ဖြစ်ပါတယ်။

နည်းဥပဒေ ၁၄၇(ခ) ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင် လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည် ဟု ပါရှိပါတယ်။ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇(ခ)အား ဖြည့်စွက်ရန်မှာ ရှမ်းပြည်နယ် လွှတ်တော်မှ အတည်ပြုထားပြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာစာရင်းအား ဘဏ္ဍာရေးကော်မရှင်သို့ ပြန်လည်ပေးပို့ပြီးတော့ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားကာ ဥပဒေကြမ်းအဖြစ် ရေးဆွဲထားခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်အဆင့်ဆင့်ကနေ စိစစ်အတည်ပြုပြီး ဖြစ်သောကြောင့် ရှမ်းပြည်နယ်လွှတ်တော်မှာ လိုအပ်သလို ဆွေးနွေး၍

D/real(wide) (1

အား နည်းဥပဒေခွဲ(က)(ခ)(ဂ) ဖြည့်စွက်ရန်၊ နည်းဥပဒေ ၁၄၆ အား နည်းဥပဒေခွဲ(က)နှင့် (ခ) ဖြည့်စွက်ရန်၊ နည်းဥပဒေ ၁၄၇ အား နည်းဥပဒေခွဲ(က)(ခ) ဖြည့်စွက်ရန်နှင့် နည်းဥပဒေ ၁၅၁ အား နည်းဥပဒေခွဲ(က)(ခ)နှင့် (ဂ)တို့ ဖြည့်စွက်ရန် ပါရှိတာကို တွေ့ရှိရပါတယ်။ ဖြည့်စွက်ရန်အကြံပြုသော အချက်များအနက် လက်တွေ့ဆောင်ရွက်နိုင်သော အချက်များ ပါရှိသလို လက်တွေ့ ဆောင်ရွက်ရန်ခက်ခဲသည့် အချက်တွေကိုလည်းပဲ တွေ့ရှိရပါ တယ်။ ဘယ်လို ဖြစ်ဖြစ် အဲလို အကြံပြုသည့်အတွက် အဆိုရှင်ကို များစွာကျေးဇူးတင်ရှိပါတယ်။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စသည် ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စု လွှတ်တော်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က အပြန်အလှန်ချိန်ဆက် ဆောင်ရွက်ရသည့်ကိစ္စဖြစ်သည့်အတွက် အချိန်အကန့်အသတ်မှာ အခက်အခဲများစွာရှိနိုင်ပါတယ်။ ဒီအခက်အခဲကို နည်းလမ်းများရှာပြီးတော့မှ ဖြေရှင်းရမည့်ကိစ္စဖြစ်ပါတယ်။ ပြည်ထောင်စု လွှတ်တော်က ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှာ ဥပဒေအမှတ် ၂၂ ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းဥပဒေကို မှီငြမ်းပြုပြီးတော့ လက်ရှိ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့စွဲဖြင့် ပြဋ္ဌာန်းခြင်း ဖြစ်ပါတယ်။ ဒီနည်းဥပဒေကို တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌများက MPU မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အစည်းအဝေးမှာ အကြိမ်ကြိမ် အခါခါ ညှိနှိုင်းပြီးတော့မှ တူညီအောင် တစ်ပုံစံတည်း ဖြစ်အောင် ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ နမူနာအဖြစ် တင်ပြရမည်ဆိုလျှင် ဒီစာအုပ်ဟာ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေဖြစ်ပြီး ကျန်သည့် ကချင်ပြည်နယ်၊ ကျန်တဲ့ တိုင်းနှင့် ပြည်နယ်များ အားလုံးဟာလည်းပဲ မိမိ၏ ပြည်နယ်/တိုင်းနာမည်

D/real(wide) (1

၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(ဆ)အရ အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လွှတ်တော်မှ မဲခွဲဆုံးဖြတ်မည်ဆိုပါက ကျွန်မ၏အဆိုသည် အောင်မြင်နိုင်ခြေရှိပါသော်လည်း လွှတ်တော်ဥက္ကဋ္ဌ၏ အကြံပြုချက်၊ လမ်းညွှန်ချက်များကို ထည့်သွင်းစဉ်းစားသွားပါမည်။ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ မှတ်တမ်းတင်ခြင်းသည် ဤကိစ္စနှင့်ပတ်သက်ပြီး ရပ်ဆိုင်းထားသည်ဟုသဘောဖြစ်ပြီး အတည်ပြုမှသာလျှင် ဆက်လက် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ သို့ပါသော်လည်း ဤနည်းဥပဒေ ပြင်ဆင်ခြင်း၊ တိုက်တွန်းခြင်း အဆိုကို လွှတ်တော်ဥက္ကဋ္ဌမှ ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်တင်ပြဆွေးနွေးပေးသွားမည်ဆိုပါက မှတ်တမ်းတင်ခြင်းကို လက်ခံပါမည်။ သို့သော် ဤနေရာမှာလည်း တောင်းဆိုချက် ၃ ချက်ရှိပါတယ်။ ဤနည်းဥပဒေ အတည်ဖြစ်ရေးကိုလာမည့် ဘဏ္ဍာရေးနှစ်မတိုင်မီ စွမ်းဆောင်ပေးဖို့ တောင်းဆိုချင်ပါတယ်။ ဒုတိယအချက် လွှတ်တော်ဥက္ကဋ္ဌတို့ ပါဝင်ဆွေးနွေးညှိနှိုင်းမည့် အစည်းအဝေးကြီး၏ အစည်းအဝေး မှတ်တမ်းကို ကျွန်မအဆိုတင်သွင်းသူ ဒေါ်နန်းစမ်းစမ်းအေးထံသို့ ပို့ပေးစေလိုကြောင်း တောင်းခံအပ်ပါတယ်။ တတိယအချက် ဤနည်းဥပဒေကို ပြင်ဆင်နေစဉ် တစ်လျှောက်တွင်တင်ပြပြီးပါသော ဖြည့်စွက်ချက်များကို ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်တို့မှာ ထည့်သွင်းဖြည့်စွက်ပေးဖို့ တောင်းဆိုချင်ပါတယ်။ တစ်ဆက်တည်းမှာပဲ တာချီလိတ် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်မောင်တင့်၏

အကြံပြုချက်ကို ပြန်လည်ဖြေကြားလိုသည်မှာ ပြည်ထောင်စုအဆင့်တွင် ပြင်ဆင်ရမည်မှန်သော်လည်း ကျွန်မတို့သည် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သည်နှင့် အညီ ရှမ်းပြည်နယ်လွှတ်တော်တွင် တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျန်သည့်အပိုင်းဖြစ်တဲ့ ပြည်ထောင်စုထံသို့ ဆက်လက်တင်ပြရမည့် အပိုင်းတွင် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့တို့ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်သည်ဟု ဖြေဆိုပါရစေ။ ဘဏ္ဍာရေးဝန်ကြီး၏ အကြံပြုချက်အရ အချိန်အကန့်အသတ်နှင့် ပတ်သက်၍ မနေ့က အစည်းအဝေးမှာလည်း ကျွန်မ အကြံပြုခဲ့ပြီး ဖြစ်ပါတယ်။ အချိန်အကန့်အသတ်နှင့် ပတ်သက်ပြီး ဝန်ကြီးတို့မှလည်း ပြည်ထောင်စုဝန်ကြီးတို့ကို တင်ပြဆွေးနွေးဖို့ တောင်းဆိုခဲ့ပြီး ဖြစ်ပါတယ်။ ယခုလည်း အရင်အတိုင်းဘဲ ဆက်လက်တောင်းဆိုပါရစေ။ ဆက်လက်ဆွေးနွေးစရာ မရှိတော့ပါ။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင် ဘဏ္ဍာရေးဝန်ကြီးနှင့် ကျွန်တော်လွှတ်တော်ဥက္ကဋ္ဌရဲ့ ပြန်လည်ရှင်းလင်းဆွေးနွေးသည့် အတိုင်း အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိ၏ အဆိုအားမှတ်တမ်းတင်ရန်သဘောတူသည့်အတွက် သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ဆန္ဒကိုရယူပါမယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသည့် အဆိုကို လွှတ်တော်က မှတ်တမ်းတင်ရန် သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

ကန့်သတ်

ခွဲခြားပြီး ကျန်သည့်အထဲက စာပို့ဒ်တွေ အားလုံးအတူတူပဲ ဖြစ်တယ်ဆိုတာကို အလျဉ်းသင့်လို့ တင်ပြလိုပါတယ်။ ဒီဥပဒေ၊ နည်းဥပဒေများဟာ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဒီနည်းဥပဒေကို ပြင်ဆင်ဖြည့်စွက်မည်ဆိုပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက အပြန်အလှန်အချင်းချင်း မေးမြန်းပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါတယ်။ အဆိုရှင် တင်ပြတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်းဖြင့် ဆောင်ရွက်လို့မရသည့်ကိစ္စဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အဆိုရှင်တင်သွင်းသည့် နည်းဥပဒေခွဲများအဖြစ် ဖြည့်စွက်ရန် သတ်မှတ်ပေးရမည့် အချက် ၁၀ ချက်သည် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဆွေးနွေးချက်ကို ပွင့်လင်းမြင်သာစွာ ဖြစ်စေတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ Procedure များအဖြစ် ဖြည့်စွက်ခြင်းမပြုဘဲ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်မှာ အဆိုပါ အချက်များကို မိမိတို့လွှတ်တော်အနေဖြင့် ဖြည့်စွက်နိုင်ပါတယ်။ ဒါကြောင့် ပြင်ဆင်ဖြည့်စွက်ရန် ဥပဒေပြုရေးဆိုင်ရာ ကော်မတီနှင့် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီတို့ ပူးပေါင်းပြီး ဆောင်ရွက်နိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသည့် အဆိုကို လွှတ်တော်က မှတ်တမ်းတင်သင့်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ပြန်လည်ရှင်းလင်းဆွေးနွေးလိုတာ ဖြစ်ပါတယ်။

ကန့်သတ်

D/real(wide) (1

လွှတ်တော်က သဘောတူသည့်အတွက် အဆိုအား မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော် လုပ်ငန်းဆိုင်ရာများအား ရှင်းလင်း တင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကြီးဟာ မကြာမီကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ အစည်းအဝေးကို ၄ ရက်ကျင်းပရာမှာ လွှတ်တော်ကိုယ်စားလှယ် ၂၀ ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း ၄၅ ခု မေးမြန်းခြင်း၊ သက်ဆိုင်ရာရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းနှင့် အဆို ၂ ခု တင်သွင်းခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဆို ၂ ခု အနက် အဆို ၁ ခုကို အတည်ပြုပြီးတော့မှ အဆို ၁ ခုကို မှတ်တမ်းတင်ကြောင်း တင်ပြလိုပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်ယစ်မျိုးခွန် ကောက်ခံရေးဥပဒေ၊ ၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေနှင့် ၂၀၁၇ - ၂၀၁၈ ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ တို့ကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှာ ရေးရာကော်မတီ ၉ ခုကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၆၇(ဂ)၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂(ဂ)တို့အရ

D/real(wide) (1

နောက်တစ်ခါ ပြန်လည်ဆုံတွေ့ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမ ပုံမှန် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပဉ္စမ ပုံမှန် အစည်းအဝေးပြီးမြောက်ကြောင်းကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး(စတုတ္ထနေ့)အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာအပ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး

ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းအမှတ်

၃၉-၂/၂၀၁၇။ **"ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဥပဒေအမှတ်၊ ၁၀) အား ပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်းအဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၉) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး၏ **"ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ်၊ ၁၀) အား ပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း"** အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ရာ ယခုဆိုရင် သက်တမ်း ၁ နှစ်တိုးမြှင့်ကြောင်း လွှတ်တော်က ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၂၀၁၆ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော တရားစီရင်ရေး၊ စီမံခန့်ခွဲရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကိုလည်း ပြည်နယ်လွှတ်တော်သို့ တင်ပြခဲ့ပြီး မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုခြင်း၊ အပြန်အလှန် ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း၊ မဲဆန္ဒရှင်ပြည်သူတို့၏ အကျိုးကို ရှေးရှုပြီး ဆောင်ရွက်တဲ့အတွက် လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့လွှတ်တော်ဆိုင်ရာ လုပ်ငန်းများအား အကောင်အထည်ဖော်ရာမှာ လွှတ်တော် ကိုယ်စားလှယ်များရဲ့ စွမ်းဆောင်ရည် မြင့်မားရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အပြန်အလှန်လေ့လာဖို့အတွက် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်များကို သွားရောက်လေ့လာဖို့ အစီအစဉ်ရှိကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ပြည်သူတို့ရဲ့ကိုယ်စားလှယ်များအနေနဲ့ ပြည်သူ့အကျိုးနှင့် နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်တဲ့ အခါမှာ မိမိတို့ ကြုံတွေ့ရတဲ့အခက်အခဲများထက် ပြည်သူတို့ရဲ့ ခံစားချက်များကိုရှေးရှုပြီး ကုစားပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒီမိုကရေစီ နိုင်ငံတော်၏ အခြေခံအုတ်မြစ်ခိုင်မာရေးအတွက် ဆောင်ရွက်သင့်သည့်ကိစ္စများကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ယနေ့ပြည်သူများအများပြည်သူ မျှော်လင့်တောင့်တနေတဲ့ ဖက်ဒရယ်ပြည်ထောင်စု စနစ်တည်ဆောက်ရေးအတွက် ဝိုင်းဝန်းအားပေး ဆောင်ရွက်ကြဖို့လည်းပဲ တိုက်တွန်းပြောကြားလိုပါတယ်။ နောင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများမှာ ယခုလိုပဲ လွှတ်တော်ကိုယ်စားလှယ်များဟာ ကျန်းမာရွှင်လန်းစွာဖြင့်

D/real(wide) (1

ဆုံးဖြတ်ခြင်းအမှတ်

၄၀-၂/၂၀၁၇။ **"ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေကြမ်းအားလွှတ်တော်မှအတည်ပြု ကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၉) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော **"ရှမ်းပြည်နယ် ယစ်မျိုးခွန် ကောက်ခံရေး ဥပဒေကြမ်း"**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ်

၄၁-၂/၂၀၁၇။ **"၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အား လွှတ်တော်မှ အတည်ပြု ကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၀) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော **"၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)"** အား လွှတ်တော်မှအတည်ပြုကြောင်း ဆုံးဖြတ်သည်။

မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းအမှတ်

၄၉-၂/၂၀၁၇။ **''ကတိသစ္စာမပြုရသေးသော တပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့၌ **"ကတိသစ္စာ မပြုရသေးသော တပ်မတော်သားပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း"** ကို မှတ်တမ်းတင်သည်။

D/real(wide) (1

မှတ်တမ်းတင်ခြင်းအမှတ်

၅၀-၂/၂၀၁၇။ **"ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၅၁-၂/၂၀၁၇။ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းကို မှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်) တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့၌ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း"** ကို မှတ်တမ်းတင်သည်။

ဆုံးဖြတ်ခြင်းအမှတ်

၄၂-၂/၂၀၁၇။ **"၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအားလွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၀) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်) တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော **"၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း"** အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

D/real(wide) (1

မှတ်တမ်းတင်ခြင်းအမှတ်

၅၂-၂/၂၀၁၇။ **"ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်) တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့၌ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် **"ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်း"**ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၅၃-၂/၂၀၁၇။ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ရေးရာကော်မတီ ၉ ခု သက်တမ်းတိုးမြှင့်ခြင်းကိုလွှတ်တော်၏အတည်ပြုချက်ရယူခြင်းကို မှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်) တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့၌ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ရေးရာကော်မတီ ၉ ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်၏အတည်ပြုချက်ရယူခြင်း"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၅၆-၂/၂၀၁၇။ **"ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၀) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၅၇-၂/၂၀၁၇။ **"ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

D/real(wide) (1

မှတ်တမ်းတင်ခြင်းအမှတ်

၅၈-၂/၂၀၁၇။ **“၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များ တင်သွင်းခြင်း နည်းဥပဒေတွင် အချိန်အကန့်အသတ်နှင့်သက်ဆိုင်ရာ ကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာ ဝန်ကြီးဌာနမှပြင်ဆင် ဖြည့်စွက်ပေးရန်တိုက်တွန်းခြင်းအဆိုအား မှတ်တမ်းတင်ခြင်း”**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်) တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး၏ **“၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက် များတင်သွင်းခြင်း နည်းဥပဒေတွင် အချိန်အကန့်အသတ် နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း”** အဆိုအား မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၅၄-၂/၂၀၁၇။ **“ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၂၀၁၆ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သောတရားစီရင်ရေး၊ စီမံခန့်ခွဲရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း”**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်) တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့၌ **“ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၂၀၁၆ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သောတရားစီရင်ရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ”** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၅၅-၂/၂၀၁၇။ **“ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၉) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ **“အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်”** ကို မှတ်တမ်းတင်သည်။

D/real(wide) (1

ရှင်းလင်းတင်ပြခြင်း

ရှင်းလင်းတင်ပြခြင်း

၅-၂/၂၀၁၇။ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်းကို မှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား"** လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၀၁

ကန့်သတ်

ကန့်သတ်
၄၀၃

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၀၄

ကန့်သတ်

ကန့်သတ်
၄၀၂

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၀၅

ကန့်သတ်

ကန့်သတ်
၄၀၆

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၀၆

ကန့်သတ်

ကန့်သတ်
၄၀၈

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၁၂

ကန့်သတ်

ကန့်သတ်
၄၁၀

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၁၉

ကန့်သတ်

ကန့်သတ်
၄၁၅

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၂၄

ကန့်သတ်

ကန့်သတ်
၄၂၂

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်

ကန့်သတ်
၄၄၄

ကန့်သတ်
၄၄၂

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်

ကန့်သတ်
၄၅၀

ကန့်သတ်
၄၅၂

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၆၀

ကန့်သတ်

ကန့်သတ်
၄၅၈

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၆၁

ကန့်သတ်

ကန့်သတ်
၄၆၀

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၆၂

ကန့်သတ်

ကန့်သတ်
၄၆၄

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၆၇

ကန့်သတ်

ကန့်သတ်
၄၆၆

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၆၆

ကန့်သတ်

ကန့်သတ်
၄၆၈

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်

ကန့်သတ်
၄၇၀

ကန့်သတ်
၄၇၂

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၇၄

ကန့်သတ်

ကန့်သတ်
၄၇၅

D/real(wide) (2

ကန့်သတ်

ကန့်သတ်

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၈၀

ကန့်သတ်

ကန့်သတ်
၄၇၈

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၈၄

ကန့်သတ်

ကန့်သတ်
၄၈၄

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၈၅

ကန့်သတ်

ကန့်သတ်
၄၈၆

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်

ကန့်သတ်

ကန့်သတ်

ကန့်သတ်

ကန့်သတ်
၄၉၀

ကန့်သတ်
၄၉၂

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၉၈

ကန့်သတ်

ကန့်သတ်
၅၀၆

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၀၆

ကန့်သတ်

ကန့်သတ်
၅၀၃

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၀၅

ကန့်သတ်

ကန့်သတ်
၅၀၆

D/real(wide) (2

D/real(wide) (2